www.burmeseclassic.com



[illegible]

[illegible]

# ဂျာနယ်ဇင်းသမားတစ်ယောက်ဖြစ်ဖို့

[illegible]

[illegible]

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက် | (၁၆၉ - ၂၀၀၃) (၂) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | (၆၂၅ - ၂၀၀၃) (၈) |
| ထုတ်ဝေသည့်ကာလ | ပထမအကြိမ်၊<br>စက်တင်ဘာလ ၂၀၀၃ |
| ထုတ်ဝေသူ | ဦးတင်ရှိန်<br>(စန်းရောင်ရှိန်စာပေ)<br>အမှတ် - ၄/၁၇၇၊<br>မေခလမ်း၊ ဝေဘာဂီ၊<br>မြောက်ဥက္ကလာပမြို့နယ်၊<br>ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | ဒေါ်ခင်ဆွေနွဲ့<br>(သီဟပုံနှိပ်တိုက်)<br>(၁၅၂၃၂)၊ အမှတ်၊ ၂၄၀၊<br>လမ်း ၄၀၊<br>ကျောက်တံတားမြို့နယ်၊<br>ရန်ကုန်မြို့။ |
| မျက်နှာဖုံးဖလင် | STAR |
| အတွင်းဖလင် | နေသစ် |
| ကွန်ပျူတာစာစီ | နှင်းနှင်း (ဒီရေဦးစာပေ) |
| မျက်နှာဖုံးဒီဇိုင်း | နှင်းနှင်း (ဒီရေဦးစာပေ) |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | ၅၀၀ |

www.burmeseclassic.com

# How To Be A Journalist

**M.L STEIN**

**တာနယ်ရင်းသမားတစ်ယောက်ဖြစ်ဖို့**

---

**မောင်စိုးသစ်**

www.burmeseclassic.com

# မောင်ဝံသ၏အမှာ

လွန်ခဲ့တဲ့ နှစ် – ၃၀ ကျော်လောက်က ကျွန်တော့်မိတ်ဆွေ သတင်းစာ အယ်ဒီတာတစ်ယောက် အိမ်ထောင်ပြုတော့ မိန်းကလေးရှင်ဘက်က ဆွေမျိုးသား ချင်းတချို့က သတင်းစာဆရာဆိုတာ ရှေ့နေ၊ ဆရာဝန်၊ အင်ဂျင်နီယာ၊ မန်နေဂျာတို့လို ဂုဏ်ရှိတဲ့အလုပ်မျိုး မဟုတ်ဘူးလို့ဆိုပြီး မေးငေါ့ကြသတဲ့။ တချို့ကလည်း သတင်းစာ ဆရာဆိုတာ စက်ဘီးနဲ့ သတင်းစာလိုက်ပို့တဲ့လူလားလို့ မေးကြသတဲ့။

အဲသလောက် နားဝေးတဲ့ ဈေးရောင်းဈေးဝယ် လုပ်ငန်းအသိုင်းအဝိုင်းက လူတချို့နှင့် အလှူပွဲတစ်ခုမှာ ကျွန်တော်ဆုံမိပါတယ်။ ကျွန်တော့်မိတ်ဆွေက–

''ဒါ . . . . စာရေးဆရာ၊ သတင်းစာဆရာ ဦးဘယ်သူဘယ်ဝါ'' ဆိုပြီး မိတ်ဆက်ပေးပါတယ်။ ကျွန်တော်က ကလောင်နာမည်နဲ့ သတင်းစာဆောင်းပါးတွေ ရေးနေသူဆိုတော့ သူ့ထက်များပိုပြီး အထင်ကြီးခံရလေမလားလို့ ကလောင်နာမည် ပြောပြီး မိတ်ဆက်ပေးကြည့်တာတဲ့။ ဒါပေမယ့် မထူးပါဘူး။ သူတို့အသိုင်းအဝိုင်းမှာ 'မောင်ဝံသ' ဆိုတဲ့နာမည်ဟာ ဂြိုဟ်သားတစ်ယောက်လို ဖြစ်နေပုံရပါတယ်။ မအီမလည် မျက်နှာပေးတွေနဲ့ပဲ ရင်ဆိုင်ခဲ့ရပါတယ်။

ကျွန်တော်က ရင်းနှီးနေပြီဖြစ်တဲ့ မိတ်ဆွေရဲ့ဇနီးကိုတော့ ကောင်းကောင်း ဆွေးနွေးလိုက်ပါတယ်။

''ခင်ဗျားဟာ မြန်မာအမျိုးသမီးတွေ သိန်းသန်းချီရှိတဲ့အထဲမှာ ကံထူးရှင် တစ်ယောက်လို့ ဆိုနိုင်တယ်ဗျ။ ဘာကြောင့်လဲဆိုတော့ သတင်းစာဆရာ တစ်ယောက်နဲ့ အိမ်ထောင်ကျလို့ပဲ''

အဲသလို အစချီလိုက်တော့ သူမက မျက်ခုံးပင့်ပြီး စိတ်ဝင်စားသွားတယ်။

''ဘာဖြစ်လို့လဲရှင့်'' လို့ မေးပါတယ်။

"မြန်မာပြည်မှာ ရှေ့နေတွေ၊ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ၊ မန်နေဂျာတွေ ဘယ်လောက်ရှိသလဲ၊ သတင်းစာဆရာ ဘယ်လောက်ရှိသလဲ စဉ်းစားကြည့်ဗျာ။ ပြည်သူပိုင်သတင်းစာတိုက် ခုနှစ်တိုက်ရှိတယ်။ တစ်တိုက်မှာ အယ်ဒီတာ၊ သတင်းထောက် နှစ်ဆယ်လောက်ရှိတော့ စုစုပေါင်း တစ်ရာ့လေးဆယ်လောက်ပဲ ရှိမယ်။ နယ်တွေမှာ အိမ်ထောင်ရှင်တွေက ပိုများမှာပဲ။ လူပျိုလူလွတ်က နည်းနည်းပဲ ရှိနိုင်တယ်။ အဲသလောက် ရှားပါးတဲ့ သတင်းစာဆရာတစ်ယောက်ကို ခင်ဗျားရဲ့ အိမ်ထောင်ဖက်အဖြစ် ရထားတာဆိုတော့ ခင်ဗျားလောက် ကံထူးသူ ဘယ်သူရှိဦးမှာလဲ။ ပြီးတော့ သတင်းစာဆရာတစ်ယောက်ဟာ ဘယ်လောက်ဂုဏ်သိက္ခာရှိတယ်ဆိုတာကိုလည်း အခု ခင်ဗျားကိုယ်တွေ့ သိနေမြင်နေပြီပဲ"

အဲဒီနောက် သတင်းစာဆရာဆိုတာ ပြည်သူလူထုရဲ့နား၊ ပြည်သူလူထုရဲ့ မျက်စိလို့တောင် တင်စားခံရသူတွေဖြစ်တဲ့အကြောင်း ဆက်ပြီးရှင်းပြပါတယ်။ ဒီနေ့မနက် လူတွေဖတ်နေကြတဲ့ သတင်းစာတွေ ဖြစ်မြောက်လာအောင် မနေ့က တစ်နေ့လုံးတစ်ညလုံး ပြေးလွှားလုပ်ကိုင်ကြရပုံတွေကို ပြောပြပါတယ်။ သတင်းစာဆရာတွေဟာ ပြည်သူများရဲ့ စကားပြန်ဖြစ်တဲ့အကြောင်း ရှင်းပြပါတယ်။

ကျွန်တော်ပဲ အပြောကောင်းလို့လား၊ သတင်းစာအကြောင်းကပဲ စိတ်ဝင်စားစရာ ကောင်းလို့လားမသိ၊ စားပွဲတစ်ဝိုင်းတည်း ထိုင်နေကြတဲ့ မိတ်သင်္ဂဟများကတော့ ခေါင်းတညိတ်ညိတ်နဲ့ ကျေနပ်သွားကြပုံ ရပါတယ်။

သတင်းစာနဲ့ သတင်းစာဆရာတွေအကြောင်းဟာ တကယ်လည်း စိတ်ဝင်စားစရာ ကောင်းပါတယ်။

ဒီမိုကရေစီနိုင်ငံတွေမှာ သတင်းစာကို 'စတုတ္ထမဏ္ဍိုင်' လို့ တင်စားခေါ်ဝေါ်ကြပါတယ်။ ဥပဒေပြုရေးမဏ္ဍိုင် (ပါလီမန်လွှတ်တော်) တရားစီရင်ရေးမဏ္ဍိုင် (လွတ်လပ်သော တရားရုံးများ) နှင့် အုပ်ချုပ်ရေးမဏ္ဍိုင် (အစိုးရယန္တရား) ဆိုတဲ့ မဏ္ဍိုင်ကြီးသုံးရပ်ကို ပြည်သူလူထုဘက်က ထိန်းညှိပေးတဲ့ စတုတ္ထမဏ္ဍိုင် စာရင်းဝင်သူတွေ ဖြစ်ကြပါတယ်။ သူတို့ကို ခြုံပြီးခေါ်တဲ့ အသုံးအနှုန်းက Journalist, The Press, Media person စသည်ဖြင့် ဖြစ်ပါတယ်။ လုပ်ငန်းအပေါ် ခွဲခြားပြီး ခေါ်ဝေါ်တဲ့အခါ Newspaper, Journalis, Radio Journalist, T.V Journalist ရယ်လို့ သုံးနှုန်းပြီး နည်းပညာပိုင်းအရ ခွဲခြားပြောရင် Print journalist, Electronic Journalist ရယ်လို့ သုံးနှုန်းပါတယ်။

ဒီလုပ်ငန်းတွေမှာ လုပ်ကိုင်နေကြတဲ့ အယ်ဒီတာ၊ သတင်းထောက်၊ ဆောင်းပါးရှင်၊ သတင်းကြေညာသူ၊ သတင်းဝေဖန်သူ၊ တွေ့ဆုံမေးမြန်းသူနဲ့ ကင်မရာမင်းအားလုံးကို Journalist လို့ အသုံးများပြီး ဒီအလုပ်တွေလုပ်ကိုင်တဲ့ နည်းစနစ်

(သို့မဟုတ်) ပညာရပ်ကို Journalism လို့ ခေါ်ပါတယ်။ တက္ကသိုလ်တွေမှာ သတင်းစာပညာသင်ကြားတဲ့ ဌာနကို Journalism Department လို့ ယနေ့ထိ သုံးနှုန်းလျက် ရှိပါတယ်။

မြန်မာနိုင်ငံမှာ တက္ကသိုလ်တစ်ခုခုက သတင်းစာပညာ ဒီဂရီဘွဲ့ပေးတာ မရှိသေးပါဘူး။ လွန်ခဲ့တဲ့ နှစ် ၄၀ ကျော်က ရန်ကုန်တက္ကသိုလ်က သတင်းစာပညာ ဒီပလိုမာဘွဲ့ (Diploma in Journalism - D.J) တစ်နှစ်သင်တန်းတွေဖွင့်ပြီး ဒီပလိုမာ လက်မှတ်ပေးခဲ့ပါတယ်။ တစ်ခါ ၁၉၆၇–၆၈ ကစပြီး ပြန်ကြားရေးဝန်ကြီးဌာနက ပြည်လမ်းစာပေဗိမာန်၊ ဆိုရန်တိုဗိလာ အဆောက်အဦမှာ 'သတင်းစာအတတ်သင် ကျောင်း' ဆိုပြီး ကျောင်းဖွင့်ကာ သတင်းစာပညာသင်တန်းတွေ ပို့ချခဲ့ဖူးပါတယ်။ သင်တန်းကာလ ရှစ်လခန့်ဖြစ်ပြီး သင်တန်းဆင်းလက်မှတ်များ ပေးခဲ့ပါတယ်။ သင်တန်း ဆင်းလက်မှတ်မှာ 'ဤသင်တန်းအောင်ပြီးသူသည် သတင်းစာလုပ်ငန်းဖြင့် အသက် မွေးဝမ်းကျောင်းပြုရန် အာမခံသည်' လို့တောင် ရေးပေးပါတယ်။

နောက်ပိုင်းမှာလည်း ပြန်ကြားရေးဝန်ကြီးဌာနက သတင်းစာ သင်တန်းတွေ ဖွင့်ပါသေးတယ်။ ဒါပေမယ့် သတင်းစာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုရန် အာမခံတဲ့အထိတော့ မကြားမိပါဘူး။

မြန်မာနိုင်ငံမှာ သတင်းစာပညာကို စိတ်ဝင်စားသူတွေ အများကြီးရှိ တယ်ဆိုတာ ကျွန်တော်တို့ အခိုင်အမာသိထားပါတယ်။ စာနယ်ဇင်းတွေ တိုးတက်များ ပြားလာတာနဲ့အမျှ သတင်းစာပညာကို အသုံးချပြီး အလုပ်လုပ်ခွင့် အလားအလာ တွေလည်း တိုးပွားလာမှာပါ။ ဒါပေမယ့် သတင်းစာပညာကို လေ့လာဆည်းပူး လိုသူတွေအတွက် မြန်မာလို စာအုပ်စာတမ်းတွေက အတော်နည်းပါးနေဆဲပါပဲ။

ဒီအချိန်မှာ စာရေးဆရာ မောင်စိုးသစ် How to be a Journalist ကို မြန်မာပြန်ပြီး စာအုပ်ထုတ်ဖို့ စီစဉ်နေတဲ့အကြောင်း ပြောတဲ့အခါ ကျွန်တော်တို့ အင်မတန်မှ ဝမ်းမြောက်မိပါတယ်။ ကိုစိုးသစ်ဟာ အင်္ဂလိပ်စာပြ ဆရာတစ်ဦးဖြစ်လို့ အင်္ဂလိပ်မှ မြန်မာသို့ ဘာသာပြန်ရာမှာ ကျွမ်းကျင်ပိုင်နိုင်ပါတယ်။ ဒါတင်မက ကိုစိုးသစ်ဟာ အတွေးအမြင်စာစောင်ရဲ့ ပင်တိုင်ရေးဆရာတစ်ဦးဖြစ်တဲ့အတွက် သူ့ရဲ့ ပြေပြစ်တဲ့ မြန်မာစာအရေးအသားကို ကျွန်တော် ရင်းနှီးနေပြီးသား ဖြစ်ပါတယ်။

How to be a Journalist စာအုပ်ကလေးကတော့ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ ကျော် Ladder Series အလွယ်ဖတ်စာအုပ်ကလေးတွေ ခေတ်စားစဉ်က အတော်များများ တွေ့ဖူးမြင်ဖူး ကြမှာပါ။ ဒီစာအုပ်ကလေးဟာ သတင်းစာပညာ ကျမ်းကြီးကျမ်းခိုင်လို ရေးထားတာ မဟုတ်ပေမဲ့ သတင်းစာဆရာ တစ်ယောက်ရဲ့ အလုပ်တွေကို စုံစုံစေ့စေ့ ရေးသားလမ်းညွှန်ထားပါတယ်။ သတင်းစာလုပ်ငန်းနဲ့

ပတ်သက်ပြီး သိသင့်သိအပ် မှတ်သင့်မှတ်အပ်တဲ့ အချက်အလက်တွေကို ကျစ်ကျစ်လျစ်လျစ် ရေးထားတာဖြစ်လို့ လက်စွဲပြုသင့်တဲ့ စာတစ်အုပ်ပါပဲ။

အဲဒီ Ladder Series ဖတ်ခဲ့ကြတဲ့ လူငယ်တွေဟာ အခုဆိုရင် အသက် – ၅၀ ကျော်အရွယ်တွေ ဖြစ်နေလောက်ပါပြီ။ ယနေ့ခေတ် အသက် ၂၅ နှစ်ပတ်ဝန်းကျင် လူငယ်တွေအဖို့တော့ How to be a Journalist လို စာအုပ်မျိုးမတွေ့သလောက် ရှားပါနေပါလိမ့်မယ်။ ဒါကြောင့် ကိုစိုးသစ်ရဲ့ ဘာသာပြန် စာအုပ်ဟာ ဒီနေ့လူငယ်တွေအတွက် လိုအပ်ချက်တစ်ခုကို ဖြည့်ပေးနိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

သတင်းခေတ်လို့ ပြောရလောက်အောင် သတင်းအရေးပါနေတဲ့ ယနေ့ခေတ်မှာ သတင်းစာဆရာဆိုတာ လူ့အဖွဲ့အစည်းမှာ တာဝန်ကြီးမားသူတွေ ဖြစ်နေပါပြီ။ ပြည်သူလူထုကို သိသင့်သိထိုက်တဲ့ သတင်းတွေပေးပြီး စဉ်းစားချင့်ချိန်စရာတွေကို ဝေဖန်ပိုင်းခြားပြရတဲ့ သတင်းစာဆရာအလုပ်ဟာ ကြုံရာလူတွေ အပျင်းပြေ ဝင်ပြီးလက်တည့်စမ်းလို့ ရတာမျိုးတော့ မဟုတ်ပါဘူး။ ထိုက်ထိုက်တန်တန် အရည်အချင်းရှိမှသာ စာဖတ်ပရိသတ်က လေးစားတဲ့ သတင်းစာဆရာ ဖြစ်မှာပါ။ သတင်းစာဆရာအဖြစ် အသက်မွေးဖို့ သန္နိဋ္ဌာန်ချထားတဲ့ လူငယ်များအနေဖြင့် မောင်စိုးသစ် ဘာသာပြန်တဲ့ ဒီစာအုပ်လေးကနေ သိသင့်သိအပ်တဲ့ အခြေခံအချက်အလက်များစွာကို လေ့လာနိုင်ကြလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

**မောင်ဝံသ**

**ရန်ကုန်**
**၂၉ ‧ ၄ ‧ ၂၀၀၇**

# ဘာသာပြန်ဆိုသူ၏ အမှာစာ

တကယ်တော့ ဒီစာအုပ်လေးဟာ အတော်လေးကြာခဲ့ပါပြီ။ ၁၉၆၅ ခုနှစ် ကတည်းကပါ။ စာရေးသူ M.L STEIN ရဲ့ မူလခေါင်းစဉ်က "Your Career in Journalism" ဖြစ်ပေမယ့် ၁၉၆၈ ခုနှစ် ဇူလိုင်လမှာ ထုတ်ဝေတဲ့ Ladder Edition မှာတော့ "How Yo Be A Journalist" လို့ ပြောင်းလဲအမည်ပေးထားပါတယ်။ အစကတော့ ဘာသာပြန်ဖို့ မရည်ရွယ်ခဲ့ပါဘူး။ ဒါပေမယ့် ဖတ်ပြီးတော့မှ ကျွန်တော်တို့ လူ့အဖွဲ့အစည်းက လူငယ်လူရွယ်တွေ၊ တချိန်မှာ စာနယ်ဇင်းသမား၊ သတင်းစာသမားဖြစ်ဖို့ ရည်ရွယ်ထားတဲ့သူတွေ စာနယ်ဇင်းသမား၊ သတင်းစာ သမား ဆိုတာ ဘယ်လိုလူမျိုးတွေ၊ သူတို့ဘာတွေကို ယုံကြည်ကြသလဲ။ ဘယ်သူ့အတွက် လုပ်နေကြတာလဲဆိုတာတွေ၊ သူတို့ရဲ့ ကိုယ်ကျင့်သိက္ခာတရား၊ အမှန်ကိုချစ်မြတ်နိုး တဲ့စိတ်ဓာတ် စတာတွေကို ဖတ်ရှုလေ့လာခွင့် ရထားမယ်ဆိုရင် အနာဂတ်မှာ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွက် အကျိုးရှိနိုင်တယ်လို့ ယုံကြည်လို့ ဘာသာပြန် ဖြစ်သွားခဲ့တာပါ။ ပေါ့ပေါ့ ပါးပါးလည်းဖြစ် အကျိုးလည်းများနိုင်တာကို ကျွန်တော် ရေးလက်စ၊ ဘာသာပြန်လက်စရှိတာတွေကို ခဏရပ်ပြီး ဒီစာအုပ်ကလေးကို ဘာသာ ပြန်ခဲ့တာပါ။

ဒီကနေ့ အိုင်တီ (IT) ခေတ်မှာ သတင်းဆက်သွယ်ရေး နည်းပညာတွေ အများကြီး ပြောင်းလဲတိုးတက် လာခဲ့ပြီဆိုတာကတော့ အသေအချာပါပဲ။ ဒါကြောင့် ဒီစာအုပ်လေးထဲမှာပါဝင်တဲ့ သတင်းရယူ၊ ဖန်တည်းဖော်ပြတဲ့ နည်းနာတွေ၊ အသုံးပြုတဲ့ လက်နှိပ်စက်၊ တယ်လီပရင်တာ စတာတွေနေရာမှာ ဒီကနေ့ အိုင်တီခေတ်ရဲ့ နည်းနာ နဲ့ ကရိယာပစ္စည်းတွေကို ဖြည့်စွက်စဉ်းစားပေးစေချင်ပါတယ်။ ကျွန်တော်ရည်ရွယ် ရင်းကတော့ စာနယ်ဇင်း၊ သတင်းစာတွေရဲ့ အရေးပါမှု၊ စာနယ်ဇင်းပညာရဲ့ သဘော

သဘာဝ၊ သတင်းစာအယ်ဒီတာ၊ ထုတ်ဝေသူတွေရဲ့ တွေးမြင်စဉ်းစားပုံ၊ လှုပ်ရှားလုပ်ဆောင်ပုံတွေနဲ့ သတင်းထောက်တွေ သတင်းဆောင်းပါးရှင်တွေရဲ့ ယုံကြည်မှု၊ ကြိုးပမ်းအားထုတ်မှု၊ စွန့်လွှတ် အနစ်နာခံမှုတွေကို တစေ့တစောင်းလောက် ဖတ်ရှုသိရှိခွင့်ရစေချင်တာပါပဲ။ ကျွန်တော်တို့ တိုင်းပြည်ရဲ့ အခြေအနေအရ လူငယ်လူရွယ်တွေအနေနဲ့ တနေ့မှာတော့ 'ငါဟာ သတင်းစာတိုက်ကြီးတစ်တိုက်ကို ပိုင်ဆိုင်တဲ့ ပိုင်ရှင်တစ်ယောက် ထုတ်ဝေသူတစ်ယောက်ဖြစ်ရမယ်' ဆိုတဲ့ ရည်ရွယ်ချက်မျိုး၊ 'သတင်းစာကြီးတစ်ခုရဲ့ အများလေးစားအားထားရတဲ့ သတင်းထောက်တစ်ယောက်၊ သတင်းဆောင်းပါးရှင်းတစ်ယောက် ဖြစ်ချင်တယ်' ဆိုတာမျိုး၊ 'သတင်းစာကြီးတစ်ခုရဲ့ အယ်ဒီတာချုပ်ဖြစ် ရင်ကောင်းမှာ' ဆိုတဲ့ ရည်ရွယ်ချက်မျိုး၊ တောင်းတမှုမျိုး မကြားရသလောက် ဖြစ်နေပါပြီ၊ အဲဒီဆန္ဒမျိုး၊ ရည်ရွယ်ချက်မျိုးထားဖို့ လုံလောက်တဲ့ ရေခံမြေခံကလည်းမရှိတော့ သူတို့ကိုလည်း အဲဒီလို မဖြစ်ချင်ရကောင်းလား၊ မရည်ရွယ် ရကောင်းလာဆိုပြီး အပြစ်တင်မယ်ဆိုရင်လည်း တရားမျှတမယ် မဟုတ်ပါ ဘူး။ တကယ့်ဖွံ့ဖြိုးရှင်သန်သင့်တဲ့ ပညာရပ်တစ်ခုဖြစ်တဲ့ စာနယ်ဇင်းပညာကို ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေမှာ ဘယ်လိုသင်ကြားပေးတယ်၊ သင်ယူလေ့လာသူ ကျောင်းသူ၊ ကျောင်းသားတွေအနေနဲ့ ဘယ်လိုသင်ယူကြရမယ်၊ ဘယ်လို ကြိုးစားအား ထုတ်ရမယ်ဆိုတာတွေ၊ သတင်းထောက်တစ်ယောက်၊ သတင်းဆောင်းပါးရှင် စာရေးဆရာတစ်ယောက်၊ အယ်ဒီတာတစ်ယောက်ဖြစ်ဖို့ ဘယ်လိုလေ့လာဖြတ်သန်း ရတယ်၊ လုပ်ကိုင်ဆောင်ရွက်ရတယ် ဆိုတာတွေကို အစိတ်အပိုင်း သိမြင်နားလည် သွားကြရင် ကောင်းမယ်လို့ ကျွန်တော် ယူဆပါတယ်။

လူ့အဖွဲ့အစည်းတစ်ခုအတွက် စာနယ်ဇင်း၊ သတင်းစာတွေဟာ ဘယ်လောက်အရေးကြီးတယ်၊ တန်ဖိုးထားထိုက်တယ်ဆိုတာကို ဒီကနေ့ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေ နားလည်လာကြပြီဆိုရင် စာနယ်ဇင်းပညာကိုလည်း လေးစားတန်ဖိုးထားလာပြီး လေ့လာသင်ယူချင်စိတ်တွေ တိုးများလာမှာအမှန်ပါပဲ။ ဒါဆိုရင် တစ်ချိန်မှာ ကျွန်တော်တို့ လူအဖွဲ့အစည်းအတွက် အားထားယုံကြည်ရတဲ့ စာနယ်ဇင်း၊ သတင်းစာကြီးတွေ ပေါ်ထွက်လာနိုင်မှာဖြစ်သလို၊ အဲဒီစာနယ်ဇင်းနဲ့ သတင်းစာကြီးတွေမှာ စွမ်းစွမ်းတမံ လုပ်ကိုင်ဆောင်ရွက်ရင်း လူ့အဖွဲ့အစည်းရဲ့ ဖွံ့ဖြိုးပွားစည်း တိုးတက်အောင် စွမ်းဆောင်ပေးနိုင်တဲ့ စာနယ်ဇင်း ပညာရှင်တွေ၊ သတင်းဆောင်းပါးရှင်တွေ၊ အယ်ဒီတာတွေနဲ့ သတင်းထောက်တွေလည်း ပေါ်ထွက်များပြားလာနိုင်မှာ ဖြစ်ပါတယ်။

နောက် သေးငယ်သလောက် ကောင်းမွန်လှတဲ့ ဒီစာအုပ်ကလေးက စာအုပ်၊ တီဗီ၊ ကဇာတ်၊ ရုပ်ရှင်၊ ပန်းချီနဲ့ တေးဂီတ ဝေဖန်ရေးရာတွေရဲ့ အခန်းကဏ္ဍကို

ဖော်ပြထားပြီး ပြည်သူလူထုအတွက် ဝေဖန်ရေးဆရာကောင်း ဖြစ်လာအောင် ဘယ်လိုအရည်အချင်းမျိုးတွေ ရှိသင့်တယ်၊ ဘယ်လိုသင်ယူ ဆည်းပူးကြိုးပမ်း သင့်တယ်ဆိုတာတွေကိုလည်း ရေးသားလမ်းညွှန် ထားပါသေးတယ်။

ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ၊ ခု ကျွန်တော် ဘာသာပြန်ဆိုပေး လိုက်တဲ့ စာအုပ်ကလေးကို ဖတ်မိတဲ့ လူငယ်လူရွယ်တွေအတွက် အတိုင်းအတာတစ်ခုထိ အဖိုးတန်တဲ့ အတွေးအမြင်အသိပညာတွေ ရရှိကြမယ်ဆိုရင် ကျွန်တော် ဘာသာပြန်ရ ကျိုးနပ်ပါပြီ။ နောက်ဆုံး အနေနဲ့ကတော့ ခု Ladder စာအုပ်လေးအတွက် အမှာစာရေးသားချီးမြှင့်ပေးတဲ့ သတင်းစာအယ်ဒီတာဟောင်းနဲ့ စာရေးဆရာကြီး ဆရာမောင်ဝံသနဲ့ ဒီစာအုပ်ကလေးကို စာဖတ်သူတွေလက်ထဲရောက်အောင် ပုံနှိပ်ထုတ် ဝေပေးခဲ့တဲ့ ဒီရေဦး စာအုပ်တိုက်ပိုင်ရှင် ကျွန်တော့်ရဲ့ မိတ်ဆွေကြီး ပန်းချီဆရာ ကိုအေးကိုတို့ကို အထူးကျေးဇူးတင်ပါကြောင်း။

**လေးစားစွာဖြင့်**

**မောင်စိုးသစ်**

## စာနယ်ဇင်းသမားတစ်ယောက်ဖြစ်ဖို့

ကမ္ဘာလောကကြီးမှာ ဘာတွေဖြစ်နေတယ်ဆိုတာကို ပြောပြနိုင်စွမ်းရှိတာဟာ ဒီမိုကရေစီစနစ်တစ်ခုရဲ့ အရေးအပါဆုံး လုပ်ငန်းဆောင်တာတွေထဲမှာ တစ်ခုအပါအဝင် ဖြစ်ပါတယ်။ ပြီးတော့ အဲဒီ အလွန်လိုအပ်မှုရှိနေတဲ့အလုပ်ကို လုပ်ဆောင်နေတဲ့သူဟာ ဒီကနေ့ စာနယ်ဇင်းသမားတစ်ယောက်ပဲ ဖြစ်ပါတယ်။

## စာနယ်ဇင်းပညာနှင့် စာနယ်ဇင်းသမား

ပါရီလို မြို့ကြီးတစ်မြို့ရဲ့ သတင်းစာတိုက် ရုံးခန်းလေးတစ်ခုထဲမှာ၊ ဒါမှမဟုတ် အမေရိကန်ပြည်ထောင်စုက မြို့ငယ်လေးတစ်ခုရဲ့ သတင်းစာတိုက် ရုံးခန်းလေးတစ်ခုမှာ လူငယ်တစ်ယောက်ဟာ သူ့ရဲ့ လက်နှိပ်စက်ကလေးကိုရိုက်ရင်း အလုပ်ရှုပ်နေပါတယ်။

မကြာ မကြာဆိုသလိုပါပဲ သူဟာ ရုံးခန်းနံရံပေါ်က နာရီကို ကြည့်လိုက်၊ သူ့ရဲ့ အယ်ဒီတာကို ကြည့်လိုက် လုပ်နေပါတယ်။

အဲဒီလူငယ်လေးဟာ သတင်းထောက်တစ်ယောက်ပဲ ဖြစ်ပါတယ်။ သူက အယ်ဒီတာလက်ထဲကို အချိန်မီထည့်ပေးနိုင်ဖို့ သတင်းဆောင်းပါးတစ်ခုကို ရေးနေခဲ့တာပါ။ စာကြောင်းရေ အနည်းအကျဉ်း ရိုက်အပြီးမှာတော့ သူ့ရဲ့သတင်းဆောင်းပါးကို အပြီးသတ်နိုင်ခဲ့ပါပြီ။ သူဟာ အယ်ဒီတာဆီ အလျှင်အမြန်သွားပြီး သူရေးသားခဲ့တဲ့ သတင်းဆောင်းပါးကို ပေးအပ်လိုက်ပါတယ်။ သူက နာရီကို ကြည့်လိုက်ပါတယ်။ သူဟာ အပ်နှံရမယ့်အချိန်ထက် ငါးမိနစ်စောပြီး ပြီးစီးသွားခဲ့တာ ဖြစ်ပါတယ်။ သတင်းထောက်လူငယ်ဟာ သူ့ရဲ့စားပွဲခုံမှာထိုင်ရင်း သက်ပြင်းကြီးတစ်ချက် ချလိုက်ပါတယ်။ သူ့ရင်ထဲမှာတော့ ကျေနပ်ဂုဏ်ယူမှု အတိနဲ့ပါ။

နောက် သတင်းစာထဲမှာ သူ့ရဲ့သတင်းဆောင်းပါးကို ဖတ်လိုက်ရတဲ့ အချိန်မှာတော့၊ သတင်းရဲ့အဆုံးမှာ သူ့ရဲ့နာမည်လေး တပ်လို့ပေါ့လေ ။ ။ ။ သူဟာ တခြားဘယ်သူမှ မခံစားရနိုင်တဲ့ ခံစားမှုတစ်ခုကို တွေ့ကြုံခံစားရတော့မှာ ဖြစ်ပါတယ်။

သတင်းအယ်ဒီတာဖြစ်သူက အဲဒီသတင်းထောက် လူငယ်ကို သတင်းစာက လိုအပ်နေတဲ့ သတင်းဆောင်းပါးမျိုးတွေကို ပြောပြရပါတယ်။ သူက လူသတ်မှု

တွေ၊ မီးလောင်မှုတွေ၊ အစိုးရခေါင်းဆောင်ပိုင်း တချို့နဲ့ ပြောဆိုဆွေးနွေးခွင့်ရခဲ့တဲ့ အကြောင်းအရာတွေ၊ ကျောင်းအစည်းအဝေးတွေ၊ အသစ်ရှာဖွေတွေ့ရှိမှုတွေကို ရေးရပါတယ်။ တစ်ခါတလေ လုပ်ခလစာ ပိုပြီးတောင်းဆိုဖို့ ကြိုးစားကြတဲ့ အလုပ်သမားတွေအကြောင်း၊ ဒါမှမဟုတ် ရေငုတ်သင်္ဘောအသစ်တစ်စီးအကြောင်း စတာမျိုးလည်း ရေးသားရတတ်ပါတယ်။

သိပ်မကြာခင်နှစ်တွေအတွင်းမှာ ဒီသတင်းစာသမားလူငယ်ဟာ သူ့တိုင်း ပြည်ရဲ့ မြို့ကြီးတစ်မြို့မြို့မှာ အရေးပါအရာရောက်တဲ့ သတင်းဆောင်းပါးရှင် တစ်ယောက်၊ ဒါမှမဟုတ် နိုင်ငံရပ်ခြား တိုင်းပြည်တစ်ခုခုအတွက် အရေးပါတဲ့ သတင်းထောက်တစ်ယောက် ဖြစ်လာနိုင်ပါတယ်။ ဒါမှမဟုတ်ရင်လည်း သူဟာ အလုပ်သမားရေးရာ၊ ပညာရေး၊ စီးပွားရေးစတဲ့ နယ်ပယ်တွေအတွက်ပဲ သတင်း ဆောင်းပါးရေးသားဖို့ သူဘာသာသူ ဆုံးဖြတ်ကောင်း ဆုံးဖြတ်နိုင်ပါတယ်။ သူဟာ သူ မြင်ရ တွေ့ရတာတွေကို ရေးသားနိုင်ဖို့အတွက် ပထမဆုံး လကမ္ဘာကို ခရီးထွက် ခွာကြမယ့်သူတွေနဲ့အတူ ပါသွားရင်လည်း ပါသွားနိုင်တာပါပဲ။

တကယ်လို့ ခင်ဗျားတို့ဟာ ဒီလူငယ် သတင်းထောက်ကလေးနဲ့ တခြား အဲဒီရုံးခန်းက သတင်းစာပေသမား အမျိုးသား အမျိုးသမီးတွေနဲ့ တွေ့ကြုံခဲ့ရမယ်ဆိုရင် သူတို့ဟာ ယဉ်ကျေးဖွယ်ရာရှိကြပြီး တကယ့် အလုပ်သမားကောင်းတွေ ဖြစ်ကြတယ် ဆိုတာကို ချက်ချင်းလိုလို သတိပြုမိသွားမှာပါပဲ။ သူတို့က စကားကျယ်လောင် ကျယ်လောင် ပြောတတ်တယ်၊ ဒါမှမဟုတ် ခင်ဗျားတို့ ရုပ်ရှင်တွေထဲမှာ တွေ့ဖူးတဲ့ သတင်းသမား တွေလို အသောက်အစား များကြတယ်လို့လည်း ခင်ဗျားတို့ တွေး ကောင်းတွေးနိုင်စရာ ရှိပါတယ်။ ဒါပေမဲ့ စာနယ်ဇင်းသမား အများစုကတော့ သူတို့ရဲ့အလုပ်ကို တကယ်တမ်းချစ်မြတ်နိုးကြတဲ့ လေးစားဂုဏ်ပြုထိုက်သူ လူကောင်း သူကောင်းတွေ ဖြစ်ကြပါတယ်။ အများစုက ကောလိပ်ကျောင်း တက်ဖူးသူတွေပါ။ တော်တော်များများဟာလည်း သမိုင်းပညာရပ်၊ အစိုးရအကြောင်းနဲ့ နိုင်ငံခြားဘာသာ စကားတွေအကြောင်း သင်ယူခဲ့ကြတဲ့ စာနယ်ဇင်းပညာသင်ကျောင်း ဒါမှမဟုတ် ကောလိပ်ကျောင်းထွက်တွေ ဖြစ်ကြပါတယ်။ သတင်းသမားတစ်ဦးဟာ အိမ်ထောင်ရှင် တစ်ယောက်၊ ဖခင်တစ်ယောက်လည်း ဖြစ်နေတတ်ပါတယ်။ ခင်ဗျားတို့ရဲ့ အိမ်နီး နားချင်းတောင် ဖြစ်ချင်ဖြစ်နိုင်ပါတယ်။

သတင်းထောက်တစ်ယောက်ဟာ ခြောက်ပစ်ကင်းသဲလဲစင် တစ်ယောက် မဟုတ်ပါဘူး။ တစ်ခါတစ်ရံမှာ သူ့ရဲ့အဆုံးအဖြတ်ပေးမှုဟာ မှားသွားနိုင်ပါတယ်။ မဆိုစလောက် သတင်းသမားတချို့ကတော့ မယုံကြည်ထိုက်ဘူးလို့ ဆိုရပါမယ်။ ဒါပေမဲ့လို့ တခြားယုံကြည်ထိုက် ပါတယ်ဆိုတဲ့ သူတွေကျပြန်တော့ စာကောင်းကောင်း

မရေးတတ်ကြ ပြန်ပါဘူး။ အကောင်းဆုံးဆိုတဲ့ သတင်းသမားတွေတောင်မှ တစ်ခါတလေမှာ အချက်အလက်အရ၊ ဒါမှမဟုတ် အဆုံးအဖြတ်အရ မှားယွင်းတတ်ကြတာပါပဲ။ အဲဒီအခါ စာဖတ်သူတွေက သူတို့နဲ့ပတ်သက်ပြီး အလွယ်တကူ မကောင်းမြင်ပစ်လိုက်တတ်ကြပါတယ်။ ဒါပေမဲ့ နေ့စဉ်နေ့တိုင်း သတင်းစာတွေမှာ စကားလုံးသန်းပေါင်း ဘယ်လောက်ပါနေသလဲဆိုတာ၊ သတင်းစာသမားရဲ့ရုံးခန်းမှာ သတင်းတွေ ဘယ်လောက်များများ လက်ခံရယူနေသလဲဆိုတာ ခင်ဗျား သတိပြုမိတဲ့အခါ သတင်းသမားတစ်ယောက်ဟာ သတင်းရေးသားရာမှာ သိပ်များများစားစား မမှားယွင်းတတ်ဘူးဆိုတာ တွေ့ရမှာပါ။

သတင်းသမားတွေဟာ အချက်အလက်တွေကို သူတို့အမှန် တကယ်ဖြစ်ပျက်ခဲ့တဲ့အတိုင်း အတိအကျ ပြောပြရတာကို ဂုဏ်ယူတတ် ကြပါတယ်။ မှန်တဲ့အရာကိုသာ ရေးသားခြင်းရဲ့ အရေးကြီးမှုကို သူတို့ဟာ အဦးအစကပဲ သင်ယူခဲ့ကြရတာပါ။ အဲဒါကြောင့်ပဲ သတင်းစာ သမားတစ်ယေက်ဟာ ဖြစ်ရပ်တစ်ခုကို အကြိမ်ပေါင်းများစွာ ပြန်ပြီးလေ့လာကြည့်ရှုလေ့ ရှိကြပါတယ်။

အဲဒါတွေအားလုံးကို လုပ်ဆောင်နိုင်ဖို့မှာ လူတစ်ယောက်ဟာ စာကောင်းကောင်း ရေးသားနိုင်စွမ်းရှိဖို့ သာမကဘဲ သူ့ရဲ့အလုပ်ကိုပါ ချစ်မြတ်နိုးရပါမယ်။ သို့ပေမယ့်လို့ စာနယ်ဇင်းသမားကောင်း တစ်ယောက်ဖြစ်ဖို့ ကောင်းမွန်တဲ့ အကြောင်းအချက်တွေ အများကြီးရှိနေပါသေးတယ်။

တကယ်လို့ ချမ်းသာကြွယ်ဝဖို့ကိုပဲ ခင်ဗျားတို့ လိုချင်တယ် ဆိုရင်တော့ ခင်ဗျားဟာ သတင်းစာရဲ့ပိုင်ရှင် ဒါမှမဟုတ် သတင်းစာ ပေါင်းမြောက်များစွာအတွက် ရေးသားပေးနေတဲ့ အောင်မြင်တဲ့ စာရေးဆရာတစ်ယောက် မဟုတ်ဘူးဆိုရင်ပေ့ါလေ၊ သတင်းစာလုပ်ငန်းကို မေ့သာပစ်လိုက်ပါ။ တကယ်လို့ ခင်ဗျားအနေနဲ့ နေ့တစ်နေ့ရဲ့ မိနစ်ပိုင်းတိုင်း မိနစ်ပိုင်းတိုင်းကို ခင်ဗျားဘဝရဲ့ စိတ်အလှုပ်ရှားရဆုံး ဖြစ်ချင်တယ် ဆိုရင်တော့ ခင်ဗျားဟာ ပြိုင်ကားမောင်းတဲ့လူလုပ်ဖို့ သင့်ပါလိမ့်မယ်။ သတင်းထောက်တွေဟာ တစ်ခါတစ်ရံမှာ တစ်နေ့တစ်နေ့ ထူးမခြားနားတဲ့ တာဝန်တွေကိုပဲ လုပ်နေရပါလိမ့်မယ်။ ဒါပေမဲ့လို့ တကယ်လို့သာ ခင်ဗျားဟာ ခင်ဗျားဘဝ အသက်ရှင်နေထိုင်ဖို့ လုံလောက်တဲ့ အခကြေးငွေပေးနိုင်တဲ့ အသက်မွေးဝမ်းကြောင်းမှုတစ်ခုကို ရှာဖွေနေတယ်၊ ပြီးတော့ အဲဒီလုပ်ငန်းဟာ သမိုင်းဖြစ်စဉ်ရဲ့ ရှေ့တန်းထိုင်ခုံတစ်ခုံလည်း ခင်ဗျားကို ပေးအပ်နိုင်ရမယ်ဆိုရင်တော့ စာနယ်ဇင်းလုပ်ငန်းပဲ ခင်ဗျားအတွက် ရှိပါလိမ့်မယ်။ ဒါဟာ သိပ်လွယ်တဲ့ အလုပ်တစ်ခုတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အဲဒီလုပ်ငန်းဟာ သတင်းထောက်တစ်ယောက်ကို ဘဏ်ဥက္ကဋ္ဌတစ်ယောက်ထက်ပိုပြီး

ကိုယ့်ကိုယ်ကို အရေးပါတယ်လို့ ထင်မြင်ခံစားရလောက်အောင်ကို ဖြစ်စေနိုင်ပါတယ်။ သူဟာ အဲဒီလို အရေးမပါဘူးလို့ရော ဘယ်သူများ ပြောရဲပါသလဲ။

ငွေဟာ အရေးကြီးပါတယ်။ ဒါပေမဲ့ လူတွေကို သတင်းစာလုပ်ငန်းထဲ ခြေစုံပစ်ဝင်သွားအောင် လုပ်နိုင်တဲ့ အရာတစ်ခုတော့ မဟုတ်တာ အမှန်ပါပဲ။ အဲဒီလူတွေ သတင်းစာလုပ်ငန်းထဲမှာရှိနေတဲ့ အကြောင်းကတော့ သူတို့ဟာ အဲဒီလုပ်ငန်းကို နှစ်သက်သဘောကျလို့ပဲ ဖြစ်ပါတယ်။ အဲဒါဟာလဲ သတင်းထောက်တွေဟာ အလုပ်ပိတ်ရက်တွေမှာ တစ်ခါတစ်ရံ အန္တရာယ်မကင်းတဲ့ အခြေအနေအောက်မှာ အချိန်ပြည့် အလုပ်လုပ်နေကြတဲ့ အကြောင်းရင်းပဲ ဖြစ်ပါတယ်။ သူတို့ဟာ သတင်းစာလုပ်ငန်းကို နှစ်သက်ကြပြီး အဲဒါဟာ စိတ်လှုပ်ရှားစရာ၊ အံ့သြစရာကောင်းတဲ့ အရာတစ်ခုလို့ တွေးမြင်ကြပါတယ်။ သူတို့က သတင်းကို ပထမဦးဆုံး ရရှိတဲ့သူဖြစ်ပြီး အစိုးရခေါင်းဆောင်ပိုင်းတွေနဲ့ တခြားအရေးပါတဲ့လူတွေနဲ့ တွေ့ဆုံသိကျွမ်းရတာကို နှစ်သက်တတ်ကြပါတယ်။ သတင်းထောက် တစ်ယောက်ဖြစ်ဖို့ သူ့တိုင်းပြည်ရဲ့ သမ္မတတစ်ဦး၊ နိုင်ငံခြားတိုင်းပြည် တစ်ပြည်ရဲ့ ခေါင်းဆောင်တစ်ယောက်နဲ့ နာမည်ကြီး အဆိုတော် တစ်ယောက်ကို တစ်နေ့ထဲမှာပင် တွေ့ဆုံနိုင်စရာအကြောင်း ရှိပါတယ်။

နောက်တစ်နေ့မှာတော့ သူ့မှာ တခြားဒီထက်ပိုပြီး စိတ်လှုပ်ရှား စရာကောင်းတာ တစ်ခုလည်း ရှိကောင်းရှိလာနိုင်ပါတယ်။ တချို့ ဇာတ်ကြောင်းတွေကို ရေးဖွဲ့လို့ ခံစားရတဲ့ ချမ်းမြေ့ကြည်နူးမှုမျိုးကို တခြားလုပ်ငန်းတွေမှာ မတွေ့နိုင်ပါဘူး။ အမေရိကန် စာရေးဆရာတစ်ယောက်ရဲ့ စိတ်လှုပ်ရှားစရာအကောင်းဆုံး အချိန်ကလေးတွေဟာ အမေရိကန် ပြည်ထောင်စုအနောက်ပိုင်း ကာလီဖိုးနီးယားပြည်နယ်ရဲ့ မြင့်မားတဲ့ ဆီအဲရား (Sierra) တောင်တွေမှာ ရပ်ဆိုင်းလာတဲ့ ရထားတစ်စီးရှိရာကို ဆီးနှင်းတောထဲက ဖြတ်သန်းလျှောက်သွားခဲ့ရတဲ့အချိန် ဖြစ်ခဲ့ဖူးပါတယ်။ အဲဒီရထားထဲမှာတော့ အသက်ရှင်နေကြသေးပေမယ့် မွတ်သိပ်ဆာ လောင်နေတဲ့ အအေးမိ နာဖျားမကျန်း ဖြစ်နေသူ လူနှစ်ရာကျော်ကျော်လောက်ကို သူတွေ့ခဲ့ရပါတယ်။

စာနယ်ဇင်းလုပ်ငန်းက ကမ္ဘာလောကကြီးကို ပိုပြီးကောင်းမွန် တင့်တယ်တဲ့ နေရာတစ်ခုဖြစ်အောင် ဖန်တီးပေးလိုတဲ့ သူတွေအတွက် လည်း ဖြစ်ပါတယ်။ ဆရာဝန်တွေက လူသားတွေကို အကူအညီ ပေးကြပါတယ်။ သတင်းသမားတွေကလည်း အကူအညီပေးတာပါပဲ။ အမေရိကန် သတင်းစာတွေမှာ မှားယွင်းနေခဲ့တာတွေကို မှန်အောင်ပြုလုပ်ပေးခဲ့တဲ့ ရှည်လျားတဲ့ သမိုင်းကြောင်းတစ်ခု ရှိပါတယ်။ သူတို့က ငွေကြေးတွေကို မမှန်ကန်တဲ့ ရည်ရွယ်ချက်တွေ အကြောင်းကိစ္စတွေမှာ အသုံးပြု နေတဲ့အခါမျိုးမှာ ပြည်သူလူထုကို ပြောပြပေးခဲ့ကြပါတယ်။ သူတို့ဟာ ဆင်းရဲသားတွေကို အကူအညီပေးခဲ့ကြပြီး သူတို့တွေရဲ့ မြို့ကြီးတွေကို နေထိုင်ဖို့

ပိုပြီးကောင်းမွန်တဲ့ နေရာတွေဖြစ်လာအောင် ဖန်တီးပေးခဲ့ ကြပါတယ်။ သတင်းထောက်တွေနဲ့ အယ်ဒီတာတွေရဲ့ အားထုတ်ကြိုးပမ်း မှုကြောင့် လူတော်လူကောင်းတွေကို လွတ်မြောက်စေခဲ့ပြီး အစိုးရအဖွဲ့ထဲက မကောင်းတဲ့သူတွေကို ဖော်ထုတ်ဖယ်ရှားပေးနိုင်ခဲ့ကြပါတယ်။ နေထိုင်ဖို့ မသင့်တော်လောက်အောင် ဟောင်းနွမ်းအိုမင်းပြီး အန္တရာယ် မကင်းတဲ့အိမ်တွေကို ဖျက်ဆီးပစ်နိုင်ခဲ့ကြပါတယ်။

အင်္ဂလန်က အမေရိကကို အုပ်စိုးခဲ့တဲ့ ၁၇၃၅ ခုနှစ်လောက်က နယူးယောက် ဂျာနယ် (New York Journal) ရဲ့ ထုတ်ဝေသူဖြစ်သူက သူ့ရဲ့သတင်းစာငယ်လေးကို အသုံးပြုပြီး အင်္ဂလိပ်အစိုးရက စေလွှတ်လိုက်တဲ့ မျှတကောင်းမွန်မှုမရှိတဲ့ လူတစ်ယောက်ကို ထိုးနှက်တိုက်ခိုက် ခဲ့ပါတယ်။ အဲဒီအင်္ဂလိပ်လူမျိုးက ထုတ်ဝေသူကို စာရေးသားနေတာ ရပ်ပစ်ဖို့ ကြိုးစားခဲ့ပါတယ်။ ဒါဟာ အမေရိကန်ပြည်ထောင်စုမှာ စာနယ်ဇင်း လွတ်လပ်ခွင့်ရဲ့ အဦးအစ ဖြစ်ခဲ့ပါတယ်။

၁၈၇၁ ခုနှစ်မှာတော့ နယူးယောက်တိုင်း(စ်) (The New York Times) သတင်းစာက ဂုဏ်သရေနဲ့ မပြည့်စုံသူတွေလို့ လူသိများနေတဲ့ လူတစ်စုအကြောင်းကို စပြီးရေးသားခဲ့ပါတယ်။ အဲဒီလူစုက မြို့တော်အုပ်ချုပ်ရေးပိုင်းကို သူတို့ရဲ့ ဆိုးသွမ်းတဲ့လုပ်ရပ်တွေမှာ အစိုးရကို အသုံးချလို့ရအောင် ငွေကြေးအစုလိုက်အပြုံလိုက်ပေးအပ်ခဲ့ပါတယ်။ သူတို့က သူတို့လုပ်ခဲ့တာတွေနဲ့ပတ်သက်ပြီး သူသိထားသမျှရေးနေတာကို ရပ်ဆိုင်းစေဖို့ နယူးယောက်တိုင်း သတင်းစာထုတ်ဝေသူကို ငါးသန်းပေးဖို့ကိုတောင်မှ ကြိုးစားခဲ့ပါသေးတယ်။ ဒါပေမဲ့ ထုတ်ဝေသူက လက်မခံခဲ့ဘူး။

ဟိုအရင်က အယ်ဒီတာနဲ့ ထုတ်ဝေသူအနည်းအပါးလောက်က သူတို့ရဲ့ သတင်းစာတွေကို သူတို့တွေ တိုးတက်ဖို့လောက်ပဲ အသုံးပြုခဲ့ကြပေမယ့် အမေရိကန်စာနယ်ဇင်း အများစုကတော့ နှစ်ပေါင်းများစွာ ပြည်သူလူထုကောင်းဖို့ ပြည်သူလူထုတွေအတွက် တရားမျှတမှုရှိဖို့ ရပ်တည်ပေးခဲ့ကြပါတယ်။

တခြားအလုပ်တွေလိုပဲပေါ့လေ။ စာနယ်ဇင်းလုပ်ငန်းက အမြဲတမ်း လွယ်လွယ်ကူကူ လုပ်ကိုင်ဆောင်ရွက်လို့ မရပါဘူး။ သတင်းထောက်တစ်ယောက်က လေ့လာကြည့်ရှုပြီး နာရီအတော်ကြာကြာ အားထုတ်ကြိုးစားရေးသားခဲ့တဲ့ အဖြစ်အပျက်တစ်ခုကို လူထောင်ပေါင်းများစွာ၊ သန်းပေါင်းများစွာက ဖတ်ရှုကြတာ ဖြစ်ပါတယ်။ အဲဒီ စာဖတ်သူတွေဟာ သူတို့အရင်က မသိခဲ့တဲ့အရာ တစ်စုံတစ်ရာကို သိမြင်နားလည်သွားမယ်။ ဒါမှမဟုတ်လည်း အဲဒီအဖြစ်အပျက်က သူတို့ကို စဉ်းစားတွေးတောလာအောင်၊ ရယ်မောလာအောင် စွမ်းဆောင်ပေးပါလိမ့်မယ်။ သတင်းဖြစ်ပေါ်တဲ့နေရာမှာ သတင်းထောက် ရှိနေပါလိမ့်မယ်။ သတင်းစာ ဖတ်သူတွေရဲ့ မျက်စိတွေ နားတွေလိုပေါ့လေ။ လူအများစုရရှိဖို့ မျှော်လင့်လို့မရနိုင်တဲ့ အခွင့်အရေး

ဖြစ်တဲ့ အရေးကြီးတဲ့ဌာန၊ အာဏာရှိတဲ့ ဌာနတွေက သူ့ကို လက်ခံတွေ့ဆုံပေးရတဲ့ အခွင့်အရေး သူ့မှာရှိပါတယ်။

သတင်းစာသမား အမျိုးသား၊ အမျိုးသမီးတစ်ယောက်ရဲ့ အလုပ်ဟာ ဂုဏ်ယူစရာကောင်းပါတယ်။ တချို့သတင်းထောက်တွေဆိုရင် သူတို့အလုပ်တာဝန် ဘောင်ထက်တောင်ကျော်ပြီး အကြောက်အရွံ့မရှိ လုပ်ဆောင်ခဲ့ကြပါတယ်။ အမေရိကန်ပြည်ထောင်စုတောင်ပိုင်းက သတင်းစာတစ်စောင်ရဲ့ သတင်းထောက် တစ်ယောက်ဟာ အလွန်မြင့်မားတဲ့ အဆောက်အဦတစ်ခုပေါ်က ခုန်ချဖို့ ကြိုးစား နေတဲ့ လူတစ်ယောက်ကို ပြန်ခေါ်ယူဖို့ အဲဒီအဆောက်အဦရဲ့ ထိပ်ဖျားအထိ တက်သွားခဲ့ပါတယ်။ အဲဒီသတင်းထောက်ကို ကျေးဇူးတင်ကြောင်း ဖော်ပြခဲ့တဲ့ သတင်းစာက သူဟာ သူကိုယ်တိုင်အတွက်တောင် မစဉ်းစားဘဲ တခြားလူသား တစ်ယောက်ကို ကယ်တင်လိုစိတ် ပြင်းပြင်းပြပြ ရှိနေတာကို ပြသလိုက်တာဖြစ်တယ် လို့ ဖော်ပြရေးသားခဲ့ပါတယ်။

သတင်းထောက်တွေနဲ့ သတင်းစာတွေဟာ လူတွေရဲ့ တခြား ပြဿနာ တွေကို ကူညီဖြေရှင်းပေးဖို့လည်း သူတို့ရဲ့ တန်ခိုးစွမ်းအားကို အသုံးချခဲ့ကြပါတယ်။ တက်ဆက်စ်ပြည်နယ် ဒါးလာ့စ်မှာ သမ္မတကနေဒီကို လုပ်ကြံသတ်ဖြတ်ခဲ့သူလို့ စွပ်စွဲခံရသူ လီးဟာဗေးအော့စဝ်ဒ် (Lee Harvery Oswald)ကရဲအရာတစ်ဦးဖြစ်တဲ့ ဂျေဒီတစ်ပစ် (J.D.Tippit) ကို သေနတ်နဲ့ ပစ်သတ်ခဲ့တဲ့အချိန်မှာ သေဆုံးသွားတဲ့ အရာရှိရဲ့ဇနီးနဲ့ ကလေးတွေကို ကူညီထောက်ပံ့ဖို့ လူထုဆီက အလှူငွေကောက်ယူ စုဆောင်းပေးဖို့ အကြံရခဲ့တာဟာ ဒါးလာစ်သံတော်ဆင့် သတင်းသာ (Dallas Times Herald) ပဲ ဖြစ်ပါတယ်။ တခြားသတင်းစာ တော်တော်များများလည်း တာဝန်ထမ်းဆောင်ရင်း အသတ်ခံခဲ့ရတဲ့ ရဲအရာရှိတွေရဲ့ မိသားစုတွေအတွက် ငွေကောက်ခံ စုဆောင်းပေးခဲ့ကြပါတယ်။

အမေရိကန်ပြည်ထောင်စု အရှေ့ပိုင်းက ထရင်တန်တိုင်းမ် သတင်းစာ (Trenton Times) က ဆောင်းပါးရှင် စာရေးဆရာတွေက ယူဂိုဆလားဗီးယား (Yugoslavia) က နှစ်နှစ်သမီးကလေးကို သူတို့ရဲ့ သမီးအဖြစ်မွေးစားပြီး အတူနေထိုင် ဖို့ ခေါ်ယူဖို့ ကြိုးစားခဲ့ကြတဲ့ အမေရိကန် လင်မယားကို အကူအညီပေးခဲ့ကြတဲ့အချိန်မှာ စာနယ်ဇင်းရဲ့ တန်ခိုးစွမ်းအားကို တစ်ခါထပ်ပြီး တွေ့မြင်ခွင့်ရခဲ့ကြပါတယ်။ သတင်း ထောက်တွေဟာ အဲဒီလင်မယားရဲ့ အောင်မြင်မှု မရခဲ့တဲ့ အားထုတ်ကြိုး ပမ်းမှုတွေကို သူတို့ရဲ့ သတင်းစာမှာ ရှင်းလင်းတင်ပြပေးခဲ့ကြရုံတင်မကဘဲ သူတို့ဟာ အမေရိကန် အစိုးရခေါင်းဆောင် တစ်ယောက်ကိုလည်း ဆွေးနွေးတင်ပြပေးခဲ့ကြ၊ မိန်းကလေးငယ်ကို အမေရိကန်ပြည်ထောင်စုကို ခေါ်ယူဖို့ ခရီးစဉ်ကိုလည်း ကူညီအစီအစဉ် ဆွဲပေးခဲ့ကြပါ

သေးတယ်။

အဲဒီလုပ်ဆောင်ချက်တွေအားလုံးဟာ အမှတ်ထင်ထင် ဂုဏ်ပြုချီးကျူး တာမျိုး မခံခဲ့ရပါဘူး။ သတင်းစာအများစုဟာ သူတို့ လုပ်စရာရှိတာကိုသာ လုပ်ခဲ့ကြ တာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဒုက္ခရောက် နေတဲ့လူတွေကို ကယ်တင်ဖို့ အကူအညီ ပေးဖို့ဟာ သူတို့ရဲ့ တာဝန်ဖြစ်တယ်လို့ ခံယူထားခဲ့ကြလို့ပဲ ဖြစ်ပါတယ်။

တကယ်လို့များ ခင်ဗျားတို့ဟာ လူထုဝန်ဆောင်မှုလုပ်ငန်းကို စိတ်ဝင်စား မယ်ဆိုရင်၊ စာနယ်ဇင်းက ခင်ဗျားတို့ကို တောင်းဆိုလာတာကို လုပ်ဆောင်နိုင်စွမ်း ရှိတယ်လို့ ခင်ဗျားတို့ ယုံကြည်မယ်ဆိုရင် သတင်းစာတစ်စောင်မှာ ခင်ဗျားတို့အတွက် နေရာရှိနေပါတယ်။

အလုပ်ကို ခင်ဗျားတို့ နှစ်သက်ပါလား။ ကောင်းပါတယ်။ ကဲ အခု အဲဒီ အတွက် ဘယ်လိုပြင်ဆင်ရမယ်ဆိုတာကို ဆွေးနွေးကြတာပေါ့။

◈◈◈◈◈

## ပြင်ဆင်ခြင်းအခန်း

သတင်းစာသမားတစ်ယောက် ဖြစ်ချင်တယ်ဆိုရင် ဘာလုပ်သင့်ပါသလဲ။ ပထမဆုံး လက်နှိပ်စက်ရိုက်တာကို သင်ယူထားပါ။ ဒါဟာ ခင်ဗျားတို့ လုပ်နိုင်ရမယ့် အရာတစ်ခုပါ။ အတတ်သင်ကျောင်း တစ်ကျောင်းကို သွားသင်ရင်သင်၊ ဒါမှမဟုတ် ကိုယ်တိုင်သင်ယူနည်းတွေ ရှင်းလင်းဖော်ပြထားတဲ့ စာအုပ်တစ်အုပ်ကို ဝယ်ရင်လည်း ဝယ်နိုင်ပါတယ်။ ခင်ဗျားတို့အတွက် လက်နှိပ်စက်ကို သိပ်အမြန်ကြီးရိုက်နိုင်ဖို့တော့ လည်း မလိုအပ်ပါဘူး။

လက်နဲ့ အမြန်ရေးနိုင်တာဟာ အကူအညီ အထောက်အပံ့ ဖြစ်နိုင်ပေမယ့် ရေးကိုရေးနိုင်ရမယ်ဆိုတဲ့ သဘောတော့ မရှိပါဘူး။ တချို့သတင်းထောက် အနည်း အပါးတော့ စာအမြန်ရေးသားနည်းကို အတတ်သင်ကျောင်းတွေမှာ လေ့လာသင် ယူခဲ့ ကြပါတယ်။ ဒါပေမဲ့လို့ သတင်းသမားတော်တော်များများကတော့ စကားလုံး နည်းနည်း ပဲသုံးပြီး ရေးရတဲ့ ကိုယ်ပိုင်နည်းနာတွေ ရှိကြပါတယ်။ ဒါကြောင့် အချက်အလက် တွေကို မှတ်လည်းမှတ်မိကြပါတယ်။

ကျောင်းမှာဆိုရင် ခင်ဗျားတို့ဟာ ခင်ဗျားတို့ရဲ့ မိခင်ဘာသာ စကားကိုပဲ ကောင်းကောင်းရေးတတ် ဖတ်တတ်အောင် သင်ကြားသင့်တာ မဟုတ်ပါဘူး။ သမိုင်း ပညာ၊ အုပ်ချုပ်ထိန်းသိမ်းမှု၊ သချာ်ပညာနဲ့ သိပ္ပံပညာရပ်တွေကိုပါ သင်ကြားရပါမယ်။ ကမ္ဘာကြီးမှာ နိစ္စဓူဝ ဖြစ်ပျက်နေတာတွေဟာ ရိုးရိုးစင်းစင်းချည်းပဲ မဟုတ်ကြပါဘူး။ စာနယ်ဇင်းသမား တစ်ယောက်ဟာ အဲဒါတွေဘာဖြစ်လို့ ဖြစ်ရတယ်ဆိုတာကို ကြောင်း ကျိုးတကျ နားလည်ရအောင် အတိတ်သမိုင်းကြောင်းကို သူတတ်နိုင်သမျှ သိထားရ ပါမယ်။ အကြောင်းအရာ အနည်းအကျဉ်းလောက်ကိုပဲ အလျင်အမြန် သင်ယူပြီး စာနယ်ဇင်းသမားတစ်ယောက်ဖြစ်ဖို့ မကြိုးစားလိုက်ပါနဲ့။ ခင်ဗျားတို့ဟာ စာနယ်ဇင်း

လုပ်ငန်းအတွက် ကောင်းကောင်းပြင်ဆင်ထားတာ မဟုတ်သေးတဲ့အပြင် အဲဒီနည်းစံနစ်ဟာ ကောလိပ်ကို ဝင်ရောက်ဖို့လည်း ခင်ဗျားတို့ကို အထောက်အပံ့ဖြစ်စေမှာ မဟုတ်ပါဘူး။

တစ်ခါတလေမှာ ကျောင်းတစ်ကျောင်းဟာ စာနယ်ဇင်းပညာကိုသာ သင်ကြားပေးတာမဟုတ်ပဲ ကျောင်းသတင်းစာစောင်လည်း ရှိတတ်ပါတယ်။ ဒါဟာ ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျောင်းသားတစ်ယောက်ဟာ သူကိုယ်တိုင်ရေးသားတဲ့စာကို သတင်းစာမှာ ပုံနှိပ်ဖော်ပြတာကို တွေ့မြင်နိုင်လို့ပဲ ဖြစ်ပါတယ်။ စိတ်လှုပ်ရှားစရာ ခံစားမှုတစ်ခုပေါ့လေ။

ခင်ဗျားရဲ့ကျောင်းဟာ စာနယ်ဇင်းပညာကို သင်ကြားသည်ဖြစ်စေ၊ မသင်ကြားသည်ဖြစ်စေ ခင်ဗျားအတွက် အလုပ်လုပ်စရာ သတင်းစာတစ်စောင် ရှိကောင်းရှိနိုင်ပါတယ်။ သတင်းပေးပို့ခြင်း၊ ရေးသားခြင်းနဲ့ တည်းဖြတ်ခြင်း စတာတွေဟာ မြို့ရဲ့သတင်းစာတစ်စောင်နဲ့ အတူတူပဲဖြစ်ပါတယ်။ အဲဒါဟာ စာနယ်ဇင်းလုပ်ငန်းမှာ ခင်ဗျားရဲ့ ပထမဆုံး တကယ့်လက်တွေ့ အတွေ့အကြုံ ဖြစ်ပါလိမ့်မယ်။ ကျောင်းသတင်းစာအတွက် အလုပ်လုပ်တာဟာ လူငယ်တစ်ယောက်ကို ကောလိပ်သတင်းစာတစ်စောင်မှာ အလုပ်တစ်ခုရဖို့ အထောက်အကူ ဖြစ်စေပါလိမ့်မယ်။ ဘဝရဲ့အစောပိုင်းကာလမှာပဲ စာနယ်ဇင်းလုပ်ငန်းကို စိတ်ဝင်စားမှု ပြသခဲ့ကြတဲ့ လူငယ်လူရွယ်တွေကို အယ်ဒီတာတွေက သဘောကျတတ်ပါတယ်။

ခင်ဗျားတို့ကိုယ်တိုင် ပြင်ဆင်မှုလုပ်ဖို့ ကျောင်းပြင်ပမှာလည်း လုပ်စရာတွေအများကြီးပဲရှိပါတယ်။ တတ်နိုင်သမျှ အားလုံးကိုဖတ်ပါ။ အထူးသဖြင့် သတင်းစာတွေနဲ့ သတင်းမဂ္ဂဇင်းတွေကို ဖတ်ပါ။ သတင်းထောက်တစ်ယောက် သတင်းရေးသားတဲ့ ကိုယ်ပိုင်ဟန်ကို မသိဘဲနဲ့ ခင်ဗျားဟာ သတင်းရေးသားသူတစ်ယောက် ဖြစ်မလာနိုင်ပါဘူး။ ခင်ဗျားဟာ နေ့စဉ်ဖြစ်ပျက်နေတဲ့ အရေးကြီးတဲ့အရာအားလုံးကိုလည်း သိနေပါမယ်။ သမိုင်း၊ သိပ္ပံပညာ၊ နိုင်ငံခြားတိုင်းပြည်တွေနဲ့ အဲဒီတိုင်းပြည်တွေက လူတွေအကြောင်း၊ ကမ္ဘာပေါ်မှာ ဘာတွေဖြစ်ပျက်နေတယ်ဆိုတာကို ဖတ်ပါ။ စာအုပ်ကောင်းတွေကို သူတို့ ဘာတွေရေးသားပြောဆိုထား တယ်ဆိုတာ သိဖို့အတွက်ပါ ရှာဖွေဖတ်ရှုပါ။ ဘယ်လိုအလုပ်မျိုးအတွက်ကိုမဆို စာဖတ်ခြင်းဟာ စိတ်ကိုအားကောင်းဖွံ့ဖြိုးလာစေပါတယ်။ ဒါပေမဲ့ အထူးသဖြင့် လူငယ်စာနယ်ဇင်းသမားတစ်ယောက်အတွက် ပိုပြီးစာဖတ်ဖို့ လိုလိုလားလား ရှိရပါမယ်။

တကယ်လို့များ ခင်ဗျားအနေနဲ့ စာများများစားစား ဖတ်မထားဘူးဆိုရင် အဲဒီအချက်ကို ခင်ဗျားရဲ့ သတင်းစုဆောင်းမှုနဲ့ အရေးအသားက ဖော်ပြနေမှာပဲဖြစ်ပါတယ်။ စာပေအနည်းအပါးလောက်ပဲ ဖတ်ထားတဲ့ သတင်းထောက်

တစ်ယောက်ဟာ သူ့ရဲ့ အသက်မွေးလုပ်ငန်းမှာ တိုးတက်မြင့်မားလာစရာ သိပ်မရှိလှပါဘူး။

ခင်ဗျားတို့ရဲ့ မြို့အုပ်ချုပ်ရေးပိုင်းဟာ ဘယ်လိုအလုပ်လုပ်နေကြတယ်ဆိုတာ သိရှိဖို့လည်း အချိန်ယူပါ။ ခင်ဗျားတို့မြို့က မြို့အုပ်ချုပ် ရေးပိုင်းတွေရဲ့ အစည်းအဝေးကို သွားပါ။ ပြီးတော့ ဥပဒေဆိုင်ရာ ပြဿနာတွေကို အဆုံးအဖြတ်ပေးနေကြတဲ့ နေရာတွေကိုလည်း သွားရပါမယ်။ သတင်းစာတစ်စောင်အတွက် ခင်ဗျား အလုပ်လုပ်ပြီဆိုရင် ခင်ဗျားဟာ အကြောင်းအရာပေါင်းများစွာကို ရေးသားရပါမယ်။ အဲဒီအရာတွေနဲ့ ပတ်သက်ပြီး ခင်ဗျားပိုသိလေ ပိုပြီးကောင်းကောင်း ခင်ဗျားသတင်း ရေးသားပေးပို့နိုင်လေပါပဲ။ မြို့တော်ရဲ့ အုပ်ချုပ်ရေးပိုင်းနဲ့ပတ်သက်တဲ့ စာအုပ်တစ်အုပ်ထဲကို ဖတ်ရုံကလေးနဲ့တော့ ခင်ဗျားရဲ့ ပြင်ဆင်မှုဟာ လုံလောက်လိမ့်မယ် မဟုတ်ပါဘူး။ တချို့လူတွေမှာတော့ သတင်းစာအလုပ်ဟာ အများအားဖြင့်တော့ လူသတ်သမားတစ်ယောက်နောက်ကို ခြေရာခံပြီး တွေ့ရှိအောင်ကြိုးစားတာ၊ ဒါမှမဟုတ် အုပ်ချုပ်ရေးပိုင်းရဲ့ အရေးနိမ့်မှုကို ကြည့်ရှုနေတာလောက်ပါပဲလို့ ယူဆတတ်တဲ့ ထူးခြားတဲ့ အမြင်မျိုး ရှိတတ်ကြပါတယ်။ သတင်းအများစုဟာ အစိုးရရုံးတွေဆီကပဲ လာတတ်တယ်ဆိုတာကိုလည်း ခင်ဗျား သိလာပါလိမ့်မယ်။

ခင်ဗျားအနေနဲ့ စာနယ်ဇင်းသမားတစ်ယောက်ဖြစ်လာဖို့ စိတ်ကူးရှိတယ်ဆိုရင်တော့ ခင်ဗျားဟာ ကောလိပ်ကျောင်းကို တက်သင့်ပါတယ်။ အခြေခံပညာအဆင့်အပြီးမှာ သူ့ရဲ့ပညာသင်ယူမှုကို ဆက်မလုပ်တော့တဲ့ လူတစ်ယောက်ဟာ သတင်းစာလုပ်ငန်းတစ်ခုကို ဝင်ရောက်လုပ်ကိုင်ဖို့ သိပ်မလွယ်လှဘူးဆိုတာ တွေ့လာရပါလိမ့်မယ်။ တစ်ခုတော့ ရှိပါတယ်၊ အထက်တန်းကျောင်း ပညာရေးကိုတောင် ပြီးဆုံးအောင်မသင်ခဲ့ဘဲ စာနယ်ဇင်းလောကမှာ အရေးပါအရာရောက်နေတဲ့သူ အနည်းအပါးလောက်တော့ ရှိတယ်ဆိုတာ အမှန်ပါပဲ။ ဒါပေမဲ့ သတင်းစာအယ်ဒီတာအများစုကတော့ ကောလိပ်ကျောင်း ဆက်တက်ကြတဲ့လူတွေကိုပဲ အလုပ်ပေးချင်ကြပါတယ်။

နောက်တစ်ချက်ကတော့ လူတစ်ယောက်ဟာ ကောလိပ်မှာ ဘာကို လေ့လာသင်ယူမယ်ဆိုတာကို ဆုံးဖြတ်ရပါမယ်။ အမေရိကန်ပြည်ထောင်စုက သတင်းစာလုပ်ငန်းနဲ့ အသက်မွေးမှု ပြုနေတဲ့သူတွေကတော့ ကောလိပ်စာနယ်ဇင်းပညာသင်ကျောင်းတွေပေါ်မှာ အမြင်အမျိုးမျိုး ရှိကြပါတယ်။ တချို့က အမျိုးသမီး၊ အမျိုးသား လူငယ်တစ်ယောက်ဟာ ကောင်းမွန်တဲ့ ပညာရေးတစ်ခုကိုရယူ၊ ကိုယ့်ရဲ့ ဘာသာစကားကို ကောင်းကောင်းမွန်မွန် သင်ယူပြီး တခြားနိုင်ငံတွေနဲ့ လူတွေရဲ့ သမိုင်းကို လေ့လာသင်ယူခြင်းအားဖြင့် စာနယ်ဇင်းလုပ်ငန်းအတွက် အကောင်းဆုံး

ပြင်ဆင်လို့ ရနိုင်တယ်လို့ ယုံကြည်ကြပါတယ်။ သူတို့က သတင်းစာတစ်စောင်မှာ အလုပ်လုပ်နေရင်းနဲ့ နောက်ပိုင်းမှာ စာနယ်ဇင်းလုပ်ငန်း နည်းစနစ်တွေကို သင်ယူလို့ ရနိုင်တယ်လို့ ယုံကြည်တတ်ကြပါတယ်။ တခြားသူတွေကတော့ ကောလိပ်ကျောင်းမှာ ကောင်းမွန်တဲ့ အထွေထွေ ပညာရေးတစ်ခုကို လေးနှစ်လောက် သင်ယူလေ့လာခဲ့ပြီး တစ်နှစ်လောက် စာနယ်ဇင်းပညာ သင်တာမျိုးဟာ အကောင်းဆုံးလို့ ယူဆကြတယ်။

ဒါပေမဲ့လို့ အမေရိကန်ပြည်ထောင်စုမှာတော့ ကောလိပ်ကျောင်းမှာ လေးနှစ်ပညာသင်ယူပြီးတဲ့နောက် စာနယ်ဇင်းပညာကို အဆင့်မြင့် သင်တန်းတွေမှာ တစ်နှစ်မက အချိန်ပေးပြီး သင်ယူခဲ့ကြသူမျိုးတွေကို ရှာဖွေကြတဲ့ အယ်ဒီတာတွေ ပိုပြီးများများလာတာ တွေ့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလိုလူမျိုးတွေဟာ နည်းနည်းပါးပါးလောက် ထပ်သင်ပေးလိုက်ရုံနဲ့ သတင်းစာပညာကို နားလည်သွားတတ်ကြလို့ပါပဲ။ အထူးသဖြင့် မြို့ကြီးတွေက သတင်းစာတိုက်တွေမှာ စာသင်ခန်း မရှိကြပါဘူး။ အယ်ဒီတာတွေမှာလည်း သတင်းကို ဘယ်လိုရေးရတယ်၊ ဘယ်လို စုဆောင်းရတယ်ဆိုတာမျိုး ငယ်ရွယ်သူ သတင်းထောက်တွေကို ရှင်းပြပေးဖို့ အချိန်မရှိကြပါဘူး။ သက်တမ်းအားဖြင့် ပိုပြီးကြီးကြတဲ့ သတင်းထောက်ကြီးတစ်ယောက်က အကူအညီ အနည်းအကျဉ်းပေးတတ် တာမျိုးကလွဲပြီး အများအားဖြင့် လူငယ်အယ်ဒီ တာတစ်ယောက်ဟာ တစ်ယောက်တည်း အလုပ်လုပ်ရတာပါပဲ။

အယ်ဒီတာတွေဟာ သူတို့ရဲ့ သတင်းစာတွေကို စာနယ်ဇင်းပညာကို လေ့လာသင်ယူထားခဲ့ကြတဲ့ လူငယ်မျိုးတွေ ဝင်ရောက်လာတာကို သဘောကျတတ်ပါတယ်။ အကြောင်းကတော့ အဲဒီလို လေ့လာဆည်းပူးထားတာကိုက ဒီလုပ်ငန်း ပေါ်မှာ ဟိုတုန်းကတည်းက ပြင်းပြင်းထန်ထန် စိတ်ဝင်စားမှုရှိတယ်ဆိုတာကို ဖော်ပြနေလို့ပဲ ဖြစ်ပါတယ်။ တချို့ အယ်ဒီတာတွေကတော့ စာနယ်ဇင်းပညာကို လေ့လာသင်ယူထားပြီးတဲ့ လူတစ်ယောက်ဟာ အဲဒီလုပ်ငန်းအတွက် ပိုပြီးကောင်းမွန်အောင် ပြင်ဆင် ထားတာဖြစ်ပြီး သူ့ကို နည်းနည်းပါးပါးပဲ သင်ကြားပေးဖို့ လိုအပ်တော့ တယ်လို့ ယုံကြည်ထားတတ်ကြပါတယ်။ တခြားအယ်ဒီတာတွေကျတော့လည်း စာနယ်ဇင်းပညာကို လေ့လာသင်ယူခဲ့တဲ့ လူတစ်ယောက်ဟာ သတင်းစာလောက သတင်းစာလုပ်ငန်းထဲမှာ ပိုပြီးရှည်ရှည်ကြာကြာ ရှိကျန်နေတတ်တယ်လို့ ထင်မြင် ယူဆတတ်ကြပြန်ပါတယ်။ အရေးပါတဲ့ အမေရိကန် သတင်းစာသမားတစ်စုကတော့ စာနယ်ဇင်းသမားဖြစ်ဖို့ တွေးထားကြတဲ့ ကျောင်းသားတွေကို သူတို့တွေ စာနယ်ဇင်း ပညာသင် ကျောင်းတစ်ကျောင်းမှာ ပညာသင်ယူနေတဲ့ အချိန်တုံးက သူတို့လိုပဲ စာနယ်ဇင်းသမားဖြစ်ဖို့ ကြံစည်စိတ်ကူးထားတဲ့ သူတွေနဲ့အတူတူ အလုပ်လုပ် ကိုင်ကြတာဖြစ်တယ်လို့ ပြောပြတတ်ပါတယ်။ စာနယ်ဇင်း ကျောင်းတစ်ကျောင်းဟာ

ကျောင်းသားကျောင်းသူတွေကို အသက်မွေး မှုနည်းနာတွေ သင်ယူတတ်မြောက်ဖို့ အကူအညီအထောက်အပံ့ ဖြစ်ပါတယ်။ သူတို့ဟာ သူတို့နေထိုင်နေတဲ့ ကမ္ဘာလောက ကြီးမှာ စာနယ်ဇင်းပညာရဲ့ အရေးပါမှုကို ကောင်းကောင်းသိမြင် နားလည်တတ်ကြပါ တယ်။ သူတို့က ကောင်းမွန်တဲ့ စာနယ်ဇင်းလုပ်ငန်းမှာ လိုအပ်တဲ့ စာနယ်ဇင်း ပညာရဲ့ စည်းမျဉ်းဥပဒေသတွေကို သင်ယူကြပါလိမ့်မယ်။ ပြီးတော့ သူတို့ရွေးချယ်ဖို့ ဆုံးဖြတ်ခဲ့ကြတဲ့ အသက်မွေးမှုလုပ်ငန်းပေါ်မှာ စိတ်ဝင်စားကြ၊ လိုလိုလားလားလည်း ရှိကြမယ်ဆိုရင် စာနယ်ဇင်းလုပ်ငန်းကို အခက်အခဲမရှိဘဲ ဆက်လက်လုပ်ကိုင်သွား နိုင်ကြမှာပဲ ဖြစ်ပါတယ်။

သူတို့ဟာ စာနယ်ဇင်းလုပ်ငန်းရဲ့ အတတ်သမိုင်းကြောင်းနဲ့ စာနယ်ဇင်းသမား တစ်ယောက် လုပ်ဆောင်သင့်တဲ့ အချက်တွေကို အများကြီး တတ်မြောက်လာကြပါလိမ့်ဦးမယ်။ စာနယ်ဇင်းကျောင်းတစ်ခုမှာ သူတို့တွေ့ဆုံကြရတဲ့သူတွေဟာ သူတို့အတွက် သိပ်အကူအညီ အထောက်အပံ့ဖြစ်စေတယ်ဆိုတာ အဲဒီလုပ်ငန်းကို သူတို့ဆက်လုပ်ကိုင်လာတဲ့အခါ သိလာတတ်ကြပါတယ်။

တချို့အယ်ဒီတာတွေကတော့ ကောလိပ်စာနယ်ဇင်းပညာသင် ကျောင်းတွေအကြောင်း ကောင်းကောင်း သိပ်မပြောကြပါဘူး။ အဲဒါကလည်း သူတို့ကိုယ်နှိုက်က အဲဒီကျောင်းတွေကို ဘယ်တုံးကမှ မတက်ရောက်ဖူးခဲ့ကြလို့ပဲ ဖြစ်ပါတယ်။ ပြီးတော့ အဲဒီကျောင်းတွေမှာ ဘာတွေသင်ကြားပေးနေတယ်ဆိုတာ သိရှိဖို့ သူတို့ မကြိုးစားတတ်ကြပါဘူး။

သူတို့ဟာ အသက်မွေးအလုပ်တစ်ခုအတွက် လိုအပ်တဲ့ သိပ္ပံပညာ၊ ဒါမှမဟုတ် သမိုင်း၊ ဘာသာစကားတွေနဲ့ အနုပညာ အတတ်ပညာရပ်တွေကို စာနယ်ဇင်းပညာသင်ကျောင်းတွေက သင်ကြားမပေးဘူးလို့ ယုံကြည်တတ်ကြပါတယ်။ ဒီအတွေးဟာ မှားယွင်းပါတယ်။ အမေရိကန်ပြည်ထောင်စုမှာဆိုရင် စာနယ်ဇင်းပညာဟာ လူငယ်တစ်ယောက် ကောလိပ်မှာ ပညာသင်ကြားနေတဲ့အချိန် လေးနှစ်တာ ကာလအတွင်း အတန်းအားလုံးမှာ သင်ယူရတဲ့ တစ်ခုတည်းသော ဘာသာရပ်ဖြစ်ပါတယ်။ တခြားသင်တန်းတွေကတော့ အင်္ဂလိပ်ဘာသာ၊ သမိုင်း၊ သိပ္ပံပညာ၊ အုပ်ချုပ်မှုနဲ့ နိုင်ငံခြားဘာသာစကားတွေ ဖြစ်ကြပါတယ်။ ကျောင်းသားကျောင်းသူ တစ်ယောက်ဟာ စာနယ်ဇင်းကျောင်း ပြီးဆုံးသွားပြီဆိုရင် ကောလိပ်ကျောင်းရဲ့ စည်းမျဉ်းအရ စာနယ်ဇင်းပညာ ယူတဲ့သူက ဝိဇ္ဇာပညာ၊ သိပ္ပံပညာ ဒါမှမဟုတ် စာနယ်ဇင်းပညာမှာ ဂုဏ်ထူးတန်း သင်ယူရပါတယ်။ စာနယ်ဇင်းပညာသင်ကျောင်းက ဆက်သွယ်ရေး အတတ်ပညာကိုလည်း သင်ကြားပေးပါတယ်။ အဲဒီပညာ ရပ်ဟာ ဒီကနေ့ခေတ်မှာ သိပ်အရေးကြီးလာပါတယ်။ လူတွေကြားမှာ ဆက်သွယ်မှုမရှိဘူး

ဆိုရင် ယုံကြည်မှု မရှိနိုင်တော့ဘဲ တစ်ခါတစ်ရံမှာ စစ်ဖြစ်လာတတ်ပါတယ်။

တချို့ကောလိပ်တွေက အနာဂတ်စာနယ်ဇင်းသမား လူငယ်တွေကို အကူအညီပေးဖို့ သတင်းစာတွေနဲ့ သဘောတူညီမှု ရယူထားတတ်ကြပါတယ်။ နယူးယောက်မြို့က ကောလိပ်တစ်ခုမှာဆိုရင် တချို့စာနယ်ဇင်း ကျောင်းသားတွေဟာ သတင်းစာတိုက်တစ်ခုခုမှာ တစ်နေ့အချိန်ပေးပြီး လေ့လာသင်ယူတတ်ကြပါတယ်။ ကာလီဖိုးနီးယားမှာရှိတဲ့ ကောလိပ်တစ်ခုဆိုရင် တချို့စာနယ်ဇင်း ကျောင်းသားကျောင်းသူတွေအနေနဲ့ အယ်ဒီတာတွေ သတင်းထောက်တွေနဲ့အတူတူ အလုပ်လုပ်ခွင့်ရရှိဖို့ ဆန်ဖရန်စစ္စကိုက သတင်းစာကြီးတစ်စောင်နဲ့ သဘောတူညီမှု ယူထားပေးခဲ့ကြပါတယ်။ တခြား ကောလိပ်ကျောင်းတချို့က သူတို့ကိုယ်ပိုင် နေ့စဉ်သတင်းစာတွေ ထုတ်ဝေတတ်ကြပါတယ်။ စာနယ်ဇင်း ကျောင်းသားကျောင်းသူတွေက သတင်းထောက်တွေအဖြစ် အလုပ်လုပ်ကြပြီး သူတို့ကိုယ်ပိုင် နေ့စဉ်သတင်းစာတွေ ထုတ်ဝေတတ်ကြပါတယ်။ စာနယ်ဇင်း ကျောင်းသားကျောင်းသူတွေက သတင်းထောက်တွေအဖြစ် အလုပ်လုပ်ကြပြီး သူတို့ရဲ့ ဆရာတွေက အယ်ဒီတာတွေအဖြစ် တာဝန်ယူ လုပ်ကိုင်ကြတာ ဖြစ်ပါတယ်။

အမေရိကန်နိုင်ငံမှာ ကျောင်းတွေနဲ့ ကောလိပ်ကျောင်းသား ကျောင်းသူတွေကို စာနယ်ဇင်းပညာ သင်ကြားပေးနေကြတဲ့ သတင်းစာငယ် သတင်းစာကြီးပေါင်း ၁၇၀ လောက် ရှိပါတယ်။ သူတို့ရဲ့ ရည်ရွယ်ချက်က သတင်းစာလုပ်ငန်းကို စိတ်ဝင်စားတဲ့သူတွေ ရရှိလာပြီး ကျောင်းသားကျောင်းသူတွေကို သတင်းစာတစ်စောင်ရဲ့ အလုပ်တွေကို လုပ်ကိုင်ဆောင်ရွက်ရတာဟာ ဘယ်လိုပုံစံဖြစ်တယ်ဆိုတာ သိစေချင်လို့ပါပဲ။

အမေရိကန် စာနယ်ဇင်းကျောင်းတွေမှာရှိတဲ့ ဆရာတွေဟာ စာနယ်ဇင်းသမားတွေအဖြစ် နှစ်ပေါင်းများစွာ အတွေ့အကြုံရှိခဲ့ကြတဲ့ အမျိုးသား အမျိုးသမီးတွေ ဖြစ်ကြပါတယ်။ အဲဒီအတွေ့အကြုံဟာဆိုရင် ဘယ်လိုလူကိုပဲဖြစ်ဖြစ် ဆရာအဖြစ် သင်ကြားခွင့်မပေးခင်မှာ ကျောင်းအားလုံးလောက်မှာ ရှိရမယ့် အတွေ့အကြုံပဲ ဖြစ်ပါတယ်။ စာနယ်ဇင်း ပညာကို သင်ပေးတဲ့ ဆရာအတော်များများကတော့ အဲဒီလို သင်ပေးဖို့ အတွက် သူတို့တွေ အလုပ်လုပ်နေကြတဲ့ သတင်းစာတွေမှာ အလုပ်လုပ်နေရင်းနဲ့ပဲ စာနယ်ဇင်းလုပ်ငန်းနဲ့ နီးနီးစပ်စပ် ရှိနေချင်ကြပါတယ်။

စာနယ်ဇင်းကျောင်း တချို့ကတော့ သတင်းစာသမားတွေအဖြစ် အလုပ်လုပ်ကိုင်နေကြတဲ့ အမျိုးသား အမျိုးသမီးတွေကိုပဲ အချိန်ပိုင်း ဆရာ ဆရာမတွေအဖြစ် ခန့်အပ်ထားတတ်ကြပါတယ်။ လူငယ်တွေကို သင်ကြားပေးဖို့ သူတို့အလုပ်လုပ်နေတဲ့ သတင်းစာတိုက်တွေကပဲ သူတို့လာရောက်ကြပါတယ်။ တစ်ခါတစ်ရံမှာတော့

အရေးပါတဲ့ စာနယ်ဇင်း ပညာရှင်တွေ၊ နိုင်ငံခြား သတင်းဆောင်းပါးရှင်တွေနဲ့ ထင်ရှားကျော်ကြားတဲ့ အယ်ဒီတာတွေကို ကောလိပ်ကျောင်းတွေက ဖိတ်ကြားပြီး သူတို့ရဲ့ အသက်မွေးမှုလုပ်ငန်းနဲ့ ပတ်သက်တာတွေကို ကျောင်းသား ကျောင်းသူတွေကို ဟောပြောပို့ချပေးစေပါတယ်။

မိမိရဲ့ မိခင်ဘာသာစကားကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်အောင် သင်ယူထားခြင်းဟာ စာနယ်ဇင်းသမားတွေအတွက် ပထမဆုံး အရေးကြီးတဲ့ လိုအပ်ချက်တစ်ခု ဖြစ်ပါတယ်။ အဲဒီအချက်မရှိဘဲ သူဟာ ဘာမှလုပ်လို့ မရနိုင်ပါဘူး။ ခင်ဗျားတို့ဟာ စာနယ်ဇင်းပညာကို စပြီး မသင်ယူခင်မှာ ခင်ဗျားတို့ဟာ ခင်ဗျားတို့ရဲ့ မိခင်ဘာသာစကားကို ကောင်းကောင်းမွန်မွန် ရေးတတ် ပြောတတ်ရပါမယ်။ စာနယ်ဇင်း ပညာရပ်ကို သင်ကြားပေးတဲ့ ဆရာတွေက ခင်ဗျားတို့ကို သတင်းစာအရေးအသားနဲ့ ရေးသားပုံရေးသားနည်းကို သင်ယူတာမျိုးကိုတော့ သူတို့က မျှော်လင့်ထားမှာ မဟုတ်ပါဘူး။ အင်္ဂလိပ်ဘာသာစကား၊ ဒါမှမဟုတ် တခြားနိုင်ငံခြားဘာသာစကားတစ်ခုကို နားလည်တတ်မြောက်ထားတာဟာ ခင်ဗျားတို့ကို ပိုပြီးတန်ဖိုးတက်လာစေပါတယ်။ အမေရိကန် ပြည်ထောင်စုက စာနယ်ဇင်း အတတ်သင်ကျောင်းတွေမှာတော့ ခင်ဗျားတို့ရဲ့ အင်္ဂလိပ်စာကို ပိုပြီးကောင်းမွန်လာအောင် သင်ကြားပေးလေ့ မရှိပါဘူး။

ကောလိပ်တက်ရင်း ငွေကြေးနဲ့ အတွေ့အကြုံကို ရယူဖို့အတွက်ကတော့ အနီးအနား မြို့တစ်မြို့က သတင်းစာတစ်စောင်မှာ ကောလိပ်သတင်းထောက်တစ်ယောက်ဖြစ်အောင် လုပ်ရပါမယ်။ အဲဒါကို ဒေသအချိန်ပိုင်း သတင်းထောက်တစ်ယောက်လို့ နားလည်ထားကြပါတယ်။ အဲဒီလိုမျိုးအလုပ်ဟာ ခင်ဗျားတို့ ကောလိပ်ကျောင်းတက်ရတဲ့အချိန် လွန်မြောက်သွားတဲ့အခါမှာ သတင်းစာရဲ့ အချိန်ပြည့်သတင်းထောက် လုပ်ငန်းတစ်ခုအဖြစ် ရောက်ရှိလာစေနိုင်ပါတယ်။ အဲဒီလို ဒေသအချိန်ပိုင်း နည်းပြတစ်ယောက်ဖြစ်လာဖို့ အကောင်းဆုံးနည်းလမ်းကတော့ အယ်ဒီတာကို ခင်ဗျားတို့ရဲ့ ကောလိပ်ကျောင်းအတွက် သတင်းရေးသား ပေးပို့ရတဲ့အလုပ်ကို တောင်းခံကြည့်တာပါပဲ။ အမေရိကန်ပြည်ထောင်စုမှာတော့ သတင်းထောက်တစ်ယောက် ရရှိလေ့ရှိတဲ့ ငွေကြေးပမာဏဟာ သူတို့ပေးပို့လိုက်တဲ့ သတင်းကို သတင်းစာက ပုံနှိပ်ဖော်ပြရာမှာ အသုံး ပြုလိုက်တဲ့ နေရာအနည်းအများပေါ်မှာ မူတည်ပါတယ်။ သတင်းအဖြစ် အပျက်ဇာတ်လမ်းဟာ ပိုပြီးများပြားလေ ဒေသအချိန်ပိုင်း သတင်းထောက်ဟာ ပိုပြီးဝင်ငွေရလေပဲ ဖြစ်ပါတယ်။

ခင်ဗျားတို့ အကြိုက်နှစ်သက်ဆုံးကောလိပ်ကို အဲဒီကောလိပ်ရဲ့ စာနယ်ဇင်း သင်တန်းတွေနဲ့ ပတ်သက်ပြီး သိချင်တာမှန်သမျှကို စာရေးမေးကြည့်လိုက်ပါ။

ခင်ဗျားတို့ဟာ လိုအပ်တဲ့အချက်တွေအားလုံးနဲ့ အဲဒီ သင်တန်းတွေ တက်ရောက်သင်ကြားရင် ခင်ဗျားတို့အတွက် ဘယ်လောက်ကုန်ကျစရိတ်ရှိမယ် ဆိုတာတွေကိုပါ သိရှိရပါလိမ့်မယ်။

စာနယ်ဇင်း ပညာသင်ကျောင်းတွေနဲ့ ကောလိပ်တွေနဲ့ ပတ်သက်ပြီး မေးမြန်းလိုက်တဲ့ မေးခွန်းတွေအတွက် အဖြေရရှိဖို့ကတော့ ခင်ဗျားတို့ တိုင်းပြည်မှာရှိတဲ့ ပညာရေးဌာနကို ပထမဆုံး မေးမြန်းကြည့်သင့် ပါတယ်။

ခင်ဗျားဟာ ပထမ ဘာသာစကား၊ သမိုင်း၊ ဝိဇ္ဇာနဲ့ သိပ္ပံပညာရပ်တွေကို သင်ယူချင်ရင် သင်ယူနိုင်ပါတယ်။ ပြီးတဲ့အခါတော့ ခင်ဗျား သင်ယူရမယ့် အတန်းအများစုကို စာနယ်ဇင်းပညာချည်းပဲ ဖြစ်စေချင်တာမျိုး ရှိနိုင်ပါတယ်။ အထက်တန်းအဆင့်ကျောင်းတွေမှာ တက်နေတုန်း အချိန်မှာ ခင်ဗျားတက်ချင်တဲ့ ကောလိပ်ကို စာရေးဆက်သွယ်ပါ။ လူငယ်အမျိုးသား၊ အမျိုးသမီး အတော်များများဟာ အဲဒီလို စာရေးဖို့ အချိန်သိပ်ကြာအောင် စောင့်လွန်းကြပါတယ်။ ပြီးတဲ့အခါကျတော့လည်း အဲဒီ ကောလိပ်တွေဟာ ပြည့်ဝနေတဲ့အတွက် ကောလိပ်ကျောင်းတွေက သူတို့ကို လက်ခံယူနိုင်မှုမရှိပြန် ဖြစ်တတ်ပြန်ပါတယ်။ ဒါကြောင့်မို့ အနည်းဆုံး ကောလိပ်ကျောင်း သုံးကျောင်းလောက်ကို ခင်ဗျားတို့ ဘာကိုစိတ် ဝင်စားတယ်ဆိုတာကို စာရေးပြောပြပြီး သူတို့က ဘာတွေကို ပေးအပ်နိုင်တယ် ဆိုတာကိုလည်း မေးမြန်းစုံစမ်းတာဟာ အကောင်းဆုံးပါပဲ။

ခင်ဗျားဟာ စာနယ်ဇင်းကျောင်းကို တကယ်တက်တော့မယ်ဆိုရင် ခင်ဗျားဟာ စာနယ်ဇင်းလုပ်ငန်းမှာ သူတို့ဘာသာသူတို့ အောင်မြင်တဲ့ အဆင့်ကိုရောက်အောင် လုပ်နိုင်တဲ့ အမျိုးသား၊ အမျိုးသမီး ထောင်ပေါင်းများစွာရဲ့ လမ်းကြောင်းအတိုင်း လိုက်ရပါလိမ့်မယ်။

◈ ◈ ◈ ◈ ◈

## ပထမဆုံးအာလုပ်

ခင်ဗျားတို့ရဲ့ ပထမဆုံး သတင်းစာလုပ်ငန်းလို စိတ်လှုပ်ရှားစရာ ကောင်းတဲ့ အလုပ်မျိုး သိပ်မရှိနိုင်ပါဘူး။ ခင်ဗျားတို့ဟာ နေ့တိုင်းနေ့တိုင်း စိတ်ဝင်စားစရာကောင်းတဲ့ အဖြစ်အပျက်တွေ၊ ပြဿနာတွေနဲ့ ကြုံတွေ့နေရမယ့် ဘဝတစ်ခုထဲကို ဝင်ရောက်လာတာ ဖြစ်ပါတယ်။ ကြီးမားတဲ့ သတင်းစာတိုက် အများစုမှာကတော့ သတင်းထောက်တွေ၊ အယ်ဒီတာတွေ အလုပ်လုပ်တဲ့အခန်းဖြစ်တဲ့ သတင်းတွေ စုဆောင်းရယူတဲ့ အခန်း (City room) ဟာ သိပ်စိတ်လှုပ်ရှားစရာ နေရာတစ်ခု ဖြစ်ပါတယ်။ အဲဒီမှာ လူပေါင်းများစွာဟာ သတင်းစာတစ်စောင် ပြည့်စုံပြီးမြောက်သွားအောင် သတင်းတွေကို နောက်ဆုံးပြီးစီးရမယ့်အချိန်မှာ အဆင်သင့်ဖြစ်ဖို့ တစ်စုတဝေးထဲ အလုပ်လုပ်နေကြတာကို တွေ့မြင်နိုင်ပါတယ်။ ဒါပေမဲ့လို့ ငြိမ်သက်တိတ်ဆိတ်နေတတ်တဲ့ အချိန်ပိုင်းလေးတွေမှာတော့ သူတို့တွေဟာ အေးအေးဆေးဆေးပဲ သူတို့ ဖြတ်သန်းကြုံတွေ့ခဲ့ရတဲ့ သတင်းစာအတွေ့အကြုံတွေကို ပြောဆိုနေကြပါလိမ့်မယ်။

အမေရိကန်ပြည်ထောင်စုမှာဆိုရင်တော့ လိုအပ်တဲ့ ပညာရေး အမျိုးအစားကို သင်ကြားရယူထားပြီးတဲ့ ဘယ်လိုလူငယ်လူရွယ်မျိုးပဲဖြစ်ဖြစ် သတင်းစာ အလုပ်တစ်ခုကို ရရှိနိုင်ပါတယ်။ အမေရိကန် သတင်းစာလုပ်ငန်းဟာ မြို့ကြီးအတော်များများက သတင်းစာတိုက်ကြီးတချို့ ငွေကြေးအခက်အခဲ ပြဿနာကြောင့် ရပ်ဆိုင်းသွားခဲ့ရတာမျိုးရှိပေမယ့် အခြေအနေကောင်းတယ်လို့ပဲ ပြောရပါလိမ့်မယ်။ သတင်းစာလုပ်ငန်းရဲ့ မဂ္ဂဇင်းတစ်ခုဖြစ်တဲ့ ''အယ်ဒီတာနှင့် ထုတ်ဝေသူ'' (Editor and Publisher) မဂ္ဂဇင်းက ဒုတိယကမ္ဘာစစ်ကစပြီး နေ့စဉ်ထုတ် သတင်းစာ အရေအတွက်သာ တိုးပွားလာတာ မဟုတ်ဘဲ ရောင်းချရတဲ့စောင်ရေပါ တိုးများလာခဲ့

ကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။ နယူးယောက်တိုင်းမ် (The New York Times) သတင်းစာကတော့ သတင်းစာလုပ်ငန်းဟာ ကြီးထွားလာနေပေမယ့်လို့ တခြားစီးပွား ရေး လုပ်ငန်းတွေလိုပဲ မြင့်တက်လာတဲ့ ဈေးနှုန်းတွေကြောင့် ငွေကြေးပြဿနာတွေ ရှိနေတယ်လို့ ယုံကြည်ပါတယ်။

တကယ်လို့ ခင်ဗျားတို့ဟာ လိုအပ်တဲ့အရာတွေကို လေ့လာသင်ယူခဲ့ပြီးပြီ ဆိုရင်၊ ကောင်းကောင်းမွန်မွန်လည်း ရေးတတ်မယ်၊ အယ်ဒီတာတွေ လိုအပ်နေတာ တွေကို လုပ်ဆောင်ပေးဖို့ အင်အားစွမ်းပကားလည်း ရှိပြီဆိုရင် ခင်ဗျားတို့တိုင်းပြည်က သတင်းစာတစ်စောင်မှာ ခင်ဗျားတို့အတွက် အလုပ်တစ်ခုက စောင့်မျှော်နေမှာပါပဲ။ ဒါပေမဲ့ မတူခြားနားတဲ့ အခြေအနေတွေအရ အလုပ်တစ်ခုရှိဖို့ ခင်ဗျားတို့ ပေးရမယ့်အချိန်ကတော့ အပြောင်းအလဲ ရှိနေပါလိမ့်မယ်။

ခင်ဗျားတို့ဟာ စာနယ်ဇင်းပညာကို ကောလိပ်မှာ လေ့လာသင်ယူခဲ့တာ ဖြစ်မယ်ဆိုရင်တော့ ခင်ဗျားတို့ဟာ ကျောင်းမပြီးခင်မှာပဲ အလုပ်တစ်ခုခု ရကောင်း ရသွားနိုင်ပါတယ်။ အလုပ်တစ်ခု စပြီးရှာဖွေဖို့ ခင်ဗျားတို့ရဲ့ နောက်ဆုံးနှစ်ပြီးတဲ့အထိ စောင့်မနေပါနဲ့။ အမေရိကန်ပြည်ထောင်စုမှာ ရာပေါင်းများစွာရှိတဲ့ လူငယ်လူရွယ်တွေ စာနယ်ဇင်းပညာသင် ကောလိပ်ကျောင်းတွေက နွေရာသီမှာ ထွက်ခွာကြတာဖြစ်ပြီး အဲဒီအချိန်မျိုးမှာ အကောင်းဆုံးအလုပ်တစ်ခုကို ရှာလို့ရဖို့တော့ မလွယ်လှပါဘူး။ ကျောင်းကနေ ထွက်ရမယ့်အချိန်ထက် ခြောက်လလောက်စောပြီး အလုပ်ရှာပါ။ ခင်ဗျားတို့ အလုပ်လုပ်ချင်တဲ့ သတင်းစာတွေကို စာရေးပါ။

ဒါပေမဲ့ အကောင်းဆုံးကတော့ သတင်းစာတစ်စောင်ကိုသွားပြီး အယ်ဒီတာ ဆီမှာ အလုပ်တစ်ခုတောင်းတာပဲ ဖြစ်ပါတယ်။ မျက်နှာချင်းဆိုင် တွေ့ဆုံရတာထက် ဘယ်ဟာမှ မကောင်းပါဘူး။ သတင်းစာ တော်တော်များများဟာ လူသစ်တစ်ယောက် ကို မခန့်ခင်မှာ အဲဒီလို တွေ့ဆုံတာမျိုးကို အလိုရှိကြပါတယ်။ တကယ်လို့ ကောလိပ် သတင်းစာစောင်အတွက် ခင်ဗျားတို့ တစ်ခုခုရေးသားပြီးဖြစ်ရင်တော့ အဲဒါကို ခင်ဗျားတို့ နဲ့ တစ်ပါတည်း ယူသွားလိုက်ပါ။ အယ်ဒီတာတွေက ခင်ဗျားဘယ်လောက် ရေးလက်ရှိ တယ်ဆိုတာကို သိချင်ကြပါတယ်။

အယ်ဒီတာတစ်ယောက်ဟာ ခင်ဗျား သူ့ရုံးခန်းထဲ လျှောက်ဝင်သွားတဲ့ အချိန်မှာ လူတစ်ယောက်ကို အလိုရှိနေတယ်ဆိုရင် သူက ခင်ဗျားကို စားပွဲတစ်လုံးပြပြီး ချက်ချင်းအလုပ်စလုပ်ဖို့ ပြောကောင်းပြောနိုင်ပါတယ်။ ခင်ဗျားဟာ အကောင်းဆုံး နေရာကို အကောင်းဆုံးအချိန်မှာ ရောက်သွားနိုင်ပါတယ်။ အခုအချိန်မှာ ထင်ပေါ်ကျော် ကြားနေပြီဖြစ်တဲ့ အယ်ဒီတာတစ်ယောက်ဟာ အမေရိကန်ပြည်ထောင်စုတောင်ပိုင်း တက်ကဆက်ကနေ ရထားနဲ့ ခရီးထွက်ခဲ့ပြီး မိတ်ဆွေအပေါင်းအသင်းရယ်လို့

လုံးဝမရှိတဲ့ နယူးယောက်ကို ရောက်ရှိလာခဲ့ပါတယ်။ သူဟာ နယူးယောက်မြို့က အကြီးဆုံး သတင်းစာတိုက်ကြီးတစ်တိုက်ကို ရထားပေါ်ကဆင်းတာနဲ့ တိုက်ရိုက်သွားရောက်ခဲ့ပြီး အဲဒီညမှာပဲ အလုပ်တစ်ခုခန့် အပ်တာခံခဲ့ရပါတယ်။

ထင်ရှားတဲ့ နိုင်ငံခြားသတင်းထောက်တစ်ယောက်ဖြစ်တဲ့ ရောဘတ်စိန့်ဂျွန် (Robert St.John)ဟာ ၁၉၃၀ ခုနှစ် အဆုံးပိုင်းလောက်မှာ ငွေကြေးလည်းမရှိ၊ အလုပ်အကိုင်လည်းမရှိဘဲ ဥရောပကို ရောက်ရှိသွားခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ် စဖြစ်နေတဲ့အချိန်မှာ သူဟာ အေပီ (Associated press) သတင်းဌာနရုံးခန်းတစ်ခု ထဲကို လျှောက်ဝင်သွားခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ သူဟာ သတင်းထောက်အလုပ်ကို ရရှိသွားခဲ့တာ ဖြစ်ပါတယ်။

သတင်းဌာနတွေ၊ သတင်းစာတွေဟာ သတင်းထောက်တွေကို အလိုရှိပြီ ဆိုရင် အရေးတကြီး အလိုရှိတတ်ပါတယ်။ တကယ်လို့ အရေးကြီးတဲ့ အဖြစ်အပျက် တစ်ခု ရုတ်တရက်ဖြစ်ပြီဆိုရင် သတင်းထောက် လုံလောက်အောင် မရှိတာကို အယ်ဒီတာတွေက ဘယ်တော့မှ မနှစ်သက်တတ်ပါဘူး။

ခင်ဗျားကို သူတွေ့လိုက်ပြီဆိုတာနဲ့ အယ်ဒီတာဟာ စာနယ်ဇင်း လုပ်ငန်းနဲ့ သူ့ရဲ့ရည်ရွယ်ချက်ပေါ်မှာ ခင်ဗျား အမှန်တကယ် စိတ်ဝင်စားမှုရှိ၊ မရှိ ဆိုတာကို သတိပြုမိသွားပါလိမ့်မယ်။ ဒါပေမဲ့ ခင်ဗျားဘက်က အဲဒီအလုပ်ကို လိုချင်ရခြင်းအတွက် အကြောင်းပြချက်ကောင်းကောင်း မပြနိုင်ဘူးဆိုရင်တော့ သူကခင်ဗျားကို စိတ်ဝင်စား လိမ့်မယ် မဟုတ်ပါဘူး။ အယ်ဒီတာတွေက စာနယ်ဇင်းလုပ်ငန်းနဲ့ ကစားချင်တဲ့ လူမျိုးကို မနှစ်သက်တတ်ပါဘူး။

အယ်ဒီတာတစ်ဦးဖြစ်တဲ့ ကိုးလ်မင်းဟတ်ဝ်လ် (Coleman Hartwell)က သူ့စာအုပ်ဖြစ်တဲ့ ''စာနယ်ဇင်းလုပ်ငန်းဟာ ခင်ဗျားရဲ့ နေရာမှန်ဖြစ်ပါသလား'' (Do you Belong in Journalism?)ထဲမှာ ပြဿနာတွေကို နိုင်နိုင်နင်းနင်း မကိုင်တွယ် တတ်တဲ့သူ၊ တခြားသူတွေအတွက် ဆောင်ရွက်လုပ်ကိုင်ပေးချင်တဲ့ဆန္ဒ ပြင်းပြင်းပြပြ မရှိတဲ့သူမျိုးဟာ စာနယ်ဇင်းသမားတစ်ယောက် ဖြစ်မလာသင့်ပါဘူးလို့ ပြောခဲ့ပါတယ်။ ဘဝကို စိတ်လှုပ်ရှားစရာအဖြစ် နားလည်ခံစားတတ်တဲ့သူနဲ့ သူတို့တွေရဲ့မြို့နဲ့ သူတို့ နေထိုင်ရာ ကမ္ဘာလောကကြီးကို ပိုပြီးကောင်းမွန်တဲ့ နေရာတစ်ခုဖြစ်လာအောင် လုပ်ဆောင်တဲ့နေရာမှာ ပါဝင်ကူညီပံ့ပိုးတဲ့ သူမျိုးတွေသာ စာနယ်ဇင်းလုပ်ငန်းထဲကို ဝင်ရောက်သင့်တယ်လို့ သူက ဆိုပါတယ်။

အခုဖော်ပြမယ့်အရာတွေဟာ လူငယ်လူရွယ်တွေအနေနဲ့ အယ်ဒီတာ တစ်ယောက်ဆီကို ပထမဆုံးသွားပြီး အလုပ်တောင်းတဲ့အချိန်မှာ မပြုလုပ်သင့်တဲ့အရာ တွေပဲ ဖြစ်ပါတယ်။

သူဟာ အယ်ဒီတာဖြစ်သူကို သူ့အနေနဲ့ နိုင်ငံခြားသတင်းထောက်တစ်ယောက် ဖြစ်ချင်တဲ့အကြောင်း၊ ဒါမှမဟုတ် ပင်တိုင်ဆောင်းပါးရှင်တစ်ယောက် ဖြစ်ချင်တဲ့အကြောင်း မပြောသင့်ပါဘူး။ အများအားဖြင့် အယ်ဒီတာဟာ ဒီလိုလူမျိုးကို အလိုမရှိတတ်ကြပါဘူး။ သူက အစိုးရရုံးတွေနဲ့ ရဲစခန်းစတဲ့ နေရာမျိုးတွေကိုသွားပြီး အဲဒီမှာဖြစ်နေတဲ့ အရာတွေကို တကယ့်ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ပုဒ် ရေးပေးမယ့် သတင်းထောက်တစ်ယောက်ကို လိုလားတတ်ပါတယ်။ ကြာလာတဲ့အခါ နောက်ပိုင်းမှာ နိုင်ငံခြားသတင်းထောက်တစ်ယောက်၊ ဒါမှမဟုတ် ပင်တိုင်ဆောင်းပါးရှင်တစ်ယောက်အဖြစ်ကို ရောက်လာပါလိမ့်မယ်။

လူငယ်တစ်ယောက်အနေနဲ့ သတင်းစာလုပ်ငန်းဟာ အစိုးရဌာနတွေမှာရှိတဲ့ ပိုပြီးခန့်ညားသာလွန်တဲ့ လုပ်ငန်းမျိုးကိုရရှိဖို့ ကြိုးစားတဲ့နေရာမှာ ပထမခြေလှမ်းတစ်ခုသာ ဖြစ်ပါတယ်ဆိုတာမျိုး အယ်ဒီတာကို မပြောသင့်ပါဘူး။ အယ်ဒီတာတွေဟာ သတင်းစာသမားကောင်းတစ်ယောက် ဖြစ်လာရအောင် တစ်ယောက်ယောက်ကို သင်ကြားပေးဖို့ အချိန်အများကြီး အသုံးပြုရသလို အခက်အခဲလည်း အများကြီးရှိပါတယ်။ ဒါကြောင့်မို့ တခြားသူတစ်ယောက်ရဲ့ အလုပ်ကို လုပ်ပေးဖို့ သူ့ဆီကနေ မကြာခင်ထွက်သွားတော့မယ့် လူတစ်ယောက်ကို သင်ကြားပေးချင်တဲ့ စိတ် သူ့မှာရှိလိမ့်မယ် မဟုတ်ပါဘူး။

လူငယ် စာနယ်ဇင်းသမားတစ်ယောက်ဟာ အယ်ဒီတာက သူ့ကို ပေးအပ်လာမယ့် အလုပ်ချိန်တွေ၊ အားလပ်ချိန်တွေကို လက်ခံသင့်ပါတယ်။ စာနယ်ဇင်းသမားအသစ်တစ်ယောက်အဖို့ တခြားလူတွေထက် အလုပ်အချိန် ပိုပြီးလုပ်ရဖို့၊ သတင်းပတ်ကုန် အားလပ်ရက်တွေမှာ အလုပ်လုပ်ရဖို့ အလားအလာ ပိုများပါတယ်။ အယ်ဒီတာဖြစ်သူဟာ လည်း သူ့မှာအတွေ့အကြုံမရှိသေးတဲ့ လူငယ်သတင်းစာသမားတစ်ယောက်အနေနဲ့ အဲဒီလိုမျိုးပဲ လုပ်ခဲ့ရတာပါပဲ။ သူက သတင်းစာ တစ်စောင်ပေါ်ရောက်သွားတဲ့အခါ ဘယ်ဟာတွေဟာ ဘယ်လိုဆိုတာကို စာနယ်ဇင်းသမားတစ်ယောက်အနေနဲ့ သိထားဖို့ မျှော်လင့်တတ်ပါတယ်။

အမေရိကန်ပြည်ထောင်စုက သတင်းစာလေးတစ်စောင်အတွက်ဆိုရင် လူငယ်တစ်ယောက်ဟာ မြို့ထဲက အယ်ဒီတာ သူ့ကိုစေလွှတ်တဲ့ နေရာတိုင်းကို သွားရောက်ပြီး ဖြစ်သမျှတွေကို သတင်းရေးသားပေးရတဲ့ အထွေထွေသတင်းထောက် (General assignment reporter) အဖြစ် အများအားဖြင့် စတင်လုပ်ဆောင်ရတတ်ပါတယ်။ သိပ်ကြီးတဲ့ မြို့ကြီးတစ်ခုရဲ့ သတင်းစာကြီးမျိုးဆိုရင်တော့ လူတစ်ယောက်ကို သတင်းဦး သတင်းဖျား ရနိုင်ဖို့အတွက် နေရာတစ်နေရာမှာ သီးခြားတာဝန် တစ်ခုချမှတ်ပေးထားကောင်း ပေးထားနိုင်ပါတယ်။ အဲဒီလို သတင်း

ထောက်မျိုးတစ်ယောက်ဟာ သူ သတင်းရယူရေးသားရမယ့် နေရာတစ် နေရာဖြစ်တဲ့ ရဲစခန်းတစ်ခု ဒါမှမဟုတ် အစိုးရရုံးတစ်ရုံးလို နေရာမျိုးမှာ သူ့ရဲ့အလုပ်ချိန် တစ်ချိန်လုံးကို အသုံးချနိုင်ပါတယ်။ အဲဒီနေရာမျိုးကို သတင်းယူရာနေရာ (Beat) လို့ နားလည် ထားကြပြီး သတင်းစာကြီး အများစုမှာ အဲဒီနေရာ တစ်ခုစီအတွက် အချိန်ပြည့် သတင်းထောက်တစ်ဦး ရှိနေတတ်ပါတယ်။ အဲဒီလို အထူးသတင်း ထောက်တစ် ယောက်ဟာ ရဲစခန်း ဒါမှမဟုတ် အစိုးရရုံးတစ်ရုံးရဲ့ သတင်းထောက်တွေ သတင်းရေး သားဖို့၊ သူတို့ရဲ့ သတင်းစာတိုက်တွေနဲ့ အဆက်အသွယ်လုပ်ဖို့ ပေးထားတဲ့အခန်း ထဲမှာ အလုပ်လုပ်လေ့ ရှိပါတယ်။

အမေရိကန်ပြည်ထောင်စုက သတင်းစာတိုက်ကြီးတစ်ခုအတွက် အလုပ် လုပ်ရတဲ့ အထွေထွေသတင်းထောက် အသစ်တစ်ယောက်ဟာ မကြာခဏဆိုသလို သတင်းဖြစ်ပွားတဲ့နေရာကို သွားရောက်သတင်းလိုက်ဖို့ တာဝန်ပေးအပ်ခံရ တတ်ပါတယ်။ လုပ်ရတာကတော့ ဖြစ်ပွားရာနေရာက သတင်းအချက်အလက်တွေကို ရယူစုဆောင်းပြီး သတင်းစာတိုက်ရဲ့ အလုပ်ခန်းမှာရှိနေတဲ့ သတင်းပြန်ရေးသားသူ (Rewrite) တစ်ယောက်ဆီကို တယ်လီဖုန်းဆက်ပြီး သူရထားတဲ့သတင်းကို ရေးသား ခိုင်းရပါတယ်။ အထွေထွေသတင်းထောက် တစ်ယောက်ဟာ သတင်းဆောင်းပါး ရေးသားသူတစ်ယောက်အဖြစ်ရော သတင်းလိုက်သူ တစ်ယောက်အဖြစ်ပါ အလုပ် လုပ်ရတတ်ပါတယ်။

အမေရိကန်မြို့ကြီးတွေရဲ့ သတင်းစာကြီးတွေဟာ သတင်းပေးပို့တဲ့အလုပ် ကို အတွေ့အကြုံမရှိတဲ့သူတွေကို အသုံးပြုလေ့ မရှိတတ်ကြပါဘူး။ တကယ်လို့ သုံးရပြီဆိုရင်တောင် သူတို့ကို သိပ်ကြာကြာသုံးလေ့ မရှိပါဘူး။ သတင်းစာတိုက် ကြီးတွေမှာ အရာရာတိုင်းဟာ အလျင်အမြန် လှုပ်ရှားပြောင်းလဲနေလေ့ရှိတဲ့အတွက် အယ်ဒီတာတွေဟာ အလုပ်သင်အဆင့်က လူတွေကို အကူအညီပေးဖို့ အချိန်မရှိတတ် ကြပါဘူး။ သိပ်ကောင်းတဲ့စာနယ်ဇင်းသမားတွေ ဖြစ်လာခဲ့ကြတဲ့ လူငယ်သတင်း ထောက် အတော်များများဟာ သူတို့ရဲ့ ပထမသတင်းဆောင်းပါးတွေကို အတော် ကြီး ဆိုးဆိုးဝါးဝါး ရေးခဲ့ကြသူတွေ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ သိပ်စိတ်လှုပ်ရှားပြီး ကြောက်ရွံ့ထိတ်လန့်နေတတ်သလို အတွေ့အကြုံလည်း မရှိကြ လို့ပဲ ဖြစ်ပါတယ်။

သတင်းစာငယ်လေးတစ်စောင်က အယ်ဒီတာအဖို့ကတော့ စာနယ်ဇင်း သမား လက်သင်တစ်ယောက်ကို အကူအညီပေးဖို့ အချိန်ပိုပြီး ရတတ်တဲ့အတွက် အဲဒီလိုနေရာမျိုးမှာ စပြီးအလုပ်လုပ်တာက ပိုပြီးလွယ်ကူတတ်ပါတယ်။ သတင်းစာလေး တစ်စောင်အနေနဲ့ လုပ်ငန်းလုပ်ဆောင်တဲ့နေရာမှာ အချိန်ပိုပြီး ကြန့်ကြာ

ဖြေးလေးပါတယ်။ အကြောင်းကတော့ သူ့မှာ သတင်းနဲ့ သတင်းဆောင်းပါး အပြီး သတ်ပေးရမယ့်အချိန် တစ်ချိန်တည်းရှိလို့ ဖြစ်ပါတယ်။ တစ်နေ့ကို အကြိမ်များစွာ ထုတ်ဝေနေကြတဲ့ သတင်းစာကြီးတွေအတွက်ကတော့ သတင်းဆောင်းပါး အပြီး သတ်ပေးရချိန် သုံးကြိမ်ကနေ ရှစ်ကြိမ်အထိ ရှိတတ်ကြပါတယ်။ ဒါပေမဲ့လို့ စာနယ်ဇင်းသမားတစ်ယောက်ကို အလုပ်ရှုပ်နေရအောင်ကို သတင်းတွေက လိုအပ်တာထက်ပိုပြီး ရှိနေတတ်ပြီး လုပ်ဆောင်ပြီးသွားတဲ့ လက်ရာဟာလည်း အလွန်ကောင်းမွန်နေရမှာ ဖြစ်ပါတယ်။ ပိုပြီး အရေးကြီးတာကတော့ လက်သင်သတင်းစာသမားတစ်ယောက် နေ့စဉ် သတင်းစာလေးတစ်စောင်က ရရှိခဲ့တဲ့ အတွေ့အကြုံဟာ သတင်းစာကြီးတစ်စောင်မှာ သူ အလုပ်လုပ်နိုင်ဖို့ ပြင်ဆင်တဲ့နေရာမှာ သိပ်အဖိုးတန်တယ် ဆိုတာပါပဲ။ မြို့ကြီးတစ်မြို့ရဲ့ သတင်းစာကြီးတစ်စောင်က အထွေထွေသတင်းထောက်တစ်ယောက် ဖြစ်လာဖို့အတွက် အတွေ့အကြုံ ကောင်းတွေ သူ့အတွက် ရလာစေနိုင်တဲ့ အမျိုးမျိုးအစားစား သတင်းဆောင်းပါးတွေကို သတင်းစာလေးမှာ သူ ရေးရပါလိမ့်မယ်။ မြို့လေးတစ်မြို့ရဲ့ အုပ်ချုပ်ရေးပိုင်း အစည်းအဝေးတစ်ခုရဲ့ သတင်းကို ရေးသားဖော်ပြရတာဟာ နယူးဒေလီလို မြို့ကြီးတစ်မြို့ရဲ့ အုပ်ချုပ်ရေးပိုင်း အစည်းအဝေးတစ်ခုကို သတင်းရေးသားရတာနဲ့ အများကြီးဆင်တူပါတယ်။ မြို့ကြီးတစ်ခုမှာ ငွေကြေးပိုပြီး များများပြားပြားရှိပြီး ပြဿနာလည်း ပိုများပါတယ်။ ဒါပေမဲ့ လုပ်ငန်းဆောင်ရွက်တဲ့ နည်းနာတွေကတော့ မြို့ငယ်လေးတစ်ခုလိုပါပဲ။ စာနယ်ဇင်းသမားတစ်ယောက်ဟာ အစည်းအဝေးတစ်ခုကနေ တခြားအစည်းအဝေးတစ်ခုကို အလွယ်တကူ ကူးပြောင်းနိုင်ပါတယ်။

သတင်းစာတိုက်ကြီးတစ်ခုက အယ်ဒီတာချုပ်တစ်ဦးက သူ့အနေနဲ့ သတင်းစာလေးတစ်စောင်မှာ သုံးနှစ်တန်သည်၊ လေးနှစ်တန်သည်လောက် လုပ်ငန်းအတွေ့အကြုံရှိခဲ့ဖူးတဲ့ သတင်းထောက်မျိုးတွေကို လိုချင်ပါတယ်လို့ ပြောဖူးပါတယ်။ သူက အတွေ့အကြုံမရှိတဲ့သူတွေ အသုံးပြုဖို့ ကြိုးစားခဲ့ပေမယ့် အဲဒီလူတွေအနေနဲ့ အောင်မြင်မှု မရှိခဲ့ကြဘဲ လွင့်သွားတတ်ကြတယ်လို့ ဆိုပါတယ်။

ဒါပေမဲ့ အတွေ့အကြုံမရှိဘဲ သတင်းစာလောကထဲ စတင်ဝင်ရောက်လိုသူတွေဟာလည်း သတင်းစာကြီးတစ်စောင်မှာ စတင်ဝင်ရောက် လုပ်ကိုင်ဖို့ ဖြစ်နိုင်ပါတယ်။ အတော်များများသော နာမည်ကျော် သတင်းစာသမားအမျိုးသား အမျိုးသမီးတွေဟာ အဲဒီလိုပဲ ဝင်ရောက်လုပ်ကိုင်ကြရင်း ကြီးမားတဲ့အောင်မြင်မှုတွေ ရရှိခဲ့ကြဖူးပါတယ်။ ဒါပေမဲ့ သိပ်တော့လည်း လွယ်ကူခဲ့တာတော့ မဟုတ်ပါဘူး။

သတင်းစာကြီးတစ်စောင်က အတွေ့အကြုံမရှိတဲ့ လုပ်ငန်း လက်သင်တစ်ယောက်ကို ခေါ်ယူအသုံးပြုတယ်ဆိုရင်တောင် ဖြစ်တတ်တာကတော့ အဲဒီသူဟာ

သိပ်စိတ်ဝင်စားစရာမရှိတဲ့ အလုပ်မျိုးတွေကိုပဲ လုပ်ဆောင်ဖို့ တာဝန်ပေးခံရဖို့ ရှိပါတယ်။ သဘော်အဝင်အထွက် သတင်းမျိုးတွေ၊ နေ့စဉ် နာရေးသတင်းမျိုးတွေကိုပဲ ရေးကောင်း ရေးရနိုင်ပါတယ်။ အဲဒီလိုနဲ့ပဲ လပေါင်းများစွာ ကြာချင်လည်း ကြာသွားတတ်ပါတယ်။

သတင်းစာငယ်လေးတစ်စောင်မှာဆိုရင်တော့ လုပ်ငန်းလက်သင် တစ်ယောက်ဟာလည်း အရေးကြီးတဲ့ သတင်းတွေကို ရေးရနိုင်ပြီး သူ့ရဲ့ နာမည်ကို သတင်းစာပေါ်မှာ တွေ့မြင်ရတဲ့အခါမျိုးတောင် ရှိချင်ရှိနိုင်ပါတယ်။ သူဟာ အထွေထွေ အတွေ့အကြုံကို ပိုပြီး ရရှိနိုင်ပါတယ်။

လူငယ်သတင်းစာသမားတစ်ယောက်အဖို့ သတင်းစာတစ်စောင်မှာ ပထမ လုပ်ခါစ လပိုင်းအချိန်ဟာ သူ့အတွက် အရေးအကြီးဆုံးအချိန်တစ်ခု ဖြစ်ပါတယ်။ သူဟာ သူ့ရဲ့လုပ်ငန်းကို သင်ယူလေ့လာ နေရမှာဖြစ်ပြီး သူ့ကို သတင်းတွေ ချပေးနေတဲ့သူတွေနဲ့လည်း တွေ့ဆုံ ရမှာဖြစ်ပါတယ်။ စာနယ်ဇင်းသမားတစ်ယောက်လို ရေးသားတတ်လာအောင် သင်ယူရမှာ ဖြစ်သလို သတင်းလက်ခံရယူ ရေးသားကြ၊ အယ်ဒီတာတွေနဲ့ ဆက်ဆံပြောဆိုရတဲ့ ရုံးခန်းရဲ့ စည်းမျဉ်းစည်းကမ်းတွေကိုလည်း သင်ယူရမှာ ဖြစ်ပါတယ်။ အဲဒီအချိန်ဟာ သူ့အနေနဲ့ အယ်ဒီတာချုပ်ကို သူ့အမည်နဲ့သူ သတင်းဆောင်းပါးတစ်ပုဒ်ရေးဖို့၊ ဒါမှမဟုတ် အဝိကကျတဲ့ မြို့ကြီးတစ်မြို့ရဲ့ သတင်း ထောက်တစ်ယောက်အဖြစ် တာဝန်ပေးဖို့ ပြောရမယ့်အချိန် မဟုတ်သေးပါဘူး။

သတင်းစာသမားတစ်ယောက်ဟာ စွမ်းဆောင်ရည်ပိုပြီး အတွေ့အကြုံ ရှိခဲ့တဲ့ သတင်းထောက်တစ်ယောက် ဖြစ်တယ်ဆိုတာ မပြသနိုင်ဘဲနဲ့တော့ အဲဒီလို အရေးပါတဲ့အလုပ်တွေကို လုပ်ဆောင်ခွင့်ရဖို့ မမျှော်လင့်သင့်ပါဘူး။

ဒါပေမဲ့လို့ ပထမနှစ်အပြီးမှာတော့ သူ့အနေနဲ့ သူဟာ ဘယ်လို စာနယ်ဇင်း သမားတစ်ယောက် ဖြစ်ချင်တယ်ဆိုတာကို စတင်စဉ်စားဆုံးဖြတ်ပြီး အဲဒီအတိုင်း လုပ်ဆောင်လှုပ်ရှားသွားသင့်ပါတယ်။ တကယ်လို့ တစ်နေရာရာမှာ သူက နိုင်ငံရေး သတင်းတွေကိုပဲ ရယူပေးပို့ချင်တယ်ဆိုရင် အဲဒီနေရာမှာ သွားရောက်အလုပ် လုပ်နိုင်အောင် ကြိုးစားရပါမယ်။ တကယ်လို့ ဆောင်းပါးရှင်တစ်ယောက် ဖြစ်ချင် တယ်ဆိုရင်လည်း သူ့ အနေနဲ့ သတင်းဆောင်းပါး လေးငါးပုဒ်လောက် ရေးဖို့ကြိုးစားပြီး အဲဒီ ဆောင်းပါးတွေကို အယ်ဒီတာကို ပြကြည့်ရပါမယ်။ သူ့ဆောင်းပါးဟာ အများနဲ့မတူကွဲပြားပြီး စိတ်ဝင်စားစရာကောင်းတယ်ဆိုရင်တော့ သူဟာ အလျင် အမြန်ကိုပဲ အောင်မြင်မှုရသွားနိုင်ပါတယ်။

သတင်းသမား တော်တော်များများကတော့ သူတို့ရဲ့ အသက်မွေးမှု ဘဝလမ်းကြောင်းကို အထွေထွေသတင်းထောက် တစ်ယောက်အဖြစ်ပဲ လျှောက်လှမ်း ချင်ကြပါတယ်။ တခြား ဘာမှမဖြစ်ချင်တတ်ကြပါဘူး။ သူတို့မှာ ရေးစရာသတင်း

အကြောင်းအရာ အမျိုးမျိုးရှိနေကြပြီး အစွမ်းသတ္တိလည်း ရှိကြပါတယ်။ အမေရိကန်ပြည်ထောင်စုက တချို့ အကောင်းဆုံး အထွေထွေသတင်းထောက်တွေဆိုရင် သူတို့ရဲ့ အယ်ဒီတာတွေထက်တောင် ဝင်ငွေကောင်းတတ်ကြပါတယ်။

လုပ်ငန်းလက်သင်တစ်ယောက်ဟာ သတင်းစာငယ်လေး တစ်စောင်ကနေ စတင်လုပ်ကိုင်တာပဲဖြစ်ဖြစ်၊ သတင်းစာကြီးတစ်စောင်ကနေ စတင်တာပဲဖြစ်ဖြစ် ကြီးကျယ်ကောင်းမွန်ပြီး စိတ်လှုပ်ရှားစရာ အချိန်တစ်ခုက သူ့ကို စောင့်နေပါတယ်။ သူ့ရဲ့ ပထမဆုံးကလောင်အမည်ပဲ ဖြစ်ပါတယ်။ ဆောင်းပါးတစ်ပုဒ်အတွက် သူ့ရဲ့ အမည်ကို တပ်ထားတာကို မြင်လိုက်ရတဲ့အချိန်မှာတော့ သူဟာ စာနယ်ဇင်းသမား တစ်ယောက်အဖြစ်ကလွဲလို့ တခြားဘာမှ ဖြစ်ချင်တော့မှာ မဟုတ်ပါဘူး။ နောက်ပိုင်းမှာတော့ သူ့မှာ ဂုဏ်ယူထိုက်စရာ၊ ဂုဏ်ယူစရာအကြောင်းတွေ အများကြီး ရှိလာနိုင်ပါတယ်။

ဒါပေမဲ့ အဲဒီ ပထမဆုံး အချိန်ပိုင်းလေးနဲ့တော့ နှိုင်းယှဉ်လို့ မရနိုင်ပါဘူး။ အဲဒီ ပုံနှိပ်ဖော်ပြထားတဲ့ နာမည်ဟာ အသက်မွေးဝမ်းကြောင်း သတင်းစာသမား တစ်ယောက်ရဲ့ အောင်မြင်မှုဘဝလမ်းကြောင်း အစအဖြစ် အမှတ်ထင်ထင် ဖြစ်နေပါလိမ့်မယ်။ သတင်းစာတိုက် ရုံးခန်းထဲက တခြားသူတွေက သူ့ရဲ့နာမည်ကို သတိမပြုမိကြဘူးဆိုရင်တောင်မှ သူဟာ အဆင့်တစ်ခုကို ရောက်ရှိခဲ့ပြီ ဖြစ်တဲ့ အကြောင်း သူ့ဟာသူ သိနေပါလိမ့်မယ်။

◈◈◈◈◈

## သတင်းစာသမားလောက

ဂျပန်နိုင်ငံ မြို့တစ်မြို့ရဲ့ မနက်နှစ်နာရီအချိန် ဖြစ်ပါတယ်။ လမ်းတွေပေါ်မှာ လူသူကင်းရှင်းနေပါတယ်။ ဖြေးဖြေးဆေးဆေး လျှောက်လာနေတဲ့ ရဲသားတစ်ဦးကိုပဲ တွေ့မြင်ရပါတယ်။ မိုးလင်းပေါက်ဖွင့်တဲ့ စားသောက်ဆိုင်တစ်ခုကနေ အလင်းရောင် ဖြာထွက်တောက်ပနေပါတယ်။

စားသောက်ဆိုင်ရဲ့ လမ်းတစ်ဖက် သတင်းစာတိုက်ထဲကနေ လူငယ်နှစ်ယောက် ထွက်လာခဲ့ကြပါတယ်။ သူတို့ဟာ မွန်းလွဲပိုင်း ငါးနာရီ အချိန်ကစပြီး မနက်နှစ်နာရီထိ အလုပ်လုပ်ကိုင်ခဲ့ကြတဲ့ သတင်းထောက်တွေ ဖြစ်ကြပါတယ်။ အိမ်မပြန်ခင်မှာ တစ်ခုခုစားကြဖို့ သူတို့ ဆုံးဖြတ်လိုက်ကြပါတယ်။ တစ်ညတာလုံး သူတို့ရေးသားခဲ့ကြတဲ့ သတင်းဆောင်းပါးတွေနဲ့ ပတ်သက်ပြီးလည်း သူတို့ ပြောဆိုဆွေးနွေးကြပါလိမ့်ဦးမယ်။

အဲဒီလူတွေအတွက်ကတော့ ထူးထူးခြားခြား အများနဲ့မတူတဲ့ အချိန်တွေမှာ အလုပ်လုပ်ရတာ ရိုးနေပြီဖြစ်ပါတယ်။ သတင်းစာတစ်စောင်ရဲ့ အလုပ်ချိန်ဟာ မနက်ခြောက်နာရီ၊ မွန်းလွဲ နှစ်နာရီ၊ ညနေ ခြောက်နာရီ ဒါမှမဟုတ် ညသန်းခေါင် ဖြစ်ချင်ဖြစ်နိုင်ပါတယ်။

မနက် ကိုးနာရီကစပြီး ညနေ ငါးနာရီအထိ အလုပ်လုပ်ရတာကို နှစ်သက်ပြီး သတင်းပတ်ကုန်ပိုင်းမှာ အအားရလိုတဲ့ သူမျိုးတွေ အတွက်တော့ သတင်းစာလုပ်ငန်းနဲ့ မသင့်လျော်ပါဘူး။ သန်းပေါင်းများစွာသော လူတွေဟာ သတင်းပတ်ကုန်ပိုင်းမှာ အလုပ်မလုပ်ကြပါဘူး။ ဒါပေမဲ့ သတင်းစာသမား အများစုကတော့ လုပ်ကြပါတယ်။ နေ့စဉ်ထုတ် သတင်းစာတွေဆိုရင် တစ်ပတ်ကို ခြောက်ရက်၊ ဒါမှမဟုတ် ခုနှစ်ရက် ရိုက်နှိုက်ထုတ်ဝေကြပါတယ်။ ဒါကြောင့်ပဲ နေ့စဉ်နေ့တိုင်း အလုပ်လုပ်မယ့်လူတွေ

လိုအပ်နေတာပါပဲ။ ဒါပေမဲ့လို့ သတင်းပတ်ကုန်ရက်တွေဟာ သူတို့ရဲ့ရုံးခန်းတွေမှာ လူနည်းနည်းပဲထားဖို့ ကြိုးစားတတ်ကြပါတယ်။ အယ်ဒီတာတစ်ယောက်ဟာ ဖြစ်နိုင်သမျှ သတင်းထောက် အရေအတွက်ကို သတင်းပတ်ကုန်ရက်တွေမှာ အအား ရအောင် ခွင့်ပြုတတ်ကြပါတယ်။ ဒါပေမဲ့ သူဟာ စာနယ်ဇင်းသမား အသစ်တွေကို တော့ အဲဒီလို ကြင်နာမှုမျိုး ထားလေ့မရှိတတ်ပါဘူး။

ကြီးမားတဲ့ သတင်းစာတိုက်ကြီးတွေက အယ်ဒီတာတွေဟာ သူတို့ရဲ့ သတင်းထောက်တွေကို ညစဉ်ညဆက် ငါးရက်လောက် အလုပ်လုပ်ရတာမျိုး၊ ဒါမှမဟုတ် သတင်းစာတိုက်ကို နေ့တိုင်း မနက်ငါးနာရီမှာ လာရောက်စေတာမျိုး မလုပ်မိအောင် ကြိုးစားလေ့ရှိကြပါတယ်။ အလုပ်ချိန်တွေကတော့ သတင်းစာဟာ မနက်ပိုင်းမှာ ရိုက်နှိပ်တာလား၊ မွန်းလွဲပိုင်းမှာ ရိုက်နှိပ်တာလားဆိုတဲ့အပေါ်မှာ မူတည်ပြီး အပြောင်းအလဲ ရှိတတ်ပါတယ်။ မွန်းလွဲပိုင်း သတင်းစာတစ်စောင် ဖြစ်မယ်ဆိုရင်၊ ညပိုင်းတာဝန်ချထားပေးမှုလည်း ရှိမယ်ဆိုရင် အလုပ်ချိန်နည်းပါးတယ်။ မနက်ပိုင်း သတင်းစာတစ်စောင်ဆိုရင်တော့ အဲဒီမှာ အလုပ်လုပ်တဲ့သူ အများစုဟာ မွန်းလွဲပိုင်းအချိန်အထိ တိုက်ကိုရောက်လာလေ့ မရှိပါဘူး။

ဒါပေမဲ့လို့ စာနယ်ဇင်းလုပ်ငန်းနဲ့ အသက်မွေးမှုပြုဖို့ စိတ်ဝင်စားတဲ့သူဖြစ် နေမယ်ဆိုရင် သူဟာ ထူးခြားတဲ့အချိန်တွေ၊ အများနဲ့မတူ ကွဲပြားတဲ့အချိန်တွေမှာ အလုပ်လုပ်ရမှာကို ဂရုစိုက်လိမ့်မယ် မဟုတ်ပါဘူး။ သူဟာ သူ့မိတ်ဆွေဖြစ်သူတွေရဲ့ အလုပ်ချိန်တွေမျိုး ရနိုင်လိမ့်မယ် မဟုတ်ပါဘူး။ ဒါပေမဲ့ သူတို့ထဲက အတော်များများ ကတော့ သူ့ရဲ့ သိပ်ထူးခြားကောင်းမွန်တဲ့ လောကကြီးထဲကို ဝင်ရောက်ချင်ကောင်း ဝင်ရောက်ချင်နေကြမှာပါ။

ပြီးတော့ သူဟာ သိပ်ကောင်းမွန်တဲ့ အပေါင်းအသင်းတွေထဲ ရောက်ရှိသွား ပါလိမ့်မယ်။ ထူးခြားတဲ့အချိန်တွေမှာ အလုပ်လုပ်လေ့ရှိတဲ့ သူတွေထဲမှာ ဆရာဝန်တွေ၊ ရဲအမှုထမ်းတွေ၊ မီးသတ်သမားတွေ၊ လေယာဉ်ပျံမောင်းနှင်သူတွေနဲ့ ဆရာ ဆရာမအများကြီး ပါဝင်ပါတယ်။ ပြီးတော့လည်း လူအများစုနဲ့ မတူခြားနားတဲ့ အချိန်တွေမှာ အလုပ်လုပ် ရတာဟာ စိတ်လှုပ်ရှားစရာတစ်မျိုးလည်း ဖြစ်ပါတယ်။

ရုပ်ရှင်တွေထဲမှာဆိုရင် သတင်းစာတိုက်တွေကို သိပ်အလုပ်ရှုပ်ပြီး စိတ်လှုပ် ရှားစရာကောင်းတဲ့ နေရာတစ်ခုအဖြစ် ကျွန်တော်တို့ မကြာခဏ တွေ့မြင်ရတတ် ပါတယ်။ ကျွန်တော်တို့ဟာ တယ်လီဖုန်းခေါ်င်းလောင်းသံတွေ ကြားမယ်။ သုတ်သုတ် သုတ်သုတ်နဲ့ လှည့်ပတ်သွားနေကြတဲ့ သတင်းထောက်တွေကို တွေ့ရမယ်။ ပြီးတော့ ဖြစ်တတ်တာက လူတစ်ယောက်ဝင်လာပြီး ‘မျက်နှာဖုံးစာမျက်နှာကို ခဏဆိုင်း ထားပါဦး အယ်ဒီတာချုပ်’ လို့ အော်လိုက်တာကို ကြားရမယ်ပေါ့လေ။

သတင်းထောက်တွေ၊ အယ်ဒီတာတွေ အလုပ်လုပ်ကြတဲ့ အခန်းတွေဟာ အမှန်တကယ်ပဲ သိပ်အလှုပ်ရှုပ်တဲ့ နေရာတွေပါ။ အထူးသဖြင့် သတင်းအပြီးသတ် ရေးရမယ့်အချိန်မတိုင်ခင် ဒါမှမဟုတ် သိပ်အရေးပါတဲ့ အဖြစ်အပျက်တွေ ဖြစ်ပျက်တဲ့ အခါမျိုးတွေမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ တခြားအချိန်မျိုးတွေမှာတော့ သူတို့ဟာ သိပ်တိတ်ဆိတ်ငြိမ်သက်နေတာ မျိုးလည်းရှိနိုင်ပါတယ်။

ဒီစာအုပ်ကိုရေးတဲ့ စာရေးသူကတော့ သူ့ရဲ့ စာနယ်ဇင်းအတန်းတွေကို နယူးယောက်တိုင်းမ် သတင်းစာကို သွားရောက်လည်ပတ်ရင်း တက်ခဲ့တာပါ။ အဲဒီလိုမျိုး သွားလည်ပတ်အပြီးမှာ ကောလိပ်ကျောင်းသူ တစ်ယောက်ဟာ သတင်းထောက်တွေကို တခြား ဘာမှမလုပ်ဘဲ ထိုင်ပြီးစာဖတ်နေတာကိုပဲ တွေ့ခဲ့ရတဲ့အတွက် အံ့သြသွားခဲ့ရပါတယ်။ တကယ်တော့ အဲဒါဟာ ဘာမှမထူးဆန်းလှပါဘူး။ ကျွန်တော်တို့ဟာ သတင်းအပြီးသတ်ပေးရတဲ့ အချိန်တွေကြားမှာ သွားရောက်လည်ပတ်ခဲ့ကြတဲ့ အခါ သတင်းထောက်တွေဟာ သူတို့ကို ပေးအပ်လာမယ့် တာဝန်တွေကို စောင့်နေတတ်ကြတာ တွေ့နိုင်ပါတယ်။ အဲဒီလူတွေထဲက တစ်ယောက်ယောက်ဟာ သူ စာဖတ်တာကို ချက်ချင်းရပ်ပြီး သူ့ကို ဆယ်နာရီလောက် အလုပ်ရှုပ်သွားစေနိုင်တဲ့ သတင်းတစ်ခုရယူဖို့ စေလွှတ်ခံရကောင်း ခံရနိုင်ပါတယ်။ သတင်းစာအယ်ဒီတာရဲ့ တယ်လီဖုန်းမြည်သံတစ်ခုဟာ သတင်းစာရဲ့ စာမျက်နှာတစ်မှာ ရိုက်နှိပ်ဖော်ပြဖို့ တချို့သတင်းဆိုးတချို့ကို ရုတ်တရက် ယူဆောင်လာကောင်း ယူဆောင်လာနိုင်ပါတယ်။ ဒါပေမဲ့ မိခင်တစ်ဦးက ခြောက်မြွာပူး မွေးဖွားတာမျိုး ဖြစ်ချင်လည်း ဖြစ်နိုင်ပါတယ်။ တစ်မိနစ်အတွင်းမှာ သတင်းစာတိုက်ဟာ လှုပ်ရှားမှုတွေနဲ့ လှုပ်လှုပ်ရှားရှား အသက်ဝင်သွားနိုင်ပါတယ်။

၁၉၆၃ ခုနှစ် နေ့တစ်နေ့ရဲ့ မနက်ခင်းမှာ နယူးယောက်တိုင်းမ် သတင်းစာတိုက်ဟာ အတော်ကြီး တိတ်ဆိတ်ငြိမ်သက်နေခဲ့ပါတယ်။ နောက်တစ်နေ့အတွက် ရေးသားဖော်ပြဖို့ ထူးထူးခြားခြား သတင်းဆောင်းပါးဆိုလို့ ဘာတစ်ခုမှ မရှိပါဘူး။ အယ်ဒီတာတွေ အစားအသောက်စားဖို့ အပြင်ထွက်နေခဲ့ကြပါတယ်။ သတင်းစာတိုက်ရုံးခန်းထဲမှာ ဘယ်သူမှ မရှိတော့သလောက်ပါပဲ။

အဲဒီ တိတ်ဆိတ်ငြိမ်သက်တဲ့ မွန်းတည့်ချိန်မှာ အလုပ်လုပ်ဖို့ ရောက်လာတဲ့ အယ်ဒီတာတစ်ယောက်ပဲ သူ့စားပွဲမှာ ထိုင်နေခဲ့ပါတယ်။ အဲဒီအချိန်လေးမှာပဲ ရုံးခန်းထဲက လူတစ်ယောက်က သူ့ကို အေပီသတင်းဌာနက နောက်ဆုံးသတင်း တစ်ခုကို ပေးလိုက်ပါတယ်။ သတင်းကတော့ 'ဒါးလားစ်၊ ဒီကနေ့ သမ္မတကနေဒီ သေနတ်နဲ့ အပစ်ခံလိုက်ရ ． ． ．' ပဲ ဖြစ်ပါတယ်။

သတင်းအယ်ဒီတာက အလျင်အမြန်ပဲ တယ်လီဖုန်းကို

ကောက်ကိုင်လိုက်ပါ တယ်။ သူက ကာလီဖိုးနီးယားမှာရှိတဲ့ သတင်းထောက်တွေထဲက သူ့လူတစ်ယောက် ကို တက်ဆက်ပြည်နယ် ဒါးလာ့စ်ကို သွားဖို့ လှမ်းပြောလိုက်ပါတယ်။

တခြား သတင်းစာသမားတွေ ရုံးခန်းထဲကို ဝင်ရောက်လာတဲ့ အချိန်မှာ အယ်ဒီတာဟာ တယ်လီဖုန်းပြောနေဆဲပဲ ရှိပါသေးတယ်။ တခြားလူတွေလိုပဲ သူတို့ဟာ အပြင်ထွက် စားသောက်နေတဲ့အချိန်မှာ သတင်းကို ကြားခဲ့ကြပါတယ်။ အခုအချိန်မှာတော့ သတင်းလွှာတွေ တစ်ခုပြီးတစ်ခု ဝင်ရောက်လာနေပြီ ဖြစ်ပါတယ်။

ဒါးလာ့စ်ဟာ ရှိသမျှအရာတွေအားလုံး ဖြစ်ပျက်နေတဲ့ နေရာလို့တောင် ထင်ခဲ့ရပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ တခြားနေရာဒေသတွေကို ရောက်နေတဲ့ လူခြောက်ယောက်လောက်ကို တက်ဆပ်ပြည်နယ် ဒါးလာ့စ်မှာ သမ္မတ ကနေဒီတို့ လူစုနဲ့အတူ လိုက်ပါသွားတဲ့ နယူးယောက်တိုင်းမ် သတင်းစာက သတင်းထောက်ကို သွားကူဖို့ ချက်ချင်းပဲ စေလွှတ်ပေးခဲ့ပါတယ်။

ဒါးလာ့စ်က အဖြစ်အပျက်ကို ကြားကြားချင်းပဲ ဝါရှင်တန်ရုံးက လူတွေ အားလုံးဟာ သူတို့လုပ်လက်စ အလုပ်တွေအားလုံးကို ရပ်ဆိုင်းလိုက်ခဲ့ကြပါတယ်။ လူတွေက ဖြစ်သမျှအရာတွေကို သိရဖို့ တိုင်းမ်ရဲ့ရုံးခန်းကိုစပြီး တယ်လီဖုန်း ဆက်မေး နေကြပါပြီ။ အယ်ဒီတာရုံးခန်းမှာတော့ ထုတ်ဝေသူဟာ သတင်းစာအယ်ဒီတာချုပ်၊ သတင်းထောက်ချုပ်တချို့နဲ့ သတင်းစာဖတ်ပရိသတ်ကို ဖြစ်နိုင်သမျှ မြန်မြန်ဆန်ဆန် သတင်းရေးသားဖော်ပြပေးနိုင်ဖို့ အစီအစဉ် ချမှတ်နေခဲ့ပါတယ်။ လုပ်ကြံသတ်ဖြတ်မှု သတင်းအားလုံးကို ပထမစာမျက်နှာတွေမှာ ပုံနှိပ်ဖော်ပြကြမှာ ဖြစ်ပါတယ်။

မွန်းလွဲပိုင်း လေးနာရီမှာတော့ သတင်းစာတိုက်ရုံးခန်းဟာ သူတို့အနေနဲ့ တခြားသူတွေ လုပ်ဆောင်လှုပ်ရှားသလို လုပ်လို့မဖြစ်ဘဲ သတင်းစာသမားတွေ လုပ်ရမယ့်အလုပ်အတိုင်း လုပ်ကြဖို့ ကြိုးစားနေကြတဲ့ ဝမ်းနည်းကြေကွဲနေရှာတဲ့ လူတွေနဲ့ ပြည့်နှက်နေခဲ့ပါတယ်။ အဲဒီနေ့မှာ အလုပ်တာဝန်ယူဖို့မရှိတဲ့ အယ်ဒီတာတွေ၊ သတင်းထောက်တွေနဲ့ တခြားသူတွေရဲ့ အိမ်ကိုလည်း တယ်လီဖုန်းဆက်ပြီး အကြောင်း ကြားခဲ့ပါတယ်။ ဒါပေမဲ့ အများစုကတော့ သတင်းကို ကြားလိုက်ရတယ်ဆိုရင်ပဲ သူတို့ကို အကြောင်းကြားမခေါ်ယူခင် သတင်းစာတိုက်ကိုရောက်နှင့်ခဲ့ကြပြီး ဖြစ်ပါ တယ်။ အယ်ဒီတာတွေထဲက တစ်ဦးကတော့ သူ့လူတွေကို အဲဒီ လုပ်ကြံသတ်ဖြတ်မှု ပေါ်မှာ ပြည်သူလူထုတွေ ဘယ်လိုတွေးထင် ကြတယ်ဆိုတာ မေးမြန်းဖို့ လမ်းတွေပေါ် ကို အမြန်စေလွှတ်လိုက်ပါတယ်။

အဲဒါဟာ အရေးကြီးတဲ့ သတင်းအဖြစ်အပျက်တွေ ဖြစ်ပျက်တိုင်း သတင်း စာတိုက်တစ်ခုမှာ ဖြစ်ပျက်နိုင်တာတွေပဲ ဖြစ်ပါတယ်။

နေ့တစ်နေ့ရဲ့ ငြိမ်သက်တိတ်ဆိတ်နေတတ်တဲ့ အချိန်ကလေးတွေမှာတော့ သတင်းထောက်တွေ၊ အယ်ဒီတာတွေဟာ တခြားစီးပွားရေး လုပ်ငန်းတွေက လူတွေလိုပဲ အလုပ်သိပ်ရှုပ်နေတယ်ဆိုတဲ့ပုံမျိုး မရှိတတ်ကြပါဘူး။ သူတို့ဟာ စာဖတ်ရင် ဖတ်နေကြမယ်။ တခြားအလုပ်သမားတွေနဲ့ စကားပြောချင် ပြောနေကြမယ်။ ဒါမှ မဟုတ်လည်း ဘာမှမလုပ်ဘဲ နေချင်နေကြပါလိမ့်မယ်။ သူတို့ အလုပ်လုပ်တဲ့အချိန် မှာတော့ သူတို့ဟာ တကယ်တမ်း လုပ်တတ်ကြပြီး စာဖတ်တယ်ဆိုတာဟာ အထူး သဖြင့် သတင်းစာသမားတွေ အတွက်ကတော့ အချိန်ဖြုန်းတာ မဟုတ်ပါဘူး။

တချို့စာဖတ်မှုတွေဟာ လိုအပ်ပါတယ်။ အယ်ဒီတာတွေက သူတို့ရဲ့ သတင်းစာတွေကိုသာ မဟုတ်ဘဲ တခြားတွေးမြင်သုံးသပ်ပုံ မတူကွဲပြားကြတဲ့ သတင်းစာတွေကိုလည်း ဖတ်စေချင်ကြပါတယ်။ သတင်းထောက်တစ်ယောက်ဟာ အရင်က ဖြစ်ပျက်ခဲ့တာတွေအားလုံးကို သိထားမယ်ဆိုရင် သူဟာ သတင်းဆောင်းပါး တစ်ပုဒ်ကို ပိုပြီးကောင်းကောင်းမွန်မွန် ရေးသားနိုင်ပါလိမ့်မယ်။ တကယ်လို့ ခင်ဗျား တို့ဟာ သတင်းစာ တစ်စောင်အတွက် အလုပ်လုပ်ရပြီဆိုရင် ဘာတွေဖြစ်ပျက်တယ် ဆိုတာ သိကိုသိရပါလိမ့်မယ်။ အထွေထွေသတင်းထောက်တစ်ယောက်ဟာ သတင်း တစ်ခု စတင်ဖြစ်ပျက်ပြီးတဲ့အချိန်မှာ ဥပဒေအကြောင်းအရ တိုက်ခိုက်မှုအကြောင်း သတင်းရေးဖို့ တာဝန်ပေးအပ်ခံရကောင်း ခံရနိုင်ပါတယ်။ တကယ်လို့သာ သူ့အနေနဲ့ အဲဒီသတင်းအဖြစ်အပျက်ကို သတင်းစာထဲမှာ ဖတ်ရှုခဲ့ပြီးဖြစ်မယ်ဆိုရင် အဲဒီသတင်း ရေးသားဖို့တာဝန်ကို ပိုပြီးကောင်းအောင် ထမ်းဆောင်နိုင်ပါလိမ့်မယ်။

သူတို့ သိပ်အလုပ်မရှုပ်ကြတဲ့အချိန်မှာ သတင်းထောက်တွေဟာ အဲဒီနေ့မှာ ပဲဖြစ်ဖြစ်၊ နောက်တစ်နေ့မှာပဲဖြစ်ဖြစ် သူတို့ရေးသားကြမယ့် သတင်းအကြောင်း အရာတွေနဲ့ ပတ်သက်ပြီး သူတို့ ရှာဖွေလို့ရနိုင်သမျှ အားလုံးကို ဖတ်ကြလေ့ရှိပါတယ်။ သတင်းစာတိုက်တွေမှာ သတင်း ထောက်တွေ လိုအပ်မယ့် အချက်အလက်တွေကို ပေးနိုင်ဖို့ စာအုပ်တွေနဲ့ သတင်းစာဟောင်းတွေ သိမ်းဆည်းစုဆောင်းထားတဲ့အခန်းတွေ ရှိကြ ပါတယ်။ အဲဒီလို အထူးခန်းတွေကို သတင်းစာဟောင်းထားခန်း (Morgue) လို့ နားလည်ထားကြပါတယ်။

သတင်းစာသမား တစ်ယောက်ရဲ့ တစ်နေ့တာဟာ အခြေအနေ အမျိုးမျိုး ထဲက တစ်မျိုးမျိုးနဲ့ စတင်ရတတ်ပါတယ်။ သူ သတင်းစာတိုက်ကို ရောက်ရောက် ချင်းပဲ သတင်းတစ်ပုဒ် ရယူရေးသားပေးဖို့ စေလွှတ်ခံရနိုင်သလို လုပ်ငန်းတာဝန် ချပေးရဖို့ တစ်နာရီလောက်ထိုင်ရင်လည်း ထိုင်နေတတ်ပါတယ်။ တချို့နေ့တွေမှာတော့ ပထမနေ့က သူတို့ချမှတ်ပေးထားတဲ့ သတင်းရယူဖို့အတွက် သူ့အိမ်ကနေ သတင်းရှိ

ရာနေရာကို တိုက်ရိုက်သွားရင်လည်း သွားရတတ်ပါတယ်။ တချို့သတင်းထောက် တွေကျတော့ အိမ်ကနေ သတင်းစာတိုက်ကို ဖုန်းဆက်လေ့ရှိပြီး ဘာလုပ်ရမယ် ဆိုတာကို ဖုန်းကနေပဲ တာဝန်ပေးခံရတတ်ပါတယ်။ တစ်နေရာမှာပဲ အထိုင်ချပြီး သတင်းရယူပေးရတဲ့ သတင်းထောက် (Beatman) တွေကတော့ သတင်းစာတိုက် အယ်ဒီတာက အကြောင်းတစ်ခုခုနဲ့ မှာယူတာမျိုးမရှိဘဲလည်း အလုပ်ရှိရာကို သွားတတ်ကြပါတယ်။

အယ်ဒီတာတွေအားလုံးကတော့ ထူးခြားတဲ့ အချိန်ကာလတစ်ခုမှာ ဘယ် သတင်းထောက်ဟာ ဘယ်မှာရှိနေတယ်ဆိုတာ တာဝန်ပေးအပ်မှု စာရင်းမျိုး ရှိထားတတ်ကြပါတယ်။ အစိုးရ အစည်းအဝေးတွေလိုမျိုး ဖြစ်တော့မယ့် သတင်းတွေ ကို သူသိတဲ့အချိန်မှာ အယ်ဒီတာဖြစ်သူက မနက်အစောကြီးမှာပဲဖြစ်ဖြစ်၊ တစ်ည ကြိုပြီးပဲဖြစ်ဖြစ် တာဝန်ပေးအပ်မှုတွေ လုပ်ထားတတ်ကြပါတယ်။

ဒါပေမဲ့လို့ မီးလောင်မှုတွေနဲ့ တခြားအရာမျိုးတွေ ရုတ်တရက် ဖြစ်ပျက်လိမ့် မယ်ဆိုတာကိုတော့ ဘယ်သူမှ မသိနိုင်ပါဘူး။ ဖြစ်တဲ့အချိန် ကျတော့မှပဲ တာဝန်ပေး အပ်တာ ဖြစ်ပါတယ်။ အဲဒါကြောင့်ပဲ အယ်ဒီတာတွေဟာ သတင်းစာတိုက်မှာ အထွေထွေသတင်းထောက်တွေကို ထားပေးကြတာ ဖြစ်ပါတယ်။ အဲဒီလို ရုတ်တရက် ဖြစ်တတ်တဲ့ သတင်းမျိုးတွေ ရယူရေးသားဖို့ပေါ့လေ။

အယ်ဒီတာတွေဟာ သတင်းရယူဖို့ သွားကြတော့မယ့် သတင်း ထောက်တွေကို ခပ်တိုတိုတုတ်တုတ်နဲ့ မြန်မြန်ဆန်ဆန်ပဲ ညွှန်ကြားလေ့ ရှိပါတယ်။ သတင်းထောက်ဟာ သူ လုပ်ရမှာကို သိလိမ့်မယ်လို့ အယ်ဒီတာတွေက မျှော်လင့် ထားကြပါတယ်။ သူက နေရာတစ်ခုခုကို ဘယ်လိုရောက်အောင် သွားရမယ်ဆိုတာ မျိုးကိုတော့ အယ်ဒီတာကို မမေးသင့်ပါဘူး။ လမ်းကြောင်းကိုတော့ သူ့ဘာသာသူပဲ ရှာသင့်ပါတယ်။ အယ်ဒီတာဟာ အလုပ်ရှုပ်တဲ့သူတစ်ယောက်ဖြစ်ပြီး သူလည်း သိချင်မှ သိပါလိမ့်မယ်။ ကောင်းတာကတော့ လမ်းကိုထွက်ပြီး ရဲတစ်ယောက်ကို မေးလိုက်တာပါပဲ။ သတင်းစာသမားတစ်ယောက်ဟာ တစ်မြို့လုံးက လမ်းတွေကို သိနေသင့်ပါတယ်။ မြို့ကွက်မြေပုံကိုချပြီး လေ့လာတာလည်း ကောင်းပါတယ်။ သတင်းသမားတွေဟာ အားတဲ့အချိန်မှာ မြို့အနှံ့အပြား သူတို့ကိုယ်တိုင် လျှောက်သွား ကြပြီး ဘယ်နေရာမှာ ဘာတွေရှိတယ်ဆိုတာ သိထားအောင် လုပ်ထားကြရပါမယ်။ သတင်းသမား အမျိုးသမီး၊ အမျိုးသားတွေမှာ သိပ်အရေးကြီးတဲ့ တာဝန်တွေရှိပါတယ်။ သတင်းစာသမားတစ်ယောက်ဟာ သူ့ရဲ့ စာဖတ်ပရိသတ်အတွက်၊ သူ့ရဲ့သတင်းစာ အတွက်၊ သူ့ကို သတင်းစာ၊ သတင်းတွေနဲ့ သူ့ရဲ့အသက်မွေးမှုဘဝကို ပေးအပ်တဲ့သူ တွေအတွက် တာဝန်ရှိနေပါတယ်။ သူဟာ ယေဘုယျအားဖြင့် ပြည်သူလူထုအတွက်

လည်း တာဝန်ရှိနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက အဲဒီပြည်သူလူထုအပေါ်မှာ ပြုမူဆက်သွယ်ဆောင်ရွက်လိုက်တဲ့ အပြုအမူဟာ ပြည်တွင်းမှာပဲဖြစ်ဖြစ်၊ ပြည်ပနိုင်ငံ တွေမှာပဲဖြစ်ဖြစ် အဲဒီသတင်းကို ပြည်သူလူထုက နားလည်မှုအတွက် သိပ်အရေး ကြီးနေလို့ပဲ ဖြစ်ပါတယ်။

တက္ကသိုလ်က စာနယ်ဇင်းပညာ ဆရာတစ်ယောက်က တကယ်လို့များ သတင်းထောက်တစ်ယောက်ရဲ့ တစ်ခုတည်းသောတာဝန်ဟာ ဖြစ်ပျက်ခဲ့သမျှ အရာရာကို ရေးသားဖို့မဟုတ်ပဲဆိုရင်တော့ စာနယ်ဇင်းလုပ်ငန်းဟာ သူ့ရဲ့ အသက်မွေးမှုဖြစ်လိမ့်မယ် မဟုတ်ပါဘူး။ သတင်းထောက်ဆိုတာ ကျွန်တော်တို့ နေ့စဉ်ဘဝမှာ တန်ခိုးစွမ်းအားကြီးတဲ့ သူတစ်ယောက် ဖြစ်ပါတယ်။ သူဟာ ဆက်သွယ်မယ်၊ ရှင်းလင်းတင်ပြမယ် ပြီးတော့ တစ်ခါတစ်ရံမှာ ကမ္ဘာနဲ့အဝှမ်း ဖြစ်ပျက်လှုပ်ရှားနေတာတွေ၊ စိတ်ကူးတွေ့မြင်မှုတွေကို လူထုကို ချပြပေးပါတယ်။ သူက သူဆက်သွယ်နေကြတဲ့ သူတွေရဲ့ တွေးမြင်စဉ်းစားမှုတွေကို ပြောင်းလဲပေးနိုင်စွမ်း ရှိပါတယ်။ အဲဒါဟာ သူ့ရဲ့ စာဖတ်ပရိသတ်ကို လုပ်ဆောင်ပေးရမယ့် သတင်းသမားတစ်ယောက်ရဲ့ တာဝန်၊ သူ့အယ်ဒီတာချုပ်အတွက် သူလုပ်ဆောင်ပေးရမယ့် တာဝန်ပဲဖြစ်ပါတယ်။ ဒါပေမဲ့ ပထမဆုံး တာဝန်ကတော့ စာဖတ်ပရိသတ်အတွက်ပဲ ဖြစ်ပါတယ်။

စာနယ်ဇင်းသမားတစ်ယောက်ဟာ မှန်ကန်တဲ့အရာကိုပဲ ရေးရပါမယ်။ သူက တစ်စုံတစ်ယောက်၊ ဒါမှမဟုတ် အုပ်စုတစ်စုကို ကျေနပ်နှစ်သိမ့်မှုရစေဖို့ အချက်အလက်တွေကို ဘယ်တော့မှ ပြောင်းလဲ မပေးရပါဘူး။ အခုအချိန်မှာတော့ တချို့ ခင်ဗျားတို့ရဲ့ ပရိသတ်တွေဟာ ခင်ဗျားတို့ရဲ့ သတင်းဆောင်းပါးတွေကို နှစ်သက်ကောင်းမှ နှစ်သက်မယ်။ ဒေါသထွက်ရင်တောင် ထွက်နိုင်တယ်ဆိုတာ ခင်ဗျားတို့ သိလောက်ပါပြီ။ တကယ်လို့ ခင်ဗျားရဲ့ အချက်အလက်တွေဟာ မှန်ကန်နေမယ်ဆိုရင်တော့ အရေးကြီးဆုံးဟာ အဲဒါပဲဖြစ်ပါလိမ့်မယ်။ လူတိုင်းလူတိုင်းကို ကျေနပ်နှစ်သက်မှုပေးဖို့ဆိုတာကတော့ ခင်ဗျားတို့အတွက် မလိုအပ်ပါဘူး။ ခင်ဗျားတို့ရဲ့ ပရိသတ်တွေအတွက်ကတော့ သတင်းတွေကို ပြည့်ပြည့်စုံစုံ သိရလေ သတင်းဟာ မှန်ကန်လေ ပိုပြီးကောင်းလေပဲ ဖြစ်ပါတယ်။

သတင်းထောက်တစ်ယောက်ကို သတင်းဖြန့်ဖြူးပေးအပ်တဲ့ လူတချို့က သူတို့ရဲ့ အကျိုးစီးပွားအတွက် သူ့ကို အသုံးချဖို့ ကြိုးစားကောင်း ကြိုးစားနိုင်ပါတယ်။ သူတို့ဟာ သတင်းထောက်ကို ငွေပေးချင်ပေးမယ်၊ အင်အားသုံးချင်သုံးမယ်၊ ဒါမှမဟုတ် သူ့အပေါ် သိပ်ကောင်းပြရင် ပြကြပါလိမ့်မယ်။ မြို့ပြအုပ်ချုပ်ရေးပိုင်းက လူတစ်ယောက်ဟာ သူ့အစ်ကိုက မြို့ပြအုပ်ချုပ်ရေးအဖွဲ့က ငွေတွေကို ယူငင်သုံးစွဲနေတာကို လူထု သိသွားစေချင်လိမ့်မယ် မဟုတ်ပါဘူး။ လူတွေဟာ သူတို့မဟုတ်ကဟုတ်က လုပ်ခဲ့

တာကို သတင်းစာမှာ ပါမလာစေချင်ကြပါဘူး။ အဲဒီလို သတင်းဆောင်းပါးမျိုးတွေ ပုံနှိပ်ဖော်ပြမှုမလုပ်အောင် အားထုတ်ကြိုးစားတဲ့အနေနဲ့ တချို့လူတွေက သတင်းထောက်ဖြစ်သူရဲ့ အယ်ဒီတာကို ဒါမှမဟုတ် ထုတ်ဝေသူကို ပြောလာနိုင်ပါတယ်။ တကယ်လို့များ အယ်ဒီတာ၊ ထုတ်ဝေသူဟာ ပျော့ညံ့တဲ့သူတစ်ယောက် (တချို့က ပျော့ညံ့ကြပါတယ်) ဖြစ်နေမယ်ဆိုရင်တော့ သူ့ရဲ့သတင်းစာမှာ သတင်းကို ထည့်သွင်းဖော်ပြခြင်း မလုပ်ဖို့ သဘောတူကောင်း တူသွားနိုင်ပါတယ်။ ဒါပေမဲ့ အယ်ဒီတာချုပ်အများစုကတော့ သတင်းထောက်ဟာ အမှန်ကိုရေးသား တင်ပြထားတာ ဖြစ်မယ်၊ ကောင်းကောင်းမွန်မွန် ရေးသားတင်ပြထားတာ ဖြစ်မယ်ဆိုရင်တော့ သူ သတင်းထောက်နဲ့ သဘောထားချင်း ညီညွတ်ကြမှာ အမှန်ပါပဲ။

ခင်ဗျားတို့ နားလည်ထားကြသလိုပဲ သတင်းထောက်တွေ၊ အယ်ဒီတာတွေဟာ လူတိုင်းလူတိုင်းရဲ့ နှစ်သက်သဘောကျမှုကိုတော့ အမြဲတမ်းရနိုင်လိမ့်မယ် မဟုတ်ပါဘူး။ ပြီးခဲ့တဲ့ရာစုနှစ်ထဲမှာ အမေရိကန် ပြည်ထောင်စုက သတင်းစာသမားတော်တော်များများဟာ သေနတ်ကိုင်ဆောင်ခဲ့ကြပြီး မကြာခဏလည်း အဲဒီသေနတ်တွေကို အသုံးပြုဖို့ လိုအပ်ခဲ့ကြပါတယ်။ ၁၈၈၀ ခုနှစ်မှာ ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်စစ္စကိုက အယ်ဒီတာတစ်ယောက်ဟာ နိုင်ငံရေးတိုက်ပွဲတစ်ခုအပြီးမှာ သေနတ်နဲ့ ပစ်သတ်ခံလိုက်ရပါတယ်။ ဒီရာစုနှစ်ထဲမှာပဲ တခြားသတင်း စာသမားတချို့ အရိုက်အနှက်ခံခဲ့ကြရပါတယ်။ သတင်းစာတွေမှာ ဖော်ပြခဲ့တဲ့ သတင်းဆောင်းပါးတွေကို ဒေါသဖြစ်ခဲ့ကြပြီး လူတွေဟာ သတင်းစာတိုက်တွေထဲ အင်အားသုံးဝင်ရောက်ကြ၊ အထဲမှာ ရှိသမျှတွေကို ဖျက်ဆီးပစ်ခဲ့ကြပါတယ်။

ခင်ဗျားတို့ သိကြတဲ့အတိုင်းပဲ သတင်းစာလုပ်ငန်းဟာ အားနည်းပျော့ညံ့သူတွေရဲ့ အသက်မွေးမှုလုပ်ငန်းတစ်ခု မဟုတ်ပါဘူး။ သတင်းထောက်တွေဟာ မကြာခဏဆိုသလိုပဲ မိတ်ဆွေသဘော မဆောင်တဲ့သူမျိုးတွေနဲ့ တွေ့ဆုံရတတ်ပါတယ်။ အထူးသဖြင့်တော့ လူတွေမသိချင်တဲ့အရာမျိုးတွေ ဖြစ်လာတဲ့အခါမျိုးမှာပေါ့လေ။ အမေရိကန်ပြည်ထောင်စုက ပူလစ်ဇာဆု (Pulitzer Prize)ဆိုရင် သူတို့နေထိုင်ရာ မြို့ရွာတွေကို နေချင်စဖွယ် ပိုပြီးကောင်းမွန်တင့်တယ်တဲ့နေရာတွေ ဖြစ်လာအောင် ကြိုးပမ်းအားထုတ်ခဲ့ကြတဲ့ သတင်းစာသမား အမျိုးသား အမျိုးသမီးတွေကို ပေးအပ်တဲ့ စာနယ်ဇင်းလုပ်ငန်းရဲ့ အရေးအကြီးဆုံး ဂုဏ်ပြုဆုတစ်ခု ဖြစ်ပါတယ်။ သိပ်မကြာသေးခင် နှစ်ကာလက ကာလီဖိုးနီးယားသတင်းစာလေးတစ်စောင်ဟာ လက်မခံသင့်တဲ့ ငွေကြေးကို ရဲတွေက ဘယ်လိုလက်ခံရယူခဲ့တယ်ဆိုတဲ့အကြောင်းကို အကြောက်အရွံ့မရှိ ရေးသားဖော်ပြပေးခဲ့တဲ့အတွက် ဂုဏ်ပြုခံခဲ့ရပါတယ်။

အဲဒီလို စာနယ်ဇင်းသမားတွေရှိဖို့ အများကြီး လိုအပ်ပါတယ်။ သတင်းထောက်တစ်ယောက် လုပ်နိုင်တဲ့အရာတွေထဲမှာ အရေးအကြီးဆုံးတစ်ခုကတော့ သူနေထိုင်ရာ မြို့ရွာကို ပိုပြီးကောင်းမွန်တဲ့ နေထိုင်ချင်စရာ နေရာတစ်ခု ဖြစ်လာရအောင် ကူညီလုပ်ဆောင်ပေးတာပဲ ဖြစ်ပါတယ်။

မှန်ကန်တာကို လုပ်ဆောင်ခြင်းဟာ ဆရာဝန်တွေ၊ တရားသူကြီးတွေလိုပဲ သတင်းစာသမားတွေအတွက် အရေးကြီးလှပါတယ်။ ဘာတွေလုပ်သင့်တယ်၊ ဘာတွေကိုတော့ မလုပ်သင့်ဘူးဆိုတဲ့ စာရင်းဇယား မျိုးမရှိပါဘူး။ ဒါပေမဲ့ လူတစ်ယောက်ရဲ့ စိတ်ထဲမှာ၊ နှလုံးသားထဲမှာ ဘာကမှန်ပြီး ဘယ်ဟာက မှားတယ်ဆို သိနေတတ်ပါတယ်။ သတင်းစာသမားတစ်ယောက်ဟာ သူ့ကို သတင်းပေးလာသူက မပြောစေချင်ရင် သူဟာ အဲဒီသတင်းကို ဘယ်ကရခဲ့တယ်ဆိုတာ ပြောလိမ့်မယ် မဟုတ်ပါဘူး။ သတင်းထောက်တွေဟာ ဖွင့်မပြောဘဲနေကြတဲ့အတွက် အကျဉ်းထောင်တွေထဲကိုတောင် ရောက်သွားတတ်ကြပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ နေရာအများစုမှာ ဥပဒေအရာရှိတစ်ယောက်အဖြစ် တာဝန်ယူထားတဲ့ တရားသူကြီးတစ်ယောက်က သူ့ရဲ့သတင်းကို ဘယ်နေရာက ရခဲ့တယ်ဆိုတာ မေးမြန်းလာတဲ့အခါ အဖြေမပေးဘဲနေမိတဲ့ သတင်းထောက်တစ်ယောက်အနေနဲ့ အကျဉ်းထောင်ကို ရောက်သွားနိုင်ပါတယ်။

နယူးယောက် ဟာရယ်လ်ထရီးဗြူးန် (New York Herald Tribure) သတင်းစာရဲ့ အမျိုးသမီး သတင်းထောက်တစ်ယောက်ဆိုရင် သူမ ရေးသားဖော်ပြခဲ့တဲ့ ထင်ရှားကျော်ကြားတဲ့ အဆိုတော်တစ်ယောက်နဲ့ ပတ်သက်တဲ့သတင်းကို သူမကို ဘယ်သူကပေးခဲ့တယ်ဆိုတာ မဖြေခဲ့လို့ ဆယ်ရက် အချုပ်အနှောင်ခံခဲ့ဖူးပါတယ်။ အဆိုတော်က အဲဒီသတင်းဆောင်းပါးအတွက် ဒေါသထွက်သွားခဲ့ပြီး တရားသူကြီးကို သတင်းပေးလိုက်သူရဲ့နာမည်ကို ဖော်ထုတ်ပေးဖို့ တောင်းဆိုခဲ့တာပါ။ ဒါကို သတင်းထောက် အမျိုးသမီးက အဖြေမပေးခဲ့ပါဘူး။ သတင်းထောက် ဒါမှမဟုတ် အယ်ဒီတာတစ်ယောက်မှာ ဖော်ပြရမယ့်နေ့ထက်စောပြီး မဖော်ပြရမယ့် သတင်းမျိုးကို လက်ခံရရှိတဲ့အချိန်မှာ ပြဿနာတစ်ခု ရှိလာတတ်ပြန်ပါတယ်။ အဲဒီနေ့မတိုင်မှာ အဲဒီသတင်းဆောင်းပါးကို ပုံနှိပ်ဖော်ပြတာ မလုပ်ဖို့ သူ့ကိုတားဆီးနိုင်တဲ့ဥပဒေ မရှိပါဘူး။ ဒါပေမဲ့ ဂုဏ်သိက္ခာရှိတဲ့ စာနယ်ဇင်းသမားတစ်ယောက်ဟာ အဲဒီလိုအလုပ်မျိုးကို လုပ်လိမ့်မယ် မဟုတ်ပါဘူး။ သူတို့ဟာ သူတို့ကို သတင်းဖြန့်ဖြူးပေးအပ်တဲ့ လူတွေရဲ့ ယုံကြည်မှုကို ရရှိကြသလို တခြားစာနယ်ဇင်းသမားတွေရဲ့ ယုံကြည်မှု ကိုပါ ရရှိတတ်ကြပါတယ်။

စာနယ်ဇင်းသမားတစ်ယောက်အနေနဲ့ ဖြစ်နိုင်တဲ့ အခြေအနေ ရှိမယ်ဆိုရင် ပြဿနာတစ်ခုရဲ့ ဘက်နှစ်ဘက်စလုံးကို ရေးသားဖော်ပြပေးဖို့အထိ ဂုဏ်သိက္ခာရှိဖို့ဟာ

အရေးကြီးဆုံးဖြစ်ပါတယ် ဆိုကြပါစို့။ အစိုးရလူတစ်က အစိုးရလူနှစ်ဟာ အမှားကျူးလွန်နေပြီလို့ ပြောလာမယ်ဆိုရင် အစိုးရလူနှစ်မှာ အဲဒီအတွက် တုံ့ပြန်ပြောကြားခွင့် ရှိနေပါမယ်။ သတင်းတစ်ခုရဲ့ ဘက်တစ်ဘက်တည်းကိုပဲ ဖော်ပြရှင်းလင်းပြတတ်တဲ့ သတင်းစာသမားတစ်ယောက်ဟာ တရားမျှတမှု မရှိပါဘူး။ နိုင်ငံရေးအုပ်စုတစ်ခုတည်းနဲ့ ပတ်သက်ပြီးသာ ရေးသားဖော်ပြပေးပြီး တခြားအုပ်စုနဲ့ပတ်သက်ပြီး ဖော်ပြရေးသားမပေးတဲ့ နိုင်ငံရေးသတင်းပေးပို့ချက် တစ်ခုဟာလည်း မကောင်းလှပါဘူး။

အရေးပါတဲ့ သတင်းစာအယ်ဒီတာ အုပ်စုတစ်ခုကဆိုရင် လူတစ်ယောက်မကြားမသိရအောင်လုပ်ပြီး၊ အဲဒီလူရဲ့ နာမည်ဂုဏ်သတင်းပျက်စီးအောင် ရေးသားပုံနှိပ်ဖော်ပြတာမျိုး၊ မလုပ်သင့်ဘူးလို့ ပြောကြားပါတယ်။

လေးစားထိုက်တဲ့ သတင်းထောက်တစ်ယောက်ဟာ တစ်ခုလုံးရဲ့ နားလည်နိုင်မှုကို လုံးဝပြောင်းလဲသွားစေနိုင်တဲ့ လူတစ်ယောက်ရဲ့စကား တစ်စိတ်တစ်ပိုင်းကို အသုံးပြုရမှာ မဟုတ်ပါဘူး။ အဲဒီမှာလည်း တကယ်တော့ ဘာမှထူးထူးဆန်းဆန်း မဟုတ်ပါဘူး။ တကယ်လို့သာ ခင်ဗျားဟာ လေးစားထိုက်တဲ့ လူတစ်ယောက်ဖြစ်မယ်ဆိုရင် ခင်ဗျားဟာ လေးစားထိုက်တဲ့ စာနယ်ဇင်းသမားတစ်ယောက် ဖြစ်လာမှာပါပဲ။

သတင်းစာသမား အများစုဟာ သူ့ပတ်ဝန်းကျင်က လူတွေအားလုံးက ယုံကြည်ရတဲ့ လူကောင်းသူကောင်းတွေ ဖြစ်ကြပါတယ်။ ဒါပေမဲ့ တချို့သတင်းစာသမား အနည်းအကျဉ်းကတော့ သူတို့လုပ်သင့်တာကို မလုပ်ကြဘဲ သတင်းစာလုပ်ငန်းရဲ့နာမည်ကို ဖျက်ဆီးတတ်ကြပါတယ်။ အဲဒီသတင်းစာသမားတွေဟာ အများအားဖြင့် မကောင်းတဲ့ သတင်းထောက်တွေဘဲဖြစ်ကြပါတယ်။အမှန်တကယ်ကောင်းမွန်တဲ့ သတင်းထောက်တစ်ယောက်ဟာ မကောင်းတဲ့ နည်းနာတွေသုံးဖို့မလိုအပ်ဘူးဆိုတာ သိပါတယ်။ အဲဒီလို သတင်းထောက်မျိုးတွေဟာ လေးစားဂုဏ်ယူထိုက်အောင်နေထိုင်ပြီး အမှန်ကိုသာ ရေးသားဖော်ပြခြင်းအားဖြင့် သူတို့ရဲ့ နာမည်ကိုကောင်းမွန်အောင် ထိန်းသိမ်းတတ်ကြပါတယ်။

စာနယ်ဇင်းသမားတစ်ယောက်ဟာ သူ့မြို့မှာတော့ အရေးကြီးတဲ့ လူတစ်ယောက်ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူဟာ မြို့ကြီးအုပ်ချုပ်ရေးရဲ့ ဦးစီးအရာရှိတွေနဲ့ တခြားအရေးပါတဲ့ လူတွေကို သိပါတယ်။ သူ့ရဲ့ မိတ်ဆွေတွေနဲ့ အိမ်နီးနားချင်းတွေက မြို့ရွာနဲ့ပတ်သက်တဲ့ ပြဿနာတွေနဲ့ ကမ္ဘာ့အရေးကိစ္စတွေမှာ သူ့ရဲ့ ထင်မြင်ယူဆချက်ကို မကြာခဏ တောင်းခံရယူလေ့ ရှိကြပါတယ်။ သူတို့က သူဟာ သူတို့ထက်ပိုပြီး သိမြင်နားလည်ပြီး အများအားဖြင့် သူ့ရဲ့ ထင်မြင်ယူဆ

ချက်တွေဟာ မှန်ကန်တတ်တယ်လို့ ယုံကြည်ထားကြလို့ပဲ ဖြစ်ပါတယ်။

သူ့ရဲ့သတင်းစာရဲ့ အရှိန်အဝါဟာလည်း သတင်းထောက်တစ်ယောက်ကို အရေးပါအရာရောက်စေပါတယ်။ သူက မြို့ပြအုပ်ချုပ်ရေး အစည်းအဝေးတစ်ခု အကြောင်း ရေးသားဖော်ပြတဲ့အခါမျိုးမှာ သူဟာ သူ့ရဲ့သတင်းစာကိုယ်စား ဆောင်ရွက်လုပ်ကိုင်တာ ဖြစ်ပြီး သူ့ကို ကောင်းကောင်းမွန်မွန် လက်ခံတွေ့ဆုံ တတ်ကြပါတယ်။ သူ အသုံးပြုဖို့ စာပွဲတစ်လုံး အဆင့်ဆင့်ရရှိနိုင်သလို သူ ဆန္ဒရှိမယ်ဆိုရင်လည်း မြို့ပြခေါင်းဆောင် ပိုင်းတွေနဲ့ အလွယ်တကူပဲ စကားပြောဆိုခွင့် ရရှိနိုင်ပါတယ်။

ဒါပေမဲ့လို့ မဆိုစလောက် စာနယ်ဇင်းသမားတချို့ကတော့ မြို့ပြအုပ်ချုပ် ရေးမှာ သူတို့ကိုယ်နှိုက်က တစ်စိတ်တစ်ပိုင်း ပါဝင်နေတတ်ပါတယ်။ သူတို့က သူတို့ရဲ့ တွေးမြင်ယူဆမှုတွေနဲ့ လှုပ်ရှားမှုတွေဟာ တရားမျှတမှု မရှိနိုင်ဘဲ တစ်ချိန် တည်းမှာ အုပ်ချုပ်ရေးပိုင်းနဲ့ သူတို့ရဲ့ သတင်းစာကို အညီအမျှ သဘောထားလို့ မဖြစ်နိုင်ဘူးလို့ နားလည်ထား ကြပါတယ်။

အမေရိကန်ပြည်ထောင်စုက တချို့သတင်းထောက်တွေနဲ့ အယ်ဒီတာ တွေက နိုင်ငံရေးလောကထဲ ဝင်ရောက်ချင်တဲ့ဆန္ဒနဲ့ သတင်းစာလုပ်ငန်းကို စွန့်လွှတ် ဖို့ဆုံးဖြတ်တတ်ကြပါတယ်။ တကယ်လို့ သူတို့ အောင်မြင်သွားပြီး လူထုက သူတို့ကို ခေါင်းဆောင်အဖြစ် ရွေးချယ်ကြမယ်ဆိုရင် စာနယ်ဇင်းသမားတွေ ဘဝမှာ သူတို့သင်ယူ ထားခဲ့ကြတာတွေဟာ သူတို့ရဲ့ လုပ်ငန်းအသစ်မှာ အသုံးသိပ်ဝင်နေတယ်ဆိုတာ တွေ့ရပါလိမ့်မယ်။ အရေးပါတဲ့ အမေရိကန်အစိုးရ အုပ်ချုပ်ရေးပိုင်းက လူတော် တော်များများဟာ သတင်းစာသမားတွေ ဖြစ်ခဲ့ကြပါတယ်။ စာနယ်ဇင်း သမားတွေဟာ သတင်းစာသမားတွေအဖြစ် ယုံကြည်မှုခံခဲ့ရသလို၊ အဲဒီလို ယုံကြည်ခံရမှုကြောင့်ပဲ အစိုးရအုပ်ချုပ်ရေးပိုင်းတာဝန်တွေမှာ တာဝန်ထမ်းဆောင်ဖို့ တောင်းဆိုတာကို ခံခဲ့ကြ ရပါတယ်။ တခြား သတင်းစာသမားတွေကတော့ စီးပွားရေးလုပ်ငန်းတွေဘက်ကို ရောက်သွားကြတာမျိုးရှိသလို ဥပဒေဘက်တော်သား ဖြစ်လာကြသူတွေလည်း ရှိပါတယ်။

သတင်းစာသမားတစ်ယောက်ဟာ လုပ်ငန်းတိုင်းအတွက် ပြင်ဆင်ထားရမှာ ဖြစ်ပါတယ်၊ လူတွေကို သူ သိသလို နားလည်း နားလည်ပါတယ်၊ ပြီး သူတို့နဲ့လည်း ဆက်သွယ် နိုင်စွမ်း ရှိပါတယ်။ စာနယ်ဇင်းပညာဟာ သိပ်ကောင်းတဲ့ အသက်မွေးမှု လုပ်ငန်းတစ်ခု ဖြစ်ပေမယ့် အနေးနဲ့အမြန်ဆိုသလို သတင်းထောက်တစ်ယောက်အဖြစ် ခင်ဗျားတို့ ဟာ 'တချိန်တုံးက ကျွန်တော်ကိုယ်တိုင် သတင်းစာသမားတစ်ယောက် ဖြစ်ခဲ့ဖူးပါ တယ်' လို့ ပြောမယ့်လူတစ်ယောက်ယောက်နဲ့ တွေ့ဆုံရပါလိမ့်မယ်။

◈ ◈ ◈ ◈ ◈

**ဒီရေဦးစာပေ**

## တာဝန်ပေးအပ်ခြင်း အိမ်မီးလောင်ခြင်း

သတင်းစာတစ်စောင်ဟာ သူ့ရဲ့လုပ်ငန်းဆောင်တာတွေကို ဘယ်လိုလုပ်ဆောင်တာတွေကို နားလည်နိုင်ဖို့ အမေရိကန် သတင်းစာတစ်စောင်ရဲ့ အလုပ်ခန်းကို သွားကြရအောင်ပါ။

အလုပ်မရှုပ်တဲ့နေ့ တစ်နေ့ဖြစ်ပါတယ်။ သတင်းလိုက်အယ်ဒီတာဟာ ပုံနှိပ်ဖော်ပြရမယ့် သတင်းရေးသားချက်တချို့ကို ဖတ်နေပါတယ်။ သတင်းထောက်တွေလည်း အလုပ်သိပ်မရှိကြပါဘူး။ တချို့ သတင်းထောက်တွေက သိပ်အရေး မကြီးတဲ့ သတင်းဆောင်းပါးတွေ ရေးနေကြပြီး တချို့က စာဖတ်နေကြပါတယ်။

ရဲစခန်းရဲ့ သတင်းထောက်များလုပ်ငန်း (press room)မှာတော့ သတင်းစာရဲ့ ရဲစခန်းသတင်းထောက် (ဂျိုးလို့ပဲ ခေါ်ကြပါစို့)လည်း ဘာမှ သိပ်လုပ်စရာ မရှိလှပါဘူး။ ရုတ်တရက် နံရံက ခေါင်းလောင်းသံ ကျယ်ကျယ်လောင်လောင် မြည်ဟိန်းလာပါတယ်။ မြို့ရဲ့ တစ်နေရာမှာ မီးလောင်နေပြီဆိုတာကို ပြတာပဲ ဖြစ်ပါတယ်။ ဂျိုးက တယ်လီဖုန်းကို အလျှန်အမြန် ကောက်ယူလိုက်ပြီး မီးဘယ်မှာလောင်နေတယ်ဆိုတာ လှမ်းမေးလိုက်ပါတယ်။ နောက် သူ့လိုပဲ ခေါင်းလောင်းသံကို ကြားကောင်းကြားပြီးမှာဖြစ်တဲ့ သူ့ရဲ့ မြို့တော်သတင်း အယ်ဒီတာဆီကို တယ်လီဖုန်းဆက်ပါတယ်။ မြို့ရဲ့ အချက်ပေးခေါင်းလောင်းစနစ်ကို သတင်းစာတိုက် အတော်များများနဲ့ ရဲစခန်း သတင်းထောက်အလုပ်ခန်း အတော်များများက ကြားနိုင်ပါတယ်။

မြို့ထဲက အဆောက်အဦတစ်ခုမှာ မီးအကြီးအကျယ် လောင်ကျွမ်းနေခဲ့ပါပြီ။ ဂျိုးက သူ့နေရာမှာပဲ သူနေပါလိမ့်မယ်။ မီးလောင်မှု သတင်းကို သတင်းစာတိုက် အလုပ်ခန်းထဲမှာ ထိုင်စာဖတ်နေတဲ့ တခြား အထွေထွေ

သတင်းထောက်တစ်ယောက် (ဘီလ်လို့ပဲ ထားပါတော့)က ရေးပါလိမ့်မယ်။ သတင်းစာအယ်ဒီတာက သူ့ကိုခေါ်ပြီး မီးလောင်နေတဲ့ နေရာကို ပြောပြအပြီးမှာ ဘီလ်က ဓာတ်ပုံဆရာ တစ်ယောက်နဲ့အတူ သတင်းစာတိုက်က ထွက်လာခဲ့ပါတယ်။ အချိန်က မွန်းလွဲပိုင်း လေးနာရီဖြစ်ပါတယ်။

သတင်းထောက်ဘီလ်ဟာ မီးစတင်လောင်ကျွမ်းခဲ့တဲ့ အဆောက်အဦကို ချက်ချင်းလိုလိုပဲ ရှာတွေ့သွားပါတယ်။ သူဟာ မီးသတ်သမားတွေရဲ့ ဦးစီးအရာရှိ၊ သူ့ရဲ့ အရာရှိတွေ၊ အကူအညီပေးသူတွေနဲ့ မီးလောင်နေတာကို မြင်ခဲ့ရသူတွေ၊ မီးလောင်တဲ့ အဆောက်အဦတွေထဲက ထွက်လာနိုင်ခဲ့ကြသူတွေဆီက သတင်း အချက်အလက်တွေ ရရှိခဲ့ပါတယ်။ သူက သူ့ပတ်လည်မှာရှိတဲ့ မြင်ကွင်းကို သတိပြု မိပါတယ်။ ဘီလ်ဟာ သူ့ရဲ့စာဖတ်ပရိသတ်အတွက် ပြည့်စုံတဲ့ သတင်းပေးပို့ချက်တစ်ခု ပေးအပ်နိုင်ဖို့ အားထုတ်ကြိုးပမ်းရမှာ ဖြစ်ပါတယ်။

သတင်းဖြတ်တောက် ပိတ်ပင်မှု (Censorship) ဆိုတဲ့ စကားလုံးဟာ နှစ်သက်စရာစကားလုံး မဟုတ်ပါဘူး။ အမေရိကန်အစိုးရရဲ့ ဥပဒေက သတင်းစာ လွတ်လပ်ခွင့်ကို အာမခံ ကတိပြုထားခဲ့ပါတယ်။ အမေရိကန်အစိုးရက သတင်းစာ တွေကို ဘာကို ပုံနှိပ်ဖော်ပြပါဆိုတာကို ပြောလိမ့်မယ် မဟုတ်ပါဘူး။ ဒါပေမဲ့လို့ သတင်းစာ ရိုက်နှိပ်ထုတ်ဝေလိုက်တဲ့အချိန်မှာ ပါသွားတဲ့ သတင်းအချက်အလက် အားလုံးကို သိဖို့ဆိုတာ အမြဲတမ်းတော့ မဖြစ်နိုင်ပါဘူး။ အဲဒါဟာ မီးသတ်ဦးစီးအရာ ရှိကို ကူညီပံ့ပိုးကြသူတွေက မီးဟာ အဆောက်အဦကို မီးတင်ရှို့ခဲ့တဲ့ လူတစ်ယောက် ကြောင့် လောင်ကျွမ်းခဲ့တာ ဖြစ်တယ်ဆိုတဲ့အကြောင်းကို ဦးစီးအရာရှိကို ပြောပြလိုက် တဲ့အခါမှာ ဖြစ်သွားခဲ့တာပါ။ မီးသတ်ဦးစီးအရာရှိက သတင်းထောက်ဘီလ်ကို အဲဒီအချက် ထည့်မပြောဘဲ ထားခဲ့ပါတယ်။ မီးသတ်ဦးစီးအရာရှိက အဲဒီအချက်ကို ရဲတွေက မီးရှို့တဲ့လူကို ဖမ်းလို့မမိသေးခင်မှာ သတင်းစာက ထည့်သွင်းဖော်ပြတာကို မလိုလားပါဘူး။ အဲဒါဟာ သတင်းပိတ်ပင်မှု ပုံသဏ္ဍာန်တစ်ခုကို ဖြစ်စေခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘီလ်က သူ မသိတဲ့အချက်ကို ရေးသားနိုင်မှာ မဟုတ်လို့ပဲ ဖြစ်ပါတယ်။

သူ ရနိုင်သမျှ သတင်းအချက်အလက်အားလုံးကို ရယူပြီးတဲ့အချိန်မှာ ဘီလ်ဟာ သတင်းစာတိုက်ကို ဖုန်းဆက်ပါတော့တယ်။ အဲဒီအချိန်ဟာ မွန်းလွဲပိုင်း ငါးနာရီဖြစ်ပါတယ်။ နောက်တစ်ကြိမ်ထုတ်ဝေမယ့် သတင်းစာအတွက် သတင်းရေး သားပေးပို့ရမယ့် နောက်ဆုံးအချိန်က ၅နာရီ ၄၅မိနစ် ဖြစ်ပါတယ်။ ဘီလ်က သတင်းရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းတွေလောက်ပဲ သတင်းအယ်ဒီတာကို ပြောပြပါတယ်။ အယ်ဒီတာဟာ ရှည်လျားတဲ့သတင်းတွေကို မလိုချင်သလို အချိန်လည်း သူ့မှာမရှိပါ

ဘူး။ တကယ်လို့ ခာတ်ပုံဆရာကသာ တယ်လီဖုန်းမဆက်ခဲ့ဘူးဆိုရင် အယ်ဒီတာက သတင်းထောက်ကို ခာတ်ပုံတွေရဲ့ အခြေအနေကို မေးပါလိမ့်မယ်။

ဘီလ်အနေနဲ့ သတင်းစာတိုက်ကိုပြန်ပြီး သတင်းရေးသားဖို့ အချိန်မရှိတော့ပါဘူး။ အဲဒီအတွက် သတင်းအယ်ဒီတာက သူ့ကို အမြန်ဆုံး သတင်းပြန်ရေးသားပေးနိုင်တဲ့သူ (ဟယ်ရီလို့ပဲ ထားပါတော့) နဲ့ တယ်လီဖုန်းကနေ သတင်းပေးပို့ဖို့ ပြောပါတယ်။ အချိန်များများစားစား မရှိတော့တဲ့အတွက်ဘီလ်က ဟယ်ရီကို မီးလောင်မှုနဲ့ ပတ်သက်တဲ့ အရေးအကြီးဆုံး အကြောင်းအရာတွေလောက်ပဲ ပြောပြပါတယ်။ ဘီလ်က သူ့ရဲ့ အဆုံးအဖြတ် ဒါမှမဟုတ် သတင်းပိတ်ပင်ဖြတ်တောက်တဲ့ ပုံသဏ္ဍာန်တစ်ခုကို အသုံးပြုပြီး အမှန်လို့ သူသိထားတဲ့ အချက်အလက် တွေကိုပဲ ပြောပြတာဖြစ်ပါတယ်။

ဟယ်ရီဟာ နာရီဝက်လောက်တောင်မရှိတဲ့ အချိန်အတွင်းမှာ မှန်ကန်ကောင်းမွန်တဲ့ သတင်းတစ်ပုဒ်ကို ရေးရပါမယ်။ အချက်အလက်အရ သူက ဘီလ်ကို ယုံကြည်ပါတယ်။ ဘယ်ဟာက အရေးကြီးတယ်၊ ဘယ်ဟာက အရေးမကြီးဘူးဆိုတဲ့ သူ့ရဲ့အဆုံးအဖြတ်ကတော့ ကွဲပြားကောင်း ကွဲပြားနိုင်ပါတယ်။ သူ သတင်းရေးနေတဲ့အချိန်မှာ အချိန်ကုန် သက်သာအောင်ပဲဖြစ်ဖြစ်၊ တချို့အချက်အလက်တွေကို သိပ်အရေးကြီးတယ်လို့ သူမထင်လို့ပဲဖြစ်ဖြစ် သတင်းအစိတ်အပိုင်း တော်တော်များများကို သူက ဖယ်ထားပစ်ကောင်း ဖယ်ထားနိုင်ပါသေးတယ်။

ဒါပေမဲ့ သတင်းကတော့ မပြည့်စုံသေးပါဘူး။ မီးက လောင်နေတုံးပဲ ရှိပါသေးတယ်။ ဘီလ်မှာ သတ်မှတ်ချိန်အတွင်း သတင်းအပြီးပေးပို့ဖို့ အချက်အလက် လုံလောက်ရုံလောက်ပဲ ရှိပါသေးတယ်။

ဘီလ်က ဟယ်ရီနဲ့ စကားပြောနေတဲ့အချိန်မှာ သတင်းလိုက် အယ်ဒီတာက သတင်းအယ်ဒီတာကို မီးလောင်မှုနဲ့ ပတ်သက်တဲ့သတင်းဟာ ဆယ်ကော်လံစာလောက် ရမယ်လို့ မျှော်လင့်တဲ့အကြောင်း ပြောပြပါတယ်။ ရိုက်ယူထားတဲ့ သတင်းခာတ်ပုံတွေ အကြောင်းကိုလည်း သူက ပြောပြပါတယ်။ သတင်းအယ်ဒီတာက သတင်းအတွက် နေရာ၊ ခာတ်ပုံ စာပုံစံပေါ်မှာ စီစဉ်နေရာချပါလိမ့်မယ်။

ဘီလ်ဟာ သတင်းအချက်အလက်အားလုံးကို ဟယ်ရီကို ပြောပြအပြီးမှာ သတင်းစာတိုက်က ဘီလ်ကို မီးလောင်မှုဖြစ်ပွားတဲ့ နေရာမှာပဲ ဆက်နေပြီး တိုက်ကို နာရီဝက်တစ်ခါ ဖုန်းဆက်ဖို့ ပြောလိုက်ပါတယ်။ အယ်ဒီတာတွေဟာ သူတို့လွှတ်ထားတဲ့ သတင်းထောက်တွေဆီက သတင်းစကား မကြားရတဲ့အခါမှာ စိုးရိမ်စိတ်ပူလာတတ်ကြပါတယ်။ ခာတ်ပုံဆရာဟာ သူ့ရဲ့ သတင်းခာတ်ပုံတွေနဲ့ သတင်းစာတိုက်ဆီကို ပြန်လာနေပါပြီ။ ဘီလ် အခင်းဖြစ်ပွားရာမှာ ရှိနေတုန်းအချိန်မှာပဲ အယ်ဒီ

တာတွေက နောက်တစ်ကြိမ် သတင်းစာအတွက် အစီအစဉ်ချမှတ်ရေးဆွဲ ရပါတယ်။ မီးလောင်ရာနေရာမှာဖြစ်တဲ့ အဖြစ်အပျက်က သတင်းစာပေါ်က သတင်းရဲ့ နေရာ အပြောင်းအလဲကို ဖြစ်စေနိုင်ပါတယ်။

မီးဟာ အတော်ကြီး ကြီးတယ်ဆိုရင် ဘီလ်ကို အကူအညီပေးဖို့ တခြား သတင်းထောက်တွေကိုပါ တိုက်က ထပ်ပြီးစေလွှတ်ပေးပါတယ်။ သတင်းဓာတ်ပုံ ရိုက်တဲ့ ဓာတ်ပုံဆရာ အသစ်တစ်ယောက်လည်း သူ့နဲ့အတူရှိနေပြီး ဖြစ်ပါတယ်။ မီးလောင်ဒဏ်ရာရထားတဲ့ သူတွေနဲ့ စကားပြောဖို့လည်း သတင်းထောက် တစ်ယောက်ကို စေလွှတ်ရင် စေလွှတ်ပေးတတ်ပါတယ်။

သတင်းပြန်ရေးပေးသူ ဟယ်ရီဟာ ဖြစ်နိုင်သမျှ မြန်မြန်လုပ်နေပါတယ်။ သူ့မှာ အဲဒီလိုမျိုးအတွက် အတွေ့အကြုံရှိပြီးဖြစ်သလို အလုပ်ကိုလည်း ကောင်းကောင်း လုပ်နိုင်ပါတယ်။ သတင်းရေးသား ပြင်ဆင်ပေးတဲ့ လူငယ်လေးတစ်ယောက်က သူရေးသားနေတဲ့ စာမျက်နှာတွေကို မြို့တော်သတင်း အယ်ဒီတာဆီကို အလျင်အမြန် ယူသွားပါတယ်။

သတင်းလိုက်အယ်ဒီတာက သတင်းကို ဖတ်ပါတယ်။ သတင်းရဲ့ နိဒါန်း ပိုင်းက သိပ်ရှည်လျားလွန်းနေတယ်လို့ သူထင်တဲ့အခါ စကားလုံးတချို့ကို တည်းဖြတ် ပေးလေ့ ရှိပါတယ်။ သူဟာလည်း အတွေ့အကြုံရှိပြီး အလုပ်ကို အလျင်အမြန် လုပ်ဆောင်တတ်ပါတယ်။

အဲဒီနောက်တော့ သတင်းအယ်ဒီတာဆီကို ရောက်သွားပြီး သူက တခြားအပြောင်းအလဲကို လုပ်ကောင်းလုပ်နိုင်ပါတယ်။ ပြီးသွားတဲ့ အချိန်မှာ သတင်းကို ရေးထားတဲ့ အချက်အလက်အားလုံး မှန်မမှန် တစ်ခါပြန်ဖတ်ပြီး အမည်ပေး ခေါင်းစဉ်တပ်ပါတယ်။ နောက် သတင်းတွေ ပုံနှိပ်ဖို့ ပြင်ဆင်မှုပြုလုပ်ရာ အထူးခန်းထဲကို ပို့ပေးလိုက်ကြပါတယ်။

သတင်းကောင်းတစ်ခုဟာ ရှင်းလင်းပြီး လိုရင်းတိုရှင်း ဖြစ်သင့်ပါတယ်။ ခင်ဗျားတို့ပြောချင်တာကို ရိုးစင်းတဲ့ စကားလုံး အနည်းအကျဉ်းလောက်နဲ့ ပြောသင့် ပါတယ်။ သတင်းရဲ့ အရေးကြီးတဲ့အစိတ်အပိုင်းဟာ ပထမဆုံး စာကြောင်းတွေမှာ ရှိသင့်ပြီး အရေးအကြီးဆုံးအစိတ်အပိုင်းက အဆုံးနိဂုံးပိုင်းမှာ ရှိသင့်ပါတယ်။ တကယ်လို့ အယ်ဒီတာတစ်ယောက်ဟာ သတင်းကို တိုတောင်းအောင် လုပ်ချင်တယ်ဆိုရင် အရေးမကြီးဆုံးအပိုင်းရှိတဲ့ သတင်းရဲ့ အဆုံးပိုင်းကိုပဲ ဖြတ်တောက်ပစ်ဖို့ လိုပါလိမ့်မယ်။

သတင်းရဲ့ အလယ်ပိုင်းက အစပိုင်းမှာ ဖော်ပြထားတဲ့သတင်းနဲ့ ပတ်သက်ပြီး ပိုပြီးပြည့်ပြည့်စုံစုံ ပြောပြနိုင်ရပါတယ်။ ကောင်းကောင်းစီစဉ် ရေးသားထားတဲ့ သတင်း တစ်ပုဒ်ဟာ အရေးကြီးတဲ့ အရာတိုင်းကို ဖြစ်နိုင်သမျှမြန်မြန် စာဖတ်သူကို

ပြောပြနိုင်ပါတယ်။ သတင်းမှာ မလိုအပ်တဲ့အရာတွေကို မပါဝင်ပါဘူး။

မှန်တဲ့ အချက်အလက်တွေကိုပဲ ရေးသားဖော်ပြခြင်းဟာ ကောင်းမွန်တဲ့ အရေးအသားအတွက်ရော သတင်းတစ်ခုအတွက်ပါ အရေးကြီးတယ်ဆိုတာကိုလည်း သတိရသင့်ပါတယ်။ အချက်အလက်တွေက မှားနေလို့ကတော့ ကမ္ဘာ့အကောင်းဆုံး အရေးအသားဟာလည်း ဘာတန်ဖိုးမှ ရှိမှာမဟုတ်ပါဘူး။ သတင်းစာတစ်စောင်အနေနဲ့ မမှန်ကန် တဲ့ အရာတွေကို ရိုက်နှိပ်ဖော်ပြမိမယ်ဆိုရင် ဥပဒေအကြောင်းအရ ပြဿနာနဲ့ ရင်ဆိုင်ရတတ်ပါတယ်။ အဲဒါကြောင့်ပဲ သတင်းစာတစ်စောင်ကို ပုံနှိပ်ထုတ်ဝေမှုမလုပ်ခင်မှာ သတင်းအချက်အလက်တွေကို အကြိမ်များစွာ ပြန်ပြီးလေ့လာစစ်ဆေးရတာပဲ ဖြစ်ပါတယ်။

သတင်းခေါင်းစဉ်ကလည်း အရေးကြီးပါတယ်။ အဲဒါက ဘာတွေဖြစ်ပွားခဲ့တယ်ဆိုတာကို လူတစ်ယောက်က ဖတ်ချင်လာအောင် လုပ်ပေးနိုင်ပါမယ်။ ဒါပေမဲ့လို့ သတင်းရဲ့ အကြောင်းအရာနဲ့ပတ်သက်ပြီး မပြောပြနိုင်တဲ့ သတင်းခေါင်းစဉ်ကတော့ ဆိုးဝါးတဲ့ စာနယ်ဇင်းပညာပါပဲ။

တစ်ခါတလေ အယ်ဒီတာတစ်ယောက်ဟာ သတင်းရေးသား ပေးပို့ချက်တစ်ခုကို လက်ခံချင်မှ လက်ခံပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒါဟာ သူ့အနေနဲ့ စိတ်ဝင်စားစရာကောင်းတယ်လို့ မထင်လို့ပဲ ဖြစ်ပါတယ်။ တချို့အချိန်တွေမှာတော့ သွေးထွက်သံယို အသတ်အဖြတ်တွေ သိပ်များလွန်းလို့ပဲ ဖြစ်ပါတယ်။ သတင်းစာတွေ အိမ်တွေကို ရောက်သွားတာဖြစ်ပြီး အတော်များများက မိသားစုသတင်းစာတွေ ဖြစ်နေကြပါတယ်။ အသတ်အဖြတ် သတင်းတွေလို သတင်းတွေမှာ ဘယ်လောက်များများ ပြောဆိုဖော်ပြသင့်တယ်ဆိုတာ ဆုံးဖြတ်တဲ့နေရာမှာ အယ်ဒီတာတစ်ယောက်ရဲ့ ကောင်းမွန်တဲ့ အဆုံးအဖြတ်ဟာ လိုအပ်ပါတယ်။ မကြာ ခဏဆိုသလို သတင်းစာမှာ ဖော်ပြပေးဖို့ နေရာမရှိတဲ့ အကြောင်းတစ်ခုတည်းကြောင့်ပဲ ရယူရေးသားပေးပို့လိုက်တဲ့ သတင်းတစ်ပုဒ်ကို ရိုက်နှိပ်ဖော်ပြပေးဖို့ မဖြစ်နိုင် ဖြစ်ရတတ်ပါတယ်။

အခု ဘီလ်ဆီ ပြန်လှည့်ကြရအောင်ပါ။ တစ်နာရီခွဲလောက် ကြာသွားပြီးတဲ့အချိန်မှာတော့ မီးက ငြိမ်းသလောက် ဖြစ်သွားပါပြီ။ အဲဒီမှာ ရှိနေကြတဲ့ သူတွေလည်း ထွက်သွားခဲ့ကြပါပြီ။ သတင်းထောက်ဟာ သူ့ပတ်ပတ်လည်ကို တစ်ချက်ထပ်ကြည့်လိုက်ပြီး သတင်းစာတိုက်ကို တယ်လီဖုန်း ဆက်လိုက်ပါတယ်။ ပထမဦးဆုံး မီးလောင်မှုသတင်းကို သူ့တိုက်ကို ပြန်ပို့ပြီးတဲ့ အချိန်ကစပြီး အဖြစ်အပျက်တွေ အများကြီး ဖြစ်သွားခဲ့ပါပြီ။ လူခုနစ်ယောက် သေဆုံးပြီး မီးသတ်သမား ငါးဦးဒဏ် ရာရသွားခဲ့ပါတယ်။

မြို့တော်သတင်းအယ်ဒီတာက ဘီလ်ကို သတင်းစာတိုက်ကို ပြန်ခေါ်ယူလိုက်ပြီး အခု သူသိပြီးသမျှ အချက်အလက်ကို ထပ်ဖြည့်ပြီး သတင်းစာမှာ ဖော်ပြခဲ့ပြီးဖြစ်တဲ့ မီးလောင်မှုသတင်းကို ပြန်ရေးသားပေးဖို့ ပြောပါတယ်။ အလျင်စလို မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ နောက်ထပ်သတင်းစာ ထုတ်ဝေမယ့်အချိန်က ည ၉နာရီ ဖြစ်နေလို့ပါပဲ။ သတင်းထောက်အတွက် အစားအသောက်စားဖို့ အချိန်တောင်မှ ရပါသေးတယ်။ တကယ်လို့ သူထက်စောပြီး ထုတ်ဝေမှုတစ်ခု ရှိခဲ့မယ်ဆိုရင် မီးလောင်တဲ့နေရာက နောက်ထပ်သတင်းတစ်ပုဒ်ရယူဖို့ သူ့ကို စေခိုင်းတာမျိုးကို ရှိတတ်ပါတယ်။ အကြောင်းကတော့ သူက တာဝန်ပေးအပ်မှု တစ်ခုကနေ သတင်းစာတိုက် မပြန်ခင်မှာ တိုက်ကို အမြဲလိုလို တယ်လီဖုန်းဆက်လေ့ ရှိလို့ပါပဲ။ တစ်ခါတစ်ရံမှာတော့ သတင်းလိုက်တဲ့ သတင်းထောက်တစ်ယောက်ဟာ တစ်နေကုန် တာဝန်ပေးတဲ့ နေရာတစ်ခုကနေ တခြားနေရာတစ်ခုကို ကူးသွားနေရတတ်ပါတယ်။

အခုတော့ ဘီလ် တိုက်ကိုပြန်လာခဲ့ပါပြီ။ ည မြို့တော်သတင်း အယ်ဒီတာက သတင်းဆောင်းပါး ရှည်ကြီးတစ်ခုအတွက် နေရာတွေအများကြီး ရှိသေးတဲ့အကြောင်း ပြောလိုက်ပါတယ်။ သတင်းအသစ်တစ်ခုကို မရေးခင်မှာ ဘီလ်က သတင်းစာတိုက်ရဲ့ ရဲစခန်းသတင်းထောက်နဲ့ မီးသတ်ဦးစီးအရာရှိဆီကို သူ အဲဒီမှာရှိခဲ့တဲ့ အချိန်ကနေ အခုအချိန်အထိ အသစ်ထပ်ပြီး ဖြစ်ပျက်ခဲ့တာ ရှိမရှိ သေချာအောင် ဖုန်းဆက်မေးပါတယ်။ ပြီးတော့ သူ စရေးပါတော့တယ်။ တစ်နာရီ မပြည့်တတ်တဲ့ အချိန်အတွင်းမှာပဲ သတင်းက ပြီးသွားခဲ့ပါတယ်။ ဘီလ်က သူရေးထားတဲ့ သတင်းကို ဖတ်ပါတယ်။ ဟိုနေရာ ဒီနေရာက စကားလုံး တစ်လုံးတလေ ဖြုတ်ပစ်ပါတယ်။ သတင်းဆောင်းပါးရဲ့အပေါ်မှာ သူ့ နာမည်တွေ့ရဖို့ သူက မျှော်လင့်ထားပါတယ်။ ဒါပေမဲ့ သူကိုယ်တိုင်တော့ အဲ့ဒီနေရာက သူ့နာမည်ကို ရေးလိမ့်မယ်မဟုတ်ပါဘူး။ အဲဒါဟာ မြို့တော် သတင်းအယ်ဒီတာ သူ့ကို ပေးအပ်နိုင်တဲ့ တစ်ခုတည်းသော ဂုဏ်ပြုမှုပဲ ဖြစ်ပါတယ်။

ပင်တိုင်ဆောင်းပါးရှင်တွေနဲ့ ကျော်ကြားထင်ရှားတဲ့ သတင်းထောက်တွေ တချို့လောက်ပဲ သူတို့ရဲ့နာမည်ကို ရေးနိုင်ခွင့်ရပါတယ်။ လက်သင်တွေတော့ မရေးသင့်ပါဘူး။ အယ်ဒီတာဖြစ်သူက သတင်းထောက်တစ်ယောက်ဟာ အထူးကောင်းမွန်တဲ့ အလုပ်တစ်ခုကို လုပ်ဆောင်ပြီးမြောက်ခဲ့ပြီလို့ ထင်မြင်ယူဆတဲ့ အချိန်ရောက်မှ လက်သင် တစ်ယောက်ကို သူ့ရဲ့ကိုယ်ပိုင်နာမည်တပ်ခွင့် ပေးပါလိမ့်မယ်။

ဘီလ်က မီးလောင်မှုသတင်းကို အပြီးသတ်လိုက်ပါပြီ။ မီး လောင်ရာနေရာမှာ ဓာတ်ပုံတွေရိုက်ခဲ့တယ်ဆိုတာကို သူ သိပါတယ်။ ဒါပေမဲ့ ဘယ်ပုံတွေကို သတင်းစာမှာ ထည့်သွင်းဖော်ပြမယ်ဆိုတာကို ဆုံးဖြတ်မှာကတော့ အယ်ဒီတာပဲ

ဖြစ်ပါတယ်။

သူ ရေးသားထားပြီးတဲ့သတင်းကို အယ်ဒီတာကို ပေးပြီးတဲ့ အခါမှာတော့ ဘီလ်ဟာ သူ့ကို နောက်ထပ်ပေးအပ်လာမယ့် တာဝန်ကို စောင့်နေလိုက်ပါတယ်။ အဲဒီတာဝန်ပေးအပ်မှုဟာ သုံးမိနစ်၊ ဒါမှမဟုတ် တစ်နာရီအတွင်း ရောက်ချင်ရောက် လာနိုင်ပါတယ်။ ဒါပေမဲ့ အခုအချိန် လေးမှာတော့ သူဟာ စာအုပ်တစ်အုပ်ယူပြီး ဖတ်နေလိုက်ပါတယ်။

## သတင်းစာတည်းဖြတ်ခြင်း

အယ်ဒီတာတွေမှာလည်း စိတ်လှုပ်ရှားစရာအလုပ်တွေ ရှိပါတယ်။ ဒီကနေ့ အယ်ဒီတာတွေဟာ လူထောင်ပေါင်းများစွာ ဒါမှမဟုတ် သန်းပေါင်းများစွာ ဖတ်ကြရမယ့် အရေးကြီးတဲ့ အရာအတော်များများကို အလျင်အမြန် အဆုံးအဖြတ် ပေးနိုင်ရပါမယ်။

သတင်းစာတစ်စောင်ကို တည်းဖြတ်ရတဲ့အလုပ်ဟာ အံ့သြစရာကောင်းတဲ့ အလုပ်တစ်ခုပါ။ ဒါပေမဲ့ တစ်ခုတော့ ရှင်းရှင်းလင်းလင်းဖြစ်အောင် လုပ်ထားရပါမယ်။ အဲဒါဟာ သတင်းစာပညာမှာ ထိပ်ဆုံးကနေစဖို့အတွက် မြန်ဆန်တဲ့ နည်းစနစ်တစ်ခုတော့ မဟုတ်ပါဘူး။ အယ်ဒီတာတွေဟာ အစက သတင်းထောက်တွေ၊ စာရေးသူတွေ ဖြစ်ကြပါတယ်။ သတင်းတစ်ခုကို ဘယ်လိုလိုက်ရမယ်၊ ဘယ်လိုရေးရမယ်ဆိုတာ မသိဘဲနဲ့တော့ ခင်ဗျားတို့ဟာ အယ်ဒီတာကောင်းတစ်ယောက် မဖြစ်နိုင်ပါဘူး။

အယ်ဒီတာဟာ ဘာသတင်းကို ရယူရမယ်၊ သတင်းစာမှာ ဘာသတင်းကို ဖော်ပြရမယ်ဆိုတာ ဆုံးဖြတ်ရပါတယ်။ သူတို့က ဘယ်လို စိတ်ကူးစိတ်သန်းမျိုးတွေဟာ သတင်းဆောင်းပါးကောင်းတွေ ဖြစ်လာနိုင်တယ်ဆိုတာ သိမြင်နိုင်စွမ်း ရှိရပါမယ်။ အယ်ဒီတာတွေမှာ သတင်းထောက် တွေအတွက် ပူလစ်ဇာ စာပေဆု ရလာစေနိုင်တဲ့ စိတ်ကူးတွေးမြင်မှုမျိုး ရှိရပါမယ်။

အယ်ဒီတာဟာ မမှန်မကန် တင်ပြထားတဲ့အရာလား၊ ဒါမှမဟုတ် ဆိုးဝါးတဲ့ အဆုံးအဖြတ်ကို ပြသနေတဲ့ အရာလားဆိုတာ သိမြင်နိုင်ဖို့ သတင်းစာမှာ ပုံနှိပ်ဖော်ပြဖို့ ပြင်ဆင်ထားတဲ့ သတင်းရေးသားချက် တစ်ခုကို ဖတ်ရမှာဖြစ်ပါတယ်။ အတော်လေး ကောင်းမွန်တဲ့ ရေးသားတင်ပြမှုတစ်ခု ဖြစ်သလားဆိုတာကိုလည်း သူ သိမြင်နိုင်ရပါတယ်။ တစ်ခါတလေမှာ သတင်းထောက်တွေက အယ်ဒီတာ သူတို့ရဲ့ သတင်းရေး

သားချက်တွေကို ဖတ်နေတာတွေ့ရင် ထိတ်လန့်စိုးရိမ်တတ်ကြပါတယ်။ ဒါပေမဲ့ အယ်ဒီတာကောင်းတစ်ယောက်အနေနဲ့ စကားလုံးလေး အနည်းအပါးလောက် အပြောင်းအလဲလုပ်ပြီး မကောင်းတဲ့ ရေးသားတင်ပြမှုတစ်ခုကို ကောင်းမွန်သွားအောင် လုပ်ပေးနိုင်ပါတယ်။ သတင်းထောက် တော်တော်များများဟာ ပုံနှိပ်ဖော်ပြလိုက်တဲ့အချိန်မှာ သူတို့ရဲ့ သတင်းရေးသားချက်တွေ အတော်ကြီးကောင်းနေတာကိုကြည့်ပြီး အံ့သြနှစ်သက် သွားတတ်ကြပါတယ်။

အယ်ဒီတာတွေဟာ အများအားဖြင့် သတင်းဆောင်းပါးရှင်အဖြစ် အမည်ခံလေ့ မရှိကြပါဘူး။ ဒါပေမဲ့ သတင်းစာမှာ ဖော်ပြတဲ့ သတင်းဆောင်းပါးကောင်း တော်တော်များများကို သူတို့တွေ ရေးသားခဲ့ကြတာ ဖြစ်ပါတယ်။ သတင်းထောက်တစ်ယောက်ဟာ သူ့ရဲ့ သတင်းရေးသားချက်ထဲမှာ အပြောင်းအလဲ လုပ်ထားတာတွေကြည့်ပြီး အများကြီး သိမြင်နားလည်သွားနိုင်ပါတယ်။ တကယ်လို့သာ သတင်းထောက် တစ်ယောက်ဟာ ပါးနပ်လိမ္မာမယ်ဆိုရင်တော့ အဲဒီအပြောင်းအလဲတွေကနေ အများကြီး သင်ယူတတ်မြောက်သွားပြီး သူ့လက်ရာတွေဟာ ပိုပြီး သတင်းစာပညာရှင် ဆန်လာပါလိမ့်မယ်။

အယ်ဒီတာ အမျိုးမျိုးအစားစား ရှိကြပြီး သူတို့အားလုံးဟာ အရေးကြီးတဲ့ လုပ်ငန်းဆောင်တာတွေကို လုပ်ဆောင်နေကြတာ ဖြစ်ပါတယ်။

## မြို့တော်သတင်းအယ်ဒီတာ

အမေရိကန်ပြည်ထောင်စုမှာ အထွေထွေသတင်းထောက်တစ်ယောက် ဒါမှမဟုတ် ဒေသသတင်းထောက်တစ်ယောက်ရဲ့ အထက်မှာ အကြီးအမှူးအဖြစ် တာဝန်ခံအယ်ဒီတာတစ်ယောက် ရှိနေပါတယ်။ သူက သတင်းထောက်တွေကို တာဝန်ချထားပေးတာ၊ သူတို့ရဲ့ သတင်းရေးသားမှုတွေကို တည်းဖြတ်တာ၊ သူတို့တွေကို အခကြေးငွေ ပိုပြီးပေးဖို့ ဒါမှမဟုတ် အလုပ်က ရပ်စဲလိုက်ဖို့ စတာတွေကို ဆုံးဖြတ်ရပါတယ်။

မြို့တော်သတင်းအယ်ဒီတာဟာ မြို့ထဲမှာ ဖြစ်ပျက်နေသမျှ အားလုံးကို သိရပါမယ်။ ပြီးတော့ မြို့ရဲ့သမိုင်းနဲ့ နိုင်ငံရေးကိုလည်း သိရပါမယ်။ သတင်းစာမှာ သူ စပြီး အလုပ်လုပ်တဲ့အချိန်မှာ ရဲစခန်းတွေ၊ မြို့အုပ်ချုပ်ရေးရုံးတွေကို သွားပြီး သတင်းယူပေးခဲ့ရတာမျိုး လုပ်ကောင်း လုပ်ခဲ့ရနိုင်ပါတယ်။ သူဟာ သတင်းထောက်တွေရဲ့ ပြဿနာတွေကို နားလည်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူကိုယ်တိုင်လည်း သတင်း ထောက်ဖြစ်ခဲ့လို့ပဲ ဖြစ်ပါတယ်။ စာနယ်ဇင်းလုပ်ငန်းဟာ မြောက်မြားစွာသော အောင်မြင်ထင်ရှားတဲ့ မြို့တော်သတင်းအယ်ဒီတာတွေကို ထွက်ပေါ် လာစေခဲ့ပါတယ်။

မြို့ငယ်တစ်မြို့က မြို့တော်သတင်းအယ်ဒီတာ တစ်ယောက်ဟာ အများအားဖြင့် အလုပ်သိပ်များတတ်ပြီး သူ့ကို အကူအညီပေးမယ့် လူရယ်လို့လည်း မရှိပါဘူး။ သူက တာဝန်တွေကို ချထားပေးရုံသာ မဟုတ်ဘဲ သတင်းခေါင်းစဉ်တွေ ရေးပေးရ၊ သတင်းရေးသားချက်တွေကို တည်းဖြတ်ရသလို တယ်လီဖုန်း ဆက်သွယ်မှုတွေကိုလည်း အဖြေပေးရပါတယ်။ သူကိုယ်တိုင် သတင်းသွားလိုက်ပြီး သတင်းဆောင်းပါးတစ်ပုဒ် ရေးချင်လည်း ရေးရနိုင်ပါတယ်။

မြို့ကြီးတစ်မြို့က မြို့တော်သတင်းအယ်ဒီတာ တစ်ယောက်ဟာလည်း အလုပ်ရှုပ်တာပါပဲ။ ဒါပေမဲ့ ရောက်လာတဲ့ အစုလိုက် အပြုံလိုက် သတင်းရေးသား ချက်တွေကို တည်းဖြတ်တဲ့နေရာမှာ သူ့ကို အကူအညီ ပေးမယ့်သူတွေ ရှိနေပါတယ်။ သူ့ကို အကူအညီပေးကြတဲ့ သူတွေထဲက တချို့ဆိုရင် သူ့ကိုယ်စား အလုပ်တာဝန် ချထားပေးတာ၊ အရေးကြီးတဲ့ မေးခွန်းတွေကို အဖြေပေးတာမျိုး လုပ်ခွင့်ရကြပါတယ်။

နေ့စဉ်ထုတ် သတင်းစာကြီးတွေမှာတော့ နေ့ပိုင်းတာဝန်ခံ အယ်ဒီတာ အလုပ်ချိန်ပြီး အိမ်ပြန်တဲ့အချိန်မှာ အလုပ်ဝင်ရတဲ့ည မြို့တော်သတင်းအယ်ဒီတာ တစ်ယောက်တည်း ရှိပါတယ်။ မနက်ခင်း သတင်းစာတစ်စောင်မှာ ဆိုရင်တော့ ညမြို့တော်သတင်းအယ်ဒီတာဟာ ညနေခြောက်နာရီကစပြီး မနက်သုံးနာရီလောက် ထိ အလုပ်လုပ်နိုင်ပါတယ်။ မွန်းလွဲပိုင်း သတင်းစာတစ်စောင်မှာတော့ သူဟာ မနက်ခြောက် နာရီကနေ မွန်းလွဲပိုင်း နှစ်နာရီအထိ အလုပ်လုပ်ရနိုင်ပါတယ်။

အမေရိကန်ပြည်ထောင်စုမှာတော့ အယ်ဒီတာဖြစ်ချင်တဲ့ သတင်းစာသမား တစ်ယောက်ဟာ အများအားဖြင့် အယ်ဒီတာကို ကူညီလုပ်ကိုင်ပေးရတဲ့ သူတစ်ယောက်အဖြစ် စတင်လုပ်ကိုင်ရတတ်ပါတယ်။ မြို့တော်သတင်းအယ်ဒီတာက သတင်းစာသမား တစ်ယောက်ဟာ အယ်ဒီတာကောင်း ဖြစ်နိုင်မဖြစ်နိုင် အဆုံးအဖြတ် ပေးရတတ်ပြီး၊ သူ အလုပ်လုပ်လို မလုပ်လို သူ့ကိုမေးရတတ်ပါတယ်။ ဒါမှမဟုတ် သတင်းစာသမား ကိုယ်တိုင်က အလုပ်ကို တောင်းကောင်းတောင်းနိုင်တာပေါ့လေ။

သတင်းစာတစ်စောင်ရဲ့ သတင်းအလုပ်ခန်းဟာ စီးပွားရေးရုံး ခန်းတစ်ခန်းနဲ့ မတူပါဘူး။ သတင်းစာသမားတစ်ယောက်ဟာ အယ်ဒီတာတစ်ယောက် ဖြစ်မလာ ခဲ့ရင်လည်း သူဟာတော့ သူ့လုပ်ငန်းမှာ မအောင်မမြင်ဖြစ်ခဲ့ရပြီလို့ မထင်မြင် မယူဆ တတ်ပါဘူး။ အောင်မြင်မှုဆိုတာကို သူ့ကိုတာဝန်ပေးအပ်ခံခဲ့ရတဲ့ ထိပ်တန်းသတင်း ပေါင်း ဘယ်လောက်ရှိပြီ၊ သူ့ရဲ့ကလောင်နာမည်ကို ဘယ်နှကြိမ် ဖော်ပြခံခဲ့ရပြီ၊ သတင်းစာတိုက်မှာရှိတဲ့ တခြားသတင်းထောက်တွေထက် ဝင်ငွေအားဖြင့် သူ ဘယ်လောက်ပိုများ ရခဲ့ပြီဆိုတဲ့အချက်တွေနဲ့ အဆုံးအဖြတ် ပေးတာ ဖြစ်ပါတယ်။ တချို့သတင်းထောက်တွေဟာ သူတို့ရဲ့ မြို့တော်သတင်းအယ်ဒီတာတွေထက် ဝင်ငွေပိုပြီးတောင် ကောင်းတတ်ပါတယ်။ ဒါပေမဲ့ ဒါမျိုးက အမြဲတမ်းတော့လည်း မဟုတ်ဘူးပေါ့လေ။ အယ်ဒီတာ မဖြစ်ချင်တဲ့ သတင်းထောက်တွေလည်း ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့တွေဟာ သတင်းထောက်ဘဝ၊ စာရေးသူဘဝကို ပိုပြီး ပျော်မွေ့ကြလို့ပဲ ဖြစ်ပါတယ်။ အယ်ဒီတာတစ်ယောက်ကို စာဖတ်သူတွေက သိပ်မသိ ကြပါဘူး။ ဒါပေမဲ့ သတင်းထောက်တစ်ယောက်ကိုတော့ သူတို့ရဲ့ ကလောင်နာမည် ကိုဖတ်ပြီး သိကြပါတယ်။

တချို့ သတင်းထောက်တွေကျတော့လည်း သတင်းစာတိုက် ရုံးခန်းထဲမှာ စားပွဲတစ်လုံးနဲ့ထိုင်ပြီး လုပ်ရတဲ့ အလုပ်မျိုးနဲ့ စရိုက်သဘာဝအားဖြင့် မကိုက်ညီကြတာလည်း ရှိပါတယ်။ အဲဒီလိုမျိုးတွေကတော့ အများအားဖြင့် အထွေထွေလုပ်ငန်းတာဝန်မျိုးကိုပဲ ပြန်ပေးဖို့တောင်း ဆိုတတ်ကြပါတယ်။

အယ်ဒီတာတစ်ယောက် ဖြစ်ချင်တဲ့ သတင်းစာသမား တစ်ယောက်အနေနဲ့ကတော့ အဲဒါကို မြို့တော်သတင်းအယ်ဒီတာကို ပြောပြသင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ အဲဒီလိုဆန္ဒရှိမှန်း သူ့ရဲ့ အကြီးအမှူးက သိချင်မှသိမှာ ဖြစ်လို့ပါပဲ။ တကယ်လို့ သတင်းစာသမားတစ်ယောက်ဟာ အဲဒီလုပ်ငန်းမျိုးကို နှစ်သက်သဘောကျမယ်ဆိုရင် သတင်းထောက်တွေ မသိနိုင်တဲ့ စိတ်လှုပ်ရှားမှုတစ်မျိုးကို ခံစားရတတ်ပါတယ်။ အရေးပါတဲ့ သတင်းစာစောင်ရဲ့ တာဝန်ခံအယ်ဒီတာတစ်ယောက်ကတော့ သတင်းစာတိုက်ရဲ့ ရုံးခန်းထဲမှာ အလုပ်လုပ်ရတာမျိုးဟာ အစပိုင်းမှာတော့ သိပ်စိတ်ဝင်စားစရာကောင်းတယ်လို့ မထင်ရတတ်ပါဘူး။ ဒါပေမဲ့ အဲဒီနေရာမှာ ထိုင်နေတဲ့ လူရဲ့ရှေ့မှာတော့ မြို့ကြီးထဲမှာ ဖြစ်ပျက်ခဲ့သမျှ သတင်းအဖြစ်အပျက်တွေနဲ့ သူ့ပတ်ဝန်းကျင် မြို့လေးထဲမှာ ဖြစ်ပျက်ခဲ့သမျှ သတင်းအဖြစ်အပျက်တွေ ရှိနေကြပါတယ်။ သတင်းထောက်တစ်ယောက်ဟာ ဖြစ်ပျက်ခဲ့တာတစ်ခုရဲ့ အစိတ်အပိုင်း တစ်ခုတည်းကိုပဲ သတင်းလိုက်တာ ဖြစ်ပါတယ်။ အများဆုံး သူ သတင်း လိုက်ရတယ်ဆိုရင်လည်း သတင်းဖြစ်ရပ် တစ်ခုလုံးအတွက်ပဲ ဖြစ်ပါလိမ့်မယ်လို့ ပြောခဲ့ဖူးပါတယ်။ အဲဒီ အယ်ဒီတာပဲ အယ်ဒီတာတစ်ယောက်ရဲ့ လုပ်ငန်းအတွက် အကောင်းဆုံး ပြင်ဆင်တဲ့နည်းလမ်းကတော့ သတင်းကို ဘယ်လိုပေးပို့ရတယ်၊ သတင်းတစ်ပုဒ်ကို ဘယ်လိုလိုက် ရတယ်ဆိုတာ ကောင်းကောင်းသိအောင် လုပ်ထားဖို့ပါပဲလို့ ပြောခဲ့ပါတယ်။

ကျောင်းတစ်ကျောင်း ဒါမှမဟုတ် ကောလိပ်တစ်ခုရဲ့ သတင်းစာတစ်စောင်ကို တည်းဖြတ်ရတာဟာ လူငယ်တစ်ယောက်အဖို့ သူ့အနေနဲ့ အယ်ဒီတာလုပ်ငန်းကို ဘဝအသက်မွေးမှု လိုလားမှုရှိရဲ့လားဆိုတာ ဆုံးဖြတ်ဖို့ အထောက်အကူဖြစ်စေပါတယ်။ တကယ်လို့ သူဟာ စာနယ်ဇင်း ကျောင်းတစ်ကျောင်းကို တက်မယ်ဆိုရင်တော့ သူ့ရဲ့ သင်တန်းချိန်တွေမှာ သတင်းရေးသားချက် တည်းဖြတ်မှုနဲ့ သတင်းကို ဖတ်ချင်စဖွယ်ဖြစ်လာအောင် ပြုပြင်စီစဉ်မှုတွေကိုပါ သင်ကြားရပါလိမ့်မယ်။ ဆိုလိုတာကတော့ သတင်းဖော်ပြချက်တွေနဲ့ သတင်းခေါင်းစီးတွေကို အတူတကွ နှစ်သက်ဖတ်ချင်စရာ စာမျက်နှာဖွဲ့စည်းပုံ အတတ်ပညာကို ပြောတာပါ။

တစ်ခါတစ်ရံမှာတော့ လူတစ်ယောက်ဟာ သတင်းစာတစ်စောင်မှာ အလုပ်လုပ်နေတဲ့အချိန်မှာ သတင်းထောက် တစ်ယောက်အနေနဲ့ရော အယ်ဒီတာ

တစ်ယောက်အဖြစ်ပါ လုပ်ရနိုင်ပါတယ်။ အဲဒီလို လူမျိုးတစ်ယောက်ကို အယ်ဒီတာ သတင်းထောက် (Swing man) လို့ နားလည်ထားကြပါတယ်။ သူဟာ အထွေထွေသတင်းထောက်တစ်ယောက် ဖြစ်သလို အချိန်ပိုင်း သတင်းထောက် တစ်ယောက်လည်း ဖြစ်ပါတယ်။

## စီမံအုပ်ချုပ်မှုအယ်ဒီတာ (Managing Editor)

စီမံအုပ်ချုပ်မှု အယ်ဒီတာ သတင်းရယူစုဆောင်းမှုနဲ့ ရေးသားမှု အားလုံးကို ဦးဆောင်ညွှန်ကြားရပါတယ်။ သူဟာ တခြားအယ်ဒီတာတွေအားလုံးရဲ့ အကြီးအမှူး ဖြစ်ပြီး သတင်းစာရဲ့ မျက်နှာဖုံး စာမျက်နှာမှာ ဘာသတင်းဖြစ်ရပ်ကို ထည့်မယ်ဆို တာကို အဆုံးအဖြတ်ပေးရတဲ့သူလည်း ဖြစ်ပါတယ်။ စီမံအုပ်ချုပ်မှုအယ်ဒီတာ အတော်များများဟာ တစ်ခါက မြို့တော်သတင်းအယ်ဒီတာတွေ ဖြစ်ခဲ့ကြပြီး အဲ့ဒီအချိန် မတိုင်ခင်ကဆိုရင် သတင်းထောက်တွေ ဖြစ်ခဲ့ကြပါတယ်။

## သတင်းအယ်ဒီတာ (The New Editor)

နေ့စဉ်ထုတ် သတင်းစာကြီးတစ်စောင်ရဲ့ စီမံအုပ်ချုပ်မှု အယ်ဒီတာဟာ အရာရာတိုင်းကို တစ်ချိန်လုံး မလုပ်နိုင်ကြပါဘူး။ ဒါကြောင့်မို့လို့ သူ့တာဝန်တချို့ကို သူက အကူအညီပေးမယ့် သူတစ်ယောက်ကို လွှဲပေးရတတ်ပါတယ်။ သတင်း အယ်ဒီတာတွေကိုလည်း အဲဒီလို တာဝန်လွှဲရတတ်ပါတယ်။ မြို့တွင်းမြို့ပြင်က သတင်း တွေရော နိုင်ငံရပ်ခြားက သတင်းဖြစ်ရပ်တွေကိုပါ အဲဒီသတင်းဖြစ်ရပ်တွေကို သတင်းစာ စာမျက်နှာပုံစံချပေးကြတဲ့ အဲဒီအယ်ဒီတာတွေဆီ ပို့ပေးကြရပါတယ်။

## ကြေးနန်းသတင်းအယ်ဒီတာ (Telegraph Editor)

ကြေးနန်းသတင်းအယ်ဒီတာက ကြေးနန်းသတင်းဌာနတွေရဲ့ ကြေးနန်း သတင်းဖမ်းစက်တွေက ဝင်လာတဲ့သတင်းတွေကို တည်းဖြတ်ရပါတယ်။

သတင်းစာငယ်ကလေးအတွက်ကတော့ ဒါဟာ လူတစ်ယောက်တည်း လုပ်ရတဲ့ အလုပ်ပါ။ ကြေးနန်းသတင်းအယ်ဒီတာဟာ တစ်နိုင်ငံလုံးနဲ့ တစ်ကမ္ဘာလုံးက သတင်းတွေကို ပုံနှိပ်ဖော်ပြပေးဖို့ ပြင်ဆင်ပေးရပါတယ်။ သတင်းစာကြီးတစ်စောင် မှာတော့ အယ်ဒီတာတွေ အများကြီးအလုပ်လုပ်တဲ့ နိုင်ငံခြားသတင်း ရုံးခန်းတစ်ခု ရှိတတ်ပါတယ်။ ကြေးနန်းသတင်း အယ်ဒီတာမှာ ကောင်းကောင်းမွန်မွန် အဆုံးအဖြတ်

ပြုနိုင်စွမ်း ရှိရပါမယ်။ သူဟာ ဘယ်သတင်းဖြစ်ရပ်တွေဟာ သတင်းစာမှာ ထည့်သွင်းဖော်ရမယ့်ဆိုတာ ဆုံးဖြတ်ရပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ သတင်းအားလုံးကို သူအသုံးပြုလို့ မဖြစ်နိုင်လို့ပဲ ဖြစ်ပါတယ်။ တကယ်လို့ သူ့ရဲ့ အဆုံးအဖြတ်သာ မှားသွားမယ်ဆိုရင် သူ့ရဲ့သတင်းစာပဲ နစ်နာဆုံးရှုံးရမှာဖြစ်ပါတယ်။ အထူးသဖြင့် အခြားသတင်းစာတွေက ပိုပြီးကောင်းမွန်သာလွန်တဲ့ အဆုံးအဖြတ် ပေးနိုင်သွားတဲ့ အခါမျိုးမှာပေါ့လေ။

ကြေးနန်းသတင်းအယ်ဒီတာတွေဟာ သူတို့ သတင်းစာလုပ်ငန်းမှာ စတင် လုပ်ကိုင်ခဲ့တဲ့ အချိန်တုံးက နိုင်ငံခြားသတင်းထောက်တွေ ဖြစ်ခဲ့ကြတာ များပါတယ်။ အကြောင်းကတော့ ကြေးနန်းသတင်းအယ်ဒီတာအလုပ်ဟာ တစ်နိုင်ငံလုံးနဲ့ တစ်ကမ္ဘာလုံး အတိုင်းအတာအရ နိုင်ငံရေးကို နားလည်တဲ့သူမျိုးကို လိုအပ်လို့ပဲ ဖြစ်ပါတယ်။

## သတင်းပြင်ဆင်တည်းဖြတ်မှုအယ်ဒီတာ (Copy Editor)

သတင်းရေးသားချက်ဖတ်သူ ဒါမှမဟုတ် သတင်းပြင်ဆင် တည်းဖြတ်မှု အယ်ဒီတာ အရေအတွက်သာ သတင်းထောက် အရေအတွက်ထက် အများကြီး ပိုနည်းပါတယ်။ ဖြစ်နိုင်တာကတော့ ဒါဟာ သတင်းရေးသားချင် ဖတ်ရှုတည်းဖြတ်သူတွေအနေနဲ့ သူတို့ရဲ့ ကလောင်အမည်ကို တပ်ခွင့်မရရှိနိုင်သလို ဘယ်သတင်းဖြစ်ရပ်ကိုမှ သတင်းလိုက်ရယူလို့ မရနိုင်တဲ့အတွက် ဖြစ်ပါလိမ့်မယ်။

သတင်းရေးသားချက်ဖတ်သူတွေက စားပွဲကြီးတစ်လုံးမှာ ဝိုင်းပတ်ထိုင်နေကြပြီး သူတို့တွေရဲ့ရှေ့မှာတော့ သတင်းပြင်ဆင်တည်းဖြတ်မှု အယ်ဒီတာချုပ်က ထိုင်နေပါတယ်။ သူက သတင်းရေးသားချက် ဖတ်သူတွေကို ဖတ်ရှုဖို့ သတင်းရေးသားချက်တွေကို ချပေးရပြီး ဖတ်သူတွေ အနေနဲ့လည်း ရေးသားချက်တွေက ကောင်းမွန်ပြီး အချက်အလက်တွေဟာ အမှန်ပဲဖြစ်တယ်ဆိုတာ သေချာပြီး ဖြစ်နေရပါလိမ့်မယ်။ တချို့ သတင်းစာတွေမှာတော့ သတင်းရေးသားချက်ဖတ်သူ တစ်ယောက်ဟာ အယ်ဒီတာဆိုတဲ့ နာမည်သက်သက်ထက် အများကြီးပိုလွန်တဲ့ အယ်ဒီတာ တစ်ယောက်ပဲ ဖြစ်ပါတယ်။ သူ့အနေနဲ့ လုပ်ချင်တယ်ဆိုရင် သတင်းရေးသားချက်ရဲ့ တစ်စိတ်တစ်ပိုင်းကိုပဲဖြစ်ဖြစ်၊ တစ်ခုလုံးကိုပဲဖြစ်ဖြစ် ပြင်ရေးမယ်ဆိုရင် ရေးနိုင်ခွင့် ရှိပါတယ်။ တခြားသတင်းစာတွေမှာဆိုရင်တော့ သူ့အနေနဲ့ သိပ်အများကြီး လုပ်ဆောင်ခွင့် မရနိုင်ပါဘူး။

သတင်းပြင်ဆင်တည်းဖြတ်မှု အယ်ဒီတာဟာ သတင်းခေါင်းစဉ်ကိုလည်း

ရေးလေ့ရှိပါတယ်။ သတင်းခေါင်းစဉ်တစ်ခုဟာ လူတစ်ယောက်ကို သတင်းဖြစ်ရပ်တစ်ခုကို ဖတ်ချင်စိတ်ပေါက်လာစေနိုင်ပါတယ်။ တချို့ သတင်းစာတွေဆိုရင် စိတ်ဝင်စား စရာကောင်းတဲ့ သတင်းခေါင်းစဉ်မျိုးတွေ စဉ်းစားပေးနိုင်တဲ့ သတင်းရေးသားချက် ဖတ်သူတွေကို ငွေပိုပေးတတ်ကြပါတယ်။

အမေရိကန်ပြည်ထောင်စုက သတင်းရေးသားချက်ဖတ်သူ တစ်ယောက်ဟာ သတင်းထောက်တစ်ယောက်လိုပဲ ဝင်ငွေကောင်းပါတယ်။ ဒါပေမဲ့ သူ့ရဲ့လစာငွေကတော့ တကယ်လို့သာ သူဟာ သတင်းပြင်ဆင်တည်းဖြတ်မှု အယ်ဒီတာချုပ် ဒါမှမဟုတ် သတင်းအယ်ဒီတာ ဖြစ်မလာဘူးဆိုရင် သတင်းထောက်တစ်ယောက်ရဲ့ လစာငွေ တိုးတက်သလို တိုးများလာလေ့မရှိပါဘူး။

## အယ်ဒီတာအာဘော်ပိုင်း အယ်ဒီတာ (Editorial Page Editor)

အယ်ဒီတာအာဘော်စာမျက်နှာဟာ သတင်းစာရဲ့ ကိုယ်ပိုင်အယူအဆ အတွေးအခေါ်ကို ဖော်ပြတဲ့စာမျက်နှာ၊ ပင်တိုင်ဆောင်းပါးရှင်တွေရဲ့ တွေးမြင်ယူဆချက်တွေကို ဖော်ပြလေ့ရှိတဲ့ စာမျက်နှာဖြစ်ပါတယ်။ အဲဒီစာမျက်နှာက သတင်းတွေကို ရှင်းလင်းဖော်ပြပေးလေ့ရှိပြီး စာဖတ်သူတွေဆီက ရောက်လာတဲ့ စာတွေကိုလည်း ပုံနှိပ်ဖော်ပြပေးကောင်း ဖော်ပြပေးနိုင်ပါတယ်။

အမေရိကန်သတင်းစာငယ်တစ်စောင်မှာဆိုရင်တော့ အယ်ဒီတာ အာဘော်ကဏ္ဍကို ထုတ်ဝေသူ ဒါမှမဟုတ် အထွေထွေအယ်ဒီတာက ရေးသားလေ့ရှိပါတယ်။ မြို့ကြီးတွေက နေ့စဉ်သတင်းစာတွေမှာတော့ အယ်ဒီတာတစ်ယောက်နဲ့ သူ့အတွက် လက်ထောက်တွေ ရှိတတ်ပါတယ်။ သူက အယ်ဒီတာအာဘော်တွေကို ရေးသားပြီး ထင်မြင်ယူဆချက်တွေ အတွက်စာမျက်နှာရဲ့ ဘယ်နေရာကို ပေးရမယ်ဆိုတာကို အဆုံးအဖြတ် ပေးရပါတယ်။

အယ်ဒီတာအာဘော်အခန်းကဏ္ဍ ရေးသားကြတဲ့စာရေးဆရာ အရေအတွက်ကတော့ သတင်းစာရဲ့ အရွယ်အစားအရ အမျိုးမျိုးကွဲပြား တတ်ပါတယ်။ နယူးယောက်တိုင်းမ်စ် (The New York Times) သတင်းစာမှာဆိုရင် အလုပ်သမားရေးရာ၊ နိုင်ငံရေး ဒါမှမဟုတ် တခြားအရေးကြီးတဲ့ လူထုစိတ်ဝင်စားရာ ပြဿနာတွေမှာ အနှံ့စပ် အကျွမ်းကျင်ဆုံးသူ တစ်ဦးချင်းစီက ရေးသားပေးကြတဲ့ အယ်ဒီတာအာဘော် အုပ်စု တစ်စုရှိပါတယ်။

သတင်းရေးသားပေးပို့တဲ့ သတင်းထောက်တစ်ယောက်ရဲ့ တွေးမြင်ယူချက်နဲ့ သူ့ရဲ့သတင်းစာရဲ့ တွေးမြင်ယူချက် တစ်ထပ်တည်းကျမယ်လို့ မျှော်လင့်လို့မရပါဘူး။

ဒါပေမဲ့ အယ်ဒီတာအာဘော်ကဏ္ဍမှာ ရေးသားပေးရတဲ့ စာရေးသူတစ်ယောက် ဖြစ်ချင်တဲ့ သူတစ်ယောက်အနေနဲ့ကတော့ သူ့ရဲ့ထုတ်ဝေသူနဲ့ တူညီတဲ့ အတွေးအခေါ် ရှိသင့်ပါတယ်။ တကယ်လို့ အတွေးအခေါ် မတူဘူးဆိုရင်တော့ သူ့အလုပ်မှာ သူ ပျော်ပိုက်ဖို့ သိပ်မလွယ်လှပါဘူး။ အယ်ဒီတာ့အာဘော်ကဏ္ဍ စာရေးသူတွေဟာ သတင်းစာလုပ်ငန်းမှာ သတင်းထောက်တွေ၊ အယ်ဒီတာတွေအဖြစ် စတင်လုပ်ကိုင် လာခဲ့ကြသူတွေဖြစ်ပြီး လစာကောင်းကောင်းလည်း ရကြပါတယ်။ သူတို့ဟာ အထူး သဖြင့် အရေးအသား ကောင်းကြရပါမယ်။

သူတို့တွေဟာ သတင်းစာလောကရဲ့ တချို့သော အယ်ဒီတာတွေ ဖြစ်ကြပါတယ်။ အမျိုးသမီးကဏ္ဍ အယ်ဒီတာတွေနဲ့ ဓာတ်ပုံအယ်ဒီတာတွေလိုမျိုး တခြားအယ်ဒီတာတွေလည်း ရှိတတ်ကြပါသေးတယ်။

အမေရိကန် စာနယ်ဇင်းသမိုင်းကတော့ သူတို့မြို့ရွာဒေသအတွက် ကြီးကြီး ကျယ်ကျယ် လုပ်ဆောင်ပေးသွားခဲ့ကြတဲ့ အယ်ဒီတာတွေရဲ့ နာမည်တွေနဲ့ ပြည့်လျှမ်း နေပါတယ်။ သတင်းစာတိုက်ပိုင်ရှင်လည်းဖြစ်၊ အယ်ဒီတာလည်းဖြစ်တဲ့ သူတစ်ဦးဆိုရင် သူ့ရဲ့ သတင်းစာကို သူ့မြို့မှာ ပိုမိုကောင်းမွန်တဲ့ လမ်းတွေ၊ လူထုပန်းခြံတွေရလာ အောင် အသုံးချသွားခဲ့ပါတယ်။ ပြည်သူလူထုတွေအနေနဲ့ ငွေကုန်ကြေးကျ သိပ်များ စရာမလိုပဲ အိမ်ကောင်းကောင်းတွေ ရနိုင်တယ်ဆိုတာ ပြသဖို့ သူကိုယ်တိုင်လည်း အိမ်တွေအများကြီး ဆောက်လုပ်ခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စုတောင်ပိုင်းက သတင်းစာတစ်စောင်ရဲ့ စီမံ အုပ်ချုပ်မှု အယ်ဒီတာတစ်ယောက်တော့ သူနေထိုင်ရာ အဲဒီဒေသက ပြည်သူတွေကို စက်ရုံအလုပ်ရုံတွေ စတင်တည်ဆောက်လာအောင်၊ လယ်ယာစိုက်ပျိုးရေးမှာ နည်း စနစ်သစ်တွေ သင်ယူတတ်မြောက်လာရအောင် ပြောပြပေးသွားခဲ့ပါတယ်။ သူဟာ တောင်ပိုင်းဒေသမှာ အသားအရောင် မတူညီကြတဲ့ ပြည်သူလူထုချင်း ဆက်ဆံရေး ပိုမိုကောင်းမွန် နားလည်မှုရှိလာအောင် ဆောင်ရွက်ပေးတဲ့နေရာမှာလည်း တခြားသူတွေထက်ပိုပြီး အများကြီးတိုးတက်ခဲ့သူ ဖြစ်ပါတယ်။

နယူးယောက်မြို့ သတင်းစာတစ်စောင်ရဲ့ ပိုင်ရှင်အယ်ဒီတာ တစ်ယောက် ဆိုရင် လူ့အကျိုးပြု အကြောင်းအရာတွေ ရေးသားတဲ့နေရာမှာ နာမည်ရခဲ့ပါတယ်။ သူ့ရဲ့ ရေးသားမှုတွေက လူ့ပြဿနာတွေ၊ အားနည်းချက်တွေနဲ့ ပျော်ရွှင်နှစ်သက် စရာရော ကြေကွဲဝမ်းနည်းစရာပါ ပါဝင်တဲ့ နိစ္စဓူဝ အဖြစ်အပျက်တွေကို ပြောပြထား တာ ဖြစ်ပါတယ်။

နှစ်ဆယ်ရာစုနှစ်ရဲ့ အစောပိုင်းကာလ နယူးယောက်ဝါးလ်ဒ် (New York

World) ရဲ့ ပိုင်ရှင်အယ်ဒီတာဖြစ်တဲ့ ဂျိုးဇက်ပူလစ်ဇာ (Joseph Pulitzer) ဟာ ကြီးကျယ်ထင်ရှားတဲ့ စာနယ်ဇင်းသမားတစ်ဦး ဖြစ်ခဲ့ပါတယ်။ သူက သူ့ရဲ့သတင်းစာမှာ မှန်တာကို ရေးသားတင်ပြဖို့ ဘယ်တော့မှ အကြောက်အရွံ့ မရှိခဲ့တဲ့သူတစ်ယောက် ဖြစ်ခဲ့ပါတယ်။ ပူလစ်ဇာဟာ ၁၉၁၂ ခုနှစ်မှာ နယူးယောက် ကိုလံဘီရာ တက္ကသိုလ် စာနယ်ဇင်းသင်တန်းကျောင်းကို ငွေကြေးအစုလိုက်အပြုံလိုက် ပေးအပ်ခဲ့ပါတယ်။ ကောင်းမွန်တဲ့ စာနယ်ဇင်းလုပ်ငန်းအတွက် ပေးအပ်နေတဲ့ ပူလစ်ဇာဆုတွေဟာ သတင်းစာဆရာ စာရေးဆရာတွေအတွက် ကြီးကျယ်မြင့်မားတဲ့ ဂုဏ်ပြုမှုတစ်ခု ဖြစ်ပါတယ်။ သူတို့ဟာ ဂျိုးဇက်ပူလစ်ဇာရဲ့ နာမည်ကနေ သူတို့ရဲ့ နာမည်တွေကို ရရှိခဲ့ကြတာ ဖြစ်ပါတယ်။

## ကမ္ဘာကြီးဟာ သူတို့ရဲ့ သတင်းရယူရာနေရာကြေးနန်းဌာနများ

ကမ္ဘာတစ်ဝှမ်းလုံးက ထောင်နဲ့သောင်းနဲ့ချီတဲ့ လူပေါင်းများစွာဟာ သတင်းစာလုပ်ငန်းတွေအတွက် အလုပ်လုပ်နေကြပြီး သန်းပေါင်းများစွာရှိတဲ့ စကားလုံးတွေနဲ့ ဓာတ်ပုံတွေကို ရာပေါင်းများစွာသော သတင်းစာတွေ၊ ရုပ်မြင်သံကြားနဲ့ ရေဒီယိုလုပ်ငန်းတွေဆီကို ပေးပို့နေကြပါတယ်။

တချို့အရေးကြီးတဲ့ ကြေးနန်းသတင်းဌာနတွေကတော့ ဗြိတိသျှ ကြေနန်းသတင်းဌာနဖြစ်တဲ့ ရိုက်တာစ် (Reuters)၊ ပြင်သစ်သတင်းဌာန A.F.P (Agence France Presse)နဲ့ ရုရှသတင်းဌာန တားစ် (Tass) တို့ ဖြစ်ကြပါတယ်။ ဦးဆောင်ဦးရွက်နေရာမှာရှိတဲ့ အမေရိကန်သတင်းဌာန နှစ်ခုကတော့ အေပီ (Associated Press)နဲ့ ယူပီအိုင် (United Press International) တို့ ဖြစ်ပါတယ်။ နှစ်ခုစလုံးဟာ သူတို့မြို့ကြီးတွေရဲ့ ပြင်ပမှာ ဖြစ်ပျက်တဲ့ အဖြစ်အပျက်တွေရဲ့ သတင်းတွေနဲ့ ဓာတ်ပုံတွေ အများစုကို ကမ္ဘာတစ်ဝှမ်းလုံးမှာရှိတဲ့ သတင်းစာတွေကို ဖြန့်ချိပေးဖို့ ကြီးမားတဲ့ သတင်းစုဆောင်းရာနေရာတွေ ဖြစ်ပါတယ်။

အေပီ (AP) သတင်းဌာနကို ၁၈၄၈ ခုနှစ်မှာ နယူးယောက်က သတင်းစာခြောက်စောင်က သူတို့ရဲ့ သတင်းစုဆောင်း စရိတ်စကတွေကိုမျှဝေ အကုန်အကျခံဖို့အတွက် စုပေါင်းစတင်တည်ထောင်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒီကနေ့မှာတော့ အေပီသတင်းဌာဟာ တိုင်းပြည်ပေါင်း ၁၀၂နိုင်ငံမှာရှိတဲ့ ရုပ်မြင်သံကြားနဲ့ ရေဒီယိုအစီအစဉ်တွေနဲ့ သတင်းစာပေါင်း ၈၀၀၀ ကျော်လောက်အတွက် ကမ္ဘာတစ်ဝှမ်းလုံးက သတင်းတွေကို ရယူစုဆောင်းပေးနေပါပြီ။

အမေရိကန်ပြည်ထောင်စု တစ်ခုတည်းမှာတင်ပဲ သတင်းစာနဲ့ မဂ္ဂဇင်းပေါင်း ၁၇၅၀ နဲ့ ရေဒီယိုနဲ့ ရုပ်မြင်သံကြား အစီအစဉ်ပေါင်း ၂၄၀၀ကျော်ဟာ အေပီသတင်း

ဌာနက သတင်းတွေနဲ့ ဓာတ်ပုံတွေကို လက်ခံရယူနေကြတာ ဖြစ်ပါတယ်။ တစ်နေ့ကို စကားလုံးပေါင်း သုံးသန်းလောက်နီးပါးဟာ တစ်နေ့ကို ၂၄ နာရီ ထုတ်လွှင့်ဖြန့်ချိပေးနေတဲ့ ရေဒီယိုတွေ၊ တယ်လီပရင်တာတွေကနေ အလျင်အမြန် ဖြတ်သန်းသွားနေကြပါတယ်။ အေပီဟာ သတင်းတွေကို ပေးပို့နေသလိုပဲ ဖြစ်ပျက်နေသမျှ သတင်း ဓာတ်ပုံတွေကိုလည်း အမြန်ဆုံး ပေးပို့နိုင်ပါတယ်။

အေပီသတင်းဌာနက အမေရိကန်ပြည်ထောင်စုမှာရှိတဲ့ အဓိက မြို့ကြီးတွေအားလုံးဟာ သူ့ရဲ့ရုံးခန်းပေါင်း ၁၁ဝ နဲ့ နိုင်ငံခြားတိုင်းပြည်ပေါင်း ၅၈ ပြည်နယ်မှာ ရုံးခန်းတွေ ဖွင့်လှစ်ထားရှိပါတယ်။ နယူးယောက်ဟာ အေပီသတင်းဌာနရဲ့ ဗဟိုထိန်းချုပ်ရာနေရာဖြစ်ပြီး ဝါရှင်တန်မှာ ဒုတိယထိန်းချုပ်မှုရုံးခန်း ရှိပါတယ်။ အေပီရဲ့ သတင်းရယူစုဆောင်းမှုကို လူပေါင်း တစ်သန်းကျော်က ဆောင်ရွက်ပေးနေကြပါတယ်။ အရေးကြီး တဲ့ သတင်းဖြစ်ရပ်တစ်ခုအတွက် သတင်းဖော်ပြမှုတစ်ခုဟာ တစ်မိနစ်မပြည့်ခင်မှာပဲ တိုကျို ဒါမှမဟုတ် လန်ဒန်ကနေ နယူးယောက်နဲ့ သတင်းစာပေါင်းများစွာရဲ့ ရုံးခန်းတွေကို ရောက်ရှိသွားနိုင်ပါတယ်။

တခြားအမေရိကန်သတင်းဌာနကြီးတစ်ခုဖြစ်တဲ့ ယူပီအိုင် (UPI) ဆိုရင်လည်း သူ့ရဲ့ရုံးချုပ်ကို နယူးယောက်မှာပဲထားပြီး နိုင်ငံပေါင်း ၁၁၁ နိုင်ငံမှာရှိတဲ့ ရုပ်မြင်သံကြားနဲ့ ရေဒီယို အစီအစဉ်တွေနဲ့ သတင်းစာပေါင်း ၅၆၈၉ စောင်အတွက် သတင်းနဲ့သတင်းဓာတ်ပုံတွေကို ပေးပို့ပေးနေပါတယ်။ အေပီနဲ့ ယူပီအိုင် သတင်းဌာနကြီးတစ်ခုစီဟာ သတင်းစုဆောင်းရယူဖို့အတွက် တစ်နှစ်ကို ဒေါ်လာသန်း လေးဆယ်ကျော် ငွေကြေးပမာဏကို အသုံးပြုကြရပါတယ်။

သတင်းစာတွေဟာ အေပီနဲ့ ယူပီအိုင် သတင်းဌာနတွေက သတင်းတွေကို တယ်လီပရင်တာ စက်တွေကနေ တစ်နေ့ကို အကြိမ်ပေါင်းများစွာ လက်ခံရယူနေကြပါတယ်။ အဲဒီအတွက် သတင်းစာတစ်စောင်က ပေးချေရတဲ့ ငွေကြေးပမာဏကတော့ သတင်းစာ အကြီးအသေးရှိတဲ့ သတင်းစာဖတ် ပရိသတ်အရေအတွက်နဲ့ သတင်းစာက ဝယ်ယူတဲ့ သတင်းအရေအတွက် ပမာဏပေါ်မှာ မူတည်ပြီး အမျိုးမျိုးကွဲပြားကြပါတယ်။ ပိုပြီးကြီးမားတဲ့ သတင်းစာကြီးတွေ၊ ရုပ်မြင်သံကြားနဲ့ ရေဒီယိုစတေရှင်ကြီးတွေကတော့ အေပီနဲ့ ယူပီအိုင် သတင်းဌာန နှစ်ခုစလုံးက သတင်းတွေကို ရယူကြပါတယ်။ ကြေးနန်းသတင်းပေးပို့မှုဟာ လျင်မြန်ပါတယ်။ ‘မိနစ်တိုင်း မိနစ်တိုင်းဟာ သတင်းအပြီးရေးပေးရတဲ့ အချိန်တွေချည်းပါပဲ’ လို့ ယူပီအိုင်က ပြောပါတယ်။

သတင်းစာလုပ်ငန်းမှာ အချက်အလက်တွေကို အလျင်အမြန် ရေးသားနိုင်မှု ရရှိပါမယ်။ အလုပ်ဟာ ရပ်သွားတယ်လို့ ဘယ်တော့မှ မရှိပါဘူး။

သတင်းကို ပြန်ရေးသားပေးရသူတစ်ယောက်ဟာ အဲဒီသတင်းမှာ အချက်အလက်အသစ်တွေ ထည့်ပေးရင်းနဲ့ သတင်းဖြစ်ရပ်တစ်ခုကို လေးငါးကြိမ် ပြန်ရေးရတတ်ပါတယ်။ သတင်းစာတစ်စောင်ဟာ နောက်ထွက်မယ့် သတင်းစာထွက်ချိန်ကို စောင့်ရပါတယ်။ ဒါပေမဲ့ ကြေးနန်းသတင်းလုပ်ငန်းတွေကတော့ ဖြစ်ပျက်သမျှ သတင်းတွေကို ချက်ချင်း ပေးပို့နိုင်ပါတယ်။

တစ်ခါတလေမှာတော့ ကြေးနန်းသတင်းဌာနတွေနဲ့ သတင်းစာတွေဟာ သတင်းတစ်ပုဒ်ကို သတင်းစာအားလုံးမှာ တစ်ပြိုင်နက်တည်း ရိုက်နှိပ်ဖော်ပြဖို့ သတ်မှတ်ထားချိန် မတိုင်ခင်မှာ ကြိုပြီး ရထားတတ်ပါတယ်။ ဆိုလိုတာကတော့ အဲဒီသတင်းကို ပေးတဲ့သူက အဲဒီသတင်းကို ပုံနှိပ်ဖော်ပြဖို့ ဆုံးဖြတ်ထားတဲ့ အချိန်ကိုပါ ဖော်ပြပေးပြီးဖြစ်ပါတယ်။ အဲဒီသတင်းကို လက်ခံရရှိ ထားကြတဲ့ သတင်းစာတွေအားလုံး ဟာအဲဒီသတ်မှတ်တဲ့အချိန်မှာ တစ်ပြိုင်နက်တည်း ရိုက်နှိပ်ဖော်ပြခွင့် ရရှိကြပါတယ်။ တကယ်လို့ အဲဒီလို လုပ်မထားဘူးဆိုရင်တော့ တချို့သတင်းစာတွေက တခြား သတင်းစာတွေထက် အများကြီးစောပြီး အဲဒီသတင်းကို ရိုက်နှိပ်ဖော်ပြခွင့်ရသွား နိုင်ကြမှာဖြစ်ပြီး အဲဒါဟာ တရားမျှတမှုရှိလိမ့်မယ် မဟုတ်ပါဘူး။ တကယ်လို့ နိုင်ငံတစ်နိုင်ငံရဲ့ သမ္မတတစ်ဦးက အရေးကြီးတဲ့ မိန့်ခွန်းတစ်ခု ပြောတော့မယ်ဆိုရင် သတင်းကို ကြိုပြီးပြင်ဆင်ကောင်း ပြင်ဆင်ထားရပါမယ်။ ဒါပေမဲ့ အဲဒီသတင်းဖော်ပြဖို့ သဘောတူ ထားတဲ့အချိန် မတိုင်ခင်မှာတော့ ပုံနှိပ်ဖော်ပြလို့ မဖြစ်ပါဘူး။ တခြား တိုင်းပြည်တွေက သတင်းစာတွေကလည်း အဲဒီအချိန်နဲ့ တစ်ပြိုင်တည်းမှာ ပုံနှိပ်ဖော် ပြနိုင်ကြပါတယ်။

သတင်းစာလုပ်တဲ့ လူတစ်ယောက်အတွက် သတင်းအဆုံး အဖြတ်က လည်း အရေးကြီးပါတယ်။ ကမ္ဘာတစ်ဝှမ်းလုံးကနေပြီး ကြေးနန်းသတင်းဌာနတွေကို စကားလုံးထောင်ပေါင်းများစွာ ဝင်ရောက်လာပါတယ်။ အယ်ဒီတာတွေနဲ့ သတင်းပြန် ရေးသားသူတွေက ဘယ်သတင်းတွေက အရေးကြီးပြီး တချို့တွေက အရေးမကြီးပါ ဘူး။ နောက် အဲဒီသတင်းတွေ အားလုံးအတွက်လည်း သတင်းစာမှာ နေရာမရှိပါဘူး။

ကြေးနန်းသတင်းဌာနတွေနဲ့ သတင်းစာတွေအတွက် ရေးသားပေးရပုံခြင်း မတူပါဘူး။ နောက်တစ်ခါ သတင်းစာဖတ်တဲ့အခါ ကြေးနန်းသတင်းဌာနတွေက သတင်းတွေနဲ့ သတင်းစာတိုက်က သတင်းထောက် တွေရေးတဲ့ သတင်းတွေနဲ့ အရေးအသား ဘယ်လိုကွာခြားတယ်ဆိုတာ သတိထားကြည့်လိုက်ပါ။ ကြေးနန်း သတင်းဌာနက သတင်းတွေဟာ အများကြီးပိုပြီး တိုတောင်းပါတယ်။ အရေးအသား ကလည်း ပိုပြီးရိုးစင်း လိုရင်းကျပါတယ်။ ကြေးနန်းသတင်းဌာနက သတင်းထောက် တွေဟာ နိုင်ငံရေးနဲ့ပတ်သတ်ပြီး သူတို့ရဲ့ တွေးမြင်ယူဆချက်တွေကို ပေးလေ့မရှိ

ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က နိုင်ငံရေးအတွေးအခေါ် မတူ ခြားနားကြတဲ့ သတင်းစာပေါင်းမြောက်မြားစွာကို သူတို့ရဲ့ သတင်းတွေ ရောင်းချနေကြတဲ့အတွက်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ကြေးနန်းသတင်းလုပ်ငန်း အရေးအသားအတွက် ပြင်ဆင်မှု ပြုလုပ်ရမှာ သတင်းစာလုပ်ငန်းဟာ နည်းနာကောင်းတစ်ခု ဖြစ်နေဆဲပဲ ဖြစ်ပါတယ်။

ကြေးနန်းသတင်းဌာနတွေဟာ သတင်းထောက်တစ်ယောက်ကို နိုင်ငံခြား တိုင်းပြည်တွေမှာ အလုပ်လုပ်ကိုင်နိုင်ဖို့ အလားအလာ ရလာစေပါတယ်။ သတင်းစာ တွေမှာတော့ ကြေးနန်းသတင်းဌာနတွေလောက် နိုင်ငံခြားသတင်းထောက်တွေ မရှိကြပါဘူး။ အကြောင်းကတော့ ကမ္ဘာ့မြို့ကြီးတွေမှာ သတင်းထောက် တစ်ယောက် ပေးဖို့ဆိုရင် ငွေကြေးကုန်ကျ သိပ်များလို့ပဲ ဖြစ်ပါတယ်။ သတင်းစာငယ်လေးတွေက တော့ အများအားဖြင့် နိုင်ငံခြားသတင်းတွေကို ကြေးနန်းသတင်းဌာနတွေကပဲ ရယူတတ်ကြပါတယ်။

ဒါပေမဲ့လို့ ကြေးနန်းသတင်းဌာနတစ်ခုရဲ့ မြို့ငယ်တစ်ခုက ရုံးခန်းကလေး ကနေ စတင်ပြီး နောက်ပိုင်းကျမှ ပဲရစ် ဒါမှမဟုတ် ရောမကို စေလွှတ်ခံရတာမျိုးလဲ ဖြစ်နိုင်ပါတယ်။ သတင်းစာသမား တော်တော်များများဟာ နိုင်ငံခြားတိုင်းပြည်တွေ မှာသွားပြီး အလုပ်လုပ် လိုတတ်ကြပါတယ်။ ဒါပေမဲ့ နိုင်ငံခြားလုပ်ငန်းတစ်ခုတာဝန် ပေးအပ်မခံရခင်မှာတော့ တစ်ခါတလေ နှစ်ပေါင်းအတော် ကြာတတ်ပါတယ်။ နိုင်ငံခြား သတင်းထောက်တစ်ယောက်ဟာ နိုင်ငံခြား ဘာသာတစ်ခုကို တတ်မြောက်ထား သင့်ပါတယ်။ ဒါမှမဟုတ် သူတို့ဟာ နိုင်ငံခြားဘာသာ တစ်ခုကို သင်ယူလို့ရနိုင်တယ် ဆိုတာ ပြသနိုင်သင့်ပါတယ်။

ထင်ရှားကျော်ကြားတဲ့ နိုင်ငံခြားသတင်းထောက် အတော်များများ ရှိကြ ပါတယ်။ တချို့ဆို စစ်ပွဲသတင်းတွေနဲ့ အစိုးရပြုတ်ကျတဲ့ သတင်းတွေ ပေးပို့ခဲ့ကြပြီး အဲဒီသတင်းတွေကို ရယူနေရင်းမှာပဲ အသတ်ခံရလုနီးပါး ဖြစ်တတ်ကြပါတယ်။ ဒုတိယကမ္ဘာစစ်ကာလမှာ အမေရိကန် သတင်းထောက်၊ ဓာတ်ပုံဆရာ၊ ရေဒီယို သတင်းသမား ၃၇ယောက် အသတ်ခံလိုက်ရပြီး ၁၁၂ ယောက် ဒဏ်ရာရရှိခဲ့ကြ ပါတယ်။ အေပီ သတင်းဌာနက သတင်းထောက်တစ်ယောက်ဆိုရင် နယူးဂီနီနိုင်ငံ တောတောင်ထူထပ်တဲ့ ဒေသတစ်ခုမှာ ၄၇ ရက်ကြာ ပျောက်ဆုံးနေခဲ့ပြီး သူ့ကို ရှာဖွေတွေ့ရှိတဲ့အချိန်မှာ သေလုမျောပါး ဖြစ်နေပါတယ်။

ဒီကနေ့ခေတ်မှာတော့ နိုင်ငံခြားသတင်းထောက် တစ်ယောက်က စိတ်ဝင် စားစရာ သတင်းဖြစ်ရပ်တချို့ ရှာဖွေတွေ့ရှိဖို့ သူ့ကိုတာဝန် ပေးအပ်စေလွှတ်ထားတဲ့ တိုင်းပြည်က သတင်းစာတွေမှာ သူ့ရဲ့လက်ရာ အတော်များများကို ဖတ်နေကြတာ ကို တွေ့ရပြီး အံ့သြကောင်းအံ့သြနေနိုင်ပါတယ်။ တိုင်းပြည်ရဲ့ နိုင်ငံရေးကို သိနားလည်

ထားတဲ့ ကြေးနန်းသတင်းဌာန သတင်းထောက်တစ်ယောက်ဟာ သတင်းဖြစ်ရပ်တစ်ခုနဲ့ သေးမွှားတဲ့ အချက်အလက်ကလေးတစ်ခုကနေပြီး ဒီထက်ပိုပြီး အရေးကြီးတဲ့အရာတစ်စုံတစ်ရာကို ရှာဖွေတွေ့ရှိသွားနိုင်ပါတယ်။ အစိုးရအဖွဲ့ တစ်ခုရဲ့ အကြီးအကဲတစ်ယောက်ဟာ ညစာစားပွဲကြီးတစ်ခုကို မတက်ရောက်ခဲ့တာမျိုးကို သူဖတ်မိသွားနိုင်ပါတယ်။ အဲဒါဟာ အစိုးရအဖွဲ့ရဲ့ ပြဿနာကို ဖော်ပြနေတဲ့ အမှတ်သင်္ကေတတစ်ခု ဖြစ်နိုင်ပါတယ်။

ဒါပေမဲ့ ကမ္ဘာတစ်ဝှမ်းလုံးမှာ စိတ်လှုပ်ရှားစရာတွေလည်း အများကြီးရှိပါတယ်။ အမေရိက၊ အာရှ၊ ဥရောပ၊ လက်တင်အမေရိက၊ မြောက်အမေရိကအဲဒီနေရာတွေအားလုံးမှာ အပြောင်းအလဲတွေ အများ ကြီး ဖြစ်ပျက်ကြုံတွေ့နေကြပြီး အဲဒီနေရာတွေထဲက တစ်နေရာရာမှာ ဖြစ်ပျက်သွားတဲ့ အဖြစ်အပျက်တစ်ခုဟာ ကျွန်တော်တို့အားလုံးကို တုန်လှုပ်သွားစေနိုင်ပါတယ်။

နိုင်ငံခြားတာဝန် ထမ်းဆောင်ကြရတဲ့ အမျိုးသား အမျိုးသမီး အများစုဟာ သူတို့တိုင်းပြည်တွင်းက ကြေးနန်းသတင်းဌာနတစ်ခု ဒါမှမဟုတ် သတင်းစာတစ်စောင်စောင်မှ စတင်အလုပ်လုပ်ကြရတာ ဖြစ်ပေမယ့် တချို့ကတော့ တခြားတိုင်းပြည်တွေကို သွားရောက်ကြပြီး အဲဒီက ကြေးနန်းသတင်းဌာနတစ်ခု ဒါမှမဟုတ် သတင်းစာတစ်စောင်မှာ အလုပ်ရရှိသွားကြတာမျိုးလည်း ရှိပါတယ်။ ခရီးသွားအတွေ့အကြုံဟာ စာနယ်ဇင်းလုပ်ငန်းမှာ အများကြီး အထောက်အပံ့ ဖြစ်စေပါတယ်။ လူသိများ ထင်ရှားတဲ့ အမေရိကန် ပင်တိုင်သတင်းဆောင်းပါးရှင် အတ်ဘတ်ချ်ဝဲလ် (Art Buchwald) ဆိုရင် ၁၉၄၈ ခုနှစ်တုံးက ဒေါ်လာလေး အနည်းအပါးနဲ့ပဲ ပဲရစ်ကို ရောက်ရှိလာခဲ့ပါတယ်။ သူဟာ ပါရီထုတ် နယူးယောက် ဟာရဲလ်ထရီဗြူန်း (New York Herald Yribune) သတင်းစာမှာ တစ်ပတ်ကို နှစ်ရက်သုံးရက်လောက် သတင်းဆောင်းပါးရေးရတဲ့အလုပ်ကို ရရှိခဲ့ပါတယ်။ မကြာခင်မှာပဲ သူဟာ သတင်းစာမှာ အချိန်ပြည့် အလုပ်လုပ်နိုင်ခဲ့ပါတယ်။ ဒီကနေ့မှာတော့ သူဟာ အမေရိကန်ပြည်ထောင်စုမှာ ကြေးအများဆုံးရတဲ့ ဆောင်းပါးရှင်တစ်ယောက် ဖြစ်လာခဲ့ပြီး သူ့ရဲ့ သတင်းဆောင်းပါးတွေကို သတင်းစာပေါင်း ခြောက်ဆယ်ကျော်ကျော်မှာ တွေ့မြင်နိုင်နေပါပြီ။

ဘယ်လိုလူမျိုးဟာ ကြေးနန်းသတင်းဌာန ဒါမှမဟုတ် သတင်းစာတစ်စောင်ရဲ့ နိုင်ငံခြားသတင်းထောက်တစ်ယောက် ဖြစ်လာတတ်တယ်ဆိုတာ ခင်ဗျားတို့ကိုယ် ခင်ဗျားတို့ မေးခွန်းထုတ်ကြည့်ဖူးပါသလား။ အမေရိကန်ပြည်ထောင်စုရဲ့ လေ့လာမှုတစ်ခုကတော့ အမေရိကန်နိုင်ငံခြား သတင်းထောက်တစ်ယောက်ဟာ အများအားဖြင့် သုံးဆယ့်ငါးနှစ်ကျော်ကျော် ဒါမှမဟုတ် လေးဆယ့်ငါးနှစ် မပြည့်ခင်မှာ

ဖြစ်လာတတ်ပါတယ်။ သူဟာ ကောလိပ်မှာ တက်ရောက်ပညာသင်ခဲ့ပြီး သတင်းစာလုပ်ငန်းအတွေ့အကြုံ ၁၇ နှစ်(၁၀ နှစ်က နိုင်ငံခြားသတင်းထောက်အဖြစ်) လောက်ရှိကြတာများပါတယ်။ သိပ်နည်းပါးတဲ့ အရေအတွက်လောက်ပဲ ကောလိပ်မှာပညာမသင်ဖူးတဲ့သူ ရှိပါတယ်။ သတင်းဖြစ်ရပ်ရဲ့အစမှာ ဝါရှင်တန် (Washington) ဆိုတဲ့ နေရာဒေသ ဖော်ပြချက်မျိုးထက် ဘာမှပိုအရေးကြီးတာ မရှိပါဘူး။ သတင်းစာလုပ်ငန်းက လူတွေဟာ ကမ္ဘာပေါ်က တခြားအဓိကမြို့ကြီးတွေထက် ဝါရှင်တန်ကို ပိုပြီးအလာ များကြပါတယ်။

တကယ်လို့ ခင်ဗျားရဲ့ စိတ်ဆန္ဒကဝါရှင်တန် ဒါမှမဟုတ် ကမ္ဘာပေါ်က တခြားမြို့ကြီးတစ်မြို့မှာ အလုပ်လုပ်ချင်တယ်ဆိုရင်တော့ ကြေးနန်းသတင်းဌာနတွေဟာ အဲဒီနေရာတွေကို ရောက်ရှိဖို့ နည်းလမ်းကောင်းတစ်ခု ဖြစ်ပါတယ်။ ဝါရှင်တန်မှာရှိတဲ့ အေပီ သတင်းဌာနမှာဆိုရင် အလုပ်လုပ်တဲ့သူ ၁၅၀ ရှိပြီး ယူပီအိုင်မှာလည်း အဲဒီလူ အရေအတွက်လောက်ပဲ ရှိပါတယ်။ ဝါရှင်တန် ကြေးနန်းသတင်းဌာနက သတင်းထောက်တွေမှာလည်း သတင်းစာတိုက်တွေက လူတွေလိုပဲ နေ့စဉ်သတင်းယူရတဲ့နေရာတွေ ရှိကြပါတယ်။

ဝါရှင်တန်ကြေးနန်းသတင်းဌာနတွေမှာ အလုပ်လုပ်ကြသူ အမျိုးသား၊ အမျိုးသမီးတွေဟာ ပထမတော့ အမေရိကန်ပြည်ထောင်စုက တခြားမြို့ငယ်လေးတွေမှာ လုပ်ကိုင်ခဲ့ကြတာပါ။ အတွေ့အကြုံမရှိတဲ့ သတင်းထောက်တစ်ယောက်ကို ဝါရှင်တန် ဒါမှမဟုတ် တခြားအပြည်ပြည်ဆိုင်ရာ အချက်အချာကျတဲ့နေရာတွေက ကြေးနန်းသတင်းဌာနရဲ့ သတင်းစာတွေမှာ တာဝန်ချထားပေးလေ့ မရှိပါဘူး။

အေပီနဲ့ ယူပီအိုင်ဟာ အမေရိကန် သတင်းဌာနတွေ ဖြစ်ကြပြီး အမေရိကန်ပြည်ထောင်စုမှာတော့ အဲဒီဌာနတွေအတွက် အမေရိကန်တွေပဲ အလုပ်လုပ်လေ့ရှိကြပါတယ်။ ဒါပေမဲ့ အမေရိကန်ပြည်ထောင်စု ပြင်ပမှာတော့ သူတို့ရဲ့ သတင်းဌာနတွေအတွက် သက်ဆိုင်ရာနိုင်ငံက သတင်းစာသမား အမျိုးသား အမျိုးသမီးတွေလည်း လိုအပ်ပါတယ်။ အဲဒီလူတွေက အဲဒီတိုင်းပြည်က ဘာသာစကားကို နားလည်တတ်ကျွမ်းပြီး နေပုံထိုင်ပုံတွေကိုလည်း သိတဲ့အတွက် သတင်းရယူစုဆောင်းတဲ့နေရာမှာ သူတို့ဟာ အများကြီး အကူအညီအထောက်အပံ့ ဖြစ်စေပါတယ်။

ကြေးနန်းသတင်းဌာနတွေအတွက် ဘယ်လိုလူမျိုးတွေ အလုပ် လုပ်ကြပါသလဲ။ အေပီသတင်းဌာနရဲ့ အရေးအပါဆုံး အကြီးအကဲဖြစ်သူ တစ်ဦးက 'သတင်းစာသမားတစ်ယောက်ဟာ ကောင်းကောင်းမွန်မွန် ရေးပေးဖို့ တာဝန်ရှိတယ်ဆိုရင် သူဟာ သူ့ပတ်ဝန်းကျင်မှာ ဘာတွေဖြစ်ပျက်နေသလဲ ဆိုတာကို ကောင်းကောင်း နားလည် ထားသင့်ပါတယ်' လို့ ဆိုပါတယ်။ သတင်းထောက်တစ်ယောက်ဟာ

သတင်းဖြစ်ရပ် တစ်ခုကို ရေးတဲ့နေရာမှာ ကောင်းမွန်တဲ့ အလုပ်တစ်ခု မဖြစ်နိုင်ပါဘူး။ ကြေးနန်း သတင်းသမားတစ်ယောက်ဟာ အလျင်အမြန် ရေးနိုင်ဖို့သာမကဘဲ အလျင်အမြန် လည်း ဆုံးဖြတ်နိုင်ရမှာဖြစ်သလို တစ်ယောက်တည်းလည်း အဆုံးအဖြတ် ပေးနိုင်ရပါ မယ်။ သူဟာ သူ့ရဲ့ တွေးမြင်ယူဆ ချက်တွေကို ရှင်းရှင်းလင်းလင်းနဲ့ စိတ်ဝင်စားစရာ ရေးသားဖော်ပြနိုင်ရပါမယ်။ အဲဒါကို သူ မလုပ်နိုင်ဘူးဆိုရင်တော့ သတင်းစာလုပ်ငန်းမှာ စိတ်ချမ်းသာ ပျော်ရွှင်နိုင်တဲ့ အသက်မွေးဝမ်းကျောင်းဘဝတစ်ခု ရရှိဖို့ဆိုတာ မျှော်လင့်ချက် မရှိသလောက်ပါပဲ။ သူဟာ သူ့အလုပ်ကို ဂုဏ်ယူနိုင်ဖို့ သင့်ပါတယ်။ သတင်းဖြစ်ရပ်ရဲ့ လိုအပ်ချက်အရလည်း လုပ်ဆောင် နိုင်သင့်ပါတယ်။ ဆိုးဝါးတဲ့ အခြေအနေမှာ နာရီပေါင်းများစွာ လုပ်ဖို့လိုရင် လုပ်ရမှာဖြစ်သလို သူ့အနား ပတ်ဝန်း ကျင်က သူတွေကအရေးကြီးတဲ့ သတင်းတွေအတွက် အလုပ်လုပ်နေကြတဲ့အချိန်မှာ သူက အသေးအမွှား သတင်းလေးတွေအတွက် လုပ်ရင်လည်း လုပ်နေရနိုင်ပါတယ်။

ယူနိုက်တက် ပရက်အင်တာနေရှင်နယ် (United Press International) က အရာရှိတစ်ဦးက သတင်းသမားတစ်ယောက်မှာ ရှိသင့်တဲ့ အရေးအကြီးဆုံး အရာတစ်ခုကတော့ သူ့နားပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေသမျှ အရာရာတိုင်းကို သိချင်တဲ့ ဆန္ဒ ပြင်းပြင်းပြပြရှိဖို့ပါပဲ ဖြစ်တယ်လို့ ပြောပါတယ်။ သတင်းသမားတစ်ယောက်ဟာ သူတင်ပြချင် တဲ့အရာကို စကားလုံးနဲ့ ဖော်ပြဖို့လည်း ဆန္ဒပြင်းပြရပါမယ်။ သူဟာ တခြားအလုပ်တွေထက်စာရင် စာရေးချင်စိတ် ပိုရှိရပါမယ်။ စကားလုံးတွေနဲ့ အလုပ်လုပ်ရတာကို သူ့နေနဲ့ မနှစ်သက်ဘူးဆိုရင်တော့ သူဟာ ယူပီအိုင်မှာ လူမှန် နေရာမှန် ဖြစ်လိမ့်မယ် မဟုတ်ဘူးလို့ အဲဒီအရာရှိက ဆိုပါတယ်။

တချို့သတင်းသမားတွေက သူတို့ အသက်မွေးမှု ဘဝတစ်ခုလုံးကို ကြေးနန်းသတင်းဌာနတွေမှာပဲ ကုန်လွန်စေခဲ့ပြီး စာနယ်ဇင်းလုပ်ငန်းရဲ့ တခြားလုပ်ငန်း တွေအတွက် သူ့ဘဝကို ပြောင်းလဲပစ်လေ့ မရှိပါဘူး။ ဒါပေမဲ့ သတင်းစာလုပ်ငန်းကို ပိုပြီးနှစ်သက်တဲ့ စာနယ်ဇင်းသမားတွေ အများကြီး ရှိကြပါတယ်။ သူတို့က အလုပ်အ နေနဲ့ နည်းနည်းပိုနှေးကွေးပြီး ပိုပြီး သာလွန်ကောင်းမွန်တဲ့အချိန်တွေ ရနိုင်တယ်ဆိုတာ သိကြပါတယ်။

မြို့ကြီးအများစုမှာတော့ ကြေးနန်းသတင်းဌာနတွေနဲ့ သတင်းစာတွေမှာ လစာနှုန်းထား တူညီတတ်ကြပါတယ်။ ဒါပေမဲ့ တချို့နေရာတွေမှာ အေပီနဲ့ ယူပီအိုင် ကြေးနန်းသတင်းဌာနတွေရဲ့ လစာငွေက နည်းနည်းပိုများပါတယ်။ အထူးနှံ့စပ်ကျွမ်းကျင် ထူးချွန်တဲ့ စာနယ်ဇင်း သမားတစ်ဦးအဖို့ကတော့ ကြေးနန်းသတင်းဌာတွေမှာပဲဖြစ်ဖြစ် သတင်းစာတွေမှာပဲဖြစ်ဖြစ် အမြင့်ဆုံးဝင်ငွေကို ရရှိတတ်ကြပါတယ်။

ကြေးနန်းသတင်းဌာနတွေမှာ အလုပ်တစ်ခုရှာဖွေဖို့ နှစ်နည်းနှစ်လမ်းရှိပါတယ်။ တစ်နည်းကတော့ ခင်ဗျားစိတ်ဝင်စားတဲ့ အေပီသတင်းဌာန ဒါမှမဟုတ် ယူပီအိုင် သတင်းဌာန တစ်ခုခုရဲ့ ရုံးအကြီးအကဲဆီကို စာရေးခြင်းပါပဲ။ နယူးယောက်က သူတို့ရဲ့ ရုံးတစ်ရုံးကိုလည်း ရေးချင်ရေးနိုင်ပါတယ်။ အေပီသတင်းဌာနရုံးကတော့ အမှတ် ၅၀၊ ရော့ခ်ဖဲလ်လာ ပလာဇာ၊ နယူးယောက်၊ အင်ဝိုင် 10020 ဖြစ်ပြီး ယူပီအိုင်ရုံးက အမှတ် ၂၂၀၊ အရှေ့ ၄၂လမ်း၊ သတင်းလုပ်ငန်း အဆောက်အဦ၊ နယူးယောက် အင်ဝိုင် 10017 ဖြစ်ပါတယ်။

ခင်ဗျားတို့က ကြေးနန်းသတင်းဌာန တစ်ခုအတွက်ပဲဖြစ်ဖြစ်၊ သတင်းစာတစ်စောင်အတွက်ပဲဖြစ်ဖြစ်၊ အလုပ်လုပ်ရပြီဆိုရင် အချက်အလက်တွေကို ကောင်းမွန်စွာ ရေးသားသတင်းပေးပို့မှုနဲ့ အရေးအသားကောင်းမွန်မှုဟာ ခင်ဗျားတို့ ကောင်းကောင်းလုပ်နိုင်ရမယ့် အရာတွေ ဖြစ်ပါတယ်။ ကြေးနန်းသတင်းဌာနတွေနဲ့ သတင်းစာတွေရဲ့ အယ်ဒီတာတွေဟာ အထူးကောင်းမွန်ထူးချွန်တဲ့ စာနယ်ဇင်းသမားတွေ ဖြစ်လာနိုင်တဲ့ အမှတ်သင်္ကေတပြသနေတဲ့ လူငယ်လူရွယ်တွေကို အမြဲတမ်းရှာဖွေနေကြတာ ဖြစ်ပါတယ်။

## အထူးဆောင်းပါးရှင်များ

တစ်နေ့မှာ မြို့တော်သတင်းအယ်ဒီတာဖြစ်သူက သတင်းထောက်တစ်ယောက်ကို 'ခင်ဗျား လကမ္ဘာသွားတော့မယ်ပေါ့လေ' လို့ ပြောကောင်းပြောနိုင်ပါတယ်။

အဲဒီသတင်းထောက်ဟာ သိပ္ပံသတင်းတွေရေးတဲ့ အထူး ဆောင်းပါးရှင်တစ်ယောက် ဖြစ်နိုင်ပါတယ်။ သူ သတင်းရယူရာနေရာဟာ အာကာသဆိုင်ရာ ဗဟိုဌာနတစ်ခု ဖြစ်ချင်ဖြစ်ပါလိမ့်မယ်။ ဒီကနေ့ ကမ္ဘာကြီးမှာ သိပ္ပံပညာ၊ ပညာရေးနဲ့ တခြားနယ်ပယ် တော်တော်များများမှာ လူထုရဲ့ စိတ်ဝင်စားမှုဟာ သတင်းစာတွေနဲ့ မဂ္ဂဇင်းတွေအနေနဲ့ အထူးဆောင်းပါးရှင်တွေရဲ့ စွမ်းဆောင်မှုကို အသုံးပြုဖို့ လိုအပ်လာစေပါတယ်။

နိုင်ငံရေး၊ အလုပ်သမားရေးရာ၊ စီးပွားရေး၊ အိုးအိမ်နဲ့ ခရီးသွားလာရေး စတဲ့နယ်ပယ်တွေမှာ အထူးဆောင်းပါးရှင်တွေ ရှိကြပါတယ်။ အထူးဆောင်းပါးရှင်တွေဟာ အဝတ်အစား၊ ကလေးသူငယ် စောင့်ရှောက်ရေး၊ တိရစ္ဆာန် စောင့်ရှောက်ရေး၊ ထင်ရှားကျော်ကြားတဲ့ သရုပ်ဆောင်တွေ၊ ဓာတ်ပုံပညာ၊ အသက်အရွယ်အိုမင်းရင့်ရော်မှုနဲ့ ဥယျာဉ်စိုက်ပျိုးခြင်း စတာမျိုးတွေကို ရေးသားလေ့ရှိပါတယ်။

ခင်ဗျားတို့ဟာ အထူးဆောင်းပါးရှင်တစ်ယောက် ဖြစ်လာရအောင် စတင်ပြင်ဆင်မှုကို ကျောင်းမှာ ဒါမှမဟုတ် ကောလိပ်ကျောင်းမှာ စတင်နိုင်ပါတယ်။ ဆိုပါစို့ ခင်ဗျားတို့ဟာ သိပ္ပံစာရေးဆရာတစ်ယောက် ဖြစ်ချင်မယ်ဆိုရင် သိပ္ပံပညာရပ်အများကြီးကို လေ့လာဆည်းပူးရပါမယ်။ နိုင်ငံရေးဆိုင်ရာ သတင်းပေးပို့မှုအတွက် ပြင်ဆင်မယ်ဆိုရင်တော့ အစိုးရ အုပ်ချုပ်ရေးပိုင်းကို လေ့လာတာကောင်းပါတယ်။ ဒါပေမဲ့ ခင်ဗျားဟာ ဘယ်လိုအထူးရေးသားချက်မျိုးကို ရေးသားချင်မှန်း မသိသေးဘူးဆို

ရင်တော့ ဒုက္ခမရှာပါနဲ့အုံး။ အရေးအကြီးဆုံးကတော့ စာအရေးအသား သင်ယူဖို့ပဲ ဖြစ်ပါတယ်။ လူတစ်ယောက် ကျောင်း ဒါမှမဟုတ် ကောလိပ်က ထွက်ထွက်ခြင်းမှာ တော့ သတင်းစာတစ်စောင်မှာ အထူးဆောင်းပါး ရှင်တစ်ယောက် ဖြစ်လာမှာမဟုတ် သေးပါဘူး။ စာနယ်ဇင်းလောကက အထူးဆောင်းပါးရှင် အများစုဟာ ပထမတော့ အထွေထွေသတင်းထောက်တွေ ဖြစ်ခဲ့ကြတာပါပဲ။

အထူးဆောင်းပါးရှင် ဖြစ်လာကြသူတွေဟာ အများအားဖြင့် သတင်းစာ လောကထဲမှာ နှစ်အတော်လေးရလာမှ သူတို့ဟာ တခြားအကြောင်းအရာတွေထက် တစ်ခုခုပေါ်မှာ ပိုပြီး စိတ်ဝင်စားမှုရှိတယ်ဆိုတာကို တွေ့ရှိလာကြတာ ဖြစ်ပါတယ်။ တခြားသတင်းစာသမား အမျိုးသား အမျိုးသမီးတွေကျတော့လည်း ကြံစည်ရည်ရွယ် ထားတာ မရှိဘဲနဲ့ သိပ်တော်တဲ့ အထူးဆောင်းပါးရှင်တွေ ဖြစ်လာခဲ့ကြတာပါပဲ။ သတင်းစာတစ်စောင်မှာ ရေးလေ့ရေးထရှိတဲ့ အထူးဆောင်းပါးရှင် နေထိုင်မကောင်း ဖြစ်ခဲ့တဲ့အချိန်မှာ အထွေထွေ သတင်းထောက်တစ်ယောက်ကို နိုင်ငံရေး နဲ့ပတ်သက် တဲ့ အစည်းအဝေးပွဲတစ်ခုကို တက်ပြီးသတင်းရယူပေးဖို့ စေလွှတ်ရတတ်ပါတယ်။ သူဟာ နောက်ပိုင်းမှာ ထင်ပေါ်ကျော်ကြားတဲ့ နိုင်ငံရေးသတင်းထောက်တစ်ယောက် ဖြစ်လာခဲ့တတ်ပါတယ်။

ခင်ဗျားတို့ ရေးသားတော့မယ့် အကြောင်းအရာတစ်ရပ်ကို ကောင်းကောင်း နားလည်ထားဖို့ဟာ အရေးကြီးပါတယ်။ ဒီထက်ပိုပြီး အရေးကြီးတာကတော့ အဲဒါကို ရှင်းရှင်းလင်းလင်းနဲ့ စိတ်ဝင်စားစရာကောင်းအောင် ရေးသားတင်ပြတတ်ဖို့ပါပဲ။ သိရမယ့်အရာကို ခင်ဗျားတို့ဟာ အားလုံးသိကောင်း သိနေနိုင်ပါတယ်။ ဒါပေမဲ့ အဲဒါကိုခင်ဗျားတို့ရဲ့ စာဖတ်သူတွေနဲ့ ဆက်သွယ်ထိတွေ့ မပေးနိုင်ဘူးဆိုရင်တော့ ခင်ဗျားတို့ဟာ သတင်းစာတစ်စောင်အတွက် ဘာတန်ဖိုးမှ ရှိမှာမဟုတ်ပါဘူး။

## သိပ္ပံ

အကောင်းဆုံးအမျိုးအစား သိပ္ပံစာရေးဆရာဟာ သိပ္ပံပညာရှင် တစ်ယောက် ပဲ ဖြစ်တယ်လို့ ခင်ဗျားတို့ ထင်ကောင်းထင်နိုင်ပါတယ်။ ဒါပေမဲ့ သိပ္ပံပညာရှင် အများစုကတော့ လူပေါင်းမြောက်များစွာအတွက် စာကို ဘယ်လိုရေးရမယ်ဆိုတာ မသိကြပါဘူး။ အကြောင်းတစ်ချက်ကတော့ သူတို့တွေက သူတို့ တခြားသိပ္ပံ ပညာရှင်တွေနဲ့ စကားပြောဆိုတဲ့အခါမှာ အသုံးပြုတဲ့ ရှည်လျားတဲ့စကားလုံးတွေကို စာရေးတဲ့နေရာမှာ အသုံးပြုတတ်ကြလို့ပဲ ဖြစ်ပါတယ်။

အသက်မွေးဝမ်းကျောင်းပြုနေတဲ့ သတင်းစာသမား တစ်ယောက်ဟာ အလားတူ သိပ္ပံအကြောင်းအရာတစ်ခုကို ကိုင်တွယ်ရေးသားနိုင်ပြီး ဖတ်ချင်စရာ

ဖြစ်အောင်၊ အလွယ်တကူနားလည်အောင် ရေးသားနိုင်ပါတယ်။ တကယ်တော့ သိပ္ပံအကြောင်းအရာတွေ သတင်းထောက်တွေ ရေးသားတင်ပြကြတဲ့ရေးဟန်ကို သိပ္ပံပညာရှင်တွေက အများကြီး ကျေနပ်သဘောကျကြပါတယ်။ သတင်းထောက် တစ်ယောက်ကလည်း အကြောင်းအရာတစ်ခုကို ကိုယ်တွေ့မြင်လိုက်တယ်ဆိုရင်ပဲ သတင်းကောင်းတစ်ပုဒ် ဟုတ်မဟုတ် သိနေတတ်ပါတယ်။ စာနယ်ဇင်း အကြောင်း ဘာမှမသိတဲ့ သိပ္ပံပညာရှင် ဒါမှမဟုတ် ဆရာဝန်တစ်ယောက်ဟာ တခြားသိပ္ပံ ပညာရှင်တွေနဲ့ အဆက်အသွယ်လုပ်ရတာကို အများ အားဖြင့် စိတ်ဝင်စားကြပါတယ်။

သိပ္ပံပညာနဲ့ ပညာရေးဟာ လူငယ်စာနယ်ဇင်းသမားတွေအတွက် ရေးလို့အကောင်းဆုံး အကြောင်းအရာတွေ ဖြစ်တတ်ပါတယ်။ တိုးတက်မှုအသစ် တော်တော်များများကို သိပ္ပံပညာနယ်ပယ်မှာ ဖန်တီးပြုလုပ်နေကြပါတယ်။ စိတ်လှုပ်ရှားစရာ အကောင်းဆုံးအရာတွေ ထွက်ပေါ်လာမှာပဲ ဖြစ်ပါတယ်။ ခင်ဗျားရဲ့ ဘဝသက်တမ်းအတွင်းမှာပဲ အသက်အန္တရာယ်ပေးနိုင်တဲ့ ရောဂါဝေဒနာ အတော်များ များအတွက် အဖြေထွက် လာနိုင်ပါတယ်။ လူသားတစ်ယောက်ဟာ လကမ္ဘာကို သွားရောက်နိုင်ဖို့ကတော့ အသေအချာပါပဲ။ ပြီးတော့ ကျွန်တော်တို့နေထိုင်တဲ့ ကမ္ဘာမြေကြီးနဲ့ ပတ်သက်တဲ့ အသစ်အသစ်သော အရာတော်တော်များကိုလည်း ရှာဖွေ တွေ့ရှိလာဦးမှာပဲ ဖြစ်ပါတယ်။ အဲဒါတွေအားလုံးကို ကမ္ဘာပေါ်က လူတွေ အားလုံး သိရှိလာကြရပါလိမ့်မယ်။

ဒုတိယကမ္ဘာစစ်ကြီး မတိုင်ခင်ကဆိုရင် အမေရိကန်သတင်းစာတွေမှာ သိပ္ပံစာရေးဆရာတွေ မရှိသလောက် နည်းပါးပါတယ်။ အခုတော့ မြို့တော်သတင်းစာ အများစုမှာ သိပ္ပံပညာနယ်ပယ်မှာ အချိန်ပြည့် သတင်းရယူဖို့ သတင်းထောက် တစ်ယောက် နှစ်ယောက်တော့ ရှိနေခဲ့ပြီ။ အရေးကြီးတဲ့ သိပ္ပံသတင်းအကြောင်းအရာ တွေကို စာမျက်နှာတစ်မှာ ရိုက်နှိပ်ဖော်ပြကြပါတယ်။ သိပ္ပံသတင်းထောက် တစ်ယောက်မှာ သူ့ကို အလုပ်အမြဲရှုပ်နေအောင် လုပ်ပေးနေတဲ့အရာတွေ ပိုလို့တောင် နေပါသေးတယ်။

အထူးဆောင်းပါးရှင်တွေမှာ လူတစ်ယောက် သိပ္ပံစာရေးဆရာ တစ်ယောက် ဖြစ်လာအောင် ဘယ်လိုပြင်ဆင်သင့်တယ်ဆိုတာနဲ့ ပတ်သက်ပြီး တွေးမြင်ယူဆချက် အမျိုးမျိုးရှိတတ်ကြပါတယ်။ ဒါပေမဲ့လို့ အများစုကတော့ တချို့သိပ္ပံ သင်တန်းတွေ ပါဝင်တဲ့ ကောင်းမွန်တဲ့ အထွေထွေပညာရေးဟာ အကောင်းဆုံးဖြစ်တယ်လို့ ယုံကြည်ကြပါတယ်။ ပြီးတော့ ရေးသားနိုင်စွမ်းရှိမှုဟာ အများကြီးလိုအပ်ပါတယ်။

**ပညာရေး**

ပညာရေးအကြောင်း ရေးသားတာဟာလည်း အရေးကြီးတာပါပဲ။ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်၊ သုံးဆယ်လောက်တုံးကတော့ အမေရိကန် ပြည်ထောင်စုမှာ ပညာရေးနဲ့ပတ်သက်ပြီး သတင်းပေးပို့မှုတွေဟာ အပတ်စဉ် ကျောင်းအုပ်ချုပ်ရေးပိုင်း အစည်းအဝေးမှာ သတင်းရယူတာလောက်ပဲ ရှိပါသေးတယ်။ တချို့ သတင်းစာငယ်တွေမှာလည်း အဲဒါဟာ သိပ် အပြောင်းအလဲ မရှိလှပါဘူး။ ဒါပေမဲ့ သတင်းစာကြီးတွေမှာတော့ တစ်တိုင်းပြည်လုံးက ကျောင်းလှုပ်ရှားမှု သတင်းတွေဟာ မျက်နှာစာသတင်းတွေပဲဖြစ်ကြပါတယ်။ ကျောင်းမပြီးခင်မှာ ကျောင်းကထွက်သွားကြတဲ့ သိပ်နည်းပါးတဲ့ အရေအတွက်ဖြစ်တဲ့ ဆရာတချို့နဲ့ ကလေးတွေ၊ မတူကွဲပြားတဲ့ သင်ကြားနည်းစနစ်တွေ၊ လူပြည့်ကျပ်နေတဲ့ ကောလိပ်ကျောင်းတွေ အဲဒါတွေ အားလုံးကို ကောင်းမွန်တဲ့အဆုံးအဖြတ်နဲ့ ရေးသားတင်ပြတတ်ကြပါတယ်။ တီဗီနဲ့ သင်ကြားပေးမှုမျိုးလို သစ်လွင်ကောင်းမွန်တဲ့ တိုးတက်မှုတွေလည်း ပါတတ်တာပေါ့လေ။

တကယ်တော့ ကောင်းမွန်တဲ့ ပညာရေး သတင်းထောက်တွေဟာ အနည်းအကျဉ်းလောက်ပဲ ရှိကြပါတယ်။ သတင်းစာ အတော်များများဟာ ဒီလုပ်ငန်းကို သူတို့သင်ပေးနိုင်မယ့် သူမျိုးတွေကို ရှာဖွေတတ် ကြပါတယ်။ လေ့လာသင်ယူမှုတွေဟာ အကောင်းဆုံးအစပြုမှုပဲ ဖြစ်ပါတယ်။ ဒါပေမဲ့လို့ သိပ္ပံပညာနဲ့ ပညာရေးနယ်ပယ်တွေက သတင်းတွေက ရှင်းလင်းပြီး စိတ်ဝင်စားစရာကောင်းတဲ့ ရေးသားမှုဖြစ်ရပါတယ်။ ဆရာတွေအတွက် ရေးတာမဟုတ်ပါဘူး။ ကျွန်တော်တို့ ခင်ဗျားတို့လို လူမျိုးတွေ နားလည်ဖို့ ဖြစ်ပါတယ်။

ပညာရေးသတင်းထောက် အများစုဟာ အချက်အလက်တွေ ဘယ်လိုစုဆောင်းရမယ်၊ လူတွေကို ဘယ်လိုပြောဆိုဆက်ဆံရမယ်၊ သတင်းဆောင်းပါးကို ဘယ်လိုရေးရမယ်ဆိုတာ သင်ယူလေ့လာကြရတဲ့ အထွေထွေသတင်းထောက်အဖြစ် စတင်ခဲ့ကြတာ ဖြစ်ပါတယ်။ နယူးယောက်မြို့က သတင်းစာတိုက်ကြီးတစ်ခုရဲ့ ပညာရေးအယ်ဒီတာ တစ်ယောက်က ပညာရေးသတင်းထောက် စာရေးဆရာတစ်ယောက်ဟာ ပညာရေးနယ်ပယ်က သတင်းတွေကိုရော၊ ကျောင်းတွေနဲ့ ကောလိပ်ကျောင်းတွေမှာ ဖြစ်တတ်တဲ့ တခြားအရာတွေကိုလည်း မြင်နိုင်ရပါမယ်လို့ ပြောပါတယ်။ တကယ်လို့ ကောလိပ်ကျောင်းတစ်ခုမှာ မိန်းကလေးတွေကို တိုတောင်းတဲ့အဝတ်အစား ဝတ်စားတာကို ခွင့်ပြုလိုတဲ့သူတွေနဲ့ ခွင့်မပြုသင့်ဘူးလို့ ယူဆကြတဲ့သူတွေကြားမှာ ကွဲပြားတဲ့ အယူအဆတစ်ခု ရှိနေပြီဆိုရင်တော့ အဲဒါလည်း ပညာရေးသတင်းထောက်အတွက် သတင်းပဲဖြစ်ပါတယ်။

## နိုင်ငံရေး

နိုင်ငံရေးဆိုင်ရာ သတင်းစာပညာဟာ ခင်ဗျားတို့တိုင်းပြည်က မြို့ကြီးတွေဆီကို ဦးတည်လမ်းပြပေးနေတဲ့ လမ်းတစ်လမ်းပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ခင်ဗျားတို့ အဲဒီနေရာတွေကို မရောက်ခင်မှာ ခင်ဗျားတို့ မြို့က နိုင်ငံရေးအကြောင်းအရာတွေဟာ သတင်းစာရဲ့ မျက်နှာစာ သတင်းတွေဖြစ်နေပါလိမ့်မယ်။ တချို့သတင်းစာသမားတွေဟာ တခြားဘာအကြောင်းအရာကိုမှ ရေးသားလိုစိတ်မရှိအောင် နိုင်ငံရေးကို စိတ်ဝင်စားကြတာဟာ အံ့သြစရာ မရှိလှပါဘူး။

စာနယ်ဇင်းပညာနဲ့ အုပ်ချုပ်ရေးပညာ အတန်းတွေဟာ နိုင်ငံရေးဆောင်းပါးရှင် စာရေးဆရာ ဖြစ်ချင်သူတွေအတွက် အများကြီး အထောက်အပံ့ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီလုပ်ငန်းကို သူတို့ စတင်ဆောင်ရွက်ပုံ ဆောင်ရွက်နည်းဟာလည်း အလားတူပဲ အရေးကြီးပါတယ်။ နိုင်ငံရေးသတင်းထောက်ကောင်းတစ်ယောက်ဟာ သူ့တိုင်းပြည်ရဲ့ နေရာဒေသတိုင်းရဲ့ နိုင်ငံရေးစနစ်တိုင်းကို သူတတ်နိုင်သမျှ လေ့လာဆည်းပူးထားရပါမယ်။ နိုင်ငံရေးနယ်ပယ်ကလူတွေကို သူက သိနေရမှာဖြစ်ပြီး နိုင်ငံရေးအုပ်စုတွေ အလုပ်လုပ်နေကြပုံကိုလည်း သိထားရပါမယ်။ ပြီးတော့ အဲဒီလူတွေထဲမှာ တချို့ဆိုးတဲ့လူတွေ ရှိနေကြပေမယ့် နိုင်ငံရေး နယ်ပယ်က လူတွေဟာလည်း တခြားလူတွေလိုပဲဆိုတာ သူက သိထားပါတယ်။

နိုင်ငံရေးဆောင်းပါးရှင် ဖြစ်သူဟာ နိုင်ငံရေးကို သိပ်စိတ်ဝင်စားပြီး တခြားဘာမှ စိတ်မဝင်စားသလောက်ပါပဲ။ ဖြစ်ပျက်တတ်တာ အားလုံးကိုလည်း သူက မအံ့သြတတ်တော့ပါဘူး။ ပြီးတော့ နိုင်ငံရေး အစည်းအဝေး သေးသေးလေးတစ်ခုမှာ သူ သတင်းယူရတာပဲဖြစ်ဖြစ် အဖြစ်အပျက် အကြောင်းအရာကို ရယူဖို့ ရှေ့တန်းထိုင်ခုံတစ်နေရာမှာ သူ ရှိနေတတ်ပါတယ်။

တစ်ခါတစ်ရံမှာ နိုင်ငံရေး သတင်းပေးပို့မှုတစ်ခုဟာ နိုင်ငံရေးဆောင်းပါးတစ်ပုဒ်ရေးဖို့အထိ ရောက်သွားတတ်ပါတယ်။ အများအားဖြင့်တော့ အဲဒီလိုဆောင်းပါးမျိုး ရေးတဲ့သူတွေဟာ နိုင်ငံရေးလောကရဲ့ သတင်းတွေကို ရယူတဲ့နေရာမှာ နှစ်ပေါင်းများစွာ အတွေ့အကြုံ ရှိနှင့်ခဲ့ကြပြီး ဖြစ်ကြပါတယ်။ သူတို့ဟာ သတင်းဆောင်းပါးတစ်ပုဒ်ဖြစ်အောင် သူတို့ဖန်တီးနိုင်တဲ့ သတင်းတွေကို ဖြန့်ဝေပေးနိုင်တဲ့ သူတွေနဲ့ မိတ်ဆွေ ဖြစ်နေကြပြီး ဖြစ်ပါတယ်။ နိုင်ငံရေးသတင်း ပင်တိုင်ဆောင်းပါးရှင်တစ်ယောက်ရဲ့ဘဝမှာ အာဏာနဲ့အောင်မြင်မှု ရှိပါတယ်။ အရေးပါတဲ့ အမေရိကန် နိုင်ငံရေး ပင်တိုင်ဆောင်းပါးရှင်တွေဖြစ်တဲ့ ဂျိမ်း(စ်)ရက်စတန် (James Reston)၊ ဂျိုးဇက်အယ်လ်ဆော့ပ် (Joseph Alsop) နဲ့ ဝေါလ်တာလစ်ပ်မင်း (Water

Lippmann) စတဲ့ သူတွေကို ခင်ဗျားတို့ ကြားဖူးကောင်း ကြားဖူးကြမှာပါ။ အမေရိကန်ပြည်ထောင်စုက နိုင်ငံရေး ဆောင်းပါးရှင် စာရေးဆရာတွေဟာ အထွေထွေသတင်းသမားတွေထက် လုပ်ခလစာ ပိုပြီးကောင်းကြပါတယ်။

## စီးပွားရေး

နောက် အရေးပါတဲ့ အထူးဆောင်းပါးရှင် စာရေးဆရာကတော့ စီးပွားရေးဆောင်းပါးရှင် ဖြစ်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အမေရိကန်ပြည်ထောင်စုဟာ စီးပွားရေး နိုင်ငံတစ်ခုဖြစ်ပြီး အဲဒီလိုသတင်းမျိုးကို အောင်မြင်နေတဲ့ အမေရိကန်ဦးစီးဦးဆောင်တွေသာ ဖတ်ကြတာ မဟုတ်ပါဘူး။ သန်းပေါင်းများစွာသော အမေရိကန်တွေမှာ စီးပွားရေး အရစိတ်ဝင်စား အလေးပေးမှုတွေရှိကြပြီး ငွေကြေးတိုးပွားလာအောင် သူတို့ရဲ့ ငွေကြေးတွေကို အသုံးပြုတတ်ကြပါတယ်။ သတင်းစာတွေမှာ စီးပွားရေးစာမျက်နှာတစ်ခု၊ ဒါမှမဟုတ် စာမျက်နှာ တစ်စိတ်တစ်ပိုင်း ပါရှိကြပါတယ်။ စီးပွားရေးသတင်းဆောင်းပါးတွေ ရေးပေးတဲ့ သူ့ အယ်ဒီတာနဲ့ သူပေါ့လေ။ အဲဒီအယ်ဒီတာနဲ့ အကူတွေဟာ တိုင်းပြည်ရဲ့ စီးပွားရေးလောကက အရာရာတိုင်းကို သတင်းရယူကြပါတယ်။ ဥရောပဘုံဈေး (အခုဥရောပသမဂ္ဂ)နဲ့ တခြားနိုင်ငံရပ်ခြားတိုင်းပြည်တွေနဲ့ စီးပွားရေးဆောင်ရွက်မှုတွေက တစ်ကမ္ဘာလုံးဆိုင်ရာ သတင်းတွေ ပိုလို့ ပိုလို့ ရရှိစေပါတယ်။

ခင်ဗျားတို့ဟာ စီးပွားရေး ဆောင်းပါးရှင်တွေ ဖြစ်ချင်တယ်ဆိုရင် ကောလိပ်ကို တက်သင့်ပါတယ်။ ခင်ဗျားတို့ဟာ ကမ္ဘာပေါ်မှာ ကုန်ပစ္စည်း အမျိုးမျိုးကို ဘယ်လို ထုတ်လုပ်နေကြတယ်ဆိုတာ လေ့လာသင်ယူသင့် ပါတယ်။ အဲဒီကုန်ပစ္စည်းတွေကို ဘယ်လိုသုံးနေကြတယ်၊ ဘယ်လောက် တန်ဖိုးရှိတယ်ဆိုတာကို လေ့လာဆည်းပူးသင့်ပါတယ်။ ကိန်းဂဏာန်းတွေကို နားလည်မယ်ဆိုရင်တော့ အကူအညီ အထောက်အပံ့အများကြီး ဖြစ်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စီးပွားရေးသတင်းပေးပို့ချက်တွေဟာ ရှည်လျားတဲ့ ကိန်းဂဏာန်းတွေနဲ့ ပြည့်နေတတ်လို့ပဲ ဖြစ်ပါတယ်။ ခင်ဗျားတို့ဟာ ကောလိပ်က စာနယ်ဇင်းအတန်းတွေကို စတက်ပြီး၊ ပြီးတဲ့အချိန်မှာ စီးပွားရေးအတန်းတွေကို တက်ရောက်နိုင်ပါတယ်။

အမေရိကန် စီးပွားရေးသတင်းစာဖြစ်တဲ့ ဝေါလ်စထရိဂျာနယ် (The Wall Street Journal)က သတင်းထောက် တစ်ယောက်က ကောင်းကောင်းမွန်မွန် သုံးသပ်ဆုံးဖြတ်ပြီး အချက်အလက်တွေကို ရှင်းရှင်းလင်းလင်း ရေးတတ်အောင် သင်ယူလေ့လာခြင်းက စီးပွားရေး သတင်းထောက်တစ်ယောက်အတွက် သိပ်လိုအပ်

ပါတယ်လို့ ပြောပါတယ်။ သူဟာ တစ်နိုင်ငံလုံးနဲ့ ကမ္ဘာတစ်ဝှမ်းလုံးဆိုင်ရာအရ စီးပွားရေးဟာ ဘယ်လိုရွေ့လျားနေတယ်ဆိုတာ နားလည်နိုင်စွမ်း ရှိရပါမယ်။ လျှပ်စစ်ပစ္စည်းကလေးတစ်ခုကနေ အစားအသောက် အသစ်တွေအထိ အားလုံးကို ရှင်းပြနိုင်စွမ်းရှိရပါမယ်။ နိုင်ငံရေးက စီးပွားရေး အပြောင်းအလဲ ဖြစ်အောင် ဘယ်လိုလုပ်နိုင်တယ်ဆိုတာ နားလည်ရမှာဖြစ်ပြီး၊ အဖြစ်အပျက် အကြောင်းအရာတွေထဲက သူ ကြားသမျှ အရာအားလုံးထဲမှာ ဘာက အမှန်ဖြစ်တယ်ဆိုတာကိုလည်း သူက ဆုံးဖြတ်နိုင်ရပါမယ်။ တခြားဆောင်းပါးရေးသားမှုတွေမှာလိုပဲ အကောင်းဆုံး စီးပွားရေးဆောင်းပါးရှင်တစ်ယောက်ဟာ ကောင်းကောင်းရေးသားနိုင်တဲ့သူ၊ သတင်းအချက်အလက် စုဆောင်းနိုင်သူနဲ့ အဲဒီအချက်အလက်တွေကို တိတိကျကျ အသုံးအဖြတ်ပြုနိုင်သူ ဖြစ်ရပါမယ်။ စီးပွားရေး သတင်းပေးပို့မှုဟာ ယောကျ်ားသားတွေရဲ့ လောကပါပဲ။ ဒါပေမဲ့ အောင်မြင်တဲ့ စီးပွားရေး ပင်တိုင်ဆောင်းပါးရှင် အမျိုးသမီး စာရေးဆရာတချို့လည်း ရှိနေကြပါတယ်။

**အားကစား**

အားကစား ဆောင်းပါးရှင်ကောင်းတွေမှာလည်း အနာဂတ် ရှိပါတယ်။ လူငယ်တစ်ယောက်ဟာ သူ့ရဲ့ကျောင်း ဒါမှမဟုတ် ကောလိပ်သတင်းစာအတွက် ဘောလုံးကစားပွဲတွေနဲ့ တခြားအားကစားပွဲတွေရဲ့ သတင်းကို ရယူနိုင်တယ်။ ဘယ်လိုကစားသွားကြတယ်ဆိုတာ သိမယ်ဆိုရင် အဲဒါဟာ နောက်ပိုင်းမှာ သူ့ကို သတင်းထောက်တစ်ယောက် ဖြစ်လာအောင် အကူအညီအထောက်အပံ့ ဖြစ်စေနိုင်ပါတယ်။

တချို့ သတင်းစာငယ်တွေမှာတော့ အားကစားသတင်းထောက်တစ်ယောက်ဟာ တစ်ခါတလေမှာ အထွေထွေ သတင်းထောက်အဖြစ်လည်း ဆောင်ရွက်ပေးရတတ်ပါတယ်။ အဲဒါဟာ သူ့ကို ဓာတ်ပုံရိုက် တတ်ဖို့လည်း လိုအပ်လာစေတတ်ပါတယ်။ သတင်းစာကြီးတွေနဲ့ကတော့ အတော်ကွဲပြားခြားနားပါတယ်။ အားကစား သတင်းအယ်ဒီတာ တစ်ယောက်ဟာ သူ့ရဲ့အကူတွေကို သူ့ဘာသာတာဝန်ချပေးမှုတွေ ပြုလုပ်ပြီး သတင်းထောက်အများစု အလုပ်လုပ်တဲ့ အလုပ်ခန်းမှာ အလုပ်မလုပ်ဘဲ သီးသီးခြားခြား အလုပ်လုပ်လေ့ ရှိပါတယ်။

သတင်းစာကြီးတစ်စောင်မှာ အားကစား သတင်းထောက်တစ်ယောက်အဖြစ် စတင်လုပ်ခါစ လူတစ်ယောက်ဟာ အထက်တန်းကျောင်း အားကစားလှုပ်ရှားမှု သတင်းတွေကို ရယူပေးဖို့ တာဝန်ပေးခံရတတ်ပါတယ်။ ကောလိပ်ကျောင်းတွေနဲ့ ကြေးစားအားကစားပွဲ သတင်းတွေကိုတော့ ပိုပြီး အတွေ့အကြုံရှိတဲ့ ဆောင်းပါးရှင်

တွေက ရယူလေ့ရှိပါတယ်။ ဒါပေမဲ့လို့ သူဟာ လူတော်တစ်ယောက်ဖြစ်ပြီး ဂရုတစိုက်ရှိတဲ့ သတင်းရေးသားသူတစ်ယောက် ဖြစ်မယ်ဆိုရင်တော့ အရေးကြီးတဲ့ အားကစားပွဲတွေကို စတင်ရယူပေးရတဲ့အချိန် ရောက်လာမှာပါပဲ။ ကြီးမားတဲ့ ဘောလုံးကစားပွဲကြီးတွေမှာ စာနယ်ဇင်းသမားတွေအတွက် အထူးသတ်မှတ်ပေးထားတဲ့ ခုံတွေပေါ်မှာ ထိုင်နေတဲ့သူတွေဟာ အဲဒီပွဲမျိုးတွေက စခဲ့ကြတာ မဟုတ်ပါဘူး။

အားကစားအယ်ဒီတာတွေက အားကစားသတင်း ဆောင်းပါးရှင်ဖြစ်ချင်တဲ့ လူငယ်တစ်ယောက်ဟာ ဘောလုံးပွဲတွေ ကြည့်ချင်တာ သက်သက်လောက်နဲ့တော့ မလုံလောက်ဘူးဆိုတာ အသေအချာ သိထားသင့်တယ်လို့ ပြောလေ့ရှိပါတယ်။ အားကစား သတင်းဆောင်းပါး အမှန်တကယ်ရေးချင်တဲ့ ဆန္ဒရှိသူတစ်ယောက်ဟာ အားကစားနည်းအမျိုးမျိုးကို တတ်နိုင်သမျှ သိနိုင်သလောက် လေ့လာဆည်းပူးထားသင့်ပါတယ်။ မတူကွဲပြားတဲ့ အားကစားနည်းတွေ အားလုံးမှာ ဘယ်လိုကစားပုံဟာ ကောင်းမွန်တဲ့ကစားပုံဖြစ်ပြီး ဘယ်လိုကစားပုံကတော့ မကောင်းတဲ့ ကစားပုံဖြစ်တယ်ဆိုတာကို အဆုံးအဖြတ် ပေးနိုင်သင့်ပါတယ်။ သူဟာ သူ့ရဲ့ အရေးအသား အကောင်းဆုံးဖြစ်တဲ့အထိရေးလိုက် ပြန်ရေးလိုက် လုပ်သင့်ပါတယ်။ လက်သင်တွေဟာ အားကစားသတင်း ဆောင်းပါးရှင် ဒါမှမဟုတ် တခြားအထူးဆောင်းပါးရှင်တစ်ယောက် ဖြစ်မလာခင်မှာ သတင်းဆောင်းပါး အမျိုးမျိုးကို သတင်းပေးပို့နိုင်၊ ရေးသားနိုင်၊ လုပ်နိုင်ထားသင့်ပါတယ်။

ကောလိပ်ကျောင်းသားတစ်ယောက် ဒါမှမဟုတ် အထက်တန်းကျောင်းသားတစ်ယောက်ဟာ သူ့မြို့ရဲ့ သတင်းစာတစ်စောင်မှာ အချိန်ပိုင်း အားကစား သတင်း အယ်ဒီတာမှာ ညပိုင်းမှာကစားတဲ့ ဘောလုံးကစားပွဲတွေကို သွားရောက် သတင်းရယူပေးဖို့ တစ်စုံတစ်ယောက် လိုအပ်ကောင်း လိုအပ်ပါလိမ့်မယ်။ အဲဒါဟာ ငွေကြေးလည်း အနည်းအကျဉ်းရ၊ တစ်ချိန်တည်းမှာပဲ လေ့လာသင်ယူလို့လည်းရနိုင်တဲ့ နည်းလမ်းကောင်း တစ်ခုဖြစ်ပါတယ်။ ခင်ဗျားတို့ဟာ ကောလိပ်ကျောင်းမှာ တက်နေတဲ့ အချိန်မှာပဲ ခင်ဗျားတို့မြို့က သတင်းစာစောင် ဒါမှမဟုတ် ကြေးနန်း သတင်းဌာနတစ်ခု အတွက် သတင်းရယူရေးသားပေးနေတဲ့ သတင်းထောက်တစ်ယောက်လည်း ဖြစ်နိုင်ပါတယ်။

## ရဲ [မှုခင်း]

မှုခင်းသတင်းဆောင်းပါးရှင်တစ်ယောက်ဟာ ရဲတွေကိုရော ဥပဒေဆန့်ကျင်ချိုးဖောက်သူတွေကို သိထားရပါတယ်။ အချို့ ရဲ (မှုခင်း) ဆောင်းပါးရှင်တွေဟာ သူတို့တွေ ရဲတွေ အသုံးပြုတတ်တဲ့ နည်းစနစ်တွေနဲ့ လူသတ်သမားတွေ အသုံးပြု

တတ်တဲ့ နည်းစနစ်တွေကို လေ့လာသင်ယူရာဖြစ်တဲ့ နေ့စဉ် ရဲသတင်း ရယူရာနေရာတွေမှာပဲ သူတို့ရဲ့ အတွေ့အကြုံကို ပထမဆုံး ရယူခဲ့ကြပါတယ်။ အဲဒီ သတင်းရယူရာနေရာပဲ သူတို့ရဲ့ နောက်ပိုင်းလုပ်ငန်းတွေအတွက် တန်ဖိုးရှိတဲ့ မိတ်ဆွေတွေ ရရှိခဲ့ကြတတ်ပါတယ်။ မှုခင်းသတင်းဆောင်းပါးရှင် တော်တော်များများ ဟာ မကောင်းမှု ဒုစရိုက်လုပ်ငန်းတွေကို ပြင်းပြင်းထန်ထန် သတင်းပေးပို့ ရေးသားပေးခဲ့တဲ့အတွက် စာဖတ်သူ ထောင်ပေါင်းများစွာက သိလာတတ် ကြပါတယ်။ အမေရိကန်မှုခင်းသတင်းထောက်တစ်ယောက်ဟာ ရဲတွေက ရှာမတွေ့နိုင်ခဲ့တဲ့ အသတ်ခံရတဲ့ လူတစ်ယောက်ရဲ့အလောင်းကို ခွေးတွေရဲ့ အကူအညီနဲ့ ရှာဖွေတွေ့ ရှိခဲ့ပါတယ်။

သတင်းစာကြီးတစ်စောင်မှာ အထူးဆောင်းပါးရှင်တစ်ယောက် ဖြစ်လာဖို့ဟာ သတင်းစာလေးတစ်စောင်မှာ ဖြစ်ဖို့ထက် ပိုပြီးလွယ်ကူ ပါတယ်။ သတင်းစာငယ်လေး တစ်စောင်က ခင်ဗျားရေးချင်တဲ့ အထူးဆောင်းပါးတွေကို ရဖို့ခွင့်မပြုဘူးဆိုရင် နှစ်နှစ် သုံးနှစ်လောက်ကြာတဲ့အခါ မြို့ကြီးတစ်မြို့က သတင်းစာကြီးတစ်စောင်ကို ပြောင်းလုပ်လိုက်ပါ။

အမေရိကန်ပြည်ထောင်စုမှာတော့ လူတစ်ယောက်ဟာ သတင်းစာကြီး တစ်စောင်မှာ အားကစားသတင်းရေးဖို့ အခွင့်အရေး တစ်ခါတည်း ရချင်ရသွားနိုင် ပါတယ်။ ဒါပေမဲ့ တခြားအထူးဆောင်းပါးရေးဖို့အတွက် ဆိုရင်တော့ သူဟာ အထွေထွေ သတင်းထောက်တစ်ယောက်အဖြစ် လုပ်ကိုင်ဆောင်ရွက်ဖို့ လိုအပ် ကောင်း လိုအပ်နိုင်ပါတယ်။ အဲဒါဟာလည်း သူ့အတွက် ကောင်းဖို့ပဲဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒါက သူ့ကို သတင်းစာလုပ်ငန်းနဲ့ ပတ်သက်ပြီး အရေးအကြီး ဆုံးအရာတွေဖြစ်တဲ့ မှန်တဲ့အရာကို ရှင်းရှင်းလင်းလင်း ရေးတတ်ဖို့နဲ့ သတင်းစု ဆောင်းနည်းတွေကို  သင်ကြားပေးမှာ ဖြစ်လို့ပါပဲ။

ခင်ဗျားတို့ဟာ ခင်ဗျားတို့ ရေးချင်တာကို သိပြီး ဖြစ်ကောင်းဖြစ်မယ်၊ ဒါမှမဟုတ် အထွေထွေတာဝန်ကို ထမ်းဆောင်နေတဲ့အချိန်မှာ အတွေးစိတ်ကူးတစ်ခု ရလာတာ ဖြစ်ကောင်းလည်း ဖြစ်နိုင်ပါတယ်။ ခင်ဗျားတို့အနေနဲ့ ခင်ဗျားတို့ ရေးသားချင်တဲ့ အကြောင်းအရာနဲ့ ပတ်သက်ပြီး အလုပ်တာဝန် ချထားပေးအပ်မှုတွေ များနိုင်သမျှ များများရအောင် ကြိုးစားသင့်ပါတယ်။ ခင်ဗျားတို့ရဲ့ တာဝန်ခံ အယ်ဒီတာကို ခင်ဗျားတို့ဟာ နိုင်ငံရေး ဒါမှမဟုတ် မှုခင်းသတင်းပေးပို့မှု ဒါမှမဟုတ် သိပ္ပံနယ်ပယ်တွေမှာ စိတ်ဝင်စားမှုရှိတာကို သိလာရအောင် အဲဒီအကြောင်းအရာတွေ ဖြစ်လာတဲ့အချိန်မှာ အဲဒီသတင်းတွေကို သွားရောက်ရယူ ရေးသားနိုင်ခွင့်ပေးဖို့ တောင်းဆိုရပါမယ်။ အဲဒါဟာ ခင်ဗျားရဲ့ သင်ယူလေ့လာမှုကို တိုးများလာစေပြီး

ခင်ဗျားတို့ ဘယ်လို နားလည်ခံစားတယ်ဆိုတာကိုလည်း အယ်ဒီတာကို ပြသရာ ရောက်ပါတယ်။

လူသိများထင်ရှားတဲ့ အထူးဆောင်းပါးရှင်တစ်ယောက်ဟာ အများအားဖြင့် အထွေထွေသတင်းထောက်တွေထက် ငွေကြေးပိုပြီး ရပါတယ်။ ဒါပေမဲ့ အထွေထွေ သတင်းထောက် တစ်ယောက်ဟာ သိပ်ကောင်းလာပြီဆိုရင်တော့ တစ်ခါတလေ သူက အထူးဆောင်းပါးရှင် တစ်ယောက်ထက်ပိုပြီး ငွေကြေးရရှိတတ်ပါတယ်။

ခင်ဗျားတို့နှစ်သက်တဲ့ အကြောင်းအရာမျိုးတွေကို ရယူရေးသားနိုင်စွမ်း အပြင်မှာ အထူးရေးသားမှုက အထွေထွေတာဝန်ထက်ပိုပြီး သာလွန်ကောင်းမွန်တဲ့ အလုပ်လုပ်ချိန်တွေကို ပေးအပ်နိုင်ပါတယ်။ တစ်ခါတစ်ရံမှာဆိုရင် အထူးဆောင်းပါး ရှင်တစ်ယောက်ဟာ သတင်းအကြောင်း အရာတစ်ခုကိုရေးဖို့ အဆင်သင့် မဖြစ်သေးခင်မှာ အဲဒီသတင်းကို တစ်ပတ် ဒါမှမဟုတ် တစ်ပတ်ကျော်ကျော်လောက် လိုက်ချင်လိုက်နိုင်ပါတယ်။ ဒါပေမဲ့ အဲဒါဟာ အားကစားသတင်းအတွက်တော့ မမှန်ပါ ဘူး။ အားကစားသတင်းထောက်တစ်ယောက်ဟာ အလုပ်လုပ်တဲ့နေရာမှာ အထွေထွေတာဝန် သတင်းထောက်တစ်ယောက်နဲ့ အများကြီးတူပါတယ်။ အားကစား သတင်း အယ်ဒီတာဆီက ညွှန်ကြားမှုကို ရယူပြီး သတင်းကို ရယူရတာပေါ့လေ။

ခင်ဗျားတို့ထဲက တချို့က သတင်းစာအတွက် ဓာတ်ပုံရိုက်တဲ့ အလုပ်ကို စိတ်ဝင်စားကောင်း စိတ်ဝင်စားနိုင်ပါတယ်။ အဲဒါဟာ စိတ်လှုပ်ရှားစရာကောင်းတဲ့ အလုပ်ဖြစ်ပြီး မျက်စိလျှင်ရသလို မြန်မြန် ဆန်ဆန်လည်း စိတ်ဆုံးဖြတ်နိုင်ရပါမယ်။ ပြီးတော့ အနုပညာကိုလည်း နားလည်ရပါမယ်။

သတင်းစာတွေက သတင်းအကြောင်းအရာကို နားမလည်ဘဲ စက်တစ်ခုလို ဓာတ်ပုံရိုက်နိုင်တဲ့ ဓာတ်ပုံဆရာတွေကို အလိုမရှိတတ်ပါဘူး။ ဓာတ်ပုံကောင်းတွေဟာ ရိုးရိုးစင်းစင်းလေးတွေပါပဲ။ ဒါပေမဲ့ ဓာတ်ပုံဆရာက အဲဒီလိုပုံမျိုးရအောင် ကြံစည်စီစဉ် ထားခဲ့တာဖြစ်ပြီး သတင်း အကြောင်းအရာကိုလည်း သူက နားလည်ထားပါတယ်။

မြို့ကြီးတစ်မြို့က နေ့စဉ်သတင်းစာကြီး တစ်စောင်မှာထက်စာရင် မြို့ငယ်လေးတစ်မြို့က သတင်းစာတစ်စောင်မှာ ဓာတ်ပုံဆရာ အဖြစ် စလုပ်တာက ပိုပြီးလွယ်ကူပါတယ်။ တချို့သတင်းစာတွေက ဓာတ်ပုံလည်းရိုက်တတ်၊ စာလည်း ရေးတတ်တဲ့ လူတစ်ယောက်ကို ရှာဖွေတတ်ပါတယ်။ သတင်းဖြစ်ရပ်တစ်ခုရဲ့ ဖြစ်ပွားရာမြင်ကွင်းမှာ အချက်အလက် ရယူစုဆောင်းပြီး သတင်းဓာတ်ပုံကိုလည်း ရိုက်ရတာဟာ သိပ်မလွယ်လှပါဘူး။ နောက် အလုပ်နှစ်ခုလုပ်နေရပြီး အလုပ်တစ်ခုတည်း အတွက်ပဲ အခကြေးငွေရတတ်တာမျိုးလည်း ဖြစ်တတ်ပါတယ်။

တချို့မြို့တော်သတင်းစာကြီးတွေကတော့ ပုံနှိပ်ဖော်ပြဖို့ ဓာတ်ပုံတွေကို

ပြင်ဆင်ရတဲ့နေရာမှာ လက်သင်ဓာတ်ပုံသမားတစ်ယောက်ကို လက်ခံနိုင်ပါတယ်။ လအတော်လေး ကြာလာတဲ့အချိန်မှာ သူဟာ အပြင်ထွက်ပြီး ဓာတ်ပုံရိုက်ခွင့် ရလာနိုင်ပြီး သတင်းစာရဲ့ ဓာတ်ပုံဆရာတစ်ယောက် ဖြစ်လာတတ်ပါတယ်။

သတင်းဓာတ်ပုံဆရာတစ်ယောက် ဖြစ်လာဖို့ကတော့ ခင်ဗျားတို့ဟာ ကောလိပ်ကျောင်းတက်ဖို့ မလိုပါဘူး။ ဒါပေမဲ့ တက်ထားမယ်ဆိုရင်တော့ ခင်ဗျားရဲ့ ဘဝတက်လမ်းကို အထောက်အပံ့ ဖြစ်စေနိုင်ပါတယ်။ခင်ဗျားတို့ ဓာတ်ပုံရိုက်ရမယ့် လောကအကြောင်းကို ခင်ဗျားတို့ ပိုပြီး နားလည်မှု ရှိရပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဓာတ်ပုံဆရာတစ်ယောက်ဟာ သတင်းတွေကို ဓာတ်ပုံနဲ့ ပေးပို့နေတဲ့ သတင်းထောက် တစ်ယောက် ဖြစ်နေလို့ပါပဲ။ စာနယ်ဇင်းကျောင်းတွေက ဓာတ်ပုံပညာမှာ လိုအပ်တဲ့ နည်းစနစ်တွေနဲ့ အနုပညာကို သင်ကြားပို့ချပေးတဲ့အတန်း တစ်တန်းနှစ်တန်းတော့ ပေးလေ့ရှိပါတယ်။

ဓာတ်ပုံရိုက်ရတာဟာ အမြဲတမ်း လွယ်ကူလှတာတော့ မဟုတ်ပါဘူး။ လူအတော်များများ ဓာတ်ပုံအရိုက်ခံရတာကို မနှစ်သက်တတ်ကြပါဘူး။ ပြီးတော့ ဓာတ်ပုံအရိုက်မခံချင်တဲ့သူတွေက သူတို့ရဲ့ ဓာတ်ပုံကို ရိုက်လိုက်တဲ့အတွက် ဓာတ်ပုံ ဆရာကို ရိုက်နှက်တတ်ကြပါသေးတယ်။ တစ်ခါတလေမှာလည်း ဓာတ်ပုံဆရာဖြစ်သူ ဟာ မြင်ကွင်းတွေကို မြင့်မားတဲ့ တောင်တွေပေါ်က တက်ပြီးရိုက် ရတတ်ပါတယ်။ ဒါမှမဟုတ် တိုက်ပွဲတစ်ပွဲရဲ့အလယ်မှာ သွားရိုက်ရတာမျိုးလည်း ရှိတတ်ပါတယ်။

သတင်းဓာတ်ပုံပညာဟာ အမျိုးသမီးတွေအတွက် ပိတ်ပင်ထားတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အမျိုးသမီး သတင်းဓာတ်ပုံဆရာနေနဲ့တော့ သိပ်များများစားစား မရှိလှပါဘူး။ တချို့မဂ္ဂဇင်း ဓာတ်ပုံဆရာတွေဟာ လစာကောင်းကောင်း ရကြပါတယ်။ တခြားဓာတ်ပုံဆရာတွေကတော့ တစ်ကိုယ်တော် အလုပ်လုပ်တတ်ကြပြီး သူတို့ရဲ့ ဓာတ်ပုံတွေကိုမဂ္ဂဇင်း တွေကိုရော သတင်းစာတွေကိုပါ ရောင်းချကြပါတယ်။ ဓာတ်ပုံ ဆရာ အနည်းအကျဉ်းကတော့ သူတို့ရဲ့ ကောင်းမွန်လှတဲ့ ဓာတ်ပုံတွေကြောင့် သိပ်လူသိများ ထင်ရှားသွားကြတာ တွေ့ရပါတယ်။

◈◈◈◈◈

## တံခါးဖွင့်ထားပါတယ် မိန်းကလေးတို့

၁၈၈၉ ခုနှစ်က အမျိုးသမီးသတင်းထောက် တစ်ယောက်ဟာ ကမ္ဘာကို ရက် ၈၀ မပြည့်ခင် တစ်ပတ် ပတ်မိအောင် ကြိုးစားဖို့ နယူးယောက်က ရွက်လွှင့်ထွက်ခွာခဲ့ပါတယ်။

အဲဒီ ရဲဝံ့တဲ့ အမျိုးသမီးသတင်းထောက်ရဲ့ နာမည်ရင်းက အယ်လီဇဘက်ခို့ချ်ရင် (Elizabeth Cochran) ဖြစ်ပါတယ်။ ဒါပေမဲ့ သတင်းစာမှာ သတင်းဆောင်းပါး ရေးတဲ့အခါမှာ သူမက နယ်လီဘလိုင်း (Nellis Bly) ဆိုတဲ့အမည်ကို အသုံးပြုခဲ့ပါတယ်။ သူမဟာ သူမရဲ့ခရီးစဉ် ကို ခုနှစ်ဆယ့်နှစ်ရက် ခြောက်နာရီ ဆယ့်တစ်မိနစ်နဲ့ ပြီးဆုံးအောင်မြင်အောင် သွားနိုင်ခဲ့ပါတယ်။ သူမက ခရီးကို သင်္ဘောတွေနဲ့ မြင်းတွေ အပါအဝင် နည်းအမျိုးမျိုးနဲ့ သွားခဲ့ပြီး သူမ ပြန်လာတဲ့အခါမှာတော့ သူမကို စိတ်လှုပ်ရှားပျော်ရွှင်မှုအတိနဲ့ ကြိုဆိုခဲ့ကြပါတယ်။ သူမရဲ့ သတင်းစာက သူမအတွက် သိပ်ပြီးဂုဏ်ယူခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူမဟာ စာနယ်ဇင်းသတင်းကို ဖန်တီးနိုင်ခဲ့လို့ပဲ ဖြစ်ပါတယ်။ အဲဒါဟာ သူမရဲ့ အယ်ဒီတာက မျှော်လင့်ထားခဲ့တဲ့အရာလည်း ဖြစ်ပါတယ်။ တကယ့်ကိုပဲ သတင်းစာတွေ အများကြီး ပိုရောင်းရအောင် သူက အဲဒီခရီးကို စီစဉ်ခဲ့တာပါ။

ဒါပေမဲ့လို့ နောက်ရာစုနှစ်ဝက်အတွင်းမှာ အမျိုးသမီး သတင်းထောက်ဆိုလို့ မရှိသလောက်ပါပဲ။ အဲဒီအခြေအနေဟာ ၁၉၄၁ ခုနှစ်၊ ဒုတိယကမ္ဘာစစ်ထဲကို အမေရိကန် ဝင်ရောက်လာပြီး အမေရိကန် သတင်းစာတွေမှာ အမျိုးသမီးတချို့ စတင် အလုပ်လုပ်လာကြတဲ့အထိ ပဲ ဖြစ်ပါတယ်။ ယောကျ်ားတော်တော်များများ စစ်ပွဲအတွက် ထွက်ခွာ သွားကြတဲ့အတွက် အယ်ဒီတာတွေဟာ သတင်းထောက်တွေ အဖြစ် အမျိုးသမီးတွေကို မသုံးလို့မရတော့တဲ့ အခြေအနေ ဖြစ်လာခဲ့ပါတယ်။

အဲဒီ အယ်ဒီတာတွေဟာ သတင်းစာတစ်စောင်မှာ အမျိုးသမီးတွေ ကောင်းကောင်း အလုပ်လုပ်နိုင်တယ်ဆိုတာ ကျေနပ်အံ့သြစရာ တွေ့လာခဲ့ကြပါတယ်။ စစ်ပွဲ ပြီး သွားတဲ့အချိန်မှာ အဲဒီအမျိုးသမီးတွေ သတင်းစာ လုပ်ငန်းထဲဝင်ရောက်ဖို့ ပိုပြီး လွယ်ကူသွားအောင်လည်း လုပ်နိုင်ခဲ့ကြပါတယ်။ အရင်တုံးကတော့ သတင်းစာ လုပ်ငန်းဟာ အမျိုးသမီးတွေအတွက် မဟုတ်ဘူးလို့ လူတွေက ထင်ထားခဲ့ကြတာ ဖြစ်ပါတယ်။ အခုတော့ တွေးမြင်ယူဆချက်တွေဟာ ပြောင်းလဲသွားခဲ့ကြပါပြီ။

ဒီကနေ့ခေတ်မှာ စာနယ်ဇင်းလုပ်ငန်းမှာ အမျိုးသမီးတွေ အများကြီး ရှိနေပါပြီ။ သူတို့တွေဟာ သတင်းစာတွေ၊ မဂ္ဂဇင်းတွေနဲ့ လူထုဆက်ဆံရေး လုပ်ငန်း တွေမှာ အလုပ်လုပ်ကိုင်နေကြပါတယ်။ အမေရိကန်သတင်းစာရဲ့ အယ်ဒီတာ့အာဘော် ကဏ္ဍ လုပ်သားငါးယောက်တိုင်းမှာ တစ်ယောက်က အမျိုးသမီး ဖြစ်နေပါပြီ။ သူတို့ဟာ အဝတ်အစား အသစ်တွေကစ စစ်ပွဲသတင်းတွေအထိ အားလုံးကို သတင်း ပေးပို့နေကြ ပြီး ယောကျ်ားတွေသွားတဲ့ နေရာတိုင်းနီးပါးကို သွားရောက်နေကြပြီ ဖြစ်ပါတယ်။

ပူလစ်ဇာဆု ရရှိခဲ့တဲ့ အမေရိကန် အမျိုးသမီးစစ်သတင်းထောက် မာဂရိုက်ဟစ်ဂင်စ် (Marguerite Higgins)ဟာ ဒုတိယကမ္ဘာစစ် အတွင်းမှာ အမေရိကန်၊ ဗြိတိသျှနဲ့ ပြင်သစ်စစ်တပ်တွေရဲ့ သတင်းတွေကို ရယူပေးခဲ့ပြီး ကိုရီးယားတိုက်ပွဲ၊ အင်ဒို–တရုတ်စစ်နဲ့ ဗီယက်နမ် စစ်သတင်းတွေကိုလည်း ရယူရေးသားသူဖြစ်ပါတယ်။ သူမဟာ ဝါရှင်တန်က သတင်းထောက် တစ်ယောက် လည်း ဖြစ်တဲ့အတွက် သမ္မတတွေ၊ ဘုရင်တွေနဲ့ စကားပြောခဲ့ရတာတွေ ရှိခဲ့ပါတယ်။ တခြား အမျိုးသမီး စာနယ်ဇင်းသမား များစွာကိုလည်း အမေရိကန်ပြည်ထောင်စုမှာရှိတဲ့ သန်းပေါင်းများစွာသော စာဖတ်ပရိသတ်တွေက သိနေခဲ့ကြပါပြီ။

ဒါကြောင့်မို့လို့ အမေရိကန် ပြည်ထောင်စုမှာ မိန်းကလေးတွေအတွက် တံခါးပွင့်နေခဲ့ပြီ။ စာနယ်ဇင်းသမားလောကမှာ အမျိုးသမီးတွေအတွက် အမျိုးမျိုးသော အလုပ်တွေ အများကြီးရှိနေပါတယ်။ ပြီးတော့ အလုပ်အကိုင်ချင်း တူညီမယ်ဆိုရင် သူတို့ဟာ ယောကျ်ားတွေနဲ့ တူညီတဲ့ လုပ်ခလစာ ရရှိခဲ့ကြပါတယ်။ ဘယ်မိန်းကလေး မဆို ကြိုးစားအားထုတ်မှု လုံလောက်အောင်ရှိမယ်ဆိုရင် သတင်းစာလုပ်ငန်းမှာ အလုပ်တစ်ခု ရနိုင်ပါတယ်။ ဒါပေမဲ့ အမြဲတမ်းတော့လည်း လွယ်ကူလှတာ မဟုတ်ဘူး။ ဘာဖြစ်လို့လည်းဆိုတော့ တချို့အယ်ဒီတာတွေက သူတို့ရဲ့ရုံးခန်းတွေမှာ အမျိုးသမီး တွေ အလုပ်လုပ်ကြတာကို မနှစ်သက်ကြပါဘူး။

မိန်းကလေးတစ်ယောက်အနေနဲ့ မြို့ကြီးတစ်မြို့က သတင်းစာကြီး တစ်စောင်မှာထက် သတင်းစာငယ်လေးတစ်စောင်မှာ အထွေထွေ သတင်းပေးပို့ တဲ့အလုပ်ကို ပိုပြီးရနိုင်ပါတယ်။ မြို့တော်သတင်းစာကြီး အများစုဟာ အထွေထွေ

တာဝန်နဲ့ နေရာတစ်နေရာက  သတင်းရယူတဲ့ အလုပ်မျိုးတွေမှာ အမျိုးသမီး အနည်းအပါးထက် ပိုပြီး ခေါ်မသုံးကြ သေးပါဘူး။ ဒါပေမဲ့ သတင်းစာကြီးတစ်စောင်မှာ အောင်မြင်မှု ရယူချင် တယ်ဆိုရင်တော့ ခင်ဗျားတို့အတွက် မကြိုးစားသင့်စရာ အကြောင်း မရှိပါဘူး။ တခြားသူတွေ အောင်မြင်မှုရနေကြပြီး ယောကျ်ားတစ်ယောက်ဆီ ကပဲဖြစ်ဖြစ်၊ မိန်းမတစ်ယောက်ဆီကပဲဖြစ်ဖြစ် အယ်ဒီတာတွေဟာ ကောင်းမွန်တဲ့ လုပ်ဆောင်မှုကို  နှစ်သက်တတ်ကြပါတယ်။

တကယ်လို့ ခင်ဗျားဟာ မိန်းမတစ်ယောက် ဖြစ်နေမယ်ဆိုရင် တာဝန်ခံ အယ်ဒီတာတစ်ယောက်က ခင်ဗျားကို သတင်းစာမှာ အလို မရှိနိုင်လောက်တဲ့ အဓိကအကြောင်းတွေကတော့–

၁။ သူက သူ့အနေနဲ့ ယောကျ်ားတစ်ယောက်ကို လွှတ်လို့ရနိုင်တဲ့ နေရာတိုင်းကို ခင်ဗျားကို လွှတ်လို့မရနိုင်ဘူးလို့ ယုံကြည်နေတတ်ပါတယ်။

၂။ ခင်ဗျားဟာ ညဥ့်နက်သန်းခေါင် အလုပ်လုပ်သင့်တယ်လို့ သူက မယုံကြည်ပါဘူး။

၃။ သတ်တဲ့ဖြတ်တဲ့သတင်းတွေကို ရယူဖို့ ခင်ဗျားအနေနဲ့ ကြောက်ရွံ့နေလိမ့် မယ်လို့ သူက ယုံကြည်တတ်ပါတယ်။

၄။ စာနယ်ဇင်းလုပ်ငန်းကို ခင်ဗျားဘဝရဲ့ တစ်သက်တာ အသက်မွေးမှု လုပ်ငန်း အဖြစ် တကယ်တမ်းစိတ်ဝင်စားမှု ခင်ဗျားမှာ မရှိဘူးဆိုတဲ့အတွေး သူ့မှာရှိပါ တယ်။

၅။ သူက သတင်းစာတိုက်မှာ ခင်ဗျားစပြီး အသုံးဝင်လာတဲ့ အချိန်မှာပဲ ခင်ဗျားက လက်ထပ်ပြီး သတင်းစာက ထွက်သွားမှာပဲလို့ ယူဆထားတတ် ပါတယ်။

၆။ တကယ်လို့ ခင်ဗျားလက်ထပ်လိုက်မယ်ဆိုရင် ခင်ဗျားမှာ ကလေး ရလာမယ်၊ ပြီးတော့ သတင်းစာကလည်း ထွက်သွားလိမ့်မယ်လို့ သူက ထင်ထားတတ်ပါတယ်။

အယ်ဒီတာဖြစ်သူမှာ အဲဒီအကြောင်းတရားတွေ များများစားစား ရှိစရာ မလိုအပ်ပါဘူး။ အခုစာအုပ်ကိုရေးသားတဲ့ စာရေးဆရာဟာ လူသတ်မှု ဖြစ်ပွားတဲ့ နေရာမှာ သူတို့အလုပ် သူတို့ငြိမ်ငြိမ်သက်သက် လုပ်နေကြတဲ့ အမျိုးသမီးတွေ၊ သတင်းဖြစ်ရပ်ကို ရယူဖို့ လမ်းပေါ် ရန်ဖြစ်တိုက်ခိုက်မှု ဖြစ်ပွားရာနေရာကို အေးအေး ဆေးဆေးလျှောက်ဝင် သွားတတ်ကြတဲ့ အမျိုးသမီးတွေကို မြင်တွေ့ခဲ့ရပြီး ဖြစ်ပါတယ်။

ဒါပေမဲ့ ညပိုင်းအလုပ်တွေနဲ့ ပတ်သက်ရင်တော့ အယ်ဒီတာက မှန်ပါတယ်။ မြို့ရဲ့ တချို့အစိတ်အပိုင်းတွေဟာ သန်းခေါင်ယံ နောက်ပိုင်းအချိန်တွေမှာ အမျိုးသမီး

တစ်ယောက်အတွက် လုံခြုံစိတ်ချရမှု မရှိတတ်ပါဘူး။ ဒါကြောင့်မို့ တာဝန်ခံအယ်ဒီတာက ခင်ဗျားကို လက်ခံလိုက်မယ်ဆိုရင် နေ့ပိုင်းအချိန်အတွင်းမှာပဲ ခင်ဗျား အလုပ်လုပ်ရနိုင်ပါတယ်။ အယ်ဒီတာလုပ်သူရဲ့ စိုးရိမ်ကြောက်လန့်မှုတွေကို ပြေပျောက်သွားဖို့အတွက် ခင်ဗျားအနေနဲ့ သတင်းစာလုပ်ငန်းကို ခင်ဗျားရဲ့ တစ်သက်တာ အသက်မွေးလုပ်ငန်းအဖြစ် အမှန်တကယ် ခင်ဗျား စိတ်ဝင်စားကြောင်း အကြောင်းပြချက်ကောင်းကောင်းကလေးတွေ ခင်ဗျားကိုယ်တိုင် သူ့ကို ပေးအပ်ရပါလိမ့်မယ်။

နယူးယောက်တိုင်း(မ်)သတင်းစာက အမျိုးသမီး စာနယ်ဇင်းသမားတစ်ယောက်ကတော့ 'ယောကျ်ားတွေလုပ်နိုင်တာ အားလုံးကို မိန်းမတွေ လုပ်နိုင်ပါတယ်' လို့ဆိုပါတယ်။ တကယ်လို့ ကောင်းမွန်တဲ့ လုပ်ငန်းတာဝန်အားလုံးကို ယောကျ်ားတွေကိုပဲ ပေးအပ်နေတယ်ဆိုရင် မိန်းမတွေဟာ အမှားတွေကိုပဲ လုပ်နေ၊ ဒါမှမဟုတ် ပြောနေလို့ ဖြစ်ရပါမယ်။ နည်းနည်းလေး နေမကောင်းဖြစ်တာနဲ့ တိုက်ကိုမလာတာ၊ အလုပ်မလုပ်မယ့်နေ့တွေကို သူတို့ဘာသာ ရွေးချယ်ချင်ကြတာမျိုးနဲ့ သတင်းပေးပို့တဲ့ အလုပ်ဟာ သူတို့ အနှစ်သက်ဆုံးအလုပ် မဟုတ်တာကြောင့်ပဲ ဖြစ်ရမယ်လို့ သူမက ယုံကြည်ပါတယ်။

အယ်ဒီတာတွေဟာ သူတို့အနားမှာ အမြဲလိုလို အမျိုးသမီးတွေ ရှိနေမှာကို မလိုချင်တာကတော့ အမှန်ပါပဲ။ အလုပ်လာတောင်းတဲ့ အမျိုးသမီးတစ်ယောက်ကို အယ်ဒီတာတစ်ယောက်က 'ကျုပ်တို့မှာ အမျိုးသမီးတစ်ယောက် ရှိထားပါပြီ'လို့ ပြောခဲ့ဖူးပါတယ်။ ဒါပေမဲ့ တကယ်လို့သာ အမျိုးသမီးတစ်ယောက်ဟာ သူမဘာမဆို လုပ်နိုင်တယ်ဆိုတာ သတိရမယ်ဆိုရင် သူမရဲ့ သတင်းစာလုပ်ငန်းမှာ အလုပ်တစ်ခု ရှာဖွေတာကို အဲဒီလို စကားလုံးမျိုးတွေနဲ့ အဟန့်အတားလုပ်တာကို ခွင့်ပြုလိမ့်မယ် မဟုတ်ပါဘူး။

တခြားအမျိုးသမီး သတင်းစာသမားတစ်ယောက်ကတော့ အယ်ဒီတာတော်တော်များများက သူမကို အလုပ်မပေးတာဟာ သူမဟာ အမျိုးသမီးတစ်ယောက် ဖြစ်နေတဲ့ အကြောင်းတစ်ခုတည်းကြောင့်ပါပဲလို့ ပြောပြပါတယ်။ သူမက အယ်ဒီတာတစ်ယောက်အနေနဲ့ အမျိုးသမီးတစ်ယောက်ကို လက်ခံဖို့ဆိုရင် သူမဟာ ယောကျ်ားတစ်ယောက်ထက် ပိုပြီးတော်တဲ့ စာနယ်ဇင်းသမားတစ်ယောက် ဖြစ်နေမယ်လို့ ယုံကြည်ထားပါတယ်။

စာနယ်ဇင်းလုပ်ငန်းဘဝ အသက်မွေးဝမ်းမှုတစ်ခုကို စဉ်းစားမယ်ဆိုရင် သတင်းစာတွေထဲက အမျိုးသမီးတွေရဲ့ သတင်းတွေကို မေ့မထားလိုက်ပါနဲ့။ အဲဒါဟာ အရေးကြီးပါတယ်။ သူ့ကို အစိတ်အပိုင်း နှစ်ခုခွဲခြားနိုင်ပါတယ်။ ပထမတစ်ခုက မြို့ထဲက လူသိများတဲ့ ပုဂ္ဂိုလ်တွေရဲ့ သတင်းတွေပါ။ သူတို့ ဘယ်ကိုသွားခဲ့ကြတယ်၊

ဘာတွေလုပ်ခဲ့တယ်၊ ဘယ်သူတွေ လက်ထပ်ခဲ့ကြတယ်ဆိုတဲ့ သတင်းမျိုးတွေပေါ့လေ၊ ဒုတိယတစ်ခုက အမျိုးသမီးတွေရဲ့ သတင်းတွေနဲ့ သူတို့ရဲ့ ဘဝလုပ်ငန်းဆောင်တာ တစ်ခုလုံးကို ဖော်ပြနေတဲ့ သတင်းဆောင်းပါးတွေပါ။ နေ့စဉ် သတင်းစာ တော်တော်များများမှာ အဝတ်အစား၊ အစားအစာ၊ ကလေးသူငယ် ထိန်းသိမ်းစောင့်ရှောက်မှု၊ ကျန်းမာရေး၊ ခရီးသွားလာရေး၊ အိမ်အလှအပ မွမ်းမံခြယ်သမှုနဲ့ ငွေကြေးစုဆောင်းနည်း စတဲ့ သတင်းပေးပို့မှုတွေ ပါဝင်နေပါတယ်။

အမျိုးသမီး အယ်ဒီတာတစ်ယောက်က 'အမျိုးသမီးကဏ္ဍ' စာမျက်နှာတွေဟာ သတင်းစာတွေရဲ့ စိတ်လှုပ်ရှားစရာအကောင်းဆုံး အစိတ်အပိုင်း ဖြစ်သင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အမေရိကရဲ့ စိတ်လှုပ်ရှားစရာအကောင်းဆုံး အပြောင်းအလဲဟာ အမျိုးသမီးလောကရဲ့ အပြောင်းအလဲ ဖြစ်နေလို့ပဲ ဖြစ်ပါတယ်။ အမျိုးသမီးတွေဟာ အရင်တုန်းကထက်စာရင် အားလပ်ချိန် ပိုပြီးရလာပါတယ်။ ပြီးတော့ သူတို့ဟာ သူတို့ရဲ့စွမ်းအားကို၊ ကောင်းမွန်တဲ့ စိတ်နေစိတ်ထားကို၊ မိန်းမသားဆန်တဲ့ ကြင်နာသနားမှုတွေကို အသုံးပြုဖို့ နည်းစနစ်တွေ ရှာဖွေလာကြပါတယ်။

မိန်းကလေးတစ်ယောက်အတွက် စာနယ်ဇင်းလုပ်ငန်းအတွက် ပြင်ဆင်မှုပြုလုပ်ရာမှာ အမျိုးသားတစ်ယောက်နဲ့ အတူတူပဲ ဖြစ်ပါတယ်။ သူမဟာ ကောလိပ်ကျောင်းတစ်ခုကို တက်ရောက်သင့်တယ်။ ပြီးတော့ သူမအတွက် ပထမဆုံး အတွေ့အကြုံကို မြို့ငယ်လေးတစ်ခုရဲ့ သတင်းစာတစ်စောင်မှာ ရယူရပါမယ်။ တကယ်လို့ သူမဟာ စာနယ်ဇင်းပညာကို လေ့လာသင်ယူထားမယ်၊ နောက် ကျောင်းရဲ့ သတင်းစာမှာ လုပ်ကိုင် ဆောင်ရွက်ကောင်း ဆောင်ရွက်မယ်ဆိုရင် အဲဒါဟာ သူမကို ပိုပြီးတော့ အထောက်အကူပေးနိုင်ပါလိမ့်မယ်။ သူမဟာ သတင်းစာလုပ်ငန်းမှာ သိပ်စိတ်ဝင်စားမှု ရှိတယ်ဆိုတာကို အယ်ဒီတာက သိမြင်သွားပါလိမ့်မယ်။

ခင်ဗျားတို့ ဖတ်နိုင်သမျှ စာအုပ်ကောင်းတွေ အားလုံးကိုဖတ်ပါ။ စဉ်းစားတွေးတောတတ်အောင် သင်ယူပါ။ ခင်ဗျားတို့ရဲ့ အဆုံးအဖြတ်ကို အသုံးချတတ်အောင် လေ့လာသင်ယူပါ။ ပြီးတော့ ရေးတတ်ဖို့ သင်ယူ လေ့လာပါ။ ခင်ဗျားတို့ အယ်ဒီတာကို သွားရောက်တွေ့ဆုံတဲ့အခါ ကောင်းကောင်းမွန်မွန် ဝတ်စားသွားပါ။ ဒါမှမဟုတ်ရင်တော့ သူက ခင်ဗျားတို့ ဟာ အလုပ်အပေါ်မှာ အမှန်တကယ် စိတ်ဝင်စားတာ မဟုတ်ဘူးလို့ ထင်ကောင်းထင်သွားနိုင်ပါတယ်။ ခင်ဗျားတို့ဟာ ဘယ်လိုလူမျိုးဖြစ်တယ် ဆိုတာဟာ အယ်ဒီတာက ခင်ဗျားတို့ကို လက်ခံမယ်၊ လက်မခံဘူးဆိုတာ အဆုံးအဖြတ်ပေးတဲ့နေရာမှာ သိပ်အရေးကြီးပါတယ်။ တကယ်လို့ ခင်ဗျားတို့ဟာ လူတွေကို စကားပြောရမှာ ကြောက်နေမယ်ဆိုရင်တော့ ခင်ဗျားတို့ဟာ အယ်ဒီတာအတွက် ဘာမှအသုံးဝင်လိမ့်မယ် မဟုတ်ပါဘူး။ အယ်ဒီတာက ခင်ဗျားတို့ကို အရေးကြီးတဲ့

လူထုပြဿနာတစ်ခုပေါ်မှာ လူဆယ့်ငါးယောက်လောက်ရဲ့ အမြင်ကို လမ်းမှာထွက်ပြီး မေးမြန်း တောင်းခံခိုင်းရင် တောင်းခံခိုင်းနိုင်ပါတယ်။ အဲဒါကို လုပ်ဆောင်နိုင်စွမ်း ရှိလိမ့်မယ်လို့ သူက မျှော်လင့်ထားတတ်ပါတယ်။ ရုံးခန်းတစ်ခုထဲမှာ ဘယ်လိုထိုင်ရမယ်၊ လက်နှိုက်စက်ကို ဘယ်လိုအသုံးပြုရမယ် ဆိုတာလောက်ပဲ သိနားလည်တဲ့ မိန်းကလေးတွေကို ရှာဖွေဖို့ဆိုတာကတော့ သိပ်လွယ်ပါတယ်။

◈◈◈◈◈

## ဆင်ခြေဖုန်းသတင်းစာလေးများ

ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းက အမေရိကန်ပြည်ထောင်စုမှာ မြို့တော်နေ့စဉ်သတင်းစာကြီးတွေရယ်လို့ သိပ်မရှိလှပေမယ့် ဆင်ခြေဖုံးမြို့ကလေးတွေရဲ့ သတင်းစာတွေက အရေအတွက်ကတော့ တိုးများလာကြပါတယ်။ နေ့စဉ် ဒါမှမဟုတ် အပတ်စဉ်ထုတ် အဲဒီသတင်းစာလေးတွေက သတင်းစာလုပ်ငန်းရဲ့ အကောင်းဆုံး အလုပ်တချို့ကို ပေးအပ်တတ်ကြပါတယ်။ ကမ္ဘာပေါ်က တိုင်းပြည်ငယ်ကလေးတွေရဲ့ မြို့ကြီးတွေ ဆက်လက်ဖွံ့ဖြိုးကြီးထွားလာသလိုပဲ ဆင်ခြေဖုံး သတင်းစာငယ်လေးတွေ လိုအပ်မှုဟာလည်း ကြီးထွားလာပါတယ်။

အခုအချိန်မှာ အမေရိကန်နိုင်ငံသား သန်း ၅၀ကျော်ဟာ မြို့ကြီးတွေရဲ့ ပြင်ပမှာ နေထိုင်ကြပြီး နေ့စဉ်နေ့တိုင်း ဆင်ဖြေဖုံးဒေသတွေကို ပိုပြီးလာရောက်နေထိုင်သူတွေ များလာနေပါတယ်။ အဲဒီလို ရွှေ့ပြောင်းနေထိုင်မှုဟာ ဒုတိယကမ္ဘာစစ်အပြီး မြို့ကြီးတွေမှာ လူနေကျပ်လာခဲ့တဲ့အချိန်က စခဲ့တာပါ။ အစပိုင်းမှာတော့ မိသားစုတွေဟာ ဆင်ခြေဖုံး သတင်းစာကို သိပ်စိတ်ဝင်စားမှု မပြသခဲ့ကြပါဘူး။ အထူးသဖြင့် မြို့ကြီးတွေမှာ အလုပ်လုပ်ကြတဲ့ ခင်ပွန်းသည်တွေက မြို့တော်သတင်းစာကိုပဲဆက်ပြီး ဝယ်ယူခဲ့ကြပါတယ်။ ဒါပေမဲ့ အကြောင်းနှစ်ချက်ကြောင့် ပြောင်းလဲသွားခဲ့ရပါတယ်။ ပထမအချက်က သူတို့နေထိုင်ရာ နေရာဒေသအပေါ်မှာ စိတ်ဝင်စားမှုများတဲ့ မိသားစုတွေက ကျောင်းတွေ၊ ဘုရားရှိခိုးကျောင်းတွေနဲ့ ကျန်းမာရေးလို အရာတွေကို စိတ်ဝင်စားမှု ရှိလာရာကနေ မြို့ငယ်မှာ ဖြစ်ပျက်နေတဲ့ သတင်းတွေသိဖို့ ဆင်ခြေဖုံး သတင်းစာလေးကို ဖတ်လာရတာ ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ အရေးပါလာတာကို သိမြင်နားလည်လာခဲ့ကြတဲ့ ဆင်ခြေဖုံး

သတင်းစာတွေက သတင်းရယူ တည်းဖြတ်ရေးသားတဲ့နေရမှာ ပိုပြီးကောင်းမွန်အောင် လုပ်ဆောင်လာခဲ့ကြလို့ပဲ ဖြစ်ပါတယ်။ သူတို့ရဲ့ သတင်းသမားဦးရေကို တိုးမြှင့်ပြီး အနားပတ်ဝန်းကျင်က မြို့လေးတွေမှာပါ သတင်းရယူတာမျိုးလည်း စတင်လုပ်ဆောင် လာခဲ့ကြပါတယ်။ အကျိုးရလာဒ်အနေနဲ့ကတော့ အမေရိကရဲ့ ဆင်ခြေဖုံးသတင်းစာ တော်တော်များများဟာ ကောင်းမွန်လာရုံသာ မဟုတ်ဘဲ ငွေကြေးလည်း ပိုပြီးရရှိလာခဲ့ ကြပါတယ်။

အဲဒီမှာ အကောင်းဆုံးကတော့ နယူးယောက်၊ လောင်းအိုင်လင်း၊ ဂါဒင်စီတီက ထုတ်ဝေခဲ့တဲ့ နယူးစ်ဒေး (Newsday)သတင်းစာ ဖြစ်ပါတယ်။ အဆောက်အဦသေးသေးလေးတစ်ခုမှာ စတင်ခဲ့တဲ့ ဒီဆုရ သတင်းစာလေးဟာ အမြဲစာဖတ်ပရိသတ်ပေါင်း လေးသိန်းနီးပါး ရှိနေခဲ့ပြီ ဖြစ်ပါတယ်။ အဲဒါဟာ မြို့ကြီးတွေက နေ့စဉ်ထုတ်သတင်းစာ နယူးစ်ဒေးသတင်းစာမှာ သတင်းဆောင်းပါး ရှင်တွေ၊ အယ်ဒီတာကောင်း တွေနဲ့ နိုင်ငံခြားသတင်းထောက်တွေတောင် ရှိနေပါပြီ။

ဆင်ခြေဖုန်း သတင်းစာတွေက မြို့အုပ်ချုပ်ရေး၊ ရဲဌာန၊ တရားဥပဒေဆိုင်ရာ ပြဿနာတွေရဲ့ ကျောင်းတွေက သတင်းတွေကို ရယူတတ်ကြပါတယ်။ ဒါပေမဲ့ အဲဒီသတင်းစာ တော်တော်များများဟာ ပညာရေး၊ နိုင်ငံရေး၊ ရုပ်မြင်သံကြားနဲ့ သိပ္ပံပညာရပ်ဆိုင်ရာ သတင်းတွေကို ရယူရေးသားပေးဖို့ အထူးဆောင်းပါးရှင်တွေ ထားရှိနိုင်လောက်အောင်ကို ကြီးမားကြပါတယ်။ တချို့သတင်းစာတွေက အနုပညာ ရပ်တွေ၊ အဝတ်အစားနဲ့ အိုးအိမ်ဆိုင်ရာ သတင်းဆောင်းပါးတွေအတွက် နေရာ ပေးနိုင်အောင် သတင်းပတ်ကုန်ရက်တွေမှာ သူတို့ သတင်းစာတွေရဲ့ စာမျက်နှာတွေကို တိုးချဲ့ပေးတတ်ကြပါတယ်။

ဆင်ခြေဖုန်းသတင်းစာတစ်စောင်က အလုပ်တစ်ခုဟာ မြို့ကြီးက အလုပ် တစ်ခုအတွက် ခြေလှမ်းတစ်လှမ်းအဖြစ်သာမကပဲ ကောင်းမွန်တဲ့ ဘဝအသက်မွေးမှု တစ်ခုလည်း ဖြစ်ပါတယ်။ မြို့တော် သတင်းစာကြီး တစ်စောင်နီးပါးလောက် နီးနီး ဝင်ငွေလစာကောင်းမွန်ပြီး အလုပ်လုပ်ကိုင်ရတဲ့ အခြေအနေတွေကလည်း အတူတူပဲ ဖြစ်ပါတယ်။

မြို့ကြီးတစ်မြို့နဲ့ မိုင်အနည်းအပါးလောက်ပဲ ဝေးတဲ့နေရာက ဆင်ခြေဖုံး သတင်းစာတစ်စောင်နဲ့ မိုင်ရာပေါင်းများစွာဝေးတဲ့ နေရာတစ်ခုက ဆင်ခြေဖုံး သတင်းစာတစ်စောင်နဲ့ ကွာခြားတယ်လို့ ခင်ဗျားတို့ စဉ်းစားကောင်း စဉ်းစားနိုင်ပါတယ်။ အများအားဖြင့် ဆင်ခြေဖုံး သတင်းစာတစ်စောင်ရဲ့ ရေးသားမှုနဲ့ တည်းဖြတ်မှုက ပိုပြီးတော့တောင် ကောင်းတတ်ပါတယ်။ ပြီးတော့ သတင်းဆောင်းပါးတွေလည်း ပိုပြီးတော့ စိတ်ဝင်စားစရာ ကောင်းနိုင်ပါတယ်။ အများအားဖြင့်တော့ မြို့ကြီးတွေ

ရဲ့ အနီးအပါးမှာ နေထိုင်ကြတဲ့လူတွေဟာ ပိုပြီးပညာတတ်ကြပါတယ်။

မြို့ကြီးတစ်မြို့နဲ့ မိုင်တစ်ရာလောက်ဝေးတဲ့နေရာက သတင်းစာတစ်စောင်က လုပ်ခလစာနဲ့ဆိုရင် ဆင်ခြေဖုံး သတင်းစာတစ်စောင်က လုပ်ခလစာက ပိုပြီး ကောင်းတတ်ပါတယ်။ ဒါပေမဲ့ ဆင်ခြေဖုန်း သတင်းစာအားလုံးဟာ သတင်းစာကောင်းတွေ မဟုတ်ဘူးဆိုတာကိုတော့ ခင်ဗျားတို့ သိမြင်နားလည်ထားရပါမယ်။ တချို့ဆို တော်တော်ဆိုးပါတယ်။ မြို့ကြီးပြကြီးနဲ့ အလှမ်းဝေးတဲ့နေရာမှာလည်း တချို့သတင်းစာကောင်းတွေ ရှိကြပါတယ်။

ခင်ဗျားတို့ရဲ့ အသက်မွေးဝမ်းကြောင်းမှုဘဝမှာ ကောင်းမွန်တဲ့ အလုပ်တစ်ခု တိုးမြှင့်ရယူချင်တယ်ဆိုရင်တော့ မြို့ငယ်လေးတစ်ခုက မိသားစုပိုင် အပတ်စဉ်သတင်းစာ၊ နေ့စဉ်သတင်းစာတစ်စောင်မှာ သွားအလုပ်မလုပ်လိုက်ပါနဲ့။ အဲဒီမိသားစုဝင်မဟုတ်တဲ့ လူတစ်ယောက်အနေနဲ့ ထိပ်ဆုံးအလုပ်တစ်ခုကိုရရှိဖို့ သိပ်မျှော်လင့်လို့မရနိုင်ပါဘူး။ ထိပ်ဆုံးပိုင်းက အလုပ်တွေကိုတော့ သူတို့ဟာ သတင်းစာသမားကောင်းတွေ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ထုတ်ဝေသူရဲ့သား ဒါမှမဟုတ် မိသားစုထဲက တခြားသူတွေကိုပဲ ပေးမှာဖြစ်ပါတယ်။

ပိုပြီးသေးငယ်တဲ့ သတင်းစာလေးတွေမှာ အလုပ်လုပ်ဖို့ဆုံး ဖြတ်ခဲ့ကြတဲ့သူတွေဟာ အဲဒီလိုပဲ လုပ်ခဲ့ကြတာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒါဟာ သူတို့မြို့ကလေးကို ပိုပြီးကောင်းမွန်နေထိုင်ချင်စရာ မြို့တစ်မြို့ ဖြစ်လာအောင် ပံ့ပိုးကူညီဖို့ နည်းလမ်းတစ်ခုကို ပေးအပ်ခဲ့လို့ပဲ ဖြစ်ပါတယ်။ မြို့ကြီးတွေ သတင်းစာကြီးတွေလိုပဲ သတင်းစာငယ်ကလေးတွေကလည်း အဲဒါကို လုပ်နိုင်ကြပါတယ်။

◈◈◈◈◈

## ရေဒီယိုနှင့် ရုပ်မြင်သံကြားသတင်း

ရေဒီယိုနဲ့ ရုပ်မြင်သံကြား သတင်းသမားကောင်းတွေ လိုအပ်ပါတယ်။ အခုလည်း လိုအပ်ပါတယ်။ လာမယ့်နှစ်ကာလတွေအတွင်းမှာ အဲဒီ အလုပ်နေရာတွေကို ဝင်ရောက်လာမယ့် သူတွေကတော့ ဒီကနေ့ ငယ်ရွယ်သူ အမျိုးသား အမျိုးသမီးတွေပဲ ဖြစ်ပါတယ်။

ရုပ်မြင်သံကြားဟာ လူတွေနဲ့ ဆက်သွယ်တဲ့နေရာမှာ အံ့သြစရာကောင်းတဲ့ နည်းစနစ်တစ်ခုဖြစ်ပြီး အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာနေပါတယ်။ အလုပ်ကို လုပ်နိုင်တဲ့သူတွေ ကောင်းကောင်းလုပ်တတ်တဲ့လူတွေကို အလုပ်တွေက စောင့်မျှော်နေပါတယ်။

ရေဒီယိုနဲ့ ရုပ်မြင်သံကြား စာနယ်ဇင်းလုပ်ငန်းကနေ ခင်ဗျားတို့ ရဲ့ အသံဟာ နှစ်လိုဖွယ်ရာ မရှိလို့ဆိုပြီး ထွက်ပြေးမသွားကြပါနဲ့။ လူထုကို စကားပြောစရာမလိုတဲ့ ရေဒီယိုနဲ့ ရုပ်မြင်သံကြား သတင်းလုပ်ငန်းတွေ အများကြီးရှိပါတယ်။ ပြီးတော့လည်း ရေဒီယိုနဲ့ ရုပ်မြင်သံကြားက ခင်ဗျားတို့ရဲ့အသံတွေ ပိုကောင်းလာအောင် လုပ်တဲ့နည်းကို သင်ပေးနိုင်ပါတယ်။ ရုပ်မြင်သံကြားနဲ့ ရေဒီယို အစီအစဉ်မှူးတွေဟာ သတင်းထောက် ကောင်း၊ သတင်းပေးပို့သူကောင်း ငယ်ရွယ်တဲ့အမျိုးသား အမျိုးသမီးတွေကို ရှာဖွေတဲ့နေရာမှာ ပိုပြီးစိတ်ဝင်စားမှု ရှိကြပါတယ်။

ဒါပေမဲ့ ခင်ဗျားတို့မှာ အသံပြဿနာတစ်ခု ရှိနေပြီဆိုရင်၊ စကားပြောအတန်းတွေ ခင်ဗျားတို့ကျောင်းမှာ ရှိမယ်ဆိုရင် အဲဒီအတန်းတွေက အကူအညီ အထောက်အပံ့ ရပါလိမ့်မယ်။

အစပိုင်းမှာတော့ အသံလွှင့် ထုတ်လွှင့်ဌာနကြီးတွေမှာ ရုပ်မြင်သံကြား သတင်း ပေးပို့ရတာ သိပ်ပြီးမကောင်းလှပါဘူး။ သူတို့ရဲ့ သတင်းဆောင်းပါးအများစု

အတွက် ကြေးနန်းသတင်းဌာနတွေ သတင်းရယူ အသုံးပြုနိုင်တဲ့ သတင်းသမား၊ သတင်းထုတ်လွှင့်နိုင်တဲ့ စတေရှင်ရယ်လို့ သိပ်မရှိလှပါဘူး။

ဒါပေမဲ့လို့ ရုပ်မြင်သံကြား စတေရှင်တွေမှာ အခုဆိုရင်အတွေ့ အကြုံရှိတဲ့ သတင်းစာသမား၊ သတင်းထောက်တွေ ရှိနေကြပါပြီ။ တချို့ဆိုရင် တကယ့်ကို လူသိများ ထင်ရှားကြပါတယ်။ သူတို့တွေဟာ ရုပ်မြင်သံကြား စတေရှင်တွေမှာ အလုပ်မဝင်ခင်မှာ ကြီးမားတဲ့ ကြေးနန်းသတင်းဌာနကြီးတွေနဲ့ သတင်းစာကြီးတွေမှာ နှစ်ပေါင်းများစွာ အလုပ်လုပ်လာခဲ့ကြတဲ့သူတွေ ဖြစ်ပါတယ်။

သတင်းစာတွေကနေ ရုပ်မြင်သံကြားနဲ့ ရေဒီယို စတေရှင်တွေကို ကူးပြောင်းတဲ့နေရာမှာ အလုပ်လုပ်တဲ့နည်းလမ်းအနေနဲ့ အပြောင်းအလဲ လုပ်ရပါလိမ့်မယ်။ ဒါပေမဲ့ သတင်းစာတစ်စောင်မှာ သင်ယူတတ်မြောက်လာခဲ့တဲ့ အရေးအကြီးဆုံး အရာတွေဟာ ရုပ်မြင်သံကြားနဲ့ ရေဒီယိုသတင်းလုပ်ငန်းမှာ အထောက်အကူပြုနေဦး မှာပဲ ဖြစ်ပါတယ်။

အမေရိကက ရုပ်သံသတင်းသမားများစွာဟာ သူတို့ရဲ့ ပထမဆုံး အတွေ့အကြုံတွေကို သူတို့တွေ သတင်းပေးပို့နိုင်၊ ရုပ်သံနည်းစနစ်တွေကို သင်ယူလေ့လာနိုင်တဲ့ စတေရှင်ကလေးတွေမှာ ရယူခဲ့ကြတာ ဖြစ်ပါတယ်။ စီဘီအက်စ် (C.B.S, Columbia Broadcasting system) ရဲ့ အကြီးအကဲဖြစ်သူက လူတစ်ယောက်ဟာ မြို့ကြီးတစ်မြို့က ရေဒီယိုနဲ့ ရုပ်သံစတေရှင်ကြီးတစ်ခုမှာ အလုပ်တစ်ခုရရှိဖို့ မကြိုးစားခင်မှာ အတွေ့အကြုံ ရှိကိုရှိနေရမယ်။ သတင်းတစ်ပုဒ်ကို နားလည်ပြီး အမြန်ဆုံး ရှင်းလင်းပြောပြနိုင်စွမ်းရှိတဲ့ သတင်းထောက်တစ်ယောက်ဖြစ်ဖို့ စာဖတ်သူတွေအစား နားထောင်သူတွေအတွက် ဘယ်လိုရေးရမယ်ဆိုတာသိတဲ့ လျင်မြန်တဲ့ သတင်းပြန်ရေးသားသူတစ်ယောက်ဖြစ်ဖို့နဲ့ အထူးသတင်း ပေးပို့ချက်တွေ၊ အထူးသတင်းဆောင်းပါးတွေ ပြင်ဆင်နိုင်စွမ်းရှိသူ တစ်ယောက်လည်း ဖြစ်ရပါမယ်။ အဲဒီလို ပြီးပြည့်စုံတဲ့ အလုပ်တစ်ခုကို သူ့အနေနဲ့ လုပ်နိုင်စွမ်းရှိရမယ်လို့ ပြောပါတယ်။

ရုပ်သံနဲ့ ရေဒီယိုလုပ်ငန်းဟာ သတင်းစာတွေနဲ့ မဂ္ဂဇင်းတွေမှာ လုပ်တာထက် ဝင်ငွေပိုပြီးကောင်းတတ်ပါတယ်။ လူတစ်ယောက်အနေနဲ့ အများဆုံး လုပ်ခလစာ ရနိုင်တဲ့နေရာဟာ မြို့ကြီးတွေပဲ ဖြစ်ပါတယ်။

ရုပ်သံနဲ့ ရေဒီယို စာနယ်ဇင်းလုပ်ငန်းဟာ ယောကျ်ားတွေရဲ့ လောကပဲ ဖြစ်ပါတယ်။ အမျိုးသမီးရယ်လို့ အနည်းအပါးလောက်ပဲရှိပြီး သူတို့ထဲက အများစုဟာလည်း လက်နှိပ်စက်ရိုက်ရုံ ဒါမှမဟုတ် တခြားအလုပ် အသေးစားလေးတွေ လောက်ပဲ လုပ်ရတာပါ။ အင်ဘီစီ (National Broadcasting Company) သတင်းဌာန အကြီးအမှူးဖြစ်သူက ရုပ်မြင်သံကြားသတင်း သတင်းထောက်ကောင်း၊

သတင်းပေးပို့သူကောင်း တစ်ယောက်ရှာလို့ရဖို့ သိပ်မလွယ်လှပါဘူး။ အင် ဘီ စီ သတင်းဌာနအနေနဲ့ လူကောင်းတစ်ယောက် ရပြီဆိုရင်လည်း အဲဒီလူဟာ အမျိုးသမီး တစ်ယောက် မဟုတ်တတ်ပါဘူး။ သတင်းစာ အတွေ့အကြုံဟာ လိုအပ်တဲ့ အရာတစ်ခုဖြစ်ပြီး အထွေထွေသတင်းအတွေ့အကြုံရှိတဲ့ အမျိုးသမီးရယ်လို့ များများစားစား မရှိကြပါဘူး။ ဒါပေမဲ့လို့ အင် ဘီ စီ မှာတော့ တခြားကုမ္ပဏီတွေထက် အမျိုးသမီးသတင်းသမား ပိုပြီးများပါတယ်။

ရုပ်မြင်သံကြားနဲ့ ရေဒီယိုသတင်းလုပ်ငန်းဟာ အလျင်အမြန်ပဲ ကြီးထွားလာ နေပြီး စိတ်လှုပ်ရှားစရာ လုပ်ငန်းတစ်ခုလည်း ဖြစ်ပါတယ်။ အဲဒီလုပ်ငန်းက သမိုင်းရဲ့ ကြီးမားတဲ့ အချိန်ကာလ အပိုင်းအခြား အတော်များများမှာ ကောင်းကောင်းမွန်မွန် စွမ်းစွမ်းတမံ သတင်းရယူ နိုင်ခဲ့ပါတယ်။ သမ္မတကနေဒီ လုပ်ကြံသတ်ဖြတ်ခံရတဲ့ သတင်းအာကာသခရီး သတင်းဟာ အဲ့ဒီ ရယူဖော်ပြတဲ့ နှစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့လို့ ရုပ်သံနဲ့ ရေဒီယိုတွေဟာ မြန်ဆန်ပေမယ့် သတင်းပေးပို့ တင်ပြတဲ့နေရာမှာ သတင်းစာတွေလောက်ကောင်းအောင် မတင်ပြနိုင်ကြပါဘူး။မီးလောင်မှုသတင်း ဒါမှမဟုတ် တိုက်ခိုက်မှုသတင်းတွေလိုမျိုး တွေ့ မြင်နိုင်တဲ့ သတင်းဆောင်းပါးမျိုးတွေကို ရုပ်မြင်သံကြားက သတင်းပေးပို့ ထုတ်ပြန်ပေးပါတယ်။ ဒါပေမဲ့ သတင်းကို ပြည့်ပြည့်စုံစုံ ရှင်းလင်းဖော်ပြမှု မလုပ်နိုင်သလို မြို့ငယ်လေးတွေက သတင်းတွေကိုလည်း များများစားစား မဖော်ပြနိုင်ပါဘူး။ သို့ပေမယ့် ရုပ်မြင်သံကြားရဲ့ ပထမရည်ရွယ်ချက် က လူထုနှစ်သက်ပျော်ရွှင်အောင် လုပ်ပေးဖို့ ဖြစ်ပါတယ်။ သတင်းအနေနဲ့ ပိုပြီး အရေးကြီးနေတတ်ပေမယ့် ရုပ်သံနဲ့ ရေဒီယိုမှာ ဒုတိယနေရာမှာပဲ ရှိနေသေးပါတယ်။ အဲဒီလိုပဲ အမြဲဖြစ်ချင်လည်း ဖြစ်သွားနိုင်ပါတယ်။

တကယ်လို့ ခင်ဗျားတို့ဟာ တခြားအရာတွေထက် သတင်းကိုပိုပြီး စိတ်ဝင်စားတယ်ဆိုရင် ပြီးတော့ ရေးချင်သားချင်စိတ်လည်း ပြင်းပြင်းထန်ထန် ရှိမယ်ဆိုရင်တော့ ခင်ဗျားတို့ဟာ သတင်းစာတစ်စောင်မှာ အလုပ်လုပ်ရတာကို ပိုပြီး နှစ်သက်ပျော်ရွှင်ပါလိမ့်မယ်။ ဒါပေမဲ့ မှန်ကန်တဲ့ အရာကိုပဲ သတင်းပေးပို့ ဖော်ပြတာဟာ သတင်းစာတစ်စောင်မှာ အရေးကြီးသလိုပဲ ရုပ်မြင်သံကြားနဲ့ ရေဒီယို မှာလည်း အရေးကြီးပါတယ်။

ခင်ဗျားတို့ဟာ ရုပ်မြင်သံကြား ဒါမှမဟုတ် ရေဒီယိုကို စိတ်ဝင် စားမယ်ဆိုရင် တော့ ခင်ဗျားတို့မြို့က စတေရှင်တွေကို သွားရောက်လည်ပတ်ကြည့်ရှုတာဟာ ကောင်းပါတယ်။ သတင်းပိုင်းဆိုင်ရာ အကြီးအကဲနဲ့ စကားပြောပြီး သူ့အနေနဲ့ ခင်ဗျားကို ရုပ်သံနဲ့ ရေဒီယိုသတင်းလုပ်ငန်းမှာ အသက်မွေးမှုပြုဖို့ အကူအညီပေးနိုင် မပေးနိုင် မေးမြန်းကြည့်သင့်ပါတယ်။

◈ ◈ ◈ ◈ ◈

## လူထုဆက်ဆံရေး

လူထုဆက်ဆံရေးဆိုတာ ခင်ဗျားတို့ဟာ လူထုကို လက်ခံစေချင်တဲ့ ပုံစံအတိုင်း သတင်းတွေ ဒါမှမဟုတ် သဘောထားယုံကြည်မှုတွေကို ဟန်ပန်နည်းလမ်း တစ်ခုနဲ့ တင်ပြပြောဆိုတဲ့ ဆက်သွယ်ရေးလုပ်ငန်း ရှင်အုပ်စုက သူတို့ရဲ့ လူထုဆက်ဆံရေး ဝန်ထမ်းတွေကို ပိုမိုကောင်းမွန်တဲ့ ရထားဝန်ဆောင်မှု လုပ်ငန်းအတွက် ငွေကြေးပိုပြီးပုံအပ်လာခဲ့တဲ့ အကြောင်းကို လူထုကို ရှင်းပြပေးဖို့ ပြောကြားပါလိမ့်မယ်။ ဒါမှမဟုတ် တခြားစီးပွားရေးလုပ်ငန်း အုပ်စုတစ်စုက အစားအသောက် အသစ်တစ်မျိုးပြုလုပ်ထားပြီး အဲဒါကို ဝယ်ယူစေချင်တယ် ဆိုပါစို့။ လူထုဆက်ဆံရေး ဝန်ထမ်းတွေက သတင်းစာတွေနဲ့ မဂ္ဂဇင်းတွေကို အဲဒီစားသောက် ကုန်ပစ္စည်းအကြောင်း ရှင်းလင်းပြောဆိုရပါလိမ့်မယ်။ အဲဒါနဲ့ပတ်သက်ပြီး သတင်းရေးသားပေးဖို့ မျှော်လင့်ချက်နဲ့ပေါ့လေ။ တကယ်လို့ လူတစ်ယောက်ဟာ အရောင်းသွက်စာအုပ်တစ်အုပ် ရေးသားတယ်ဆိုရင် သူ့ရဲ့ ထုတ်ဝေသူရဲ့ လူထုဆက်ဆံရေး ဝန်ထမ်းတွေက စာနယ်ဇင်းသတင်းထောက်တွေနဲ့ တွေ့ဆုံဆွေးနွေးဖို့ အစီအစဉ်တစ်ခု လုပ်ပါလိမ့်မယ်။ ဒါမှမဟုတ် လူတိုင်းလူတိုင်း တွေ့မြင်နိုင်ဖို့ ရုပ်မြင်သံကြားမှာ ထုတ်လွှင့်ကောင်း ထုတ်လွှင့်ဖို့ အစီအစဉ် လုပ်ပါလိမ့်မယ်။ အစိုးရပိုင်းဟာလည်း သူတို့အနေနဲ့ ဥပဒေသစ်တွေနဲ့ တခြားအရာတွေကို ပြဋ္ဌာန်းပြုလုပ်ဖို့ လိုအပ်တဲ့အကြောင်း လူထုကို ရှင်းပြပေးဖို့ လူထုဆက်ဆံရေး လုပ်ငန်းတွေကို အဓိက အသုံးပြုသူတွေထဲမှာ အပါအဝင်ဖြစ်ပါတယ်။ အဲဒါတွေ အားလုံးဟာ လူထုဆက်ဆံရေးလုပ်ငန်း (PR) ပဲ ဖြစ်ပါတယ်။

လူထုဆက်ဆံရေးလုပ်ငန်းဟာ လွန်ခဲ့တဲ့နှစ်ပေါင်း လေးဆယ်စွန်းစွန်းလေး လောက်မှာမှ စတင်ခဲ့တဲ့ လုပ်ငန်းအသစ်တစ်ခု ဖြစ်ပါတယ်။ အခုအချိန်မှာတော့

အမေရိကန်ပြည်ထောင်စုမှာ အဲဒီလုပ်ငန်းအတွက် အလုပ်လုပ်ကိုင် ဆောင်ရွက်နေသူ ပေါင်း တစ်သိန်းနီးပါး ရှိနေခဲ့ပြီး ဖြစ်ပါတယ်။ အမေရိကရဲ့ ဦးဆောင် လူထုဆက်ဆံရေး အုပ်စုတွေထဲက တစ်စုရဲ့ အကြီးအကဲဖြစ်သူက လူငယ်တော်တော်များများဟာ လူထုဆက်ဆံရေး ဝန်ထမ်းတွေ လုပ်ကိုင်ဆောင်ရွက်ကြတာတွေအပေါ်မှာ မှားယွင်း တဲ့အယူအဆ ရှိနေကြပါတယ်။ တချို့လူငယ်တွေက လူထုဆက်ဆံရေးတာဝန်ရှိ ပုဂ္ဂိုလ်အားလုံးဟာ စျေးကြီးတဲ့နေရာတွေမှာ စားသောက်ကြပြီး အရေးကြီးပုဂ္ဂိုလ်တွေကို တွေ့ဆုံနေကြတာပဲ ဖြစ်တယ်လို့ ထင်မြင်ယူဆခဲ့ကြပါတယ်။ အမှန်ကတော့ သူတို့မှာ တာဝန်ဝတ္တရားတွေ အများကြီးရှိပြီး အင်မတန်နည်းပါးတဲ့ အရေအတွက်လောက်ပဲ ဟန်ဆောင်ပန်ဆောင် လုပ်တတ်ကြတာပါ။

စီးပွားရေးလုပ်ငန်းနဲ့ စက်မှုလုပ်ငန်းတွေဟာ လူထုဆက်ဆံရေး ဝန်ထမ်းတွေ အများဆုံးလိုအပ်ပြီး ငွေကြေးလစာလည်း သူတို့ကို အများဆုံးပေးအပ်လေ့ ရှိပါတယ်။ ဂျင်နရယ်မော်တာ (General Motors)၊ ဂျင်နရယ် အီလက်ထရစ် (General Electric)နဲ့အမေရိကန် တယ်လီဖုန်း နဲ့ ကြေးနန်းကုမ္ပဏီ (American Telephone and Telegraph company) တို့လို ကုမ္ပဏီကြီးတွေမှာ ကုမ္ပဏီအတွက် အလုပ်လုပ်ပေးနေကြတဲ့ လူထုဆက်ဆံရေးဝန်ထမ်းတွေ အများကြီး ရှိကြပါတယ်။

လူထုဆက်ဆံရေးလုပ်ငန်းဟာ အမျိုးမျိုး ကွဲပြားပါတယ်။ တချို့ လူထု ဆက်ဆံရေးဝန်ထမ်းတွေက သတင်းစာတွေအတွက် သတင်းဆောင်းပါးတွေပဲ ရေးပေး တတ်ကြပါတယ်။ တချို့ကျတော့ ရေဒီယိုနဲ့ ရုပ်မြင်သံကြားအတွက် အထူးအချက် အလက်တွေကို ပြင်ဆင်ပေးကြပါတယ်။ သူတို့ဟာ နားလည်ဖို့လွယ်ကူပြီး စိတ်ဝင် စားစရာကောင်းတဲ့ ရေးနည်းရေးဟန်နဲ့ ရေးသားကြရမှာဖြစ်ပြီး တည်းဖြတ်နိုင်စွမ်းလည်း ရှိကြပါတယ်။ အများအားဖြင့် သူတို့ရဲ့အလုပ်က အစားအစာ အသစ်တစ်မျိုး၊ ဒါမှမဟုတ် အဝတ်အစား အသစ်တစ်ခုအကြောင်းနဲ့ ဆိုင်အသစ်တစ်ခု ဖွင့်လှစ်တာ မျိုးတွေကို လူထုကို တင်ပြတဲ့နေရာမှာ စာနယ်ဇင်းတွေ၊ ရုပ်မြင်သံကြားနဲ့ ရေဒီယိုတွေက စိတ်ဝင်စားလာအောင် လုပ်ရတာပဲ ဖြစ်ပါတယ်။ လူထုဆက်ဆံ ရေးဝန်ထမ်းတွေဖြစ်တဲ့ အမျိုးသား အမျိုးသမီးတွေဟာ ကြီးမားတဲ့ လူစုဝေးကြီးကို စကားပြောဆိုနိုင်စွမ်း ရှိရပါမယ်။ ဒါမှမဟုတ်လည်း သူတို့ဟာ တခြားသူတစ်ယောက် ပြောဆိုမယ့် စကားပြောဆိုမှုကို စီစဉ်ပေးနိုင်ပါမယ်။ လူထုဆက်ဆံရေးသမားတွေ ဟာ ကြီးမားတဲ့ စီးပွားရေးအစည်းအဝေးကြီးတွေကိုလည်း စီစဉ်ဆောင် ရွက်ပေးနိုင်ရမှာ ဖြစ်ပါတယ်။ လူငါးရာလောက် အစုအဝေးကို အစားအသောက် စီစဉ်ကျွေးမွေးဖို့ ပြင်ဆင်တဲ့နေရာမှာ အလုပ်တွေဘယ်လောက် များများလုပ်ဖို့ လိုအပ်တယ်ဆိုတာ စဉ်းစားကြည့်ပါ။

အတွေ့အကြုံရှိတဲ့ လူထုဆက်ဆံရေး သမားတစ်ယောက်ဟာ အများအားဖြင့် အဲဒီလုပ်ငန်းတွေကို တစ်ခုထက်မက လုပ်နိုင်တတ်ကြပါတယ်။ တကယ်လို့ သူက စီးပွားရေးအုပ်စုကလေးတစ်စုမှာ လုပ်နေတာဆိုရင်တော့ အဲဒါတွေအားလုံးကို လုပ်တတ်ဖို့ သူ့အနေနဲ့ လိုအပ်လာနိုင်ပါတယ်။

လူထုဆက်ဆံရေးနယ်ပယ်မှာ ပျော်ရွှင်ချမ်းမြေ့နိုင်ဖို့အတွက် လူတစ်ယောက်မှာ အထူးစရိုက်လက္ခဏာတစ်ခု လိုအပ်ပါတယ်။ လူထုဆက်ဆံရေး လုပ်သားတစ်ယောက်မှာ ကောင်းမွန်တဲ့ အထွေထွေ ပညာရေးတစ်ခုနဲ့ အဆုံးအဖြတ်ကောင်းကို အသုံးချနိုင်စွမ်း ရှိရပါမယ်။ အမေရိကန်ပြည်ထောင်စုမှာတော့ လူထုဆက်ဆံရေးလုပ်ငန်းထဲကို ဝင်ရောက်လာတဲ့ လူတိုင်းလောက်နီးပါးမှာ တချို့ကောလိပ်အတွေ့အကြုံရှိဖို့ အကောင်းဆုံးနည်းနာကတော့ ခင်ဗျားတို့ရဲ့ ဘာသာစကားကို ကောင်းကောင်းသင်ယူ ထားရပါမယ်။ သမိုင်း၊ အုပ်ချုပ်ရေးနဲ့ သတင်းစာပညာကို လေ့လာဆည်းပူးထားဖို့ပဲ ဖြစ်ပါတယ်။ ခင်ဗျားတို့ရဲ့ ကျောင်း ဒါမှမဟုတ် ကောလိပ်သတင်းစာမှာ လုပ်ကိုင်ဆောင်ရွက်မှုကလည်း အထောက်အကူဖြစ်စေပါတယ်။ အတော်များများသော ဦးဆောင် လူထုဆက်ဆံရေးသမားတွေက စီးပွားရေးနည်းနာတွေကို လေ့လာဆည်းပူးထားတာဟာ ကောင်းတယ်လို့ ယုံကြည်ကြပါတယ်။ ဒါဟာ အံ့သြစရာတော့ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လူထုဆက်ဆံရေးလုပ်ငန်းများစွာဟာ စီးပွားရေးအုပ်စုတွေနဲ့ လုပ်ဆောင်ကြရတာ ဖြစ်ပါတယ်။

ခင်ဗျားတို့ဟာ ကောလိပ်က ထွက်ထွက်ခြင်းမှာပဲ လူထုဆက်ဆံရေး လုပ်ငန်းတစ်ခုမှာ အလုပ်ရနိုင်ခြေ ရှိပေမယ့် ဖြစ်လေ့ဖြစ်ထ သိပ်မရှိလှပါဘူး။ လုပ်ငန်းအတွေ့အကြုံကို လိုလားတတ်ကြပါတယ်။ လူအတော်များများဟာ လူထုဆက်ဆံရေးလုပ်ငန်းတစ်ခုကို သတင်းစာတစ်စောင်၊ မဂ္ဂဇင်းတစ်စောင်မှာ နှစ်ပေါင်းအတော်ကြာ လုပ်ကိုင်ခဲ့ပြီးမှ ဝင်ရောက်လုပ်ကိုင်ခဲ့ကြတာ ဖြစ်ပါတယ်။ သတင်းစာလုပ်ငန်းဟာ အမြဲတမ်း အထောက်အကူ ဖြစ်စေပါတယ်။ ဒါပေမဲ့ လူထုဆက်ဆံရေးနယ်ပယ်က လူတိုင်းကတော့ အလုပ်တစ်ခုရရှိဖို့ရာမှာ သတင်းစာလုပ်ငန်းအတွေ့ အကြုံရှိဖို့ လိုအပ်တယ်လို့ မထင်တတ်ကြပါဘူး။ တချို့ဆိုရင် စီးပွားရေးလုပ်ငန်းအကြောင်းသိဖို့က ပိုပြီးအရေးကြီးတယ်လို့ ယုံကြည်ကြပါတယ်။

ဒါပေမဲ့လို့ စာနယ်ဇင်းလုပ်ငန်း အတွေ့အကြုံဟာ တကယ်ပဲ အကူအညီအထောက်အပံ့ ဖြစ်စေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သတင်းစာ၊ စာနယ်ဇင်းလုပ်ငန်းနဲ့ လူထုဆက်ဆံရေးလုပ်ငန်း နှစ်ခုစလုံးဟာ လူထုနဲ့ အဆက်အသွယ်ပြုနေကြတဲ့အတွက်ကြောင့်ပါပဲ။ သတင်းထောက်တစ်ယောက်အနေနဲ့ ခင်ဗျားဟာ လူထုကို သတင်းနဲ့ ဆက်သွယ် ပါတယ်။ လူထုဆက်ဆံရေးမှာတော့ ခင်ဗျားတို့ရဲ့

ဝန်ဆောင်မှုလုပ်ငန်းကို အသုံးပြုနေကြတဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် လူထုနဲ့ ဆက်သွယ်ရေး ပြုလုပ်ကြတာ ဖြစ်ပါတယ်။ အဲဒါကို လုပ်ဆောင်ဖို့ရာမှာ ခင်ဗျားတို့ဟာ ကောင်းကောင်း ဆက်သွယ်ရေး လုပ်တတ်ကြရပါမယ်။ ခင်ဗျားတို့ဟာ ရှင်းရှင်း လင်းလင်းနဲ့ စိတ်ဝင်စားစရာဖြစ်အောင် ရေးသားနိုင်စွမ်း ရှိရပါမယ်။ အဲဒါကို ခင်ဗျားတို့ဟာ သတင်းစာတစ်စောင်မှာ သင်ယူကြရပါတယ်။ လူထုဆက်ဆံရေး သမားတစ်ယောက်အနေနဲ့ ခင်ဗျားတို့ဟာ အယ်ဒီတာတွေနဲ့ သူတို့ရဲ့ ပြဿနာတွေကိုလည်း သိထားရပါမယ်။ သူတို့ ဘာကြိုက်တယ်၊ ဘာမကြိုက်ဘူး၊ သူတို့ ဘာလိုအပ်တယ် ဆိုတာကိုပေါ့လေ။ အဲဒီအလုပ်အတွက် စာနယ်ဇင်းပညာက ခင်ဗျားတို့ကို ပြင်ဆင်ပေးပါတယ်။

ကြီးမားတဲ့ နယူးယောက် လူထုဆက်ဆံရေး အုပ်စုကြီးတစ်စုရဲ့ ဥက္ကဋ္ဌဖြစ်သူက စရိုက်လက္ခဏာဟာ သိပ်အရေးကြီးတဲ့အကြောင်း ပြောခဲ့ပါတယ်။ တုံ့ပြန်အဖြေတစ်ခုအဖြစ် ‘နိုး’လို့ ပြောတာကို လက်မခံနိုင် တဲ့ စရိုက်လက္ခဏာမျိုး ရှိတဲ့သူတစ်ယောက်သည်သာ လူထုဆက်ဆံရေးလုပ်ငန်းမှာ ကောင်းကောင်း လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

လူထုဆက်ဆံရေးလုပ်ငန်းကို စိတ်ဝင်စားတဲ့ အမျိုးသမီးတွေအနေနဲ့ ပထမဆုံး လက်နှိပ်စက်ရိုက် သင်ထားသင့်ပြီး ရုံးတစ်ရုံးမှာ လုပ်ကိုင်သင့်ပါတယ်။ တချို့အမျိုးသမီးတွေဆိုရင် လူထုဆက်ဆံရေး လုပ်ငန်းအုပ်စုတစ်စုမှာ ရုံးဝန်ထမ်းအဖြစ် စတင်လုပ်ကိုင်ပြီးမှ အလုပ်အကိုင်ကောင်းတွေ တွေ့ရှိခဲ့ကြတာ ဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ သူတို့ကိုယ်တိုင် လူထုဆက်ဆံရေးသမားတစ်ယောက် ဖြစ်လာခဲ့ကြပါတယ်။

တကယ်လို့ လူထုဆက်ဆံရေးနဲ့ ပတ်သက်ပြီး ခင်ဗျားတို့ ပိုပြီး သိချင်တယ်ဆိုရင်တော့ ခင်ဗျားတို့အနေနဲ့ အပြည်ပြည်ဆိုင်ရာ လူထု ဆက်ဆံရေးအဖွဲ့ (International Public Relations Association, IPRA) ကို စာရေးဆက်သွယ် နိုင်ကြပါတယ်။

◈◈◈◈◈

## မဂ္ဂဇင်းများ တည်းဖြတ်ခြင်းနှင့် ရေးသားခြင်း

အတိုင်းတိုင်း အပြည်ပြည်က စာဖတ်သူတွေဟာ စိတ်ကူးတွေး မြင်မှုတွေ၊ သတင်းတွေနဲ့ ပညာရေးစတာတွေကို သိမြင်နိုင်ဖို့အတွက် စောင်ရေ သန်းပေါင်းများစွာနဲ့ မဂ္ဂဇင်းတွေကို ဝယ်ယူနေကြပါတယ်။ မဂ္ဂဇင်းတွေကနေ အိမ်တစ်လုံးဆောက်နည်း၊ ကိုယ့်အဝတ်အစား ကိုယ်ချုပ်နည်း၊ ခွေးအစာကျွေးနည်း၊ ပန်းစိုက်နည်း ဒါမှမဟုတ် ပုံဆွဲနည်း စတာတွေကို ခင်ဗျားတို့ လေ့လာသင်ယူနိုင်ပါတယ်။ ခင်ဗျားတို့ဟာ ခင်ဗျားတို့နှစ်သက်တဲ့ အဆိုတော်တစ်ယောက်အကြောင်း၊ အာကာသ ဟင်းလင်းပြင် အကြောင်း၊ မော်ဒန်အနုပညာအကြောင်း ဒါမှမဟုတ် နိုင်ငံရေးအကြောင်းတွေကို ဖတ်ရှုနိုင်ကြပါတယ်။

မဂ္ဂဇင်းလုပ်ငန်းမှာရှိတဲ့ အယ်ဒီတာပိုင်းဆိုင်ရာ အလုပ်အတော်များများဟာ လိုအပ်တဲ့ အတွေ့အကြုံရှိတဲ့ လူငယ်လူရွယ်တွေကို စောင့်မျှော်နေကြပါတယ်။ မဂ္ဂဇင်းတွေမှာ အမျိုးသမီးတွေနဲ့ပတ်သတ်တဲ့ အလုပ်တွေအများကြီးရှိပါတယ်။ ဟားပါး၏ဘဇား (Harper s Bazardr) အမေရိကန် မဂ္ဂဇင်းရဲ့ အယ်ဒီတာချုပ်ဟာ အမျိုးသမီးတစ်ယောက်ပဲ ဖြစ်ပါတယ်။ သူမက တကယ်လို့သာ အမျိုးသမီး တစ်ယောက်ဟာ အလုပ်စလုပ်တဲ့အချိန်မှာ ငွေကြေး သိပ်များများစားစား မမျှော် လင့်ဘူးဆိုရင် ဘာအတွေ့အကြုံမှ မရှိဘဲနဲ့ကို မဂ္ဂဇင်းငယ်လေးတွေမှာ အလုပ်တစ်ခု ရနိုင်ပါတယ်လို့ ပြောပါတယ်။ ဒါပေမဲ့ သူမအနေနဲ့ သူမရဲ့ ဘာသာစကား ကိုတော့ ကောင်းကောင်းရေးသားနိုင်စွမ်း ရှိရပါမယ်။

ခင်ဗျားတို့ တွေးထင်စဉ်းစားတဲ့ အရာရာတိုင်းနီးပါးလောက်ကို ရယူရှာဖွေ ရေးသားပေးနိုင်တဲ့ မဂ္ဂဇင်းတွေ ရှိပါတယ်။ ဆရာဝန်တွေ၊ လယ်သမားတွေ၊ ဆရာ ဆရာမတွေ၊ ပုံနှိပ်လုပ်ငန်းသမားတွေ၊ သင်္ဘော ပိုင်ရှင်တွေ၊ မြင်းတွေ၊ ခွေးတွေနဲ့

ကြောင်တွေ၊ တခြားအရာတွေ အများကြီးအတွက် အထူးမဂ္ဂဇင်းတွေ ရှိပါတယ်။ အဲဒီမဂ္ဂဇင်းတွေ အများစုမှာ အလုပ်လုပ်ကိုင်နေတဲ့သူတွေ အတော်လေးနည်းပါး ကြပါတယ်။ မဂ္ဂဇင်းငယ်လေးတစ်စောင်က အယ်ဒီတာအကူလက်ထောက် တစ်ယောက်ဟာ ပထမရှိနှင့်ထားတဲ့ အနေအထားထက်ပိုပြီး အဓိပ္ပါယ် ရှင်းလင်းအောင် တည်းဖြတ်ပေးနိုင်တဲ့ အရည်အချင်း ရှိပါတယ်။ အဲဒီလိုလုပ်နိုင်ဖို့ သူဟာ အရေး ကောင်းသူတစ်ယောက် ဖြစ်ရပါမယ်။ သူ့မှာ ဓာတ်ပုံတွေနဲ့ ပတ်သက်တဲ့ အဆုံးအဖြတ် ပေးနိုင်စွမ်းလည်း ရှိရမှာဖြစ်ပြီး သူကိုယ်တိုင်လည်း ကောင်းမွန်ပြည့်စုံတဲ့ အကြောင်းအရာ တွေကို ရေးသားနိုင်ရပါမယ်။ တကယ်လို့ လိုအပ်မယ်ဆိုရင် တခြားသူ တစ်ယောက် ကပြီးကပစ်ရေးသားထားခဲ့တဲ့ အကြောင်းအရာတစ်ခုကို ပြန်ပြီး ရေးသားနိုင်စွမ်းလည်း ရှိရပါမယ်။

မဂ္ဂဇင်းကြီးတွေဖြစ်တဲ့ Realites, Jeune Afrique, O Cruzeiro နဲ့ Asahi Journal တွေမှာဆိုရင် ဝန်ထမ်းအင်အားအများကြီးရဲ့ ဝန်ဆောင်မှုတွေကို အသုံးပြုနေတာ ဖြစ်ပါတယ်။ အပေါ်ဆုံးအဆင့်မှာတော့ လူထုဆက်ဆံရေးသမားတွေ အပါအဝင် အကူအညီ အထောက်အပံ့ ပေးနေကြတဲ့သူတွေ အများကြီးနဲ့ ထုတ်ဝေသူ ရှိပါတယ်။ 'Look' နဲ့ 'Life' တို့လို မဂ္ဂဇင်းတချို့တွေမှာ အယ်ဒီတာတွေဟာ တည်းဖြတ်ရုံသာ မဟုတ်ဘဲ ပုံနှိပ်ထုတ်ဝေတဲ့အရာ အများစုကို ရေးသားလေ့ရှိကြ ပါတယ်။ မဂ္ဂဇင်းထုတ်ဝေသူတွေနဲ့ အယ်ဒီတာတွေဟာ အများအားဖြင့် ငွေကြေး အမြောက်အမြား ရရှိတတ်ကြပါတယ်။

အတွေ့အကြုံမရှိတဲ့ သူတစ်ယောက်အဖို့ကတော့ မဂ္ဂဇင်းကြီးတစ်စောင်မှာ အလုပ်တစ်ခုရဖို့ မလွယ်ကူလှပါဘူး။ အယ်ဒီတာ အတော်များများကတော့ လက်သင်တစ်ယောက်ကို မဂ္ဂဇင်းငယ်လေး တစ်စောင်ကနေ ကြိုးစားဖို့ ဒါမှမဟုတ် သတင်းစာတစ်စောင်အတွက် ရေးသားပေးဖို့ ပြောလေ့ရှိပါတယ်။

ခင်ဗျားတို့ရဲ့ ဘာသာစကားကို သိနားလည်ဖို့ သမိုင်း၊ အနုပညာနဲ့ သိပ္ပံပညာရပ်တွေကို သိနားလည်ခြင်းဟာ သတင်းစာ သတင်းရေးသားပေးပို့ခြင်းပဲ မဂ္ဂဇင်းအလုပ်အတွက် လိုအပ်ပါတယ်။ ခင်ဗျားတို့ဟာ ကောလိပ်တစ်ခုရဲ့ ပညာရေးကို ရယူနိုင်အောင် ကြိုးစားသင့်ကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မဂ္ဂဇင်းတွေမှာ အလုပ်အကိုင် ရှာဖွေနေကြတဲ့ ကောလိပ်ကျောင်းသားတွေ အများကြီးရှိနေမှာ ဖြစ်လို့ ပါပဲ။ ဖြစ်နိုင်ရင်တော့ မဂ္ဂဇင်းအရေးအသားကို သင်ပေးတဲ့ ကောလိပ် ကျောင်းတစ် ကျောင်းကို ရွေးချယ်ပါ။

မဂ္ဂဇင်းအတွက် ပြင်ဆင်တဲ့နေရာမှာ ပထမဆုံး ခင်ဗျားတို့ရဲ့ ဘာသာစကား ကို ကောင်းကောင်းရေးတတ်အောင် ကျောင်းမှာ သင်ယူလေ့လာရပါမယ်။ ခင်ဗျားတို့

ကျောင်းက သတင်းစာ ဒါမှမဟုတ် မဂ္ဂဇင်းမှာ အရေးအသားနဲ့ တည်းဖြတ်မှု အတွေ့အကြုံအားလုံးကို တတ်နိုင်သမျှ ရယူပါ။ ခင်ဗျား သင်ယူလေ့လာထားတာ တွေဟာ ခင်ဗျားရဲ့ အသက်မွေး ဝမ်းကျောင်းမှုဘဝမှာ အများကြီး အသုံးဝင်လာ ပါလိမ့်မယ်။

အခုအချိန်မှာ မဂ္ဂဇင်း အမျိုးမျိုးအစားစားအကြောင်းကိုစပြီး သိနားလည် အောင်လုပ်ပါ။ ခင်ဗျားတို့ဟာ အကြောင်းအရာတစ်ခုကို ပုံနှိပ်ဖော်ပြဖို့တောင် ကြိုးစားနိုင်ပါတယ်။ အဲဒါကို မဂ္ဂဇင်းက လက်ခံချင်မှ လက်ခံပါလိမ့်မယ်။ ဒါပေမဲ့ စာရေးဆရာ အားလုံးဟာ စာရေးဖို့ စတင်ရပါမယ်။ သိပ်မကြာခင်မှာ ပိုပြီး ကောင်းမွန် လာပါလိမ့်မယ်။ မြန်မြန်စတင်နိုင်လေ ကောင်းလေပါပဲ။ တချို့ အယ်ဒီတာတွေက ခင်ဗျား ဘာတွေမှားနေတယ်ဆိုတာကို ပြောကောင်း ပြောပါလိမ့်မယ်။ အဲဒါဟာ အလားတူ အမှားမျိုး နောက်တစ်ခါ မလုပ်မိအောင် ခင်ဗျားတို့ကို အကူအညီ အထောက်အပံ့ဖြစ်စေပါလိမ့်မယ်။

အယ်ဒီတာတွေဟာ ပညာရေးကဏ္ဍသာ မဟုတ်ဘဲ တခြား အကြောင်း အရာတွေကိုလည်း ရှာဖွေတတ်ကြပါတယ်။ သူတို့က ခင်ဗျားတို့ဟာ ဘယ်လို လူမျိုးတွေ ဖြစ်တယ်ဆိုတာကို သိချင်ကြပါတယ်။ ကောင်းမွန်တဲ့ ပညာရေးနဲ့ အရေးအသား ကောင်းမွန်မှုဟာ အရေးကြီးပါတယ်။ ဒါပေမဲ့ နှစ်သက်ကျေနပ်စရာ ပြုမူဆောင်ရွက်နိုင်မှုကလည်း အရေးကြီးတာပါပဲ။ ခင်ဗျားတို့အတွက် ခင်ဗျားတို့ အလုပ်က လူတွေအများကြီးနဲ့ တွေ့ဆုံပြီး စကားပြောဆိုဖို့ လိုအပ်ပါတယ်။ ဘယ်လို အယ်ဒီတာမျိုးပဲဖြစ်ဖြစ် လုပ်ကိုင်ဆောင်ရွက်တယ်ဆိုတာကို စိတ်ချထားချင်ကြပါတယ်၊

သတင်းစာလုပ်ငန်း အတွေ့အကြုံဟာ မဂ္ဂဇင်းလုပ်ငန်းမှာ အကူအညီ အထောက်အပံ့ ဖြစ်စေပါတယ်။ သတင်းစာတစ်စောင်အတွက် သတင်းဆောင်းပါး တစ်ပုဒ်ကို ခင်ဗျား ရေးနိုင်မယ်ဆိုရင် နည်းနည်း အပြောင်းအလဲလုပ်ပြီး ရေးမယ်ဆိုရင် မဂ္ဂဇင်းတစ်စောင်အတွက်လည်း ခင်ဗျားတို့ ရေးသားနိုင်မှာပဲ ဖြစ်ပါတယ်။ သတင်းစာ အတွေ့အကြုံ က ခင်ဗျားတို့ ရေးသားနိုင်မှာပဲ ဖြစ်ပါတယ်။ သတင်းစာ အတွေ့အကြုံ က ခင်ဗျားတို့ကို တိုင်းမ် (Time)နဲ့ နယူးစ်ဝိခ် (Newsweek)လို သတင်း မဂ္ဂဇင်းကြီးတွေမှာ ဘဝတိုးတက်မှု ရှာချင်တဲ့သူတွေအတွက် အထူးသဖြင့် အရေးကြီးပါတယ်။ အဲဒီမဂ္ဂဇင်းကြီးတွေမှာ အလုပ်လုပ်နေကြတဲ့ လူအများစုဟာ ပထမတန်းစားတွေ ဖြစ်ကြပါတယ်။

မဂ္ဂဇင်းဘဝကို ခင်ဗျားတို့ ပိုပြီးသိချင်မယ်ဆိုရင်တော့ ခင်ဗျားတို့အနေနဲ့ ပြင်သစ်နိုင်ငံမှာရှိတဲ့ အပြည်ပြည်ဆိုင်ရာ သတင်းနဲ့ စာနယ်ဇင်းအဖွဲ့ချုပ် (International Federation of the Periodical Press) ကို စာရေးသား ဆက်သွယ်နိုင်

ကြပါတယ်။

ဆောင်းပါးနဲ့ သတင်းဆောင်းပါးတွေရေးပြီး မဂ္ဂဇင်းတွေကို ရောင်းဖို့ ခင်ဗျားက စဉ်းစားရွေးချယ်တယ်ဆိုရင်တော့ အဲဒါဟာ အချိန်ပြည့် အလုပ်လောက် အများအားဖြင့် သိပ်ပြီးအောင်မြင်မှုရလှေ့ မရှိပါဘူး။ အမေရိကန်ပြည်ထောင်စု တစ်ခုလုံးမှာ သူတို့ရေးသားတဲ့ ဆောင်းပါးတွေ၊ သတင်းဆောင်းပါးတွေကို မဂ္ဂဇင်းအမျိုးမျိုးကို ရောင်းချလို့ရတဲ့ ဝင်ငွေနဲ့ ရပ်တည်နိုင်တဲ့ အမျိုးသား အမျိုးသမီးတွေ ဆိုလို့ နှစ်ရာပတ်ဝန်းကျင်လောက်ပဲ ရှိပါတယ်။ အဲဒါဟာ ဘာဖြစ်လို့လဲဆိုတော့ ထိပ်တန်း စာရေးဆရာတွေ၊ ဆောင်းပါးရှင်တွေဟာ အထူးဆောင်းပါးတွေ ရေးပေးဖို့ မဂ္ဂဇင်းတွေနဲ့ သဘောတူညီမှုတွေ ရယူထားတတ်ကြလို့ပဲ ဖြစ်ပါတယ်။ မဂ္ဂဇင်းတစ်ခုက တောင်းခံထားတာ မဟုတ်တဲ့ သတင်း ဆောင်းပါးတစ်ပုဒ်ကို လက်ခံဖို့ဆိုတာကတော့ အခွင့်အလမ်း အတော်လေး နည်းပါးပါတယ်။ မဂ္ဂဇင်းကြီးတွေအတွက် ရေးသားပေး နေကြတဲ့ စာရေးဆရာတွေဟာ သူတို့ရဲ့ အယ်ဒီတာတွေနဲ့ မကြာခဏ တွေ့ဆုံစ ကားပြောနိုင်တဲ့ နေရာတွေမှာ နေတတ်ကြပါတယ်။

အယ်ဒီတာအများစုက သူတို့ဟာ စာရေးဆရာအသစ်တွေကို ရှာဖွေနေကြ တယ်လို့ ပြောပါလိမ့်မယ်။ မှန်လည်း မှန်ပါတယ်။ ဒါပေမဲ့ လူငယ်စာရေး ဆရာ တစ်ယောက်ဟာ မဂ္ဂဇင်းကြီးတွေက လက်ခံနိုင်မယ့် သူ့ရဲ့ သတင်းဆောင်းပါးကို အမှန်တကယ် ကောင်းကောင်းမွန်မွန် ရေးသားနိုင်ရမှာ ဖြစ်သလို သစ်လွင်လတ်ဆတ် တဲ့ စိတ်ကူးတွေးမြင်မှု တွေလည်း ရှိရပါလိမ့်မယ်။ ပြီးတော့ သူ့မှာ အားကောင်းတဲ့ စရိုက်သဘာဝရှိပြီး ကိုယ့်ကိုယ်ကိုလည်း ယုံကြည်မှုရှိရပါမယ်။ အယ်ဒီတာလုပ်တဲ့ သူက တစ်ပုဒ်ပြီးတစ်ပုဒ် ပြန်ပေးနေတဲ့အချိန်မှာ သူဟာ စာရေးသားနေတာက ရပ်မပစ်လိုက်ပါဘူး။ နှစ်စဉ်နှစ်တိုင်းပဲ လူငယ်စာရေးဆရာအသစ် နည်းနည်းကတော့ သူတို့ရဲ့လက်ရာတွေကို ပုံနှိပ်ထုတ်ဝေတဲ့အထိ အောင်မြင်မှု ရနေကြပါတယ်။

စာရေးဆရာတစ်ယောက် သူ ရေးသားတာတွေကို ပေးပို့နိုင်တဲ့ စီးပွားရေး မဂ္ဂဇင်းတွေ ရာပေါင်းများစွာရှိနေပြီး မတူကွဲပြားတဲ့ ကုန်သွယ်ရေးတွေကို အထူးစိတ်ဝင်စားတဲ့ မဂ္ဂဇင်းတွေလည်း ရှိနေကြပါတယ်။ ဒါပေမဲ့ ကုန်သွယ်စီးပွား မဂ္ဂဇင်းတွေက မဂ္ဂဇင်းကြီးတွေလောက် များများစားစား ငွေကြေးမပေးတတ်ပါဘူး။ တချို့စာရေးဆရာတွေကတော့ ကုန်သွယ်စီးပွား မဂ္ဂဇင်းတွေကို အတိုအထွာလေးတွေ အများကြီး ရေးသားပေးပြီး ငွေကြေးအမြောက်အမြား ရကြပါတယ်။

အောက်မှာဖော်ပြထားတဲ့ အချက်အလက် တချို့ကတော့ ခင်ဗျားတို့ဟာ ခင်ဗျားတို့ ရွေးချယ်ထားတဲ့ မဂ္ဂဇင်းတွေကို ရေးသားပေးပို့ဖို့ ဆန္ဒရှိတယ်ဆိုရင် လုပ်သင့်တာလေးတွေနဲ့ စလုပ်သင့်တာလေးတွေ ဖြစ်ပါတယ်။

၁။ ခင်ဗျားတို့ဟာ ခင်ဗျားတို့ ရေးသားမှုစျေးကွက်ကို သိနားလည်ရပါမယ်။ ခင်ဗျားတို့ ရွေးချယ်ထားတဲ့ မဂ္ဂဇင်းကို လေ့လာပါ။ မဂ္ဂဇင်းက ဘယ်လိုရေးသားတာမျိုးကို လိုချင်တယ်ဆိုတာ ခင်ဗျားတို့ နားမလည်ခဲ့ဘူးဆိုရင်တော့ အယ်ဒီတာတွေက ခင်ဗျားရဲ့ စာမူတွေကို အလျင်အမြန် ပြန်ပေးပို့ပါလိမ့်မယ်။

၂။ အကြောင်းအရာတစ်ခုကို စမရေးသားခင်မှာ အဲဒီအကြောင်းအရာပေါ်မှာ ခင်ဗျားတွေးမြင်ယူပုံကို အယ်ဒီတာဖြစ်သူ စိတ်ဝင်စားမှုရှိ မရှိ အမြဲတမ်းမေးပါ။ အဲဒါဟာ အချိန်ကုန် ငွေကုန်သက်သာပါတယ်။ တကယ်လို့ အယ်ဒီတာက ခင်ဗျားရဲ့ တွေးမြင်ယူဆပုံကို ကြိုက်တယ်ဆိုရင်တော့ အဲဒီအကြောင်းအရာကို ရေးဖို့ ခင်ဗျားကို ပြောပါလိမ့်မယ်။ အဲဒါဟာ ခင်ဗျားရေးမယ့်စာမူကို ဝယ်မယ်လို့ ကတိပေးတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အဲဒါဟာ ခင်ဗျားရဲ့စာမူကို ရောင်းရဖို့ ကြီးမားတဲ့ ခြေလှမ်းတစ်ခုပဲ ဖြစ်ပါတယ်။

၃။ ခင်ဗျားတို့ရဲ့ ရေးသားမှုကို ပြင်ဆင်တဲ့နေရာမှာ လက်နှိပ်စက်ကို သုံးပါ။ စာရွက်ဖြူပေါ်မှာ စာရွက်ရဲ့ ဘယ်ဘက်ထောင့်မှာ ခင်ဗျားရဲ့ နာမည်နဲ့ လိပ်စာကိုရေးပါ။ စာရွက်ရဲ့ ညာဘက်ထောင့်မှာတော့ ခင်ဗျားစာမူမှာ အသုံးပြုထားတဲ့ စာလုံးအရေအတွက်ကို ရေးပေးပါ။ စာမျက်နှာရဲ့ အလယ်လောက်မှာ ခင်ဗျား ရေးသားတဲ့စာမူ အမည်ကို ရေးပါ။ အဲဒီအောက်မှာ ခင်ဗျားရဲ့ အမည်ကို ရေးပါ။ ခင်ဗျားရဲ့စာမူဟာ သန့်ရှင်းတဲ့စာရွက်ပေါ်မှာ ကောင်းကောင်း လက်နှိပ်စက်ရိုက်ထားတဲ့ စာမူဖြစ်ရပါမယ်။

၄။ ခင်ဗျားတို့ရဲ့ စာမူကို ခင်ဗျားတို့ရဲ့ နာမည်နဲ့ လိပ်စာတပ်ထားတဲ့ စက္ကူအိတ်၊ ဒါမှမဟုတ် ဘူးနဲ့ထည့်ပြီး မဂ္ဂဇင်းက ကုန်ကျမခံရဘဲ ပြန်ပို့မယ်ဆိုရင် ပို့လို့ရအောင် လုံလောက်တဲ့ငွေကြေးလည်း ပေးပို့သင့်ပါတယ်။

၅။ ခင်ဗျားရဲ့ စာမူကို ပို့ပြီးတဲ့အခါ စာရေးတာကို ရပ်ပစ်လိုက်တဲ့အထိ ခင်ဗျားတို့ ကိုယ်ကိုခင်ဗျားတို့ သိပ်ကျေနပ်အားရမသွားမိပါစေနဲ့။ ဆက်လုပ်ပါ။ ခင်ဗျားတို့ ပိုပြီးရေးသားနိုင်လေ ခင်ဗျားတို့ရဲ့ စာမူတွေ ရောင်းချဖို့ ပိုပြီး အခွင့်အလမ်း များလေပဲ ဖြစ်ပါတယ်။ ခင်ဗျားဟာ စာရေးဆရာကောင်းတစ်ယောက် ဖြစ်လာတဲ့အထိ စာရေးရပါမယ်။

ခင်ဗျားတို့ရဲ့ စာမူလေးငါးခုလောက် ရောင်းပြီးတဲ့အထိ ခင်ဗျားရဲ့ စာမူ ရောင်းချရတဲ့နေရာမှာ ခင်ဗျားကိုယ်စား ဆောင်ရွက်ပေးမယ့် လူတစ်ယောက်ယောက်ကို မရှာပါနဲ့။ အဲဒီအလုပ်မျိုး လုပ်တဲ့သူတွေဟာ ခင်ဗျားလက်ရာတချို့ကို ပုံနှိပ်ထုတ်ဝေပြီးတဲ့အထိ ခင်ဗျားအပေါ်မှာ သိပ်စိတ်ဝင်စားမှု ရှိမှာမဟုတ်ပါဘူး။

ခင်ဗျားအနေနဲ့ ပုံနှိပ်ထုတ်ဝေပြီးသား မရှိသေးဘူးဆိုရင်တော့ ခင်ဗျားရဲ့ စာမူကို သူတို့ရောင်းချပေးဖို့ မကြိုးစားခင်မှာ ခင်ဗျားရဲ့ စာမူတွေကို ဖတ်ရှုခ သူတို့က ခင်ဗျားဆီက တောင်းကြပါလိမ့်မယ်။

မဂ္ဂဇင်းတွေအတွက် ရေးသားတဲ့နေရာမှာ ခင်ဗျားရဲ့ တွေးမြင်ယူဆမှုဟာ အရေးအကြီးဆုံးပဲ ဖြစ်ပါတယ်။ တကယ်လို့များ အယ်ဒီတာက ခင်ဗျားရဲ့ ရေးသား တင်ပြပုံကို မနှစ်သက်ဘူးဆိုရင်တော့ သူက ခင်ဗျားရေးသားထားတဲ့ အကြောင်းအရာ ကို တခြားသူတစ်ယောက်ကို ပြန်ပြီးရေးသားပေးဖို့ပြောပြီး ခင်ဗျားရဲ့ စိတ်ကူးတွေးမြင်မှုအတွက်ပဲ ခင်ဗျားကို အခကြေးငွေ ပေးပါလိမ့်မယ်။ ဒါပေမဲ့ တွေးမြင်ယူဆမှုတစ်ခုဟာ မဂ္ဂဇင်းတစ်စောင်အတွက် ကောင်းမွန်ကောင်း ကောင်းမွန် နိုင်ပေမယ့် တခြားမဂ္ဂဇင်း တစ်ခုအတွက်တော့ ကောင်းချင်မှ ကောင်းတတ်ပါတယ်။ အသက်မွေးဝမ်းကျောင်းတစ်ခုအနေနဲ့ မဂ္ဂဇင်းမှာ ရေးသားမယ်ဆိုရင်တော့ မဂ္ဂဇင်းတစ်ခုဟာ ဘာကိုဆိုလိုချင်တယ်ဆိုတာ သိနားလည်ဖို့ဟာ အရေးအကြီးဆုံးပဲ ဖြစ်ပါတယ်။

ခင်ဗျားဟာ ယောကျ်ားတစ်ယောက်ပဲဖြစ်ဖြစ်၊ မိန်းမတစ်ယောက်ပဲဖြစ်ဖြစ် မဂ္ဂဇင်း စာရေးဆရာတစ်ယောက် ဖြစ်ရတာဟာ ကျေနပ်နှစ်သက်စရာ ကောင်းပါ တယ်။ ခင်ဗျား ဆန္ဒရှိတဲ့အတိုင်း လုပ်နိုင်ပါတယ်။ ခင်ဗျားစာရေးချင်တဲ့ အချိန်မှာ ရေးနိုင်ပြီး ခင်ဗျားခရီးထွက်ချင်ရင်လည်း ထွက်လို့ရပါတယ်။ ခင်ဗျားဟာ ရုံးကို နေ့တိုင်းသွားစရာ မလိုအပ်ပါဘူး။ ပြီးတော့ မဂ္ဂဇင်းကြီးတစ်စောင်မှာ ခင်ဗျားရဲ့ နာမည် ပါလာတာကို တွေ့မြင်ရတဲ့အချိန်မှာ သိပ်ကို ပီတိဖြစ်စေနိုင်ပါတယ်။

တစ်ကိုယ်တည်း အလုပ်လုပ်တာနဲ့ အချိန်ပြည့် အလုပ်တစ်ခုကြားမှာ အလယ်အလတ် လမ်းတစ်ခု ရှိပါသေးတယ်။ ခင်ဗျားတို့ဟာ သတင်းစာတစ်စောင်မှာ အလုပ်လုပ်နေရင်းမှာပဲ အားလပ်တဲ့အချိန်မှာ စာရေးသားပြီး မဂ္ဂဇင်းတွေကို ပေးပို့နိုင်ပါတယ်။ အဲဒါဟာ ခင်ဗျားတို့ အနေနဲ့ နေ့စဉ်အလုပ်က လုပ်ခ လစာရ နေတဲ့အချိန်မှာပဲ ပိုပြီး အရေးအသားကောင်းလာအောင် လေ့လာသင်ယူမှုကို အထောက်အကူ ဖြစ်စေပါတယ်။

ကောလိပ်တက်ပြီး သင်ယူခဲ့တာဟာ မဂ္ဂဇင်း စာရေးဆရာ တစ်ယောက်ကို အမြဲတမ်း အကူအညီ ရစေပါတယ်။ ဒါပေမဲ့ အဲဒါဟာ လိုအပ်ချက်တစ်ခုတော့လည်း မဟုတ်ပါဘူး။ အယ်ဒီတာတွေက စာမူပေးတဲ့လူတိုင်းကို ကောလိပ်မှာ ပညာသင်ကြား ခဲ့ဖူးသလားလို့ မေးလေ့မရှိပါဘူး။ အမှန်တော့ တချို့ ကိုယ့်ဘာသာကိုယ် လေ့လာဆည်းပူးခဲ့တဲ့ စာရေးဆရာတွေဟာ သိပ်အောင်မြင်မှု ရရှိကြတာ တွေ့ရပါ တယ်။ ဒါပေမဲ့လို့ တစ်ကြောင်းမဟုတ် တစ်ကြောင်းပေါ့လေ၊ ခင်ဗျားတို့အနေနဲ့

နောက်ပိုင်းမှာ မဂ္ဂဇင်းတစ်စောင်မှာ ပုံမှန်အလုပ်တစ်ခု လုပ်ချင်လာပြီ ဆိုရင်တော့ ကောလိပ်က အကူအညီအထောက်အပံ့ ဖြစ်စေပါတယ်။

အရေးကြီးဆုံးကတော့ စာရေးဖို့နဲ့ စာရေးဖို့ပါပဲ။ ဆက်တိုက် စာရေးရပါမယ်။ ဈေးကွက်ကို လေ့လာပြီး ခင်ဗျားရေးသားလိုက်တဲ့ စာမူလက်ရာပေါ်မှာ အမှန်တကယ် ခင်ဗျားတို့ ဂုဏ်ယူနိုင်တဲ့အထိ ဆက်ပြီးအလုပ်လုပ်ပါ။ မျှော်လင့်ချက် မပျက်စီးပါစေနဲ့။

## ဝေဖန်ရေးဆရာများ

ဝေဖန်ရေးဆရာတွေဟာ သတင်းစာတွေ၊ မဂ္ဂဇင်းတွေနဲ့ တယ်လီဗေးရှင်းအတွက် အနုပညာရပ်ဆိုင်ရာတွေနဲ့ ပတ်သက်ပြီး ရေးသားလေ့ရှိကြပါတယ်။ သူတို့တွေက စာအုပ်တွေ၊ ရုပ်ရှင်တွေ၊ ပန်းချီကား၊ အကနဲ့ တေးဂီတတွေ၊ စင်တင်ပြဇာတ်တွေနဲ့ပတ်သက်ပြီး သူတို့ရဲ့ ထင်မြင်ယူဆသုံးသပ်ချက်တွေကို တင်ပြရေးသားကြပါတယ်။ သူတို့ရဲ့ တွေးမြင်ယူဆချက်တွေဟာ သိပ်အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တစ်ခါတစ်ရံမှာ စာအုပ်တစ်အုပ် ဒါမှမဟုတ် စင်တင်ပြဇာတ်တစ်ခုဟာ အောင်မြင်မှုရလာမယ် ဒါမှမဟုတ် မပေါက်မြောက်နိုင်ဘူးဆိုတာကို သူတို့က အဆုံးအဖြတ် ပေးနိုင်ကြလို့ပဲ ဖြစ်ပါတယ်။

## စာအုပ်များ

စာပေဝေဖန်ရေး ဆရာတစ်ယောက်ဟာ စာအုပ်တွေကို ချစ်တတ်ပြီး ငွေကြေးတစ်စုံတစ်ရာ မရဘူးဆိုရင်လည်း သူက စာဖတ်မှာပဲ ဖြစ်ပါတယ်။ သူဟာ သိမြင်နားလည်ဖို့နဲ့ စိတ်ပျော်ရွှင်ကျေနပ်မှု ရဖို့အတွက် စာဖတ်တာဖြစ်ပြီး စာအုပ်အသစ်အသစ်တိုင်းဟာ သူ့အတွက် စိတ်လှုပ်ရှားစရာဖြစ်ပါတယ်။

သတင်းစာတွေက သူတို့ရေးသားပေးနိုင်တာထက် ရရှိတဲ့ စာအုပ်တွေက ပိုပြီးများပါတယ်။ စာပေဝေဖန်ရေးဆရာရဲ့ အခန်းဟာ သူ ဘယ်တော့မှ ဖတ်နိုင်လိမ့်မယ်မဟုတ်တဲ့ စာအုပ်တွေနဲ့ ပြည့်နေတတ်ပါတယ်။ တကယ်လို့ ခင်ဗျားမှာ အားတဲ့အချိန် အနည်းအပါးရှိမယ်ဆိုရင် စာအုပ်တစ်အုပ်နဲ့ ပတ်သက်ပြီး ရေးသားခွင့်ပြုဖို့ ပြောဆိုကောင်း ပြောဆိုနိုင်ပါတယ်။ အဲဒါကို သူကလည်း သဘောတူခွင့်ပြုနိုင်ပါလိမ့်မယ်။ ခင်ဗျားတို့အနေနဲ့ စာအုပ်တစ်အုပ် အခမဲ့ရမှာဖြစ်သလို ဝေဖန်ရေးဆရာ တစ်ယောက်အဖြစ် ခင်ဗျားတို့ရဲ့ အနာဂတ်အတွက် အဖိုးတန်တဲ့ အတွေ့ အကြုံကိုလည်း ရရှိပါလိမ့်ဦးမယ်။

နယူးယောက်တိုင်းမ်(စ်) သတင်းစာအတွက် ရေးသားတဲ့ ထင်ရှားတဲ့

ဝေဖန်ရေး ဆရာတစ်ယောက်က စာအုပ်ဝေဖန်ရေး ဆရာတစ်ယောက်ဟာ တိုတောင်းတဲ့ အချိန်အတွင်းမှာတောင်မှ စာအုပ်တစ်အုပ်နဲ့ ပတ်သက်ပြီး အဲဒီစာအုပ်ဟာ ဘာပဲ၊ ဘယ်လိုပဲဆိုတဲ့ တွေးမြင်မှုမျိုးတစ်ခု စာဖတ်သူရရှိသွားအောင် စာလုံးခြောက်ရာ၊ ခုနှစ်ရာလောက်နဲ့ရေးသား ပေးနိုင်စွမ်း ရှိရပါမယ်လို့ ပြောပါတယ်။ စာရေးဆရာအသစ် တစ်ယောက် ရေးသားတဲ့ စာအုပ်တစ်အုပ်ကိုဖတ်ပြီး ထင်ရှားကျော်ကြားတဲ့ စာအုပ်တစ်အုပ် ဖြစ်လာနိုင်မလားလို့ စဉ်းစားတွေးဆရတာဟာ ဝေဖန်ရေးဆရာ တစ်ယောက်အဖို့ စိတ်လှုပ်ရှားစရာ အမြဲတမ်းဖြစ်တတ်ပါတယ်။

## တီဗီ

လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်အတွင်းက ကြီးမားတဲ့ နေ့စဉ်သတင်းစာကြီးတွေ၊ သိပ်မကြီးတဲ့ နေ့စဉ်သတင်းစာတွေအတွက် တီဗီဝေဖန်ရေး ဆရာတွေလည်း ရှိလာကြပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ စင်တင်ပြဇာတ်တွေ ဒါမှမဟုတ် ရုပ်ရှင်တွေကို သွားတဲ့လူ အရေအတွက်ထက် တီဗီကြည့်တဲ့ လူအရေအတွက်က ပိုပြီးများပါတယ်။ တီဗီဇာတ်လမ်းတစ်ပုဒ်ကို လူသန်းသုံးဆယ်လောက်က တစ်ချိန်တည်းမှာ ကြည့်ရှုနိုင်ပါတယ်။

တီဗီဝေဖန်ရေးဆရာတစ်ယောက်ဟာ တီဗီဇာတ်လမ်းတစ်ခုကို လူနှစ်ဆယ့်ငါးသန်းလောက်က ကြည့်ရှုနေတာဖြစ်တယ်ဆိုတဲ့အကြောင်း တစ်ချက်တည်းနဲ့ပဲ ကောင်းပါတယ်လို့ မပြောသင့်ပါဘူး။ များပြားလှတဲ့ လူတွေက ကြည့်ရှုနေတဲ့ အတွက်ကြောင့်ပဲ တီဗီဇာတ်လမ်းတစ်ပုဒ်ဟာ မကောင်းပါဘူးလို့လည်း မပြောသင့်ပါဘူး။ တီဗီကို ကြည့်နေကြတဲ့သူတွေဟာ ပညာရေးအရ အမျိုးမျိုး ကွဲပြားခြားနားကြတယ်ဆိုတာ သူ့အနေနဲ့ နားလည်ရမှာဖြစ်ပြီး ဇာတ်လမ်းကို သူ့ရဲ့ ပင်ကိုယ်တန်ဖိုးအတိုင်း အဆုံးအဖြတ်ပေးရမှာ ဖြစ်ပါတယ်။

တီဗီဝေဖန်ရေးသမားတစ်ယောက် ဖြစ်လာဖို့ ပထမဆုံး ခြေလှမ်းကတော့ သတင်းစာတစ်စောင်မှာ အလုပ်လုပ်ဖို့ပဲ ဖြစ်ပါတယ်။ အယ်ဒီတာကို ဘယ်က ခင်ဗျားကို ဆွဲဆောင်စိတ်ဝင်စားမှု ပေးတယ်ဆိုတာ ပြောပြပြီး အလုပ်ကိုစောင့်နေပါမယ်။ တီဗီဝေဖန်ရေး ဆရာတစ်ယောက်ဟာ အိမ်မှာပဲ တီဗီကြည့်နိုင်ပြီး သူ့ရဲ့ သတင်းစာတိုက်ကို နေ့တိုင်းသွားဖို့ မလိုပါဘူး။ ဒါပေမဲ့ သူဟာလည်း သတင်း နောက်ဆုံးပေးပို့ချိန်နဲ့ ကိုက်ညီနေရပါမယ်။

အမေရိကန် တီဗီဝေဖန်ရေးဆရာတစ်ယောက်ဟာ သတင်းတစ်ပတ်ကို နာရီလေးဆယ်ကနေ နာရီငါးဆယ်အထိ တီဗီကြည့်နိုင်ပါတယ်။ တချို့လူတွေကတော့

အဲဒီအလုပ်ကို နှစ်အတော်လေး လုပ်ကိုင်ပြီး ထွက်သွားတတ်ကြပါတယ်။ တခြားလူတွေက အဲဒါကို ကြိုက်နှစ်သက်ကြပါတယ်။ အမျိုးသမီး တီဗီဝေဖန်ရေးဆရာ တစ်ယောက်က လူငယ်တွေကို တီဗီဇာတ်လမ်းတွေနဲ့ ပတ်သက်ပြီး နားလည်ရုံလောက်နဲ့တင် မလုံလောက်ပါဘူး။ သူတို့ပတ်ဝန်းကျင် ကမ္ဘာလောကကြီးထဲမှာ ဖြစ်ပျက်နေတာတွေကိုလည်း သူတို့သိထားသင့်ပါတယ်။ တီဗီလောကမှာ ဘာဖြစ်နေတယ်ဆိုတာတင်မကဘဲ နိုင်ငံရေးနယ်ပယ်မှာ ဘာဖြစ်နေတယ်ဆိုတာကို ခင်ဗျားနားမလည်ဘူးဆိုရင် ဝေဖန်ရေးဆရာတစ်ယောက် မဖြစ်နိုင်ပါဘူး။ တယ်လီဗေးရှင်း ထုတ်လုပ်ရေးပိုင်းမှာ ဖြစ်ပျက်နေတာတွေအတွက်ကတော့ လက်ဒါးအက်ဒီရှင်း (Ladder Edition) က ထုတ်ဝေတဲ့ ချားလ်စ်အိုင်ခွမ်းစ် (Charles I.Coombs)ရဲ့ ကမ္ဘာ့ပြတင်းတံခါး (Window on the World) စာအုပ်ကို ဖတ်ပါ။

## ကဇာတ်

ပြဇာတ်ဝေဖန်ရေး ဆရာတစ်ယောက်ဟာ ကဇာတ်နဲ့ပတ်သက်ပြီး သိထားရမယ့် သရုပ်ဆောင်မှု၊ ရေးသားမှုနဲ့ ပြဇာတ်တစ်ပုဒ်ကို ထုတ်လုပ်မှုတွေ အားလုံးကို သိထားသင့်ပါတယ်။ အစောပိုင်းကာလ ပြဇာတ်တွေကစပြီး သူဖတ်နိုင်သမျှ ပြဇာတ်တွေအများကြီး ဖတ်ရပါမယ်။

ထင်ရှားကျော်ကြားတဲ့ အမေရိကန် ပြဇာတ်ဝေဖန်ရေးဆရာ တစ်ယောက်က အဲဒီလုပ်ငန်းနဲ့ ဘဝအသက်မွေးလမ်းကြောင်းပြု ဇာတ်လမ်းရှာဖွေနေကြတဲ့ လူငယ်တွေကို သူတို့တွေဟာ ကဇာတ်ရုံကိုသွားပြီးရင်း သွားနေရမှာဖြစ်ပြီး ရေးပြီးရင်း ရေးနေရမှာ ဖြစ်တယ်လို့ ပြောပြပါတယ်။

ပြဇာတ်ဝေဖန်ရေးဆရာတွေဟာ မြို့ကြီးတွေမှာရှိတဲ့ အရေးကြီးတဲ့ သတင်းစာတွေမှာ အများအားဖြင့် အလုပ်လုပ်ကြပါတယ်။ တိုကျို၊ လန်ဒန်၊ ပါရီ၊ နယူးယောက်နဲ့ တချို့ တခြားမြို့ကြီးတွေဟာ ကဇာတ်ရုံတွေ လုံလောက်အောင် မရှိကြပါဘူး။

ကောလိပ်ပညာရေးဟာ ကဇာတ်တွေအကြောင်းရေးဖို့ ပြင်ဆင်တဲ့နေရာမှာ အများကြီး အဖိုးတန်ပါတယ်။ ကောလိပ်ဘာသာရပ်တွေထဲမှာ ကဇာတ်တွေရဲ့ သမိုင်းပါ ပါဝင်ပါတယ်။ စာအရေးအသား လေ့လာခြင်းဟာ ခင်ဗျားတို့ရဲ့ ဘာသာစကားအသုံးပြုမှုကို ပိုပြီးကောင်းမွန်လာစေပြီး စာနယ်ဇင်းပညာကို လေ့ကျင့်သင်ကြားပေးတာ ဖြစ်ပါတယ်။ ပြီးတော့ အဲဒီလို လေ့လာခြင်းဟာ ဝေဖန်ရေးဆရာတစ်ယောက် ရေးသားသင့်တဲ့ ရေးဟန်အတိုင်း ရေးသားနိုင်ဖို့ အထောက်အပံ့ဖြစ်စေပါတယ်။

ခင်ဗျားတို့ဟာ ဝေဖန်ရေးဆရာတစ်ယောက်ဖြစ်လာဖို့ ကဇာတ် ပြဇာတ်တွေနဲ့ ပတ်သက်ပြီး ခင်ဗျားတို့ ဖတ်နိုင်သမျှဖတ်၊ ကျောင်းပြဇာတ်တွေမှာ ပါဝင်သရုပ်ဆောင် စတာတွေလုပ်ပြီး ကျောင်းမှာကတည်းက ပြင်ဆင်မှု စတင်လုပ်နိုင်ပါတယ်။ ခင်ဗျားတို့မြို့က သတင်းစာမှာလည်း ကျောင်းပြဇာတ်တွေနဲ့ ပတ်သက်ပြီး ရေးသားနိုင်ပါသေးတယ်။ ပြီးတော့ ကဇာတ်ရုံကို ဖြစ်နိုင်သမျှ မကြာခဏသွားပါ။

## ရုပ်ရှင်

ပြဇာတ်ဝေဖန်ရေးဆရာလိုပဲ ရုပ်ရှင်ဝေဖန်ရေးဆရာဟာ မြို့ကြီးတွေက သတင်းစာ ဒါမှမဟုတ် မဂ္ဂဇင်းမှာ အလုပ်လုပ်ပါတယ်။ သူလည်း သတင်းစာတိုက်မှာ သတင်းထောက်တစ်ယောက်အဖြစ် စပြီးလုပ်ကိုင်ခဲ့တာ ဖြစ်ပါလိမ့်မယ်။ ရုပ်ရှင်တွေနဲ့ ပတ်သက်ပြီး ရေးသားပေးတာဟာ သူ့ကို အချိန်ပြည့် အလုပ်တစ်ခုလုပ်ချင် မလုပ်ချင် အမေးခံရတဲ့အထိ သူတို့ပေးအပ်ခံရတဲ့ တာဝန်တွေအများကြီးထဲက တစ်ခုတည်းသော လုပ်ငန်းတာဝန်ဖြစ်ချင်ဖြစ်နိုင်ပါတယ်။ ရုပ်ရှင်ဝေဖန်ရေး ဆရာတစ်ယောက်ဟာ ရုပ်ရှင်ကား တစ်ကားကောင်းတယ် မကောင်းဘူးဆိုတာကို စာဖတ်သူတွေကို ပြောပြနိုင်အောင် သိပ်ကောင်းမွန်တဲ့ အဆုံးအဖြတ်ပေးနိုင်မှု ရှိရပါမယ်။ သူ့အနေနဲ့ ရုပ်ရှင်တွေလည်း အများကြီးကြည့်ရှုဖူးရပါလိမ့်မယ်။

တကယ်လို့ ခင်ဗျားတို့ဟာ ကျောင်းတစ်ကျောင်း ဒါမှမဟုတ် ကောလိပ်တစ်ခုရဲ့ သတင်းစာမှာ အလုပ်လုပ်နေတယ်ဆိုရင် ခင်ဗျားတို့မြို့က ရုပ်ရှင်တွေနဲ့ ပတ်သက်ပြီး ရေးဖို့ကြိုးစားကြည့်သင့် ပါတယ်။ အမျိုးသားတွေရော အမျိုးသမီးတွေပါ ဝေဖန်ရေးဆရာတွေ ဖြစ်လာနိုင်ပါတယ်။ ခင်ဗျားတို့ဖတ်နိုင်တဲ့ ရုပ်ရှင်သမိုင်းနဲ့ ပတ်သက်တဲ့ စာအုပ်တွေအများကြီး ရှိပါတယ်။ လက်ဒါးစာစဉ် (Ladder Series) ထဲက Schickel ကူညီပံ့ပိုးပေးနိုင်တဲ့ စာအုပ်တစ်အုပ်ကတော့ ရစ်ချတ်ရှစ်ခဲလ် (Richard) ရဲ့ 'ရုပ်ရှင်အနုပညာရပ်တစ်ခု၏သမိုင်း' (Movies: History of An Art) စာအုပ် ဖြစ်ပါတယ်။

## တေးဂီတ၊ ပန်းချီနဲ့အက

တေးဂီတ၊ ပန်းချီနဲ့ အကတွေနဲ့ ပတ်သက်ပြီး ရေးသားရတာဟာ မလွယ်ကူလှပါဘူး။ အဲဒါတွေကို ကောင်းကောင်းရေးသားနိုင်ဖို့ သူတို့နဲ့ ပတ်သက်တာတွေအားလုံးကို ဖြစ်နိုင်သမျှ သိထားရပါမယ်။ ခင်ဗျားတို့ဟာ အနုပညာရပ်တွေကို သိပ်စိတ်ဝင်စားပြီး ခင်ဗျားတို့ရေးနေတာတွေနဲ့ ပတ်သက်ပြီးလည်း အလျင်အမြန်ပဲ

တွေ့ရှိသိမြင်သွားနိုင်တဲ့ အဆင့်ရှိတဲ့ ထူးခြားတဲ့သူ တစ်ယောက်အတွက် ရေးနေတာလည်း ဖြစ်နေနိုင်ပါတယ်။ ခင်ဗျားတို့ဟာ ပန်းချီပညာ ဒါမှမဟုတ် တေးဂီတကို အမှန်တကယ်ချစ်မြတ်နိုးပြီး အဲဒါတွေကို လေ့လာသင်ယူဖို့ ခင်ဗျားတို့ရဲ့ အချိန်ကို ပေးသင့်ပါတယ်။တကယ်လို့ ခင်ဗျားတို့ဟာ ပန်းချီကား တစ်ချပ်ကို ရေးဆွဲတတ်မယ်၊ သီချင်းတစ်ပုဒ်ကိုဆိုတတ်မယ် ဆိုရင်တော့ အထောက်အကူဖြစ်ပါတယ်။ ဒါပေမဲ့ စာရေးဆရာကောင်း တစ်ယောက်ဖြစ်ဖို့က ပိုပြီး အရေးကြီးပါတယ်။

တေးဂီတ၊ ပန်းချီနဲ့အက ဝေဖန်ရေးဆရာ တစ်ယောက်ဖြစ်ဖို့ လူတစ်ယောက်ဟာ ပထမဆုံး သတင်းစာတစ်စောင်မှာ လုပ်ကိုင်သင့်ပါတယ်။ သူဟာအနုပညာရပ်တွေမှာ အများကြီးသိထားတယ်ဆိုတာ အယ်ဒီတာကို ပြသနိုင်ရပါမယ်။ နောက် ဝေဖန်ရေးဆရာတစ်ယောက်ရဲ့ ဘဝကို ကူးပြောင်းနိုင်ဖို့ အခွင့်အလမ်းတစ်ခုကို စောင့်ရပါမယ်။

ခင်ဗျားတို့ဟာ တေးဂီတ၊ ပန်းချီနဲ့ ကဇာတ် ဒါမှမဟုတ် စာအုပ်တွေကို နှစ်သက်တယ်ဆိုရင်တော့ ဝေဖန်ရေးဆရာ တစ်ယောက်ဘဝဟာ နှစ်သက်ပျော်ရွှင်စရာဖြစ်ပြီး ငွေစုနိုင်တဲ့ နည်းလမ်းတစ်ခုပဲ ဖြစ်ပါတယ်။ ခင်ဗျားတို့အနေနဲ့ ပိုပြီးကောင်းမွန်သာလွန်တဲ့ ဝေဖန်ရေး ဆရာတစ်ယောက်တောင် ဖြစ်လာနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားတို့ရေးသားတဲ့ အကြောင်းအရာအပေါ်မှာ တကယ်စစ်မှန်တဲ့ ချစ်မြတ်နိုးမှုကို ထည့်သွင်းရေးသားပေးနိုင်မှာ ဖြစ်လို့ပါပဲ။

အဲဒီလိုမျိုး ဝေဖန်ရေးဆရာအလုပ် များများစားစားတွေ့မြင်နိုင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ခင်ဗျားတို့မှာ ကောင်းမွန်တဲ့ အဆုံးအဖြတ် ပြုနိုင်စွမ်းရှိပြီး ရေးသားနိုင်စွမ်းလည်း ရှိမယ်ဆိုရင်တော့ အဲဒီအလုပ်မျိုးကို ရှာဖွေလို့ တွေ့နိုင်ပါတယ်။

◈◈◈◈◈

## အနာဂတ်စာနယ်ဇင်းသမား

ဒီကနေ့ စာနယ်ဇင်းသမားက သတင်းတွေကို ပေးပို့ပါတယ်။ အနာဂတ် စာနယ်ဇင်းသမားက သတင်းတွေကို ရှင်းပြပါလိမ့်မယ်။

သတင်းစာတွေဟာ သတင်းအရာမှာ တယ်လီဖေးရှင်းနဲ့ ရေဒီယိုလောက် လက်ဦးမှု မရနိုင်ပါဘူး။ ပြီးတော့ သူတို့က စာဖတ်သူတွေကို တစ်စုံတစ်ရာ မတူကွဲပြား တာကို ပေးအပ်ရပါမယ်။ ဖြစ်ရပ်တွေကို ရှင်းလင်းတင်ပြပေးရပါမယ်။ ဒီလိုမှပဲ အကျိုးရလဒ်တွေကို စာဖတ်သူ နားလည်နိုင်မှာ ဖြစ်ပါတယ်။ သတင်းကို ဖြစ်ပေါ်စေတဲ့ အကြောင်းအရာ ဖြစ်ရပ်ကို ပြောပြပေးရပါမယ်။

သတင်းစာများစွာဟာ အဲဒီလိုအပ်ချက်ကို ရရှိပြည့်မီအောင် ပြင်ဆင်ထားရှိ ကြပါတယ်။ ဒီကနေ့ မျက်နှာဖုံးစာမျက်နှာတွေက သူတို့ သတင်းပေးပို့တဲ့အရာ ကျယ်ပြန့်နိုင်သမျှ ကျယ်ပြန့်အောင် ရှင်းလင်းဖော် ပြပေးကြပါတယ်။ သတင်းပတ် ကုန်ပိုင်း အတောအတွင်းမှာ သတင်းစာတွေမှာ နိုင်ငံရေးနဲ့ ကမ္ဘာ့ပြသနာတွေလိုမျိုး သတင်းဖြစ်ရပ်တွေနဲ့ ပြည့်နေပါတယ်။ သတင်းတွေကို ပေးပို့မှုဟာ ဒီကနေ့ အလျှန်အမြန် ရွေ့လျားပြောင်းလဲနေတဲ့ ကမ္ဘာကြီးမှာ မလုံလောက်တော့ပါဘူး။ ဘာဖြစ်သွားခဲ့တယ်ဆိုတာ သတင်းစာဖတ်သူတစ်ယောက်အဖို့ မလုံလောက်ဘူးလို့ ဆိုရပါမယ်။ သူဟာ အဲဒါ ဘာကြောင့်ဖြစ်တာဖြစ်ပြီး သူ့တိုင်းပြည်ကို ဘာဖြစ်စေ လိမ့်မယ် ဆိုတာကိုလည်း သိသွားရပါမယ်။ သူ့မြို့နဲ့ သူကိုယ်တိုင်အတွက် ဘာဖြစ်လာ နိုင်တယ်ဆိုတာကို သိသွားရပါမယ်။ အဲဒီအချက်ဟာ 'မြင်ကွင်းများနောက်ကွယ်မှ ဇာတ်လမ်းများ' လိုအထူးအစီအစဉ်တွေ ထုတ်လွှင့်ပေးနေကြတဲ့ တီဗီနဲ့ ရေဒီယိုတွေ အတွက်လည်း အမှန်ပဲဖြစ်ပါတယ်။

သတင်းစာတွေနဲ့ ကြေးနန်းသတင်းဌာနတွေဟာ နှစ်ပေါင်းများစွာ အချက်

အလက်တွေကိုပဲ သတင်းပေးပို့ဖို့ မျှော်လင့်ခဲ့ကြတာ ဖြစ်ပါတယ်။ စာဖတ်သူက သူ့ဘာသာ ဖြေရှင်းရပါတယ်။ ဒါပေမဲ့ အဲဒီလို ဖြေရှင်းသိမြင်နိုင်ဖို့ သတင်းစာတွေရဲ့ နောက်ကွယ်မှာ ဘာတွေဖြစ်ပျက် ခဲ့တယ်ဆိုတာကို စာဖတ်သူအများစုဟာ လုံလုံလောက်လောက် မသိခဲ့ကြပါဘူး။ အဲဒါကြောင့်ပဲ လက်တင်အမေရိကက 'မြင်ကွင်း' (Vision) လို သတင်းမဂ္ဂဇင်းတွေ စတင်ပေါ်ပေါက်လာကြတာ ဖြစ်ပါတယ်။ သူတို့က သတင်းအများစုကို အဲဒီအချိန်မှာ မလုပ်နိုင်ကြတဲ့ ဘာကြောင့် ဖြစ်ခဲ့ရတယ် ဆိုတာ ဖြေရှင်းပြဖို့ သတင်းရဲ့ နောက်ကွယ်ကို လိုက်တဲ့ အလုပ်ကို လုပ်ကြပါတယ်။

သတင်းတွေကို ရှင်းလင်းတင်ပြတာဟာ တွေးမြင်ယူဆချက် တစ်ခုကို ပေးတာမဟုတ်ပါဘူး။ သတင်းစာတစ်စောင်ရဲ့ တွေးမြင်ယူဆချက်တွေကို အယ်ဒီတာ့အာဘော် စာမျက်နှာမှာသာ ဖော်ပြသင့်ပါတယ်။ ရှင်းလင်းတင်ပြခြင်းဟာ ဖြစ်ရပ်တစ်ခုကို ဖြစ်ပွားစေခဲ့တဲ့အကြောင်းကို စာဖတ်သူတွေကို သိခွင့်ပေးဖို့ အဲဒီအဖြစ်အပျက်နဲ့ ပတ်သက်ပြီး ကျယ်ပြန့် နိုင်သမျှ ကျယ်ပြန့်အောင် ပြောပြခြင်းပဲ ဖြစ်ပါတယ်။ စာဖတ်သူတွေဟာ လက်တင်အမေရိက တိုင်းပြည်တစ်ခုက အစိုးရပြုတ်ကျရတယ်ဆိုတဲ့ အကြောင်းကိုလည်း နားလည်သိရှိသင့်ပါတယ်။ တောင်အမေရိက တိုင်းပြည်တစ်ခုက အစိုးရပြုတ်ကျပြီလဲသွားတာကို ဖော်ပြရုံလောက်နဲ့ မလုံလောက်ပါဘူး။ ပြဿနာရဲ့ ရင်းမြစ်အကြောင်းအရာတွေဖြစ်တဲ့ တကယ့်ပြဿနာတွေကို စာဖတ်သူတွေ သိရှိနားလည်အောင် လုပ်ပေးနိုင်ရင် ပိုကောင်းပါတယ်။

အဆင့်ရှိတဲ့ ထူးခြားတဲ့အမျိုးသား အမျိုးသမီးတစ်ယောက်အတွက် သတင်းတွေကို ရှင်းလင်းဖော်ပြပေးဖို့ လိုအပ်ပါတယ်။ သူတို့လို လူမျိုးတစ်ယောက်ဟာ သူ့ရဲ့ ပညာရေးကို ပြီးပြည့်စုံတယ်လို့ ဘယ်တော့မှ မယုံကြည်တတ်ကြပါဘူး။ သူတို့ဟာ မေးခွန်းတွေအတွက် အဖြေတွေကို အမြဲတမ်း ရှာဖွေတတ်တဲ့စိတ်မျိုး ရှိပါတယ်။ သူဟာ ပြဿနာတစ်ရပ်ကို ဘက်ပေါင်းစုံက ကြည့်ရှုမှာဖြစ်ပြီး သူနားမလည်တာကို ဘယ်တော့မှ ရေးသားဖော်ပြလိမ့်မယ် မဟုတ်ပါဘူး။ အဲဒီလိုလူမျိုးဟာ ဖြစ်ရပ်တစ်ခု ကို ရှင်းရှင်းလင်းလင်း ပြောဆိုဖော်ပြနိုင်တဲ့ စာရေးဆရာကောင်းတစ်ယောက် ဖြစ်သင့်ပါတယ်။ သူဟာ စာဖတ်သူတွေအတွက် သူ့မှာတာဝန်ရှိတယ် ဆိုတာကို သိရှိနားလည်ထားပါတယ်။

နယူးယောက်တိုင်းမ်စ် (The New York Times) သတင်းစာရဲ့ ဝါရှင်တန် ရုံးတာဝန်ခံ ဂျိမ်းစ်ရက်စ်တန် (James Reston)က သတင်းထောက်တစ်ယောက်ရဲ့ ပထမတာဝန်ဟာ သတင်းစာပိုင်ရှင်အတွက်၊ သူ့ရဲ့ အယ်ဒီတာအတွက်၊ သူ့ရဲ့အစိုးရ အတွက် ဒါမှမဟုတ် သူ့ကို သတင်းပေးပို့တဲ့သူတွေအတွက် မဟုတ်ပါဘူး။ သူ့ရဲ့ ပထမ တာဝန်က လူထုအတွက်ပဲဖြစ်ပြီး တကယ်လို့များ သူဟာ တခြားသူ

တစ်စုံတစ်ယောက်အတွက် ပေးအပ်မိပြီဆိုရင်တော့ သူ့အနေနဲ့ စာရေးဆရာကောင်း တစ်ယောက် ဖြစ်ချင်ဖြစ်မယ်ဆိုရင်တောင် တကယ်စစ်မှန်တဲ့ သတင်းထောက်ကောင်းတစ်ယောက် မဖြစ်နိုင်ပါဘူး။

အနာဂတ် စာနယ်ဇင်းသမားတစ်ယောက်ဟာ စိတ်ကူးတွေးမြင်မှု ရှိတဲ့သူတစ်ယောက် ဖြစ်ရပါမယ်။ သူက သတင်းဖြစ်ရပ်တွေကို ဘာတွေက ဖြစ်စေတယ်ဆိုတာ သိမြင်နိုင် ရှာဖွေနိုင်ရမှာဖြစ်ပြီး အဲဒီ အဖြစ်အပျက်တွေ ဖြစ်ပျက်လာမှာကို စောင့်နေရုံစောင့်လို့ မရပါဘူး။

သူတို့ အလျင်အမြန် လုပ်ကိုင်ဆောင်ရွက်ကြတဲ့အတွက် ရေဒီယိုနဲ့ တီဗီတွေဟာ သတင်းတွေကို ပထမဦးဆုံး ပေးပို့နိုင်ကြပါတယ်။ ခင်ဗျားတို့အနေနဲ့ နောက်တစ်နေ့မနက်အတွက် သတင်းခေါင်းကြီးပိုင်းကို ဒီကနေ့ညနေပိုင်း ရေဒီယို သတင်းမှာ ကြားရပြီး ဖြစ်ချင်ဖြစ်သွား နိုင်ပါတယ်။ ဒါကြောင့်မို့ နေ့စဉ်သတင်းစာတွေဟာ တီဗီနဲ့ရေဒီယိုတွေက မရယူနိုင်သေးတဲ့ အကြောင်းအရာ တစ်စုံတစ်ရာကို သတင်းပေးပို့ကြရပါမယ်။ စိတ်မမှန်တဲ့သူတွေ ကျန်းမာရေးစောင့်ရှောက်မှုပိုပြီး ပေးသင့်တဲ့အကြောင်းလိုမျိုး ပြဿနာတွေကို ရှာဖွေပြီး ပြဿနာကောင်း တွေကို ဖြေရှင်းပေးတဲ့အလုပ်ဟာ သတင်းထောက်ရဲ့ အလုပ်ဖြစ်ပါတယ်။

လူတွေ လုပ်လေ့လုပ်ထရှိတဲ့ ဆိုးဝါးတဲ့အရာတွေနဲ့ ပတ်သက်လို့ကတော့ သတင်းဖြစ်ရပ်တွေအတွက် စိတ်ကူးတွေးမြင်မှုတွေ မလိုအပ်ပါဘူး။ ဆန်ဖရန်စစ်စကို သတင်းစာသမားတစ်ယောက်ဆိုရင် မြို့ကို လာလည်ကြတဲ့ လူစိမ်းဧည့်သည် တစ်စုံတစ်ယောက်ကို ဆက်သွယ်ပြီး သူတို့အနေနဲ့ မြို့အပေါ်မှာ ဘယ်လိုထင်မြင်ယူဆတဲ့ အကြောင်း သတင်းပေးပို့ခဲ့ပါတယ်။ နယူးယောက်နေ့စဉ် (The New York Daily News) သတင်းစာက လူငယ်တွေ စဉ်းစားတွေးခေါ်ကြပုံနဲ့ ပတ်သက်တဲ့ တချို့ သတင်းဖြစ်ရပ်တွေကို ပုံနှိပ်ဖော်ပြခဲ့ပါတယ်။ စိတ်ကူးတွေးမြင်မှုတွေဟာ နေ့စဉ်နေ့တိုင်း ကျွန်တော်တို့ ပတ်ဝန်းကျင်းမှာ ရှိနေကြတာတွေ အားလုံးကနေ လာတာဖြစ်ပါတယ်။ သတင်းစာ အတော်များများဟာ အရင်က ဘယ်သတင်းထောက်တွေမှ ရေးဖို့ မစဉ်းစားခဲ့ဘူးတဲ့ အကြောင်းအရာမျိုးတွေကို ရှေ့ရှုဖြစ်ပေါ်စေတဲ့ စိတ်ကူးတွေးမြင်မှုမျိုးတွေအတွက် ငွေကြေးပေးနေကြတာ ဖြစ်ပါတယ်။

သတင်းစာတွေဟာ နေ့ရှိသမျှ အချက်အလက်ရှာဖွေဖို့ စိတ်ဝင်စားမှု လျော့လည်းမသွားတဲ့သူတွေ၊ လူထုကို ကူညီဖို့ အလုပ်လုပ်ချင်ကြတဲ့ သူတွေကို ရှာဖွေနေကြပါတယ်။

ပီရာရေဆလင်ဂါ (Pierre Salinger) (နောက်ပိုင်းမှာ သမ္မတ ကင်နေဒီရဲ့ ပြန်ကြားရေးဝန်ကြီးအရာရှိဖြစ်လာသူ) ကာလီဖိုးနီးယား သတင်းစာတစ်စောင်မှာ

သတင်းထောက်အဖြစ် လုပ်ကိုင်ခဲ့တဲ့ အချိန်တုံးက ကာလီဖိုးနီးယား အကျဉ်းထောင်တွေထဲက ဆိုးဝါးတဲ့ အခြေအနေတွေကို စာဖတ်သူတွေသိအောင် ပြောပြချင်ခဲ့ပါတယ်။ အဲဒါကို လုပ်ဆောင်ဖို့အတွက် သူဟာ အရေးမပါလှတဲ့ ဥပဒေတစ်ခုကို ဆန့်ကျင် လှုပ်ရှားခဲ့ရပြီး အဲဒီအတွက် သူတို့က သူ့ကို အကျဉ်းထောင်ထဲ ပို့ပစ် လိုက်ကြပါတယ်။ သူဟာ အဲဒီအကျဉ်းထောင်ထဲမှာ ရက်အတော်ကြာကြာ နေခဲ့ရပါ တယ်။ သူ ထောင်ထဲက ပြန်ထွက်လာခဲ့ပြီးတဲ့ အချိန်မှာတော့ ပြုပြင်ပြောင်းလဲသင့်တဲ့ အကျဉ်းထောင်ထဲက အရာတွေနဲ့ပတ်သက်ပြီး သတင်းဆောင်းပါးရေးဖို့ ပြင်ဆင်ခဲ့ပါတယ်။

ဝူဒီကလိန်း (Woody Clein) ဆိုတဲ့ နယူးယောက် သတင်းစာ တစ်စောင်က တခြားလူငယ်သတင်းထောက် တစ်ယောက်ကလည်း မြို့ရဲ့ ဆင်းရဲနွမ်းပါးတဲ့ အစိတ်အပိုင်းတစ်ခုမှာ သွားရောက်နေထိုင်ခဲ့ပြီး အဲဒီက အခြေအနေတွေကို သတင်းဆောင်းပါး ရေးသားတင်ပြနိုင်အောင် ကြိုးစားခဲ့ပါတယ်။ နောက်ပိုင်းမှာ သူက သူ့ရဲ့ အတွေ့အကြုံကို စာအုပ်တစ်အုပ်မှာ ထည့်သွင်းရေးသားခဲ့ပါတယ်။

မစ္စတာကလိန်းက အဲဒီလို လုပ်ကိုင်ဆောင်ရွက်ရတဲ့ ရည်ရွယ်ချက်ဟာ အရင်က လူတွေမသိကြသေးတဲ့ တစ်ခါတစ်ရံ လူတွေ ကင်းကင်းကွာကွာ အလုပ်ခံခဲ့ရတဲ့ သတင်းတွေကို ရှာဖွေပြီး ရေးသားပေးဖို့တာဖြစ်တယ်လို့ ရှင်းပြခဲ့ပါတယ်။ အဲဒီလို စာနယ်ဇင်းလုပ်ငန်းမျိုးက မှားယွင်းနေတဲ့ အရာတွေကို အပြောင်းအလဲဖြစ်သွားရအောင် ပိုပြီးကောင်းမွန်လာအောင်လုပ်ဖို့ ရည်ရွယ်တာပဲ ဖြစ်ပါတယ်။ သတင်းသမားတစ်ယောက်ဟာ အမှားအယွင်းတွေကို အများသိအောင် လုပ်ဆောင်တဲ့ အခါမှာ တကယ်လို့များ သူဟာ အခကြေးငွေ ပိုပြီးရရှိခဲ့မယ်ဆိုရင် အဲဒီလို ရရှိတာထက်တောင် သူက လုပ်ဆောင်ရတာကို ပိုပြီးကျေနပ် ပျော်ရွှင်တတ်ပါတယ်။ သူဟာ လူသားတွေကို ချစ်ခင်နှစ်သက်မယ်ဆိုရင် သူဟာ သူတို့ကိုယ်တိုင် ဆန့်ကျင်မတိုက်ခိုက်နိုင်တဲ့ သူတွေအတွက်၊ သူတို့ရဲ့ အစိုးရခေါင်းဆောင်တွေက သူတို့လုပ်သင့်တာတွေကို လုပ်လာရအောင် ဘယ်လိုလုပ်ရမှန်းမသိ၊ အချိန်လည်း မရှိတဲ့သူတွေအတွက် တိုက်ခိုက်ပေးနေတာ ဖြစ်တယ်ဆိုတာကို သိနေပါတယ်။ ခင်ဗျားတို့ရဲ့ တိုင်းပြည်ဟာပိုပြီး သာလွန်ကောင်းမွန်တဲ့ နေရာတစ်ခု ဖြစ်နေရတဲ့ အကြောင်းကတော့ ဘာတွေမှားယွင်း ဖောက်ပြန်နေတယ်ဆိုတာကို သတင်းထောက်တွေက ရှာဖွေတွေ့ရှိပြီး လူထုကို ပြောဆိုတင်ပြခဲ့ကြတဲ့ အတွက်ပါပဲ။

သတင်းတွေကို ရှင်းလင်းဖော်ပြပေးနိုင်တဲ့ စာရေးဆရာ၊ တွေးခေါ်စိတ်ကူးမှုရှိတဲ့သူ၊ အချက်အလက်တွေကို ဘယ်လိုရှာဖွေရမယ် ဆိုတာသိတဲ့ သတင်းထောက်စတဲ့သူမျိုးတွေဟာ သတင်းစာတွေမှာ အလိုအပ်ဆုံးသူတွေ ဖြစ်ကြပါတယ်။

အပြောင်းအလဲ သိပ်မြန်ဆန်နေတဲ့ ကမ္ဘာကြီးမှာ ရှေးကျဟောင်းနွမ်းတဲ့ နည်းနာတွေနဲ့ မလုံလောက်တော့ ပါဘူး။ တချို့သတင်းစာတွေဆိုရင် သူတို့ရဲ့ စာနယ်ဇင်းလုပ်ငန်းမှာ အထောက်အကူဖြစ်စေနိုင်တဲ့ ခေတ်မီတိုးတက်တဲ့ နည်းနာဘာသာရပ်တွေကို ကောလိပ်ကျောင်းမှာ ပြန်ပြီးလေ့လာဆည်းပူးဖို့ သူတို့ရဲ့ သတင်းထောက်တွေကို စေလွှတ်နေကြပါတယ်။ စာနယ်ဇင်းလုပ်ငန်းဟာ အမြဲတမ်း ပြောင်းလဲနေပါတယ်။

စာနယ်ဇင်းလုပ်ငန်းနဲ့ ကစားဖို့သာလုပ်တတ်တဲ့ စာရေးဆရာဆိုးတွေဟာ အောင်မြင်ကြလိမ့်မယ် မဟုတ်ပါဘူး။ ခင်ဗျားတို့ဟာ သတင်းစာတစ်စောင်ကို ခင်ဗျားရဲ့အလုပ်ချိန် ရှစ်နာရီထက်ပိုပြီး တစ်စုံတစ်ရာ မပေးနိုင်ဘူးဆိုရင် ခင်ဗျားအတွက် စာနယ်ဇင်းလုပ်ငန်းမှာ နေရာမရှိဘူးဆိုတာ တွေ့မြင်လာပါလိမ့်မယ်။

လွတ်လပ်တဲ့ စာနယ်ဇင်းလုပ်ငန်းတစ်ခုအတွက် ဒီမိုကရေစီထက် ပိုပြီး အရေးကြီးတာ ဘာမှမရှိပါဘူး။ အချက်အားလုံးကိုသိတဲ့ သူတွေသာ ကောင်းမွန်တဲ့ အဆုံးအဖြတ်ကို ပြုနိုင်တဲ့သူတွေ ဖြစ်ပါတယ်။ စာနယ်ဇင်းဈေးကွက်နဲ့အတူ လူတွေဟာ ရွေးချယ်မှုလုပ်နိုင်ရပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ သတင်းဖြစ်ရပ်တစ်ခုရဲ့ ဘက်အားလုံးကို ဖတ်ရှုနိုင်၊ ကြားနိုင်နေလို့ပဲ ဖြစ်ပါတယ်။

သတင်းစာတွေက ဘယ်သူမွေးဖွားတယ်၊ ဘယ်သူလက်ထပ်တယ်ဆိုတာနဲ့ ဘယ်သူသေတယ် ဆိုတာမျိုးတွေကိုလည်း လူထုအတွက် လုပ်ပေးပါတယ်။ အဲဒီ သတင်းတွေဟာ စာဖတ်သူတွေကို အများကြီး စိတ်ဝင်စားစေပါတယ်။ သတင်းစာထဲမှာ ခင်ဗျားတော့ မွေးဖွားပြီဆိုတာဖတ်ရရင် ခင်ဗျားရဲ့ မိသားစုနဲ့ မိသားစုရဲ့ မိတ်ဆွေသင်္ဂဟတွေက ကျေနပ်ပျော်ရွှင်ကြမယ်ဆိုတာ အသေအချာပဲ ဖြစ်ပါတယ်။ ပြီးတော့ ခင်ဗျားတော့ လက်ထပ်လိုက်ပြီ၊ ဒါမှမဟုတ် ကောလိပ်က ချီးမြှင့်ဂုဏ်ပြုမှုတွေ လက်ခံရယူနိုင်ခဲ့ပြီဆိုတာ သတင်းစာမှာ ဖတ်ရတာကို ကျေနပ်ဝမ်းသာ ကြမှာပါပဲ။

သတင်းစာတွေက ကျွန်တော်တို့ရဲ့ မြို့ပြအုပ်ချုပ်ရေးပိုင်းမှာ ဘာတွေဖြစ်နေတယ်၊ မနေ့ကညက ရဲတွေက ဘယ်သူ့ကို ဖမ်းလိုက်တယ်ဆိုတာနဲ့ မြို့ထဲမှာ ကျန်းမာရေး စောင့်ရှောက်မှုဌာန အသစ်တစ်ခုဆောက်ဖို့ စီမံချက်တွေကိုလည်း ဖော်ပြပေးပါတယ်။ ကျွန်တော်တို့ဟာ ကျောင်းတွေနဲ့ ဘုရားရှိခိုးကျောင်းတွေမှာ ဘာတွေဖြစ်နေတယ်ဆိုတာနဲ့ ရုပ်ရှင်တွေ၊ တယ်လီဗေးရှင်းနဲ့ ကဇာတ်တွေအကြောင်းကိုလည်း သိရှိနိုင်ကြပါတယ်။ တကယ်လို့ ခင်ဗျားတို့ဟာ ဘောလုံးကစားပွဲတွေကို စိတ်ဝင်စားတယ်၊နှစ်သက်တယ်ဆိုရင် အဲဒီပွဲတွေအကြောင်း ဖတ်ရှုနိုင်ပါတယ်။ သတင်းစာရဲ့ အထူးကဏ္ဍတွေကို ဖတ်မယ်ဆိုရင် လူထုတွေ ဘာတွေကို

ဝယ်ယူချင်နေကြတယ်၊ ဘာတွေရောင်းချချင်ကြတယ်ဆိုတာ ကျွန်တော်တို့ သိရပါတယ်။ ဝယ်သူနဲ့ ရောင်းသူတွေဟာ သတင်းစာတွေကနေ ဆုံတွေ့နိုင်ကြပါတယ်။

စာဖတ်သူတွေရဲ့ဘဝနဲ့ ထိတွေ့နေတဲ့ အရာရာတိုင်းနီးပါး လောက်ဟာ သတင်းစာတစ်စောင်မှာ ပါရှိပါတယ်။

လူတွေဟာ သတင်းတွေနဲ့ပတ်သက်ပြီး ပြောကြဆိုကြ တွေးတောစဉ်းစားတတ်ကြပါတယ်။ တစ်နေ့တာရဲ့အစကို ပထမဆုံး သတင်းစာလေးမှ မဖတ်ဘဲနဲ့ စတင်မလှုပ်ရှားချင်တဲ့သူတွေ အများကြီး ရှိပါတယ်။

မိုးလေဝသ သတင်းတောင်မှ လူပေါင်းများစွာရဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် အထောက်အကူရဖို့ လိုအပ်ပါတယ်။ သတင်းစာဟာ လူသန်းပေါင်းများစွာရဲ့ နေ့စဉ်ဘဝတွေနဲ့ သက်ဆိုင်ပါတယ်။

စာနယ်ဇင်းသမားတစ်ယောက်အနေနဲ့ သမိုင်းဖန်တီးမှု ထင်မြင်ယူဆချက်ကောင်းကောင်းတစ်ခု ရှိရပါလိမ့်မယ်။ ပြီးတော့ လူထုကြားမှာအဆင့်ရှိတဲ့ နေရာတစ်နေရာလည်း ရရှိထားရပါမယ်။

သမ္မတ လန်ဒန်ဘီဂျွန်ဆင် (Lyndon B Johnson) ဟာ အမေရိကန်လူငယ် စာနယ်ဇင်းသမားတစ်စုကို သတင်းစာလွပ်လပ်ခွင့်ရှိတဲ့အချိန်မှာ ဒီမိုကရေစီဟာ လွပ်လွပ်လပ်လပ် ရှိနေပါလိမ့်မယ်လို့ ပြောပြခဲ့ပါတယ်။ သူက စာနယ်ဇင်းလုပ်ငန်းထက် ပိုပြီးအရေးကြီးတဲ့ လုပ်ငန်းရယ်လို့ မရှိပါဘူး၊ ပြီးတော့ အမှန်တရားကို ကာကွယ်စောင့်ရှောက်တာထက် ပိုပြီးတန်ဖိုးရှိတဲ့ အလုပ်ဆိုတာလည်း မရှိပါဘူးလို့ ပြောခဲ့ပါတယ်။

သတင်းထောက်တစ်ယောက် ဖြစ်ရတာကို တွေးတောစဉ်းစားပြီး ခင်ဗျားတို့ စိတ်လှုပ်ရှားမယ်ဆိုရင်၊ ငွေထက် လူထုအတွက် လုပ်ဆောင်ပေးရတာကို ဦးစားပေးတယ်ဆိုရင်၊ အချက်အလက်တွေ ဘယ်လိုရှာဖွေရမယ် အဲဒါတွေကို ဘယ်လိုကောင်းအောင် ရေးသားရမယ်ဆိုတာ ခင်ဗျားတို့ သိမယ်ဆိုရင်၊ လက်သင့်ခံနိုင်ရုံပဲရှိတဲ့ အရာတစ်ခု ပြီးပြည့်စုံမှုကို ခင်ဗျားတို့ လိုချင်တယ်ဆိုရင်တော့ ခင်ဗျားတို့ဟာ စာနယ်ဇင်းသမားတစ်ယောက် ဖြစ်လာသင့်ပါတယ်။

ခင်ဗျားတို့အတွက် အရေးပါတဲ့ အနာဂတ်တစ်ခု ရှိနေပါတယ်။

➢ ➣

## M.L STEIN ရဲ့ ' How To Be A Journalist ' ကို ဘာသာပြန်ဆိုပါတယ်။

**မောင်စိုးသစ်**

www.burmeseclassic.com